www.burmeseclassic.com

# မြနန္ဒာ

မမေ့ဖို့တစ်ခုကိုသာ ... သတိရပေးပါရန်

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ခေါ်အပ်ပါသည်

ချစ်စွာသောစာဖတ်ပရိတ်သတ်ကြီးအတွက်

အသစ်ထပ်မံထွက်ရှိလာမည့် စာရေးဆရာမ မြနန္ဒာ၏

ခံစားမှုရသ ဝတ္ထုစာအုပ်များတွင် မျက်နှာဖုံးအသုံးပြုရန်

စိတ်ပါဝင်စားသူ အမျိုးသမီးဓါတ်ပုံရှင်များကို စိတ်ခေါ်ပါသည်

စိတ်ပါဝင်စားသူ အမျိုးသမီးဓါတ်ပုံရှင်များသည်

အဖတ်ပါလိပ်စာသို့ ဖော်ပြပါအချက်အလက်များနှင့်အညီ

ပေးပို့ဆက်သွယ်နိုင်ပါသည်။

(က) ပေးပို့ရမည့်ဓါတ်ပုံအရွယ်အစား

၄ လက်မ X ၆ လက်မ (ပို့စကဒ်အရွယ်)

(ခ) ပေးပို့ရမည့်ဓါတ်ပုံအရေအတွက်

၄ ပုံ နှင့်အထက် (ကိုယ်တပိုင်းပုံ)

(ဂ) မိမိပုံအားအသုံးပြုဖြစ်ပါက သဘောတူကြောင်း

လက်မှတ်ရေးထိုးပေးလိုက်ရန်နှင့် ပူးတွဲပါပုံစံတွင်


ပြည့်စုံစွာဖြည့်စွက်ပြီးပေးပို့နိုင်ပါသည်။

မှတ်ချက် ။ ။ ပူးတွဲပါပုံစံ မပါလာသော ဓါတ်ပုံများကို

ရွေးချယ်စဉ်းစားပေးလိမ့်မည် မဟုတ်ပါ။

မရွေးချယ်ဖြစ်သော ဓါတ်ပုံများကိုလည်း

ပြန်လည်ပေးပို့နိုင်မည်မဟုတ်ပါ။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဝင်ပြုချက် = ၁၀၉၃ / ၂၀၀၁ (၈)
ဖုံးခွင့်ပြုချက် = ၇၁၆ / ၂၀၀၁ (၉)
ှင်း = ၂၀၀၁ - ခုနှစ်
စက်တင်ဘာလ - ပထမအကြိမ်
ရ = ၅၀၀
း = ၃၀၀/
ဝေသူ = ဦးတင်ရှိန် (မြဲ - ၀၃၇၆၃)
စန်းရောင်ရှိန်စာပေ
အမှတ် ၄ / ၁၇၇၊ မေခလမ်း
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ
ပုံနှိပ်သူ = ဦးကျော်ဇင် (မြဲ - ၀၄၂၂၉)
ခိုင်ရည်မွန် ပုံနှိပ်တိုက်
တိုက်ခွဲ ၁၄/၁၆၊ မဟာသုခလမ်းနှင့်
၈၁-ဗိုလ်ချုပ်လမ်း၊ပုဇွန်တောင်မြို့နယ်။
းပုံနှိပ်သူ = ဦးရိုးမောင် (မြဲ - ၀၄၈၀၅)
ရောင်ခြည်ဦးပုံနှိပ်တိုက်
အမှတ် (၇၆)၊ ၄၃-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုံးရှင် = မေမြတ်သူ
ဆရာ = တက္ကသိုလ်စိန်ဝင်း

# မငွေမှုဗိုလ်တစ်ခုကိုသာ
# သတိရပေးပါရန်...

## မြနန္ဒာ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

စည်းကမ်းလိုက်နာအေးကင်းကွာ။
စည်းကမ်းရှိမှတိုးတက်မည်။
စည်းကမ်းကိုက်ညီ အေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

- ♣ ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- ♣ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ♣ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ♣ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC

# မြနန္ဒာ

၏

## ထွက်ရှိပြီးသောစာအုပ်များ


၁။ အဖြူရောင် ၂၀၀၀၊ ဇန်နဝါရီ။ (စီဒီယို)
၂။ ရန်ပြုပြယ်နှင်းဆီ ၂၀၀၀၊ မေ။ (စီဒီယို)
၃။ အိပ်မက်ထဲကနှုတ်ခမ်း၊
အလွမ်းထဲက ကဗျာ ၂၀၀၀၊ ဩဂုတ်။ (စီဒီယို)
၄။ အညိုရောင်လေးညှို့ရှင် ၂၀၀၀၊ နိုဝင်ဘာ။ (စီဒီယို)
၅။ သိပ်သည်းဆတစ်သောင်းငါးရာ ၂၀၀၁၊ ဇန်နဝါရီ။ (စီဒီယို)
၆။ အမုန်းပုစ္ဆာတစ်ပုဒ် ၂၀၀၁၊ မတ်လ။
၇။ ကိုယ့်အိပ်မက်များ၏အရှင်သခင် ၂၀၀၁၊ မေလ။
၈။ ချစ်သူ့တန်ဖိုး၊ ၂၀၀၁၊ ဇူလိုင်လ။


( ယခု )

၉။ မမေ့ဖို့တစ်ခုကိုသာသတိရပေးပါရန်

( ဆက်လက်၍ )

ဆယ်အုပ်မြောက်အမှတ်တရ
တစ်သက်လုံး... မမုန်းတဲ့ဆုကိုပေးပါ

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ

အရာအားလုံးကို

မင်း မေ့နိုင်ပါတယ်

ဒါပေမယ့်

တို့ရဲ့ချစ်ခဲ့သမျှတွေ . . .

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (တစ်)

www.burmeseclassic.com

www.burmeseclassic.com

၁။

ထမင်းပို့ချိန်မီအောင်တော့ အလုပ်တွေကိုအမြန်လုပ်တာပါပဲ။ သို့ပေမယ့် တစ်ပတ်လောက်ပစ်ထားခဲ့သော ကိစ္စတွေမို့ တစ်မနက်တည်းနဲ့တော့ မပြီးခဲ့ပေ။ ဒီနေ့တော့ ကိုလေးကို 'ပန်းရင့်' ထမင်းသွားပို့ဖို့ အချိန်မမီတော့ပါ။ ပုံနှိပ်တိုက်ကနေ အိမ်ကို ဖုန်းလှမ်းဆက်ပြီး တစ်ယောက်ယောက်ကို ကိုလေးဆီ ထမင်းသွားပို့ဖို့ ပြောရသည်။

ကိုလေး ဆေးရုံစပြီးတက်ရသည့်နေ့ကတည်းက ကိုလေးအတွက်သာ အလုပ်ရှုပ်နေခဲ့ရပါသည်။ ကိုယ် ဦးစီးနေရသည့် ပုံနှိပ်တိုက်ကိုတောင် ပန်းရင့်မျက်နှာလွှဲထားခဲ့ရသည်။ ကိုလေးခများလည်း မိဝေးဖဝေးမို့ ဘယ်လိုပဲဖြစ်ဖြစ် ရန်ကုန်မှာရှိသော ပန်းရင့်

www.burmeseclassic.com

www.burmeseclassic.com



တို့ အပြည့်အဝကူညီပေးဖို့ တာဝန်ရှိပါသည်။ ပြီးတော့ ကိုလေးသည် ပန်းရင့် မကြာမီလက်ထပ်ရမည့် ခင်ပွန်းလောင်း မဟုတ်ပါလား။

ခင်ပွန်းလောင်းမဟုတ်ခဲ့လည်း ကိုလေးသည် ဟိုးငယ်စဉ်ကတည်းက သံယောဇဉ်တွေရှိခဲ့သူမို့ ပန်းရင့် ဂရုစိုက်မှာပင်။ အထူးတလည်ကြီး အသစ်ထို ဆက်ဆံရင်းနှီးနေစရာ မလိုတော့သော ခင်ပွန်းလောင်း ဖြစ်ပါသည်။

'လာမယ့် တနင်္လာနေ့မှာယူမယ့် ဖိတ်စာတွေကိုလည်း အသင့်ပြင်ထားပါဦးနော်။ စက္ကူအိတ်တွေထဲမှာ တစ်ခါတည်းထည့်ပေးထားနော်'

'ဟုတ်ကဲ့ မမကြီး၊ ပြီးတော့ မဂ္ဂဇင်းကလည်း သူ့ထွက်ရက်အမီ လုပ်ပေးပါဦးတဲ့။ စီစဉ်သူက ဖုန်းဆက်ပါတယ်'

'လောလောဆယ် ဘာမှလက်ခံထားတာ မရှိဘူး မဟုတ်လား။ လုပ်ပေးလိုက်မယ်လေ။ ဒီရက်တွေမှာ မောင်သန်းနိုင်တို့လည်း ပင်ပန်းပါတယ်။ တို့လည်း ဆေးရုံကိုပြေးနေရတာနဲ့ တိုက်ကိုလှည့်မလာအားဘူး။ ဒီလတော့ အားလုံးကို ကောင်း



ကောင်းဆုချရမယ်'

'မမကြီးမအားတဲ့အခါ ကျွန်တော်တို့က နည်းနည်းပိုပြီး ဂရုစိုက်ပေးရုံပါ မမကြီးရယ်။ ရပါတယ်။ မမကြီး စိတ်အေးလက်အေးသာနေပါ။ ကျွန်တော်တို့ မပင်ပန်းပါဘူး'

မောင်သန်းနိုင်သည် ပန်းရင့်ဖေဖေ၏ ဘူနှစ်ဝမ်းကွဲ၊ ပန်းရင့်၏မောင်လေးနှစ်ဝမ်းကွဲ တော်ပါသည်။ နယ်မှာနေပြီး မောင်နှမတွေများကာ စီးပွားရေးလည်းကျပ်တည်းတာကြောင့် ပန်းရင့်အလုပ်မှာ ကူဖော်လောင်ဖက်ရအောင်ဆိုပြီး အလုပ်ခေါ်ခန့်ထားပေးခြင်းပါ။ မောင်သန်းနိုင် ဆယ်တန်းအောင်ပြီးကတည်းက ခေါ်ထားခဲ့ပြီး အခုတော့ အဝေးသင်ဒုတိယနှစ်တက်နေပါပြီ။ ကိုယ့်ဆွေမျိုးသားချင်းမို့ ပုံနှိပ်တိုက်မှာပင် တာဝန်ခံဟု အမည်တပ်ပြီး ထားထားပါသည်။

သူကလည်း ရိုးရိုးသားသားနှင့် အင်မတန်ကြိုးစားကာ ပန်းရင့်ကိုလည်း အစ်မကြီးသဖွယ် ချစ်ကြောက်ရှိသေပါသည်။ ပန်းရင့် မျက်နှာလွှဲနိုင်သော မောင်ငယ်တစ်ယောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အခုလို ကိုလေးကိစ္စနဲ့ ပုံနှိပ်တိုက်ကို တစ်ပတ်လောက် ပစ်ထားနိုင်တာသည် မောင်သန်းနိုင်တစ်ယောက် ရှိ၍ပါပဲ။ မဟုတ်ရင်တော့ ပန်းရင့်နောက်ကြောင်းအေးမှာ မဟုတ်ပေ။

'မီတာခတို့၊ ဖုန်းခွန်တို့လည်း ကျွန်တော် သွားဆောင်ထားပြီးပြီ မမကြီး။ ပုံနှိပ်စက်သက်တမ်းတိုးဖို့ကိုတော့ မမကြီး အဆင်ပြေတဲ့နေ့မှပဲ စာပေစိစစ်ရေးရုံးကို သွားရမှာပါ'

'သက်တမ်းတိုးဖို့က ကုန်ဆုံးရက်နည်းနည်းလိုသေးတယ် မဟုတ်လား။ ဒီရက်တွေကတော့ တို့လည်း ဘယ်လိုမှမအားသေးဘူး။ အခုတောင် ကိုလေးကို ထမင်းသွားမပို့ရဘူး။ နောက်တစ်ပတ်လောက်မထိတော့ တို့ အားဦးမှာမဟုတ်ဘူး'

ဒီပုံနှိပ်တိုက်လုပ်ငန်းကို ပန်းရင့် ဦးစီးပြီးလုပ်ဖြစ်တာ တစ်နှစ်နီးပါးသာ ရှိပါသေးသည်။ ပန်းရင့်၏ကြိုးစားမှုကြောင့်လည်းကောင်း၊ မောင်သက်နိုင်အပါအဝင် အားလုံး၏ ကူညီဝိုင်းဝန်းမှုကြောင့်လည်းကောင်း၊ နှစ်ဖက်စလုံးကြောင့် အခုတော့ နှစ်ရှည်လများ ထူထောင်တည်တံ့ခဲ့သော ပုံနှိပ်တိုက်များကဲ့



သို့ပင် နာမည်ရနေပါပြီ။

'အကြောင်းလေးရှိရင် တို့ဆီ ဖုန်းဆက်လိုက်နော်။ စက္ကူဈေးအတက်အကျလေးကိုတော့ တို့ကို တဆိတ်လောက် လှမ်းပြီးပြောပေး သိလား'

ပုံနှိပ်တိုက်ကနေ ပန်းရင့်ထွက်လာတော့ထမင်းစားချိန်လွန်နေပြီ။ မထူးတော့ပြီမို့ တခြားအလုပ်ကိစ္စတွေကိုပါ လှည့်ပြီးလုပ်လိုက်ရသည်။ ဒီအချိန်မှ ဆေးရုံကိုသွားရင်လည်း ကိုလေး ထမင်းစားချိန် မီတော့မှာမဟုတ်။

အိမ်ကိုလှမ်း ဖုန်းဆက်ကြည့်တော့ ကိုလေးဆီကို ထမင်းချိုင့် သွားပို့ပြီးပြီဆိုတာကြောင့် ပန်းရင့် စိတ်အေးရပါပြီ။

အလုပ်ကိစ္စ တော်တော်များများပြီးသွားတော့ ညနေသုံးနာရီထိုးခါနီးနေပြီ။ အိမ်ကို ခဏပြန်ပြီး ရေမိုးချိုးပြီးတော့မှ ပန်းရင့် ကိုလေးဆီကို ထွက်လာခဲ့လိုက်ပါသည်။ ကိုလေးက ပန်းရင့်လက်ရာ လက်ဖက်သုပ်စားချင်တယ်လို့ ပြောထားဖူးတာကြောင့်လည်း လက်ဖက်သုပ်ကို မယ်လမင်းနှစ်ဆင့်ချိုင့်လေးနှင့် ထည့်လာခဲ့ဖြစ်သည်။ ပန်းရင့်သုပ်သော

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်သုပ်ကို မကြိုက်သူမရှိပါ။ သူငယ်ချင်းတွေဆုံကြတိုင်း ပန်းရင့်က လက်ဖက်သုပ်ဖို့ တာဝန်ကျစမြဲ။ ပန်းရင့်၏လက်ရာ လက်ဖက်သုပ်ကို မကြိုက်သောသူသည် ဒီကမ္ဘာလောကကြီးမှာ တစ်ယောက်သာ ရှိပါသည်။ –

ဘယ်သောအခါမှ လက်ဖက်သုပ်ကိုမကြိုက်သော၊ လက်ဖက်သုပ်အနံ့ကိုတောင် မခံနိုင်ပါဆိုသော... တစ်ယောက်သော သူ။

သူ့အကြောင်းကို တွေးမိလိုက်တိုင်း ပန်းရင့်သည် ကိုယ့်ကိုယ်ကို နာနာကျည်းကျည်း မုန်းတီးလိုက်ချင်ပါသည်။ ဘာကြောင့်များ မေ့မရနိုင်ဘွာ၊ မုန်းတီးမှုမရှိဘွာနှင့် ရင်ထဲမှာ သူရှိနေရသေးတာပါလိမ့်။ သူ့ဘဝထဲမှာ ပန်းရင့်မရှိတော့တာ သေချာခဲ့ပြီမို့ ပန်းရင့်ဘဝထဲမှာရော သူရှိနေဖို့ မသင့်တော့ပါ။

'ပန်းရင့်နှင်းဆီ လူမမာ လာမေးတာလား'

ဆေးရုံအောက်မှာ ကားပါကင်ထိုးအပြီးမှာ မတွေ့ချင်သော လူတစ်ယောက်နှင့်မှ တွေ့ရလေသည်။ ပန်းရင့် မေ့လျော့သွားမိတာတစ်ခုတော့ ရှိ



သည်။ ဒီဆေးရုံမှာ သူ ဟောက်စ်မဆင်းရပေမယ့် သူ့သူငယ်ချင်းအချို့တော့ ရှိနေသေးသည်ပဲ။ ပန်းရင့် ဘယ်လိုမှ မတွေ့ချင်လို့မရပေ။

'ဟုတ်ကဲ့၊ ဒါနဲ့ ဖွဲ့ဟိန်းက ဒီမှာဟောက်စ်ဆင်းတာလား'

'ဟုတ်တယ်၊ ကျွန်တော်က ဒီ D.S.O.H(တပ်မတော်အရိုးကုဆေးရုံကြီး) မှာလေ။ ပန်းရင့်နှင်းဆီက ဘယ်အခန်းက လူနာကို လာကြည့်တာလဲ'

'အခန်း( )ကပါ'

'ဪ... ကိုအုပ်စိုးထိုက်လား၊ သိတယ်။ အဲဒါ ပန်းရင့်နှင်းဆီရဲ့မိတ်ဆွေကိုး။ ကျွန်တော် ဂရုစိုက်ပေးလိုက်ပါ့မယ် ပန်းရင့်နှင်းဆီ'

'ကျေးဇူးပဲ ဖွဲ့ဟိန်း၊ တို့ကို ခွင့်ပြုပါဦးနော်'

ဖွဲ့ဟိန်းသည် သူနှင့်သိပ်ကိုတွဲသော သူငယ်ချင်း။ အပေါင်းတွေ အသစ်မဖြစ်ချင်ပေမယ့် လူမှုရေးအရတော့ ပန်းရင့်က နှုတ်ဆက်ခဲ့ရပါသည်။ ကိုလေးသာ ပန်းရင့်ရဲ့ခင်ပွန်းလောင်းဆိုတာ သိခဲ့ရင် ဖွဲ့ဟိန်းလည်း ဘယ်လိုနေမည် မသိပါ။

ဆေးရုံဆိုသောပတ်ဝန်းကျင်သည် သူ့ ကျင်

www.burmeseclassic.com

www.burmeseclassic.com



လည်ရှာ၊ သူ ဆက်စပ်ရာ သူ့အသိုင်းအဝိုင်း ဆက်ဆက်စပ်စပ်မို့ ပန်းရှင့် မဆက်စပ်လို့ကလည်း မရ။ ဒီဆေးရုံမဟုတ်ဘဲ တခြားဆေးရုံမှာဆိုလည်း သူ့အသိအကျွမ်းတစ်ယောက်မဟုတ် တစ်ယောက်နဲ့ တွေ့ဦးမှာပါပဲ။ ထူးတော့ မထူးပါ။

ကိုလေးတက်နေရသော လူနာခန်းသို့ရောက်သောအခါ ကိုလေး အိပ်ပျော်နေလေသည်။ ပျင်းနေရှာပြီ ထင်ပါရဲ့။ ဒီနေ့ ကိုလေးအတွက် ဖတ်စရာစာအုပ် ယူလာပေးဖို့ ပန်းရှင့် မေ့သွားပါသည်။ ယူလာသော ထမင်းချိုင့်၊ လက်ဖက်ချိုင့်တို့ကို ကိုလေးခုတင်ဘေးရှိ ဗီရိုပုပုလေးပေါ်မှာ စနစ်တကျတင်လိုက်ရင်း ဘေးခုတင်ကိုအကြည့်ရောက်သည်။ လူနာခုတင်က အားလုံး ပြင်ဆင်ခင်းကျင်းလျက်သား။ လူတော့ ရှိမနေပါ။ ပြင်ဆင်ထားတာမို့ လူနာအသစ်ရောက်လာတာတော့ သေချာပါသည်။ ကောင်းပါတယ်လေ။ ကိုလေး နေ့လည်နေ့ခင်း စကားပြောဖော်ရပြီပေါ့။ ကိုလေး ပျင်းရတော့မှာမဟုတ်။ ကိုလေးဆေးရုံစရောက်ကတည်းက နှစ်ယောက်တွဲလူနာခန်းမှာ ကိုလေးတစ်ယောက်တည်းသာ ရှိနေခဲ့တာ။ အခု



တော့ လူနာဖော်ရောက်လာပြီ။

'ပန်းရှင့် ရောက်နေပြီကိုး'

ကိုလေးက ပန်းရှင့်၏လှုပ်ရှားသံကြောင့် နိုးသွားပုံရပါသည်။

'ဆောရီး… ကိုလေး နိုးသွားပြီ'

'ကိုယ် မအိပ်ပါဘူး။ တရားမှတ်ကြည့်နေတာ။ ဒါပေမယ့် ပန်းရှင့်ဝင်လာတာ မသိလိုက်ဘူး'

'တရားမှတ်နေတာ ကောင်းတာပေါ့။ ပန်းရှင့်က နှောင့်ယှက်သလို ဖြစ်သွားပြီထင်တယ်'

'မဖြစ်ပါဘူး'

ကိုလေး၏မျက်နှာ သိမ်ပြီး ရွှင်ရွှင်ပျပျ မရှိလှပါ။ မနက်က ထမင်းပို့ချိန်မှာ ပန်းရှင့်မလာလို့များလား။ ကိုလေး အဲဒီလို ဂျီးများတတ်သူလည်း မဟုတ်ပါဘူး။ ပန်းရှင့်သည် စိတ်ထဲထင့်သွားလျက်…

'ကိုလေး ဘာဖြစ်လို့လဲဟင်၊ ခြေထောက်က ပြန်နာလို့လား။ နေလို့မကောင်းဘူးလား'

'ကောင်းပါတယ်။ ဘာမှမဖြစ်ပါဘူး'

'မနက်က ပန်းရှင့်မလာလို့လားဟင်'

'မဟုတ်ပါဘူး။ ဒီလောက် အလုပ်တွေများရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ကြားထဲက ပန်းရင့် ကိုယ့်အနားမှာ လာနေပေးတာကိုပဲ ကိုယ်က ကျေးဇူးတင်နေတာပါ။ ကိုယ့်ကြောင့် ပန်းရင့်အလုပ်ပျက်တာတောင် ကိုယ်က အားနာနေရတာ'

'ကြည့်စမ်းပါဦး။ ဒီလို သူစိမ်းဆန်တဲ့စကားတွေ ပြောစရာလိုတဲ့သူတွေလား။ ဘာကျေးဇူးလဲ၊ ဘာအားနာတာလဲ ကိုလေးနော်…'

ပန်းရင့်၏မူပိုင် ကိုလေးကို ချွဲနေကျ ခပ်ချွဲချွဲပုံစံကြောင့် ကိုလေးပြုံးပါသည်။ သို့ပေမယ့် ကိုလေး၏အပြုံးက မပီပြင်လှပါ။ ကိုလေး တစ်ခုခုအဆင်မပြေဖြစ်နေတာတော့ သေချာပါသည်။ ပန်းရင့်နဲ့မဆိုင်ရင်တော့ တခြားကိစ္စတစ်ခုခုပေါ့။ ပန်းရင့်သည် ကိုလေးအတွက် လှနှာစောင့်ကောင်လေးကို သတိရသွားကာ–

'ဟိုကောင်လေး စိုးဝင်းရော၊ ကိုလေးရဲ့ လှနှာစောင့်လေ'

'မင်္ဂလာဒုံဈေးဘက် ခဏသွားချင်တယ်ဆိုတာနဲ့ လွှတ်လိုက်တယ်၊ ခုနကပဲ'

'ကိုလေး သူ့ကိုစိတ်တိုနေတာလား'



'မဟုတ်ပါဘူးကွာ၊ ကိုယ် ဘယ်သူ့ကိုမှ စိတ်မတိုဘူး။ ဘာမှလည်း မဖြစ်ပါဘူး။ ပန်းရင့် ဘာမှလျှောက်တွေးမနေနဲ့။ ကဲ… ဘာဟင်းတွေချက်လာလဲ။ ကိုယ့်ကို ပြောပါဦး'

ကိုလေး စကားလမ်းကြောင်းလိုက်မှန်း ပန်းရင့်သိပါသည်။ ဆက်မမေးစေချင်ပုံမို့ ပန်းရင့်ကလည်း ဆက်မမေးဖြစ်တော့ပါ။ ကိုယ့်ကို စိတ်ခုတာမဟုတ်ဘူးဆိုရင်လည်း ပြီးတာပါပဲ။

'ဟင်းကတော့ အစုံပဲ။ ဒါပေမယ့် ပန်းရင့်ချက်လာတာတော့ မဟုတ်ဘူး။ ပန်းရင့်က ဒီနေ့အလုပ်တွေနဲ့ပဲ အချိန်ကုန်နေတာ ကိုလေးရဲ့။ ပန်းရင့်ရဲ့လက်ရာကတော့ လက်ဖက်သုပ်တစ်ခုပဲ ပါတယ်'

'ဒါဆိုလည်း လက်ဖက်သုပ်ပဲ အရင်စားမယ်လေ။ ကောင်းတယ်မဟုတ်လား'

'ကောင်းတာပေါ့။ သိပ်ကောင်း၊ အရမ်းကောင်း'

ပန်းရင့်က လက်ဖက်သုပ်ချိုင့်ကို လှမ်းယူတော့ တစ်ဖက်ခုတင်ကို အကြည့်ရောက်ပြန်သည်။ လှနှာမရှိပေမယ့် ပြင်ဆင်ထားတဲ့ ခုတင်၊ လှနှာ

www.burmeseclassic.com

www.burmeseclassic.com



စောင့်အတွက်တော့ ဟုတ်ဟန်မတူ။ မိန်းကလေး ပီပီ စပ်စုချင်စိတ်ကြောင့်-

'ကိုလေး ဒီဘေးခုတင်က လူနာအသစ်ရောက်တာလားဟင်။ ပြင်ဆင်ထားပြီးတော့ ဘာမှလည်း မရှိဘူး'

ကိုလေးမျက်နှာ ပိုပြီး တည်သွားပါတော့သည်။ ကိုလေးရဲ့ အဲဒီလို ခပ်တည်တည်မျက်နှာမျိုးကို ပန်းရင့် အင်မတန်တွေ့ရခဲပါသည်။ မှတ်မှတ်ရရ သူနဲ့ပန်းရင့် ပြဿနာအကြီးအကျယ် ဖြစ်ကြပြီး ပန်းရင့် အရမ်းငိုရတုန်းကတော့ ကိုလေးကို အဲဒီလို ခပ်တည်တည် မျက်နှာကြီးနှင့် တွေ့ဖူးသည်။

ပန်းရင့်သည် ကိုယ်ပြောတဲ့စကားများ မှားသွားပြီလား တွေးမိရင်း လက်ဖက်သုပ်ကို ဇွန်းနှင့် အကြာကြီး နယ်နေမိသည်။

ဟင့်အင်း… ပန်းရင့်ပြောခဲ့သောစကားတွေထဲမှာဘာအမှားမှမပါ။ ကိုလေး ဘာကြောင့်များ…။ ပန်းရင့်သည် ကိုလေး တစ်ခုခုစိတ်ခုသွားမှာကို တွေးရင်း ငိုချင်လာမိသည်။ ကိုယ်က ဘာမှ လိုလေသေး မရှိရှိရှိက်လျက်နဲ့ ကိုလေး ဘာကိုများအလိုမကျ…။



'ပန်းရင့်ကလေး ဘာဖြစ်သွားတာလဲ။ စိတ်ကောက်သွားပြီလား ညီမလေးရယ်။ ကိုလေး ဘာမှမဖြစ်ပါဘူး။ တကယ်ကို ဘာမှမဖြစ်ဘူး'

'ကိုလေးမျက်နှာကြီးက စူပုပ်နေတာကိုး။ ပန်းရင့်က ကြောက်တာပေါ့'

ပန်းရင့်သည် ငိုမဲ့မဲ့လေးဖြစ်နေသည်။ ဘယ်လိုပဲ အလုပ်တာဝန်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင် ဒေါ်ပန်းရင့်နှင်းဆီလို့ပြောပြော ပန်းရင့်ဟာ ကိုလေးအတွက်တော့ ကလေးတစ်ယောက်လိုပါပဲ။ ပန်းရင့် အားငယ်ယိုင်နဲ့လာတိုင်း ကိုလေးသည် ပန်းရင့်ကို အားပေးထူမတ်ပေးနေကျ။ ပန်းရင့် ငိုကြွေးရတိုင်း ကိုလေးသည် မျက်ရည်စက်များကို ခြောက်စေတတ်သူ။

'မစူပုပ်တော့ဘူးနော်၊ ပြုံးနေပါ့မယ်။ ပြုစုခံရမယ့်သူက ပြုစုပေးတဲ့သူကို စူပုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ ကိုယ်က သူများထူမှထရ၊ သူများကျွေးမှ စားရမယ့်သူ ဖြစ်နေရပြီ'

'ကိုလေးကလည်း ကောင်းသွားမှာပါကွာ။ စိတ်ညစ်စရာတွေ လျှောက်ပြောမနေနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ပန်းရင့်က ကိုလေး ခပ်မတ်မတ်ထိုင်နိုင်အောင် နောက်ကျောမှာ ခေါင်းအုံးနှစ်လုံး ဆင့်ပေးလိုက်ပါသည်။ ပြီးတော့ ကိုလေးကို သက်တောင့်သက်သာ ထိုင်နိုင်အောင် ကူပြီးထူမပေးပါသည်။

‘ဘေးခုတင်က လူနာအသစ်ရောက်လာတယ်လေ’

ကိုလေးက ပန်းရင့်မေးထားသော မေးခွန်းကို ဖြေပါသည်။ ပန်းရင့် ဘာမှပြန်မမေးဘဲ ကိုလေး စကားကိုသာ နားစွင့်နေဖြစ်သည်။ ပန်းရင့် ခွံ့ပေးသော လက်ဖက်တစ်ဇွန်းကိုဝါးရင်း-

‘တိုက်တိုက်ဆိုင်ဆိုင် ကိုယ့်သူငယ်ချင်း ဖြစ်နေတယ်။ ကိုယ်တို့ တစ်ပတ်စဉ်တည်းဆင်းတဲ့ သူငယ်ချင်း’

‘ဟုတ်လား’

‘သူကတော့ ကားအက်ဆီးဒင့်တဲ့။ နေ့ခင်းလောက်က ရောက်လာတာ။ အရိုးက ဘယ်နှစ်ပိုင်း ကျိုးတယ်ဆိုလဲ မသိပါဘူး။ ချက်ချင်း ခွဲစိတ်ခန်း သွင်းသွားတာ။ အခုထိ ပြန်မထွက်လာသေးဘူး’

‘ဪ… ဒါကြောင့် ခုတင်မှာ လူနာမတွေ့



တာကိုး။ ဘာပဲဖြစ်ဖြစ် သူငယ်ချင်းဆိုတော့လည်း ကိုလေး အပျင်းပြေတာပေါ့’

‘အင်း’

နှစ်ယောက်သား ဘာမှဆက်မပြောဖြစ်ဘဲ ငြိမ်သက်နေမိကြပြန်ပါသည်။ ပန်းရင့်က လက်ဖက်သုပ်နောက်တစ်ဇွန်း ထပ်ခွံ့တော့-

‘ကိုယ်က ခြေထောက်ထိတာ အခွင့်ကောင်းယူပြီး လက်ကိုပါ အနားပေးထားတာပဲနော်’

‘ပါးစပ်ပါ အနားပေးထားရင် မကောင်းဘူးလား’

‘ဟင့်အင်း… မကောင်းဘူး’

နှစ်ယောက် ရယ်မောလိုက်ကြပါသည်။ ထိုစဉ်မှာပဲ လူနာတွန်းလှည်းသံ တကျွီကျွီသည် အခန်းဝကို ရောက်လာသည်။ ဘေးခုတင်က လူနာ၊ ခွဲစိတ်ခန်းက ပြန်ထွက်လာပြီ ထင်ပါရဲ့။ ပန်းရင့်က ကိုယ်က ရှုပ်နေသလိုဖြစ်မှာစိုးတာကြောင့် မတ်တတ်ထရပ်ပြီး ကိုလေးခုတင်ခြေရင်းမှာ ရပ်ပေးနေလိုက်ပါသည်။ တွန်းလှည်းက အခန်းထဲအထိပါ တွန်းဝင်လာမှာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရင်ဦးဆုံး အမျိုးသမီးတစ်ယောက် ဝင်လာပါသည်။ ခုတင်အိပ်ရာခင်းကို ဆွဲဆန့်၊ ပြီးတော့ အပေါ်က ကလေးသေးခင်းသည့် သားရေအပြားအခင်းငယ်ကို ခင်းသည်။ ဒဏ်ရာကထွက်တဲ့သွေး အညစ်အကြေးပေမှာစိုး၍ ခင်းရမြဲပါ။ ထို အမျိုးသမီးသည် လူနာ၏သားချင်းတစ်ယောက်ယောက် ဖြစ်ပုံရသည်။ အထူးသဖြင့် သူမရဲ့မျက်နှာပေါ်မှာ ဇနီးတစ်ယောက်ရဲ့ ပူပန်ရိပ်တွေ ရှိနေ၏။

မြင်ဖူးလိုက်တာ။

ထိုအမျိုးသမီးကို ပန်းရင့် ဘယ်နေရာမှာ မြင်ဖူးမှန်းမသိ။ နှာတံချွန်ချွန်၊ မျက်ဝန်းညိုညိုတို့သည် ပန်းရင့်နှင့် သိပ်ကိုရင်းနှီးနေသလိုလို။

တစ်ခုခုကို တွေးလိုက်မိချိန်မှာ လူနာတင်လာသော တွန်းလှည်း၊ ဘေးမှာ သူနာပြုတွေ၊ အကူတွေ၊ ဆရာဝန်တွေ ခွဲစိတ်ဝတ်စုံတွေပင် မလဲရသေးဘဲ အပြုံလိုက် အခန်းထဲကို ရောက်လာပါသည်။ ဒရစ်ပုလင်းက တစ်ဖက်၊ သွေးပုလင်းကို တစ်ဖက် ဘယ်ဘက်ကိုရော ညာဘက်ကိုပါ ပုလင်းတွေချိတ်ထားသည်။ လူနာကို ခုတင်ပေါ်တင်တော့ တော်တော်



ကသိကအောက် ဖြစ်နေကြပါသည်။ ဒရစ်ပုလင်းကိုင်သူက ကိုင်၊ သွေးပုလင်းကိုင်သူက ကိုင်နှင့်။

'ဆရာမ… သွေးပုလင်းကို မြှင့်ထားလိုက်လေ။ ဒီမှာချိတ်'

ရုတ်တရက် ကြားလိုက်မိသော အသံ။

သြဇာအာဏာ အပြည့်ရှိပြီး အမိန့်ဆန်လှသော၊ သို့ပေမယ့် ကျယ်ကျယ်အောင်အောင်လည်း မဟုတ်ဘဲ နူးညံ့ခြင်းလေးလည်း စွက်နေတတ်သော စကားသံ။

လူနာနှင့်အတူပါလာသော အုပ်စုထဲမှအသံပါ။

ပန်းရင့်လက်ထဲမှ လက်ဖက်စား စတီးဇွန်းအသေးလေး လွတ်ကျသွားရပါသည်။ အားလုံးအာရုံစိုက်နေချိန်မှာ စတီးဇွန်းနှင့် သံမံတလင်းထိသံက ကျယ်လောင်လွန်းလှသည်။

ခွဲစိတ်ခန်းဝတ်စုံ အစိမ်းနုရောင်ဖားဖားကြီးကို ဝတ်ထားဆဲဖြစ်သော၊ ခြောက်ပေနီးပါးမြင့်သော အရပ်မားမားနှင့် တစ်ယောက်သောသူသည် အရေး ထဲမှာ အလိုက်မသိလိုက်တာဟု အဓိပ္ပါယ်ရသည့် အကြည့်မျိုးနှင့် ပန်းရင့်ရှိရာသို့ ကြည့်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းညိုညိုတွေ... ပြီးတော့ အစိုပွါယ် အမျိုးမျိုးပြောင်းလဲသွားသော မျက်ဝန်းများ...။

ဟာင့်အင်း...။

ပန်းရင့်သည် ခွေလျော့ယိုင်နဲ့မသွားအောင် နောက်ကျောမှ အုတ်နံရံကို အနိုင်နိုင်အားတင်ပြီး မှီထားလိုက်ရသည်။

❖ ❖ ❖

ပန်းရင့်ပြောသမျှ စကားတွေကို နားထောင်ပြီး သွားသောအခါ 'မျက်ချယ်'တစ်ယောက် တအံ့တသြ။ ပန်းရင့်တို့သုံးယောက်၏ ဇာတ်လမ်းတစ်ခုလုံးကို အစမှအဆုံး အားလုံးသိထားသူမို့ မျက်ချယ်ကို ပန်းရင့် ပြောဖြစ်ခြင်းပါ။

'အဲဒါဆို နင် ဘယ်လိုလုပ်မလဲ ပန်းရင့်။ ရှင့်ကိုလေးကရော ရှင့်ကို ဘာမှမပြောဘူးလား'

'မပြောဘူး။ မပြောလို့ခက်နေတာပေါ့ မျက်ချယ်ရဲ့။ ကိုလေးဆီကို နေ့တိုင်းသွားနေရတဲ့ဥစ္စာ။ သွားတိုင်း သူတို့နဲ့ မျက်နှာချင်းဆိုင်နေရတော့မှာပေါ့။ အဲဒီလို မျက်နှာချင်းဆိုင်ရမှာကိုပဲ စိတ်ညစ်တာ'



'ဘယ်တတ်နိုင်ပါ့မလဲဟယ်။ ကံကြမ္မာက လည်း ဒီလိုပဲဖန်လာပြီပဲ။ ကိုယ်က အတတ်နိုင်ဆုံး တော့ အလိုက်သင့်နေတတ်အောင် ကြိုးစားရမှာပဲ'

ကိုလေးနှင့် တစ်ခန်းတည်းရောက်လာခဲ့သော လူနာသည် သူ့အစ်မလတ်၏ခင်ပွန်း၊ သူ့ယောက်ဖ ဖြစ်နေခဲ့ပါသည်။

တစ်ချိန်က သူ့ကို ပန်းရင့်နှင့် ခါးခါးသီးသီး ဖြစ်ခဲ့သူများထဲတွင် ထိုအစ်မလတ်သည် ရှေ့ဆုံးက ပါခဲ့သည်။ အခု ထိုအစ်မလတ်သည် ကိုလေးဘေး ခုတင်ကို လူနာရှင်အဖြစ် ပန်းရင့်နှင့် မနက်တိုင်း၊ ညနေတိုင်း တွေ့ရတော့မည်။ ကိုယ့်စိတ်ထဲမှာ နာကြည်းမုန်းတီးတာမျိုး မရှိပေမယ့် ချစ်ခင်ရင်းနှီးခြင်း တွေလည်း မရှိခဲ့ပါ။ ဘယ်လိုအပြုံးမျိုးကို ဖန်တီးပြီး ဆက်ဆံရမှာပါလိမ့်။

ဒါကလည်း အသေးအမွှားကိစ္စလို့ပဲ သဘော ထားပါဦး။ သူနဲ့ အမြဲလိုလိုပြန်တွေ့နေရဦးမှာ။ ကိုယ့် အစ်မရဲ့ယောက်ျားတစ်ယောက်လုံး ဆေးရုံတက်နေ ရတာကိုတော့ ဘယ်ဆရာဝန်လောင်းယောက်ကမှ မျက်နှာလွှဲခဲပစ် လုပ်ထားမှာ မဟုတ်ပေ။ ဒွဲစိတ်တုန်း

www.burmeseclassic.com



က 'သူကိုယ်တိုင်ပါခဲ့တာကိုပဲ ကြည့်။

'တံခွန်က ရှင့်ကို နှုတ်ဆက်သေးလား'

'ဟင့်အင်း... မနှုတ်ဆက်ဘူး။ သူလည်း အံ့သြသွားပုံရပါတယ်။ ငါ့ကို အဲဒီလိုတွေ့လိမ့်မယ်လို့ ထင်ထားမှာ မဟုတ်ဘူးလေ။ ပြီးတော့ ကိုလေးနဲ့ သူနဲ့လည်း တစ်ခါမှမဆုံဘူးလေ။ ကိုလေးကသာ သိနေခဲ့တာကိုး'

'ဟုတ်သားပဲနော်'

သူနဲ့ပန်းရင့် ကတောက်ကဆဖြစ်တိုင်း၊ ပန်းရင့် သူ့အတွက် မျက်ရည်ကျရတိုင်း ပန်းရင့်မျက်ရည်တို့ကို သုတ်ပေးခဲ့သူသည် သူ မဟုတ်ခဲ့ပါ။ ပန်းရင့် ဘယ်လိုမှ မထင်မှတ်ထားသော ကိုလေးဖြစ်နေခဲ့သည်။

'ဒါပေမယ့် ရှင် စဉ်းစားကြည့်ပါဦး မျက်ချယ်ရယ်။ ကျုပ်က ကိုလေးနဲ့လက်ထပ်ပြီးသား မဟုတ်ပေမယ့် ကိုလေးကို ကိုယ့်ယောကျ်ားတစ်ယောက်လို အခု ပြုစုပေးနေရတာ ရှင် မြင်တဲ့အတိုင်း။ မောင်... အဲလေ တံခွန်ကလည်း သဝန်ခပ်တိုတိုနဲ့ဆိုတော့..'

ပြောပြီးမှ ပန်းရင့် ကိုယ့်နှုတ်ခမ်းကို ကိုယ်



ခပ်နာနာ ဖိကိုက်ထားလိုက်မိသည်။

တို့နှစ်ယောက်မှာ 'ချစ်သူ' ဆိုတဲ့ ပတ်သက်မှုမှ မရှိတော့တဲ့နောက်မှာ မင်းရဲ့သဝန်တိုမှုတွေဟာလည်း တို့အတွက် မဟုတ်နိုင်တော့ပါဘူး။ ဟုတ်တယ်မဟုတ်လား မောင်။ အမှန်ဆိုရင်တော့ 'မောင်' ဆိုတဲ့ အသုံးအနှုန်းကိုလည်း တို့ မသုံးနှုန်းသင့်တော့ဘူးဆိုတာ သိပါတယ်။ ဒါပေမယ့် မေ့ပျောက်ဖျက်မရနိုင်စွာနဲ့ပဲ တို့ရင်ထဲမှာ ခပ်တိုးတိုးခေါ်နေမိတုန်းပါပဲ မောင်။

မျက်ချယ်က ပန်းရင့်ကို စာနာသနားသော မျက်ဝန်းတွေနှင့် ကြည့်မိပါသည်။ ပန်းရင့်တစ်ယောက် တံခွန့်ကို ဘယ်လောက်ထိချစ်တယ်ဆိုတာ မျက်ချယ် နားလည်ပေးနိုင်ဆုံးပါ။ တံခွန့် ပန်းရင့်ကို အနိုင်ယူသမျှ အဆိုးတွေကို ပန်းရင့် ဘယ်လောက်သည်းခံနားလည်ပေးခဲ့ရတယ်ဆိုတာကိုလည်း မျက်ချယ် အသိဆုံးဖြစ်သည်။ ပန်းရင့်ကို အားမလိုအားမရ ဖြစ်ခဲ့ရတာကလည်း အကြိမ်ကြိမ်။

'မေ့ထားလိုက်ပါတော့ ပန်းရင့်ရယ်။ ပြီးခဲ့တာတွေလည်း တကယ်ကိုပြီးဆုံးသွားပြီပဲ။ သူက ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ကို ပုံမှန်အတိုင်း ခပ်စိမ်းစိမ်းဆက်ဆံနိုင်ရင် ကိုယ်လည်း ဆက်ဆံနိုင်ရမှာပေါ့'

'တစ်နှစ်ကျော်ကျော် ကြိုးစားခဲ့ပြီးပြီပဲ။ ခံနိုင်ရည်ရှိအောင်လေ။ အခုတော့ ခံနိုင်ရည်ရှိနေပြီလို့ ထင်ထားခဲ့ပေမယ့် တကယ်တမ်း ပြန်တွေ့တော့ ရင်ထဲမှာ ငလျင်တစ်ခုလှုပ်နေသလိုပဲ။ ဘယ်လိုကြီးမှန်းကို မသိတော့ပါဘူး'

ပန်းရင့်ရင်ထဲက အချစ်ထုထည် အတိုင်းအဆကို မျက်ချယ် နားလည်ပါသည်။ အမုန်းမရှိပါဘဲ အချစ်သက်သက်နှင့် ခွဲခွာခဲ့ရသည်မို့ အရှင်လတ်လတ် ထုံဆေးမပါဘဲ အခွဲခံရသလို နာကျင်ခံစားရမှာ သေချာပါသည်။

'ဒါပေမယ့် ကျုပ် အတတ်နိုင်ဆုံးကြိုးစားပြီး ရင်ဆိုင်မှာပါ။ အတည်ငြိမ်ဆုံးဖြစ်အောင်ပေါ့'

'ကျုပ် အကြံတစ်ခုရပြီ ပန်းရင့်။ အခန်းပြောင်း လိုက်ရင်ကော။ အဲဒါဆို အဆင်ပြေသွားမယ်နော်'

'အစောကြီးကတည်းက စဉ်းစားမိပါတယ်။ ဒါပေမယ့် ဘယ်လိုအကြောင်းပြချက်မျိုးနဲ့ ပြောင်း



မလဲ။ ဒါဟာ ပုဂ္ဂလိကဆေးရုံ မဟုတ်ဘူးလေ။ ကိုယ့်သဘောနဲ့ကိုယ် ပြောင်းလို့မရဘူးလေ။ ပြောင်းလို့ရတယ်ပဲ ထားဦး၊ ကိုလေးက (၂၁)ရက်တိတိ လှုပ်ရှားလို့ လုံးဝမရဘူး မျက်ချယ်ရဲ့။ ပြီးတော့ ပန်းရင့်နှင်းဆီဟာ သတ္တိကြောင်ပြီး ထွက်ပြေးရတဲ့ အထိတော့လည်း မဖြစ်ချင်ပါဘူး'

အဲဒီလိုဆိုရင်တော့ ကိုလေးကိုလည်း ပန်းရင့် ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ မသိတော့ပေ။ ပန်းရင့် ရင်ထဲမှာ မောင်ရှိနေသေးတယ်လို့ ကိုလေး အခိုင်အမာသတ်မှတ်သွားတော့မှာ။ ကိုလေး စိတ်ဆင်းရဲမှာကိုလည်း ပန်းရင့် စိုးပါသည်။

ပန်းရင့်အတွက် အေးမြတဲ့အရိပ်ကိုတော့ ကိုလေးကသာ ပေးနိုင်ခဲ့တာ။ အေးမြစေသူကို နောက်တစ်ကြိမ် ပူလောင်စေဖို့တော့ ပန်းရင့်လည်း မလုပ်ချင်ပါ။

'ရှင်လည်း ဒီတစ်ပတ်မှာ မျက်နှာလေးကို ချောင်သွားတာပဲ။ တကယ်တော့ ကိုလေးကိုလည်း ရှင် သံယောဇဉ်ရှိပါတယ် ပန်းရင့်ရယ်။ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်။ သံယောဇဉ်ရှိပါတယ်။ ဘာဖြစ်လို့လဲ'

'ဒါဆိုရင် တံခွန်ကို ရှင့်ရင်ထဲမှာ မထားနဲ့တော့လေ'

'မထားပါဘူး မျက်ချယ်ရယ်၊ ကြိုးစားပြီး ထုတ်ထားတာပါ'

'ရှင်ကြည့်နေ၊ သူ့လို အတ္တကြီးပြီး ကိုယ့်ချစ်သူကို စွန့်ရက်တဲ့သူ၊ ပြီးတော့ သိပ်ကို သည်းသည်းလှုပ်တဲ့ သူ့အစ်မတွေ၊ နောက်မှ ရှင့်ကို နှမြောပြီး နောင်တရနေကြလိမ့်မယ်'

အဲဒါတွေ တစ်ခုမှ ပန်းရင့်မလိုချင်ပါ။ ပန်းရင့်လိုချင်ခဲ့တာတွေသည်…။

❖ ❖ ❖



## မပြေဖို့တစ်ခုကိုသာ… (၁)

မောင့်နှင့်ပန်းရင့် စတင်ဆုံစည်းခဲ့ကြတာသည် အပန်းဖြေခရီးလေးတစ်ခုမှာ ဖြစ်ပါသည်။

မှတ်မှတ်ရရ ချောင်းသာသွားခဲ့ကြတုန်းက ဖြစ်သည်။

ပန်းရင့်တို့ ဒုတိယနှစ်စာမေးပွဲဖြေအပြီး သင်္ကြန်မတိုင်ခင် ချောင်းသာကို သူငယ်ချင်းတစ်စု သွားဖြစ်ကြခြင်းပါ။ အတန်းထဲမှာ ဆတ်ဆတ်ဆော့ဆော့နှင့် နေရာတကာပါတတ်သော EC ကိုဖြိုးက ထိုခရီးကို စီစဉ်ခဲ့သည်။ မီနီဘတ်စ်တစ်စီးလုံးကို ငှားပြီး ကိုယ့်သူငယ်ချင်းများပဲမို့ ပျော်စရာကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့အတန်းထဲကမဟုတ်ဘဲ အပြင်က သူငယ်ချင်းလေးယောက် ပါမယ်နော် ပန်းရင့်။ ကြို ပြောထားတာ'

'ဘယ်မေရှာကလဲ။ သူစိမ်းတွေ သိပ်ပြီးမခေါ်နဲ့ဟာ။ ကိုယ်နဲ့ အံဝင်ခွင်ကျမဖြစ်ရင် ပျော်ဖို့မကောင်းဘူး'

'နင်တို့ကျန်းမာရေး စိတ်ချရအောင်လေ။ ဆရာဝန်လောင်း ဆေးကျောင်းသားလေးတွေ ခေါ်လာပေးတာပါ။ အဆင်တောင်ပြေသေးတယ်။ သူတို့က ငါနဲ့ ဆယ်တန်းတုန်းက သိပ်တွဲတဲ့ကောင်တွေဟာ။ သူတို့လေးယောက်စလုံး DSIM (တပ်မတော်ဆေးတက္ကသိုလ်)ရသွားတာ။ ငါတစ်ယောက်တည်း ကွန်ပျူတာကို အက်ပွဲပြီး ရောက်လာတာ'

ကိုဖြိုးသူငယ်ချင်းဆိုတာကြောင့် ထိုလေးယောက်ကို အားလုံးက လက်ခံခဲ့ကြခြင်းပါ။ ပန်းရင့်တို့သူငယ်ချင်းတွေက ပန်းရင့်အပါအဝင် မိန်းကလေးရှစ်ယောက်နှင့် ယောကျ်ားလေးခြောက်ယောက် ဖြစ်သည်။ ဒါကြောင့်လည်း ကိုဖြိုးက သူတို့ယောကျ်ားလေး အင်အားတောင့်အောင် သူ့သူငယ်ချင်းတွေကို



ခေါ်လာခဲ့ခြင်း ထင်ပါရဲ့။

ခရီးစထွက်တဲ့မနက်မှာ စုရပ်မထားဘဲ တစ်ယောက်စီရဲ့အိမ်ကို လိုက်ခေါ်ပေးပါသည်။ ပန်းရင့်အိမ်က အရင်ဆုံးလမ်းသင့်တာမို့ ပန်းရင့်ကို အရင်ဆုံးဝင်ခေါ်ပါသည်။ မျက်ချယ်ကလည်း ပန်းရင့်နဲ့လာအိပ်တာမို့ နှစ်ယောက်သား ကားပေါ်မှာ အကောင်းဆုံးနေရာရွေးရင်း ရယ်နေရသည်။ ကိုဖြိုးက ကြည့်မရတော့ပုံနှင့်–

'ရွေး··· ရွေး··· ဒီလောက်ခုံနှစ်ဆယ်ကို ရွေးလို့မဝနိုင်ဘူး။ နင်တို့နှစ်ယောက်ကိုကြည့်ရတာ တိုင်ဦးတမ်း ကစားနေတာကျနေတာပဲ'

ပန်းရင့်တို့ကိုခေါ်ပြီး ဒုတိယမြောက်အဖြစ် ကိုဖြိုးက သူ့သူငယ်ချင်းလေးယောက်ကို ဝင်ခေါ်ပါသည်။ ထိုလေးယောက်သည်လည်း တစ်ယောက်၏အိမ်မှာ လေးယောက်စလုံး စောင့်နေကြသည်။ (၅)ရက်ခရီးမို့ အဝတ်အစားလည်း သိပ်ပြီး များများစားစား မယူဖြစ်ကြဘဲ ခရီးဆောင်သေတ္တာငယ် တစ်လုံးလောက်ပါပဲ။ ထိုလေးယောက်ထဲမှ တစ်ယောက်သည် ခရီးဆောင်သေတ္တာအကြီးကြီးနှင့်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အဖုံးလေးပါသော ယိုးဒယားပလတ်စတစ်ခြင်း တစ်လုံးနှင့် ပစ္စည်းကအပြည့်။

မျက်ချယ်နှင့် နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် မျက်စပစ်လိုက်မိကြပါသည်။ ဘယ်လိုလဲဆိုသည့် သဘော။

ထိုလေးယောက်ထဲမှ နှစ်ယောက်သည် အနောက်ကခုံမှာ လာထိုင်သည်။ နောက်နှစ်ယောက်ကတော့ ပန်းရင့်တို့ဘေးကခုံမှာ။ သွားပါပြီ။ ပန်းရင့်တို့သူငယ်ချင်းတွေနဲ့တော့ ဝေးပြီ။ သူတို့တွေက နောက်မှ လှည့်ခေါ်ရတာမို့ နေရာကြိုဦးပေးထားပြန်ရင်လည်း သိပ်ကလေးဆန်ရာ ကျနေမှာစိုးတာကြောင့် ပန်းရင့်တို့ မဦးထားပေးခဲ့ပါ။

ကားတစ်စီးတည်းပဲဆိုပြီးတော့သာ စိတ်လျှော့ထားလိုက်ပါသည်။ တဖြည်းဖြည်း လူစုံလာလေ၊ တစ်ယောက်တစ်ပေါက်နှင့် စနောက်ပြီး အသံတွေ ဆူညံစပြုလာပါသည်။

'ဟဲ့… ဖျော့တော့တော့ နင် ငါတို့အတွက် အမြည်းလုပ်လာရဲ့လား။ မပါလာဘူးဆိုရင်တော့ အိမ်ကိုပြန်ယူဖို့ အချိန်မီသေးတယ်နော်'



အနောက်ဆုံးတန်းမှာထိုင်ပြီး ကိုရဲက အာပြဲကြီးနှင့် လှမ်းအော်ပါသည်။ ပန်းရင့်ကို နာမည်ဖျက်ပြီး ဖျော့တော့တော့လို့ ခဏခဏခေါ်တာကြောင့် ပန်းရင့်နဲ့လည်း ခဏခဏ ရန်ဖြစ်ပြီးပါပြီ။ ဒါတောင်မှ ကိုရဲက မမှတ်ပေ။

'ဘာဖျော့တော့တော့လဲ။ ကိုရဲ… နင် ငါ့ကို နာမည်မဖျက်နဲ့'

ပန်းရင့်က အနောက်ကိုပြန်လှည့်ကာ အော်တော့ ပန်းရင့်တို့နောက်ခုံကနှစ်ယောက်၏ စူးစမ်းသောမျက်ဝန်းတွေနှင့် ဆုံသည်။ သွားပါပြီ၊ ပန်းရင့်နာမည်ကိုတော့ ဘယ်လိုထင်ကုန်မည် မသိ။ အဲဒီကိုရဲဟာလေ နည်းနည်းလေးမှကို အလိုက်မသိတတ်။

'မပါဘူး။ နင့်အတွက် ဘာအမြည်းမှ မပါဘူး။ ဘာစားစရာမှလည်း မပါဘူး။ ပါလာရင်လည်း နင့်ကိုမကျွေးဘူး။ စေတနာကိုမရှိတာ'

'ရက်စက်လှချည်လား ဖျော့တော့တော့ရယ်'

'လာပြန်ပြီ ဒီဖျော့တော့တော့'

ပန်းရင့် တကယ်စိတ်ဆိုးမှန်းသိတော့ ကိုရဲ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး မစတော့ပေ။ မျက်ချယ်တ ပန်းရင့်ကို မသိမသာလက်တို့ကာ–

'အနောက်ကနှစ်ယောက်က ရှင့်ကိုရှိုးနေတယ်နော်'

'ရှိုးမှာပေါ့။ ကိုရဲ နာမည်ဖျက်နေတာကိုး။ ဖျော့တော့တော့ဆိုတော့ ရောဂါသည်ထင်ပြီး ဆရာဝန်လောင်းပီပီ ရောဂါရှာဖွေရေး လုပ်မလို့နေမှာပေါ့'

'ဟဲ့… တိုးတိုးပြောပါ'

အနောက်က ကြားသွားနိုင်တာကြောင့် မျက်ချယ်က သတိပေးသည်။

'ကြားပစေ၊ ဘာဂရုစိုက်စရာလိုလဲ'

'ရှင်ကလည်း…'

ကိုရဲကို စိတ်တိုလက်စနှင့် ပန်းရင့် ဘုပြောနေမိသည်။

ရန်ကုန်မြို့ထဲကထွက်ပြီး ဘုရင့်နောင်တံတားကိုကျော်ကာ လှိုင်သာယာဘက်ရောက်လာသည်နှင့် ကိုဖြိုးက အားလုံးမိတ်ဆက်သည့် အစီအစဉ် စတင်ပါသည်။



'အားလုံးကတော့ တစ်ကျောင်းတည်း၊ တစ်တန်းတည်းတက်နေကြတဲ့သူတွေဆိုတော့ အထူးအထွေ မိတ်ဆက်စရာတော့ မလိုတော့ပါဘူး။ ဒါပေမယ့် ကျွန်တော့်သူငယ်ချင်းလေးယောက်ကတော့ ဒီအဖွဲ့တွေနဲ့ စိမ်းတယ်နေပါ့နော်။ ဒီခရီးမှာ စိမ်းမနေကြဘဲ ရင်းရင်းနှီးနှီးဖြစ်သွားရအောင် ပြန်ပြီးမိတ်ဆက်စေတာပါ။ ဘယ်ကျောင်းကပဲဖြစ်ဖြစ် ဒီခရီးထဲမှာတော့ အားလုံး တစ်သားတည်းပါပဲ'

အဲဒီနောက်မှာ တစ်ယောက်ပြီးတစ်ယောက် မိတ်ဆက်ကြပါသည်။ ပန်းရင့်အလှည့်ကို ရောက်လာတော့–

'ပန်းရင့်နှင်းဆီပါ။ ရင်းနှီးတဲ့သူတွေကတော့ ပန်းရင့်လို့ပဲ ခေါ်ကြပါတယ်။ သေခါနီးလူတွေကတော့ ကယောင်ကတမ်းနဲ့ ဖျော့တော့တော့လို့ ခေါ်တတ်ပါသေးတယ်'

ကဲ… မှတ်ကရော။ ကိုရဲမျက်နှာကြီး အီးမှန်သလိုဖြစ်တာ ရယ်ရမလို၊ မဲ့ရမလိုလိုနှင့် အီလည်လည်ကြီး ဖြစ်သွားပါသည်။ ရယ်သံတချို့ကိုလည်း ကြားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရင့်တို့ခုံတန်း အလှည့်ပြီးတော့ အနောက်က ကိုယ်တော်ချောနှစ်ယောက် မိတ်ဆက်ရသည်။

'ကျွန်တော် ခွဲဟိန်းပါ'

အသားညိုညိုနှင့် တစ်ယောက်သည် ခွဲဟိန်းဖြစ်ပြီး-

'ကျွန်တော် သူရတံခွန်ပါ။ ဒါပေမယ့်ကျောင်းနာမည်မှာတော့ တံခွန်ပါပဲ'

ခပ်ဆန်းဆန်းနာမည်ကြောင့် ပန်းရင့် လှည့်ကြည့်မိတော့ ပန်းရင့်ကိုကြည့်နေသော မျက်ဝန်းညိုများနှင့် ဆုံသည်။

ရင်ထဲတွင် ဘယ်လိုမှန်းမသိ လှိုက်ခနဲဖြစ်သွားရပါသည်။ စကားပြောတတ်သော မျက်ဝန်းညိုတွေ။ မောင်သည် ထိုမျက်ဝန်းတွေနှင့် ပန်းရင့်ကို တစ်သက်လုံးပြုစားခဲ့တာ ဖြစ်သည်။ မောင့်နှုတ်က ဖွင့်မပြောပေမယ့် မောင်က သူ့ရင်ထဲမှာရှိသည့် စကားတွေကို သူ့မျက်ဝန်းညိုတွေကတစ်ဆင့် သိစေခဲ့ပါသည်။ ပန်းရင့်သည် မောင့်မျက်ဝန်းညိုတွေ၏ စေခိုင်းရာကိုသာ လိုက်နာခဲ့မြဲ။

အဲဒီတုန်းကတော့ မောင်သည် နောင်အနာဂတ်



မှာ ပန်းရင့်၏ အိပ်မက်ပိုင်ရှင် ဖြစ်လာလိမ့်မည်ဟု ယောင်လို့ပင် မစဉ်းစားခဲ့မိပါ။

❖ ❖ ❖

ချောင်းသာရောက်တော့ (...) Hotel မှာ တည်းဖြစ်ကြပါသည်။ ကမ်းခြေနဲ့ မျက်နှာချင်းဆိုင် အခန်းကိုသာ အားလုံးဝိုင်းပြီး လုနေကြတာမို့ ကံစမ်းမဲစနစ်နှင့် ဆုံးဖြတ်ရသေးသည်။ ပန်းရင့်နဲ့ မျက်ချယ်က ကံစမ်းမဲ ပေါက်ပါသည်။ နှစ်ခန်းရှိတာမို့ နောက်တစ်ခန်းကို ဘယ်သူမဲပေါက်တယ်ဆိုတာ စောင့်မနေကြတော့ဘဲ နှစ်ယောက်သား ကိုယ့်ပစ္စည်းတွေကိုယ်သယ်ပြီး အခန်းဆီကို ထွက်လာခဲ့ကြလိုက်သည်။

'တစ်ရေးလောက်တော့ အိပ်လိုက်ဦးမှပဲ။ နေနည်းနည်းအေးတော့မှ ပင်လယ်ထဲဆင်းတော့မယ်ဟာ'

'ပန်းရှင် ရှင်သတိထားမိလား'

'ဘာကိုလဲ'

'သူရတံခွန်ဆိုတဲ့တစ်ယောက်က ရှင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြည့်နေတယ်'

သူ့မျက်ဝန်းညိုများကို ပန်းရင့်သတိထားမိပါသည်။ ပန်းရင့်ကိုယ်တိုင်ကလည်း သူ့ကိုမကြာခဏကြည့်နေမိတာ ဝန်ခံပါသည်။ စက်ကွင်းမိနေသူတစ်ယောက်လို သူ့ ညိုမျက်ဝန်း၏ စက်ကွင်းမှာများ ပန်းရင့်မိနေခဲ့ပြီလားတော့မသိ။

'တစ်မျိုးလေးနော်။ ဘယ်လိုပုံစံလေးမှန်းလည်း မသိဘူး။ အေးတိအေးစက်မျက်နှာပေးနဲ့'

'ဟုတ်တယ်။ ကျုပ်တော့ မြင်ယောင်နေပါပြီ။ ပန်းရင့်တော့ မော်ဆရာနဲ့တွေ့သွားပြီ'

တစ်ရေးအိပ်လိုက်ဖို့ ကြိုးစားပေမယ့် အိပ်မပျော်ပါ။ သူ့ပုံစံသည် ပန်းရင့်အတွေးထဲရောက်ရောက်လာရသည်။

ဟင့်အင်း... မနှောင့်ယှက်ပါနဲ့ကွယ်။အချစ်မရှိချင်ပါဘူး။ အချစ်ဆိုတာနဲ့ မဆုံချင်ဘူး။ ဆုံးဖြတ်ချက်တွေကို ကြိုးကိုင်ပြီး ယိမ်းယိုင်စေမယ့် အချစ်ရဲ့အုပ်ထိန်းမှုအောက်ကို မရောက်ချင်ဘူး။

'တိုက်တိုက်ဆိုင်ဆိုင် ကျုပ်တို့ဘေးခန်းကိုသူရတံခွန်နဲ့ ဖွဲ့ပဟိန်း မဲပေါက်တယ်ထင်တယ်။ တွေ့တယ်။ သိလား ပန်းရင့်'



မျက်ချယ်က အခန်းပြင်ကို ခဏထွက်သွားပြီး ပြန်ဝင်လာတော့ ပြောသည်။

'ကံကြမ္မာတွေကတော့ တိုက်ဆိုင်နေပြီနော် ပန်းရင့်'

'ကျုပ်မဟုတ်ဘဲ ရှင်နဲ့ ဖွဲ့ပဟိန်းရဲ့ ကံကြမ္မာဖြစ်နေပါဦးမယ် မျက်ချယ်ရယ်'

'အံမယ်... သူ့ သူရတံခွန်ကိုတော့ မပေးဘူး။ တော်တော်နှမြောတသနေတယ် ထင်တယ်နော်'

ကိုယ့်စကားမှားသွားမှန်းသိပြီး ပန်းရှင့် ရှက်ရယ် ရယ်ရပါသေးသည်။ တကယ်လည်း နှမြောတသနေတာ အမှန်ပါ။ တွေ့တာမှ ၂၄နာရီတောင် မပြည့်သေးတဲ့လူတစ်ယောက်။ သူ့နာမည်ကလွဲလို့ သူ့အကြောင်း ဘာဆိုဘာမှလည်း မသိရသေးတဲ့ လူတစ်ယောက်ကို ဘာလို့များ ပန်းရင့်စိတ်ထဲထားမိနေခဲ့ပါလိမ့်။

မောင်ဟာ စတင်ဆုံစည်းခဲ့ကြစဉ်ကတည်းက အခုချိန်ထိ ပန်းရင့်ကို လွှမ်းမိုးနိုင်လွန်းတဲ့သူပါ။ ပန်းရင့်ဟာ တကယ့်ကိုပဲ မောင့်ရဲ့ မော်ဝင်အရုပ်

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ရုပ် ဖြစ်ခဲ့ရပါသည်။ ပန်းရင့်ကို နှစ်ပါး သွားမြိုင်ထအကကို လှလှပပကစေခဲ့သူသည် မောင်သာဖြစ်ပြီး ဇာတ်သိမ်းခန်းမှာ အလွမ်းတွေနှင့်တစ်ယောက်တည်း ကျန်ရစ်ခဲ့စေသူသည် မောင်သာလျှင် ဖြစ်ပါသည်။

ညနေဘက်နေအေးတော့မှ ပန်းရင့်တို့ ကမ်းခြေကိုဆင်းကြသည်။ မိန်းကလေး(၈)ယောက်မှာ (၄)ယောက်က အတွဲတွေနဲ့ ဖြစ်ပါသည်။ ပထမနှစ်ကတည်းက တွဲလာကြသော သူငယ်ချင်းရည်းစား အတွဲတွေပါ။ သူတို့တွေရဲ့ နှစ်ဖက်မိဘတွေ အသိအမှတ်ပြု သဘောတူထားသော အတွဲတွေမို့လည်း ပြဿနာမရှိတာမို့ ကိုဖြိုးက စိတ်ချလက်ချတာဝန်ခံလာရသည်။ ပန်းရင့်နဲ့ မျက်ချယ်၊ ပြီးတော့လဲ့လဲ့နဲ့ မျိုး။ လေးယောက်ကတော့ အတွဲမရှိသေးသူတွေ။ ဒါပေမယ့် မျိုးကို ကြိုက်နေသော ထူးထူးဆိုသည့် တစ်ယောက်လည်း ပါသေးသည်။ ကိုဖြိုးနဲ့ ထူးထူး နှစ်ယောက်ကတော့ ယောကျ်ားလေး ခြောက်ယောက်ထဲက အတွဲမရှိသူတွေ။

ဒီခရီးစဉ်မှာ အတွဲတစ်တွဲဖြစ်ရမည် ဆိုပြီး



တော့လည်း ကိုဖြိုးက ကြုံးဝါးထားသေးရဲ့။ သူကဖြင့် ဂေါ်မဖွံ့။ သူ့သူငယ်ချင်းလေးယောက်ကလည်း အပျိုစားတွေမို့ ထူးထူးတစ်ယောက်တော့ မရသေးသည့် မျိုးကို စိတ်မချဖြစ်ကာ ရေကူးကြတော့လည်း မျိုးတို့အနားတစ်ဝိုက်မှာ ရစ်သီရစ်သီဖြစ်နေရပါသည်။ ပန်းရင့်တို့ နှစ်ယောက်ကတော့ ရေလည်းကြောက်တာမို့ သိပ်အနက်ကြီးကို မသွားရဲကြ။ ခါးလောက်နေရာလေးမှာပဲ နေရဲသည်။

'သူများတကာက အတွဲတွေနဲ့ လိုင်းစီးဖို့ ထိန်းပေးတဲ့သူနဲ့၊ တစ်ခုခုဆိုရင် အသက်စွန့်ပြီး ကယ်မယ့်သူနဲ့။ တို့နှစ်ယောက်ကတော့ ဘယ်သူမှ မရှိဘူး။ ကိုယ့်ကိုယ်ကိုပဲ ဂရုစိုက်မှရမယ်နော်'

'အားမငယ်ပါနဲ့ ပန်းရင့်ရယ်။ ဆရာဝန်လောင်းလျာလေးတစ်ယောက်လုံး ရှိပါတယ်။ ရှင်ရေနစ်ရင် သူ ဆယ်မှာပါ။ ပြီးတော့…'

'မျက်ချယ်နော်'

မျက်ချယ် ရှေ့ဆက်ပြီးဘာပြောမယ်ဆိုတာကို ပန်းရင့် သိပါသည်။ ရှက်ရှက်နှင့် အော်လိုက်မိပြီး သူတို့ရှိရာဘက်ကို လှည့်မကြည့်ရဲတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရင့်တို့ထက် အရင်စောပြီး သူတို့ ရေထဲက ပြန်တက်သွားကြသည်။ ပန်းရင့်တို့ ပြန်တက်လာတော့ သူက ရေမိုးချိုး၊ အဝတ်အစားတောင် လဲပြီးနေခဲ့ပြီ။ ဘန်ဂလိုဝရန်တာမှာရပ်ပြီး ဟိုတယ်ဝန်ထမ်းလေးတစ်ယောက်နှင့် စကားပြောနေခဲ့လေသည်။ မီးခိုးဖျော့ဖျော့ ဘောင်းဘီပွပွနှင့် တီရှပ်အနက်ကို ဝတ်ထားပုံက စမတ်ကျပြီး သပ်ရပ်နေသည်။ ပန်းရင့်ကို လှမ်းကြည့်နေမှန်းသိတာကြောင့် သူ့ဘက်လှမ်းမကြည့်ရဲဘဲ အသာမျက်လွှာချကာ အခန်းတံခါးကိုအဖွင့်-

'ပန်းရင့်နှင်းဆီ'

သူ လှမ်းခေါ်လိုက်သံကြောင့် ပန်းရင့် ဆတ်ခနဲတုန်သွားရသည်။ သူ ပန်းရင့်ကို လှမ်းခေါ်လိုက်တာ။ ပန်းရင့်သည် မယုံမရဲနှင့် သူ့ဘက်သို့ မရဲတရဲ လှည့်ကြည့်လိုက်ရင်း-

'ဟုတ်ကဲ့'

သူက တရင်တနှီးပြုံးသည်။

ပြုံးလိုက်တော့ ပါးချိုင့်နှစ်ဖက်က သိသိသာသာ ထင်ရှားသွားပြန်သည်။



'အဝတ်တွေ ဒိုဘီပေးဦးမလားလို့ပါ'

'ကျေးဇူးပဲ၊ မပေးတော့ပါဘူး။ တို့မှာ ဆပ်ပြာမှုန့် ပါလာပါတယ်'

ထိုစကားကိုပင် အနိုင်နိုင် ပန်းရင့်ပြောရသည်။ ရင်ခုန်နေကာ သူ့မျက်ဝန်းညိုတွေကိုလည်း ရင်ဆိုင်ပြီးမကြည့်ရဲ။ ကိုယ့်အခန်းထဲ ပြန်ရောက်တော့ ပြုံးစိစိကြည့်နေသော မျက်ချယ်နှင့်ဆုံပြန်သည်။

'ပန်းရင့်နှင်းဆီ၊ အဝတ်တွေ ဒိုဘီပေးဦးမလားလို့ပါ'

သူ့လေသံနှင့်တူအောင် လိုက်တုပြောပြီး နောက်နေတာမို့ မျက်ချယ်ကို တအုံးအုံးလိုက်ထုရင်း နှစ်ယောက်သား အခန်းထဲမှာ ဝရုန်းသုန်းကား ဖြစ်နေရသည်။

'မျက်ချယ်··· အစုတ်ပလုတ်၊ ဟိုကကြားသွားရင် ဒုက္ခ'

'ကြားသွားတော့လည်း နားဖောက်ပြီးသား ဖြစ်တာပေါ့ သူငယ်ချင်းရယ်'

မျက်ချယ်နောက်တာလည်း မလွန်ပေ။ ပန်း

www.burmeseclassic.com

www.burmeseclassic.com



ရင့်ကိုယ်တိုင်ကိုက သူ့ကို အလိုလိုရင်မဆိုင်ရဲဘဲ ကိုယ့်စိတ်ကို ကိုယ်မလုံဖြစ်နေရတာ။ ခရီးမထွက်ခင်တုန်းက ကိုဖြိုးပြောခဲ့တာကို သတိရသည်။ ကျန်းမာရေးစိတ်ချရအောင်တဲ့။ အခုတော့ စိတ်ကျန်းမာရေးထိခိုက်နေပါပြီ။ ဘယ်လိုများ ကုသရမှာပါလိမ့်။

လောလောဆယ်တော့ မျက်ဝန်းညိုတစ်စုံနှင့် အမှတ်တမဲ့ ခလုတ်တိုက်မိပြီး အပြင်းအထန်ရသွားခဲ့သော ဒဏ်ရာကိုထည့်ဖို့ ဆေးရှာမတွေ့နိုင်သေးပါ။

❖ ❖ ❖

ပန်းရင့် လန့်နိုးလာချိန်သည် တော်တော်ကို ညဥ့်နက်နေခဲ့ပြီ။ မီးဖြတ်ချိန်ရောက်နေပြီမို့ အခန်းတစ်ခုလုံး မှောင်မည်းနေသည်။

ခေါင်းအုံးအောက်မှာထားထားသော ဆေးအိတ်နှင့်ဓာတ်မီးကို စမ်းယူရသည်။ ဒီနေ့တစ်နေ့လုံး ပန်းရင့်ဗိုက်ထဲကို ဘာအစာမှ မဝင်သေးပါ။ မနက်အစောကြီး အိမ်ကမထွက်ခင် စားခဲ့သော ပေါင်မုန့်ကြက်ဥကြော်နှစ်ချပ်နှင့် ကော်ဖီသာရှိသည်။ ညောင်တုန်းမှာ နေ့လည်စာစားတော့လည်း ညသိပ်ညကျန်



တွေ ဖြစ်မှာစိုးတာမို့ ကွေကာအုပ်တစ်ခွက်ကိုသာ သောက်ဖြစ်ပါသည်။ ဒီချောင်းသာမှာ ညစာစားတော့လည်း ပင်လယ်စာတွေကို ပန်းရင့် ဘယ်လိုမှ စားလို့မရ။

နဂိုကတည်းက ပန်းရင့်သည် အစားအသောက်ကို ဂျေးများများ။ ကိုယ် စားချင်တဲ့ဆန္ဒမရှိရင်လည်း ဘာမှမစားတော့ဘဲ ဒီအတိုင်း နေတတ်သူ ဖြစ်သည်။ လူကနေပေမယ့် အစာအိမ်ကတော့ ကြာရှည်ခံနိုင်ရည်မရှိတော့ပေ။ အစာအိမ်ရောဂါ လုံးလုံးလျားလျား မဟုတ်ပေမယ့် ပန်းရင့်သည် အစာခံတိုင်း မကြာခဏ ဗိုက်အောင့်တတ်ပါသည်။ အိမ်မှာဆိုရင်တော့ လူကြီးတွေက အစာမခံဖို့၊ အချိန်မှန်စားဖို့ သတိပေးပေမယ့် အခုခရီးမှာတော့ ပန်းရင့်ရောဂါကိုလည်း မသိကြတာမို့ သတိပေးမယ့်သူ မရှိပါ။

ဓာတ်မီးထွန်းပြီး ဆေးအိတ်ထဲမှာ သောက်နေကျ အစာအိမ်ဆေးကို ရှာရသည်။ မတွေ့…။ မနေ့ကတောင် သတိတရနဲ့ ဆေးဆိုင်မှာ တကူးတက သွားဝယ်လာခဲ့သေးတာ။ အခု ဘာဖြစ်လို့ ဆေးအိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲ မပါလာခဲ့ရပါသလဲ။

ပန်းရင့်မှာ လုံးဝပါမလာတာ သေချာသွားပြီမို့ တစ်ဖက်ခုတင်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော မျက်ချယ်ကို အားနာနာနှင့် နှိုးရသည်။

'ဘာဖြစ်လို့လဲ ပန်းရင့်၊ အိပ်မက်ဆိုးတွေ မက်လို့လား'

'မဟုတ်ဘူး၊ ကျုပ် ဗိုက်အရမ်းအောင့်လာလို့ မျက်ချယ်၊ ရှင့်မှာ အစာအိမ်ဆေးတစ်ခုခုများ ပါလာသလား။ ဂျယ်လ်မက်ဖြစ်ဖြစ်၊ ဒိုင်ဂျင်းဖြစ်ဖြစ်'

'ဟင့်အင်း မပါဘူး။ အရမ်းအောင့်နေလား ပန်းရင့်။ ကျုပ် ဘာလုပ်ပေးရမလဲဟင်။ ကျုပ်လည်း ဘာမှတော့ မလုပ်တတ်ဘူး။ ရေသောက်မလား၊ ရှင့် အမြဲတမ်း အောင့်တတ်လား'

'အောင့်တတ်တယ်။ ဆေးက သေသေချာချာ ထည့်လာတာပဲ။ ဘယ်လိုလုပ်ပြီး မပါလာပြန်တာလဲ မသိတော့ဘူး'

မျက်ချယ်က ဖယောင်းတိုင် ထထွန်းသည်။

'ရှင် ညစာစားတုန်းကလည်း ဘာမှမစားဘဲကိုး။ ဗိုက်အောင့်တတ်မှန်းသိရင် ရှင်စားမယ့် တစ်



ခုခု ကျုပ်မှာပေးပါတယ်။ အခုတော့ ညဉ့်နက်နေပြီ။ ဘာမှမှာလို့ရမှာ မဟုတ်ဘူး။ ကော်ဖီမစ်ထုတ်တွေတော့ရှိတယ်။ ရေနွေးလည်းရှိတယ်။ ဖျော်လိုက်ရမလား'

'ရတယ်။ ကော်ဖီကို ဘာအစာမှမရှိတဲ့ အချိန် သောက်ရင်လည်း အန်ဦးမှာ'

မျက်ချယ် ဘာလုပ်ပေးရမှန်းမသိဘဲ ခေါင်းကုတ်မိသည်။ နာရီကိုကြည့်တော့ ညနှစ်နာရီ။ တခြားသူငယ်ချင်းတွေဆီမှာတော့ ဆေးပါလိုပါငြားပေမယ့် သူတို့အခန်းက ဘယ်အခန်း၊ ဘယ်မှာ ဆိုတာလည်း မျက်ချယ် မေးမထားခဲ့မိပါ။ ကမ်းခြေက ဘန်ဂလိုအိမ်လေးတွေမို့ ညကြီးမှောင်ကြီးမည်းကြီးထဲမှာလည်း မျက်ချယ်တစ်ယောက်တည်း မသွားရဲပေ။

ဘန်ဂလိုတစ်လုံးမှာ အခန်းလေးခန်း ပါသည်။ မျက်ချယ်တို့ရသောအခန်းက ကမ်းခြေနဲ့ မျက်နှာချင်းဆိုင် တစ်ခန်း။ ဒီဘန်ဂလိုက အခန်းတွေကိုတော့ သွားမေးရဲပါသည်။ ဘေးခန်းကဆိုရင်...

အခုမှ မျက်ချယ် သတိရသွားသည်။ ဘေး

www.burmeseclassic.com

www.burmeseclassic.com



ခန်းတာ ဆရာဝန်လောင်းနှစ်ယောက်ကို မေ့ထားမိသည်တိုး။

'သူရတဲခွန်တို့မှာတော့ ဆေးအစုံအလင် ပါလာမှာပဲ။ ကျုပ် သွားနှိုးလိုက်ဦးမယ်'

'အားနာစရာကြီးဟယ်'

'အားနာမနေနဲ့၊ လူနာဆိုတာ အားနာနေရင် ရောဂါပျောက်မှာ မဟုတ်ဘူး'

ပြောပြောဆိုဆို မျက်ချယ်က အခန်းထဲက ထွက်သွားပါသည်။ အခန်းတံခါးကို ဖွင့်သွားတော့ အပြင်ဘက်မှ လှိုင်းရိုက်သံတဝုန်းဝုန်းနှင့် လေသံပြင်းပြင်းတို့ကို ကြားနေရသည်။ ပြီးတော့ ဘေးခန်းတံခါးကို မျက်ချယ် ခပ်ပြင်းပြင်းထုနေသံ၊ သူတို့နိုးလာပြီး မျက်ချယ်နဲ့ စကားအပြန်အလှန် ပြောနေကြသံ။

နောက်တော့ သူတို့နှစ်ယောက်နှင့် မျက်ချယ် အခန်းထဲကို ပြန်ဝင်လာကြသည်။ ဇွဲဟိန်းက emergency lamp (အရေးပေါ်သုံး လက်စွဲမီးအိမ်)ကို ကိုင်လို့ သူကတော့ ဆေးအိတ်အသေးစားလေးနှင့်။

'အားနာလိုက်တာ'



'ရပါတယ် ပန်းရင့်နှင်းဆီ'

ပန်းရင့် ဗိုက်အောင့်တိုင်း သောက်နေကျဆေးတွေ သူတို့မှာပါလာပါသည်။ ပန်းရင့်အတွက် ရည်ရွယ်ပြီး ယူလာခဲ့သလိုတောင် ထင်ရသည်။ သူက ဝါရင့်ဆရာဝန်ကြီးတစ်ယောက်အတိုင်း စိတ်ရှည်လက်ရှည်။ ဘောင်းဘီတိုပွပွ မီးခိုးရောင်နှင့် စွပ်ကျယ်လက်ပြတ်အဖြူက အိပ်ရာထဲကထလာခဲ့သည်မို့ ကပိုကရို။ ဒါပေမယ့် သူ့ပုံစံလေးက သန့်ရှင်းလတ်ဆတ်နေသည်။ အမြဲတမ်း သတိနဲ့နေထိုင်ရတာ အကျင့်ဖြစ်နေသည့်ပုံ။

'နဂိုကတည်းက အစာအိမ်ရှိတာလား၊ ခရီးလည်းပန်းလို့ ထင်တယ်နော်'

'တို့က အစာလွန်ရင် ဖြစ်တတ်တယ်။ ဒီနေ့တစ်နေ့လုံး ဘာမှမစားဖြစ်ဘူး။ အဲဒါကြောင့် ထင်တယ်'

'အခု ဘာမှမစားထားဘူးပေါ့။ ညစာရော'

'sea food (ပင်လယ်အစားအစာ) မကြိုက်လို့ မစားလိုက်ဘူး'

'အဲဒီလို မလုပ်ရဘူးလေ ပန်းရင့်နှင်းဆီရဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့စားမှ ဖြစ်မှာပေါ့။ ကျွန်တော်တို့မှာ မုန့်တွေပါတယ်။ ပန်းရင့်နှင်းဆီကြိုက်တဲ့ တစ်ခုခု တော့ စားလိုက်နော်'

သူယူလာသော ပလတ်စတစ်ခြင်းထဲတွင် မုန့်မျိုးစုံပါလာပုံက စတိုးဆိုင်အသေးစားလေး သဖွယ်။ ပေါင်မုန့်ကလည်း အမျိုးမျိုး။ ကိတ်မုန့်က လည်း Butter cake, Chocolate cake အမျိုးစုံလှ သည်။ စတော်ဘယ်ရီယိုဗူးသေးနဲ့ ထောပတ်ဗူးက လည်း ပါသေးရဲ့။ မိန်းကလေးတွေထက် ပိုပြီးတော့ ကို ဂရုတစိုက် သေသေချာချာ ထည့်လာသည့်ပုံ။ ပန်းရင့်နဲ့တော့ ကွာပါ့။ မေမေက အစားအသောက် အဆင်မပြေမှာစိုးလို့ဆိုပြီး ကိတ်မုန့်တစ်ဗူးထည့်ပေး တာကိုတောင် ပုရွက်ဆိတ်တက်မယ်၊ ရှုပ်တယ်ဆိုပြီး အမျိုးမျိုး အကြောင်းပြကာ ထားခဲ့တာ။

အခုမှ ယူမလာခဲ့မိတာ နောင်တရနေပါ သည်။

'မုန့်တွေကလည်း များလိုက်တာနော်။ ဆိုင် တောင်ဖွင့်လို့ ရတယ်'

မျက်ချယ်က မနေနိုင်ဘဲပြောတော့ သူက



ရယ်ပြီး–

'မလတ်လေ၊ ကျွန်တော့်အစ်မပါ။ အစား အသောက်ခက်ခဲမှာစိုးလို့ဆိုပြီး ထည့်ပေးလိုက်တာ'

'သူ့ရတံခွန် ကျောင်းတက်နေရင်ကော ဒီလို ပဲလား'

'ဟုတ်တယ်။ တစ်ပတ်တစ်ခါ မလတ်က လာတယ်လေ'

'သိပ်ဂရုစိုက်တာပဲနော်။ တို့က ကားပေါ် စတက်လာကတည်းက ခြင်းတောင်းကြီးနဲ့ဆိုတော့ ဘာတွေများလဲလို့။ အခုတော့ မုန့်တွေဖြစ်နေတာကိုး'

'ကျွန်တော့်မှာ အစ်မသုံးယောက်ရှိတယ် လေ။ ကျွန်တော်က တစ်ဦးတည်းသော မောင်လေး ပေါ့။ အဲဒါကြောင့် အစ်မတွေက သိပ်ဂရုစိုက်ကြ တယ်'

'ကောင်းတာပေါ့။ တို့မောင်နှမတွေကတော့ အဲဒီလောက် ဂရုမစိုက်နိုင်ကြပါဘူး'

မျက်ချယ်က သူ့အကြောင်းကို စပ်စုရင်း သူ့မုန့်တွေကိုပါ ဝါးတီးဖွင့်ပေးလိုက်သေးသည်။

သူကတော့ ပန်းရင့်ကို သူကိုယ်တိုင် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ရှည်လက်ရှည် ပေါင်မုန့်ထောပတ်သုတ်ပြီး ကျွေးသည်။ အစားဝင်အောင် စကားတပြောပြောနဲ့ ကျွေးပြီးတော့ ဆေးတိုက်သည်။ စိတ်ချရအောင်ဆိုပြီး သူရော၊ ဖွဲ့ဟိန်းပါ စကားပြောရင်း ထိုင်စောင့်နေပေးသေးသည်။ မျက်ချယ်ကတော့ ဒိုင်ခံညည်းခံသမား။ ပန်းရင့်ကတော့ သူတို့တွေပြောသမျှ နားထောင်သမားသက်သက်။

မနက် (၃)နာရီထိုးခါနီး ပန်းရင့်ကို စိတ်ချရလောက်မှ သူတို့အခန်းဘက်ကို ပြန်ကူးသွားကြပါသည်။

ဆေးတန်ခိုးကြောင့်လား၊ သူ့ရဲ့တန်ခိုးကြောင့်လားတော့ မသိ။ ပန်းရင့် ဗိုက်အောင့်သက်သာနေခဲ့ပြီ။

❖ ❖ ❖

ညကအရှိန်ကြောင့် ပန်းရင့်ရော မျက်ချယ်ပါ အိပ်ရာထနောက်ကျကြသည်။ နံနက်စာစားဖို့ ဟိုတယ်၏ ထမင်းစားခန်းထဲရောက်တော့ ပန်းရင့်တို့အဖွဲ့တွေ သိပ်မရှိတော့ပေ။ သူတို့သူငယ်ချင်း



လေးယောက်နှင့် ကိုဖြိုးသာ ရှိတော့သည်။

'ဘယ်လိုလဲ ပန်းရင့်။ ညက ဝေဒနာခံစားလိုက်ရတယ်ဆို။ နင်ကလည်းဟာ ကိုယ်စားဖို့ သတိမေ့တတ်တယ်။ အစာခံရင် ဗိုက်အောင့်တတ်တယ်ဆိုရင် ငါတို့ကို မှာထားလိုက်ပေါ့။ နင့်ကို ငါတို့ဂရုစိုက်ပေးလို့ ရတာပေါ့။ ညတုန်းကလိုဆိုရင် ဘယ်လိုလုပ်မလဲ။ ဂရုစိုက်ပါဟာ'

ကိုဖြိုးက သူ တာဝန်ခံခေါ်လာတာမို့ စိုးရိမ်ပြစ်တင်စကားဆိုသည်။ ပန်းရင့်ကလည်း ကိုယ့်ဂရုမစိုက်မှုနဲ့ကိုယ် ခံရတာမို့ မချိပြုံးသာ ပြုံးနေရပါသည်။ သူက ပန်းရင့်ကို ကြင်ကြင်နာနာပြုံးကြည့်ကာ-

'သက်သာရဲ့လား ပန်းရင့်နှင်းဆီ'

'သက်သာသွားပါပြီ။ ဖွဲ့ဟိန်းကိုရော၊ သူရတံခွန်ကိုရော အရမ်းကျေးဇူးတင်တယ်'

'ရပါတယ်။ တစ်ခရီးတည်းလာတဲ့သူတွေပဲ။ ဂရုစိုက်ရမှာပေါ့'

နံနက်စာကို ပန်းရင့်က ပုသိမ်မုန့်ဟင်းခါးမှာတော့ သူက-

www.burmeseclassic.com

www.burmeseclassic.com



'မှုန့်ဟင်းခါးမစားနဲ့ဦး ပန်းရင့်နှင်းဆီ။ မုန့်ဖုတ်က ညှဉ့်သိပ်ထားတာဆိုတော့ အစာအိမ်အောင့်ထားတဲ့သူနဲ့ သိပ်မသင့်တော့ဘူး။ ကြက်ဥနဲ့ ပေါင်မုန့်ပဲ စားလိုက်'

သူ့အမိန့်အတိုင်း ပန်းရင့် လိုက်နာသည်ကို မျက်ချယ်သည် ပြုံးစိစိ။ ပန်းရင့်နှင်းဆီဟာ ဘယ်သူ့စကားကိုမှ လွယ်လွယ်နဲ့ နားထောင်လိုက်နာတတ်သူ မဟုတ်မှန်း မျက်ချယ် အသိဆုံးပါ။ တားတော့မှ ရှေ့တိုးတတ်သည့် မိန်းကလေးမျိုး။ အဖြူဆိုတာကိုတောင် သူများက အဖြူပြောရင် အမည်းဆိုပြီး ခွတ်ခံငြင်းတတ်တာ ပန်းရင့်ရဲ့ ဂျစ်ကန်ကန်အကျင့်တစ်မျိုးပင် ဖြစ်သည်။

'ဟိုအဖွဲ့တွေတော့ ကမ်းခြေတစ်လျှောက် လမ်းလျှောက်ထွက်သွားပြီ။ ငါတို့တွေက ရှာထဲသွားမလားလို့။ နင်တို့နှစ်ယောက် လိုက်မလား'

ပန်းရင့်နှင့် မျက်ချယ် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိသည်။ မျက်ချယ်က–

'ငါလိုက်မယ်'

'ဒါဆို ငါလည်းလိုက်မယ်လေ'



မျက်ချယ်သွားပြီး ပန်းရင့်တစ်ယောက်တည်းတော့ မနေခဲ့ချင်ပါ။ ဟိုအဖွဲ့တွေကလည်း အတွဲတွေ၊ အတွဲဖြစ်ခါနီးတွေ။ တစ်ခါ လမ်းလျှောက်ထွက်သွားရင် စကားတပြောပြောနဲ့ ထမင်းစားချိန် ပြန်ရောက်ရင်တောင် အနိုင်နိုင်။

မျက်ချယ်က တကယ်ကို မြားနတ်မောင်လုပ်ချင်နေပုံ ရပါသည်။

'ရှင်မလိုက်နဲ့လေ ပန်းရင့်။ ရှင်က ညတုန်းက မိုက်အောင့်ထားတဲ့ဥစ္စာ။ လမ်းများများလျှောက်ရင် မိုက်ပြန်အောင့်နေဦးမယ်။ ဘန်ဂလိုမှာပဲ နေခဲ့လိုက်'

'ဟယ်… မနေခဲ့ချင်ပါဘူး။ တစ်ယောက်တည်း ကြောက်စရာကြီး။ ပျင်းစရာလည်းကောင်းတယ်'

'တစ်ယောက်တည်း မဟုတ်ဘူးလေ။ သူရတ်ခွန်က အဖော်နေခဲ့ပေးလိုက်ပေါ့ နော်'

မျက်ချယ်က လူကြီးတစ်ယောက်လို ခပ်တည်တည်နှင့် စီမံခန့်ခွဲတော့ သူက ယောင်နနနှင့် ခေါင်းညိတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုးရော၊ သူ့သူငယ်ချင်းတွေကပါ အထာတွေပေါက်ကာ အတိုင်အဖောက်တွေညီပြီး ပန်းရင့်တို့နှစ်ယောက်ကို ထားခဲ့ပါသည်။ သူတို့တွေ ထွက်သွားပြီး အကြာကြီးအထိ ပန်းရင့်တို့နှစ်ယောက်သည် ဘာစကားမှ မဆိုမိကြပေ။ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားနိုင်လောက်အောင် တိတ်ဆိတ်လွန်းလှသည်။

သူ့ကို ဘာစကားစပြီး ပြောရမယ်ဆိုတာ ပန်းရင့် စဉ်းစားမရ။ သူကလည်း ပန်းရင့်လို ခံစားနေရပုံပါ။

တိတ်ဆိတ်မှုက သိပ်ကို နက်ရှိုင်းလာတာမို့ ပန်းရင့်တစ်ခုခုတော့ ပြောမှဖြစ်ပါလိမ့်မည်။ တွေ့ကရာစကားတစ်ခွန်းကို စဉ်းစားမိပြီး–

'ညက ပြန်အိပ်လို့ရရဲ့လား'

တိုက်တိုက်ဆိုင်ဆိုင်။ နှစ်ယောက်စလုံး ပြိုင်တူမေးမိလျက်သား။ စိတ်ကူးတွေ တူနေမိကြပါသည်။

နှစ်ယောက်သား ပြိုင်တူ ရှက်ရယ် ရယ်မိကြပြန်သည်။

❖ ❖ ❖

၂။

ဒီနေ့လာသော ခြေလှမ်းများသည် ခါတိုင်းနေ့များလိုတော့ ပေါ့ပါးသွက်လက်မနေပါ။ မောင်နဲ့ပြန်ပြီး တစိမ်းတွေလို တည်တည်ငြိမ်ငြိမ်ရင်ဆိုင်နိုင်ဖို့အတွက် ပန်းရင့်ရင်ထဲမှာ အားအင်မရှိဖြစ်နေရသည်။ ပြီးတော့ ကိုလေးကိုလည်း ပန်းရင့် ဘယ်လိုရင်ဆိုင်ရမှာပါလိမ့်။

ကိုလေးကတော့ သူ့ထုံးစံအတိုင်း ပန်းရင့်ကို အရာရာ နားလည်ခွင့်လွှတ်ပေးမည်သာ။

မနက်အစောကြီး ကိုလေးစားချင်သော ဟင်းတွေကို ပန်းရင့်ကိုယ်တိုင် ဝင်ချက်ခဲ့ပါသည်။ ပုစွန်ထုပ်ဆီပြန်ကိုချက်တော့ မောင်လည်း ပုစွန်ထုပ်ကြိုက်တာကို သတိရမိပြန်သည်။ ပန်းရင့်တို့နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် အမြင်တွက်ဖြစ်ကြတိုင်း ရွှေဘထမင်းဆိုင်မှာ ထမင်းစားကြရင် မောင်က အမြဲတမ်းပုစွန်ထုပ်ဟင်းကိုသာ စားလေ့ရှိပါသည်။ တစ်ခါတလေ မောင့်အဆောင်ကို ပန်းရင့်ရောက်ဖြစ်သည့် တနင်္ဂနွေများမှာလည်း မောင့်အတွက် ပန်းရင့်ချက်သွားတတ်ပါသည်။

ပုစွန်ထုပ်ဆီပြန်ဟင်းသည်လည်း ပန်းရင့်တို့နှစ်ယောက်ရဲ့ အမှတ်တရများစွာတွေထဲက အမှတ်တရ တစ်ခုပါပဲ။

'ပန်းရင့် ဒီနေ့တယ်စောပါလား။ ပုံနှိပ်တိုက်မသွားတော့ဘူးလား'

'ဟင့်အင်း… မနေ့က လိုတာတွေအကုန်လုံးလုပ်ပေးခဲ့ပြီးပြီလေ။ ဒီနေ့တော့ ပန်းရင့်ကိုယ်တိုင်ချက်လာခဲ့တယ်။ ကိုလေးထမင်းစားမြိန်လိမ့်မယ်သိလား'

ကိုလေးမျက်နှာသည် ခပ်မှိုင်မှိုင်။ မနေ့ကကိစ္စမှာ ကိုလေးလည်း တစ်ခုခုခံစားသွားရတယ်ထင်ပါရဲ့။ ပန်းရင့်အနေရခက်လှပါသည်။ ဘေးခုတင်ကိုကြည့်တော့ လူနာရှင်တစ်ယောက်မှ မတွေ့သေး။ မောင်အပါအဝင်ပေါ့။ လူနာကတော့ အိပ်နေပါသည်။ ကိုလေးနှင့် မတိမ်းမယိမ်း အသားညိုညိုခပ်ရှချောချောပါပဲ။



'ကိုလေး နေမကောင်းဘူးလား။ ဘာဖြစ်လို့လဲဟင်'

'ကောင်းပါတယ်။ ဒါပေမယ့် ညတုန်းက ခြေထောက်က အရမ်းကိုက်တာနဲ့ အိပ်လို့မရဘူး။ မိုးလင်းခါနီးမှ ဘယ်လိုမှမခံနိုင်တော့တာနဲ့ စိုးဝင်းကိုနိုက်ဂျူတီကျတဲ့ ဆရာဝန်ကို သွားပြောခိုင်းရတယ်။ ဆေးတစ်လုံးလာထိုးပေးတော့မှပဲ ကိုယ်လည်းအကိုက်သက်သာပြီး အိပ်ပျော်တော့တာ'

'ဟယ်… ဖြစ်ရလေ။ အခုရော… ကိုက်သေးလားဟင် ကိုလေး'

'အခုတော့ သက်သာနေပြန်ပါပြီ'

ဒါကြောင့် ကိုလေးမျက်နှာမရွှင်လန်းတာကိုး။ ဝေဒနာခံစားစေချင်တာ မဟုတ်ပေမယ့် ပန်းရင့်နဲ့ ပတ်သက်မနေတာကိုတော့ နေသာထိုင်သာ ရှိသွားပါသည်။

ပန်းရင့်သည် ရင်ထဲနည်းနည်းတော့ ပေါ့ပါး

www.burmeseclassic.com

www.burmeseclassic.com



သွားရကာ-

'ညဘက်ကျတော့ အေးလို့ ထင်တယ်နော် ကိုလေး။ နောက်ပြီးတော့ နေ့ခင်းဘက်မှာ နည်းနည်းပါးပါး လှုပ်ရှားမိလို့များလားဟင်'

'နှစ်မျိုးစလုံးထင်တာပဲ။ ကိုယ်လည်း ပန်းရင့်ကိုရော၊ အန့်ကယ်တို့၊ အန့်တီတို့ကိုရော အားနာလှပါပြီ။ ကိုယ့်ကို ဒီလိုဂရုတစိုက်လာပြုစုပေးနေကြတာကို'

'ကိုလေးနော်။ အမြဲတမ်း အဲဒီလို သူစိမ်းဆန်တဲ့ စကားပြောတယ်။ နောက်တစ်ခါထပ်ပြောရင်တော့ ပန်းရင့် တကယ်စိတ်ဆိုးတော့မှာ သိလား'

ပြောရင်းနှင့်ပင် ပန်းရင့်က လူနာခုတင်ဘေးရှိ ဗီရိုပုလေးကိုလည်း ရှင်းလင်း၊ ပန်းအိုးမှာလည်း ယူလာခဲ့သော နှင်းဆီပန်းတွေအသစ်လဲနှင့် ဖယ်ဆက်သလို လုပ်နေလိုက်သည်။ ကိုလေးကတော့ ဘာမှမပြောတော့ဘဲ ပန်းရင့်လှုပ်ရှားသမျှကို မျက်တောင်မခတ်တမ်းလိုက်ကြည့်နေလေသည်။

'ကိုလေး Break Fast(နံနက်စာ) ဘာစားထားလဲ။ စိုးဝင်းက ဘာလုပ်ပေးလဲ'



'ကော်ဖီနဲ့ ကိတ်မုန့်စားထားတယ်'

'ညဘက်အိပ်မပျော်တာ ကော်ဖီသောက်တာများလို့လားလည်း မသိဘူးနော် ကိုလေး။ အိုဗာတင်းဖြစ်ဖြစ်၊ မိုင်လိုဖြစ်ဖြစ် ပြောင်းသောက်ကြည့်ပါလား။ အားလည်းရှိတာပေါ့။ ပန်းရင့် မနက်ဖြန်ကျရင် ယူလာခဲ့မယ်နော်။'

'ပန်းရင့်သဘောပဲလေ။ မမလေးသဘောပါပဲ ခင်ဗျာ။ ကျွန်တော့်ကို မမလေးစိတ်တိုင်းကျ စီမံနိုင်ပါတယ်။ ကျွန်တော့်ဘဝကို မမလေးလက်ထဲမှာ အပ်နှံထားလိုက်ပါပြီ'

'ဒီလိုမှပေါ့'

မူလတန်းကျောင်းသားလေးတစ်ယောက်လို လက်ပိုက်ပြီး သရုပ်တူအောင် ပြောတာမို့ ပန်းရင့်က ရယ်လိုက်မိပါသည်။

'ကိုလေး ဖတ်ချင်တဲ့စာအုပ်တွေလည်း ဒီနေ့ယူခဲ့တယ်။ ဒါပေမယ့် မျက်စိတွေအရမ်းကိုက်အောင်တော့လည်း အများကြီး မဖတ်ရဘူးနော်'

'ဟုတ်ကဲ့ ခင်ဗျ'

ပန်းရင့်တို့နှစ်ယောက် ပြောနေတုန်းမှာ ဘေး

www.burmeseclassic.com

www.burmeseclassic.com



ခုတင်က လှနှာရှင်ရောက်လာပါသည်။ ကိုလေးနဲ့တော့ မနေ့ကတည်းက ရင်းနှီးပြီးပုံပါပဲ။ ပန်းရင့်သည် ဘယ်အချိန်များ ကိုလေးသည် ပန်းရင့်နှင့်မောင့်မလတ်ကို မိတ်ဆက်ပေးလိုက်လေမလဲဟု ရင်ထိတ်လာရသည်။ မလတ်ဝင်လာကတည်းက ပန်းရင့်နောက်ကျောပေးထိုင်နေတာမို့ ကိုလေးက ပန်းရင့်တို့ကို ချက်ချင်းမိတ်ဆက်မပေးနေသေးပါ။

ယူလာ(။သော စာအုပ်တွေကို ကိုလေး(လည်း လှမ်းမပေးသေးဘဲ ဟိုဒီအစီမှာယ်မဲ့ လုန်လှောနေမိသည်။ ဒါပေမယ့် ပန်းရင့်စိတ်တွေ ဘယ်လိုမှ တည်တည်ငြိမ်ငြိမ်ထားလို့မရမှန်း ကိုယ့်ကိုယ်ကို သိနေရသည်။ မောင်နဲ့ ကိုလေးရော တွေ့ပြီးကြပြီလား။ မောင်ကရော သူ့ရဲ့ မလတ်ကို ဘာတွေများပြောထားခဲ့ပြီးပြီလဲ။ (တစ်ခုတော့ ခွင့်ပြုပါမောင်။ 'မောင်' ဆိုတဲ့ အခေါ်အဝေါ်ကို ရင်ထဲကနေခေါ်နေခွင့်ကိုပေါ့)။

ကိုယ့်ကိုယ်ကို ရင့်ကျက်လှပြီလို့ ထင်ထားခဲ့တာတွေဟာလည်း အချည်းအနှီးပါပဲ မောင်ရယ်။ တကယ်တော့ မောင်နဲ့ မတွေ့နိုင်တဲ့နေရာ၊ မောင့်



သတင်းမကြားနိုင်တဲ့နေရာ၊ မောင့်ပတ်ဝန်းကျင်ကနေရှောင်ပုန်းပြီး အရာရာကို မေ့နိုင်ပြီထင်ထားခဲ့မိတာ။ အခုတော့ မောင့်ကို ဘယ်လိုမှ မုန်းလို့မရ။ ရှိနေဆဲဆိုတာတို့ အထိတ်တလန့်နဲ့ သိလိုက်ရတယ်။

'ညတုန်းက သူငယ်ချင်းနှစ်ယောက်စလုံး အပြိုင်ဒဏ်ရာက ကိုက်နေကြလို့ဆို'

ပန်းရင့်နောက်ဘက်မှလှမ်းပြီး ကိုလေးကို မေးလိုက်သော မလတ်၏ အသံကြောင့် ပန်းရင့်ဆတ်ခနဲတုန်သွားရပါသည်။ မလတ်၏ စကားသံ လေယူလေသိမ်းသည်လည်း မောင့်အတိုင်း။ မောင်သိပ်ချစ်သော မောင့်ထက်လေးနှစ်ကြီးသော အစ်မပေပဲ။ မောင်နဲ့တူပေမပေါ့။

'ဟုတ်တယ်။ နောက်ဆုံးကျတော့ နိုက်ဂျူတီကျတဲ့ ဆရာဝန်ကို သွားပြောရတော့တယ်'

'လတ်တောင်မှ မောင်မောင့်ကို ပြောထားသေးတယ်။ မနေ့က ပါလာတဲ့မောင်လေးလေ သူကDSGHမှာ ဟောက်စ်ဆင်းနေတာ။ အဲဒါ ညဘက်ကိုကိုမျိုးနှားမှာ လာအိပ်ပေးလို့ သူကလည်း ညတုန်းက သူ့ဝါဒ်မှာ နိုက်ဂျူတီကျတယ်တဲ့။ နောက်ညတွေ

www.burmeseclassic.com



ဆိုရင်တော့ သူလာစောင့်ပေးမှာပါ။ အဲဒီအခါကျရင် အဆင်ပြေတာပေါ့နော်’

ဘုရားရေ… မောင်က လာစောင့်အိပ်ပေးရဦးမတဲ့။

ဇာတ်လမ်းတွေက အရှည်ဖြစ်လာဦးမည်။ ကိုလေးကိုတော့ မောင်နဲ့ စိတ်မချပေ။ ကိုယ့်ချစ်သူမို့ မောင်သိပ်အူတိုတတ်တာ။ ကလေးဆန်တတ်တာ ပန်းရင့်အသိဆုံး။ ကိုလေးကို ကြည့်ရှုပေးဖို့ဆိုတာ မောင့်အတွက် တော်တော်ခဲယဉ်းမှာပါ။ ကိုလေးအတွက်လည်း မကောင်းလှပေ။ ကိုယ်နဲ့ စေ့စပ်ထားတဲ့ မိန်းကလေးရဲ့ချစ်သူဟောင်းက ကိုယ့်ကို ကူညီမှာကို တော်ရုံဆိုရင် လက်ခံမှာမဟုတ်။

ပန်းရင့် တုန်လှုပ်သွားတာကို ကိုလေးရိပ်မိလိုက်ပုံရပါသည်။

‘မခင်လတ်လတ်ကို မိတ်ဆက်ပေးရဦးမယ်။ ကျွန်တော်နဲ့ အင်ဂေ့ချ်လုပ်ထားတဲ့ အမျိုးသမီးပါ’

ကိုလေး ပြောလိုက်တော့ ပန်းရင့်လည်း အလိုက်တသိပင် မလတ်ဘက်ကိုလှည့်ကာ ပြုံးပြနှုတ်ဆက်လိုက်ရပါသည်။



‘ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ်။ ကို့ ခင်လတ်လတ်ပါ’

‘ဟုတ်ကဲ့… ကျွန်မ ပန်းရင့်နှင်းဆီပါ မမ’

ပန်းရင့်ကတော့ မလတ်ကို ဦးစွာသိနှင့်ထားသူမို့ မလတ်ထက် ပိုတည်ငြိမ်သော မျက်နှာထားကိုတော့ ကြိုးစားဖန်တီးနိုင်ခဲ့ပါသည်။ မလတ်သည် မောင်နဲ့ ပန်းရင့်ကို အတိုက်အခံကြိုးစားပြီး ပြတ်စဲစေခဲ့ပေမယ့် ပန်းရင့်ကို အဝေးကနေ့ ဓာတ်ပုံထဲမှာလောက်သာ မြင်ဖူးထားခဲ့သူ။ ပန်းရင့်လည်း ထိုအတိုင်းပါပဲ။ မနေ့က မောင့်ကို အတွေ့မှာမှ မောင့်အစ်မလတ်မှန်း သိခဲ့ရတာပါ။ ဒါကြောင့် မလတ်ထက်တော့ ပိုပြီးပြင်ဆင်ချိန်ရခဲ့သည်ပေါ့။

မလတ်သည် အံ့ဩသွားသော မျက်နှာထားကို ချက်ချင်းဟန်မဆောင်နိုင်ခဲ့ပါ။ မလတ်၏ အပြုံးသည် အံ့ဩခြင်းတွေ စွက်နေသည်။ ပြီးတော့ စိတ်ရှုပ်ထွေးခြင်းတွေလည်း အဆစ်ပါလာမှာမလွဲ။ ပန်းရင့်နှင်းဆီရဲ့ ခင်ပွန်းလောင်းနဲ့မှ တစ်ခန်းထဲလာကျရက်လေခြင်းဆိုပြီး ရင်ထဲတွင် တနုံ့နုံ့ဖြစ်နေလိမ့်မည်။ မောင်မောင်ဟု သူတို့ ချစ်စနိုးအမြတ်တနိုးခေါ်သော

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုးတည်းသော မောင်လေးနှင့် လုံးဝသဘောမတူနိုင်ပါဆိုပြီး အသေအလဲ တိုက်ပွဲဝင်ခဲ့သော မလတ်။

ဒါပေမယ့် ထိုပွဲမှာ မလတ်အနိုင်ရခဲ့ပါသည်။

စစ်ရှုံးပြီးသူတစ်ယောက်ကို ထပ်မံနှိပ်စက်အနိုင်ယူလောက်သည်အထိတော့ မောင့်အစ်မလတ်စိတ်သဘောထားသေးသိမ်မည် မဟုတ်ပါ။

မောင်တို့မိသားစုအတွင်းမှာ ပန်းရင့်အရေးနှင့်အတော်ကို လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရပါသည်။ မောင့်အမေ သွေးအရမ်းတက်ပြီး ဆေးရုံရောက်ရသည်။ တကယ်တော့ အဲဒါတွေဟာ ကိုယ့်ဒုက္ခကို ကိုယ်ရှာကြတာတွေချည်းသာ။ ပန်းရင့်နှင်းဆီကြောင့်ဆိုပြီး တစ်ဖက်သတ်အမည်တပ်ကြပေမယ့် အဲဒါဟာလည်း သူတို့ရဲ့တစ်ဖက်သတ်စွပ်စွဲချက် ခံစားမှုတွေသာ ဖြစ်ပါသည်။

'ကိုအုပ်စိုးထိုက်ရဲ့ အမျိုးသမီးက အချောအလှလေးပဲ။ တကယ့်ကို ရှားရှားပါးပါးလှတဲ့သူပါ။ ကိုအုပ်စိုးထိုက် အရှာတော်တယ်'

မလတ်၏ စကားတို့က ပန်းရင့်အသည်းနှလုံးကို နာနာကျင်ကျင် နှိပ်စက်လှသည်။ လှုယဉ်ကျေး



အသိုင်းအဝိုင်းမို့ နှင်ပဲဆေ ပြောဆိုတာမျိုး မဟုတ်ပေမယ့် ဒီစကားသည် အတိုင်းတာတစ်ခုအထိ တာသွားထိရောက်မည်မှန်း မလတ်လည်းသိမှာပါ။ ကိုလေးကို ပန်းရင့်နှင့် မောင့်အကြောင်းဘာတစ်ခုမှသိမထားဘူးလို့လည်း မလတ် သတ်မှတ်ထားပုံရပါသည်။

'ကျွန်တော့်ကို အထင်မကြီးပါနဲ့ဗျာ။ ကျွန်တော်က အစွမ်းအစ မရှိပါဘူး။ အမေရှာပေးထားတာပါ။ အမေ့စိတ်သဘောကျ ရွေးချယ်ထားတဲ့အမေ့ချွေးမလှလှလေးပါ'

ထိုကဲ့သို့ ဖြေပေးသည့် ကိုလေးကိုလည်း ပန်းရင့် ကျေးဇူးတင်ပါသည်။ ကိုယ့်ကို ချွေးမတော်ဖို့ခါးခါးသီးသီး အငြင်းခံခဲ့ရသော အတိတ်တို့အတွက် ပန်းရင့်ခံစားရသက်သာစေဖို့ ကိုလေးဖြေပေးမှန်း ပန်းရင့် နားလည်သည်။

'လက်မထပ်ကြသေးဘူးလား'

'ပန်းရင့်ကျောင်းမပြီးသေးလို့ပါ မမ။ ပန်းရင့်က Mc Sc (ကွန်ပျူတာမဟာသိပ္ပံ) ဆက်တက်နေတာပါ'

www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြေကိုတော့ ကိုလေးကိုယ်စား ပန်းရင့်ကပင် ဖြေပေးလိုက်ပါသည်။ ပြီးတော့ သုံးယောက်သား ဘာစကားမှ မဆိုမိကြတော့ပေ။ ကိုယ်စီရင်ထဲတွင် အကျိတ်အခဲလေးတွေ ရှိနေမှန်းလည်း အလိုလိုသိနေကြရသည်။ ကိုလေးသည်လည်း ဒီဆေးရုံမှာ အနည်းဆုံး တစ်လလောက် နေရဦးမည့် အရိုးလူနာ၊ မလတ်၏ ခင်ပွန်းသည်လည်း ထိုအတိုင်း။ ဘာပဲပြောပြော ပန်းရင့်နှင့် မလတ်သည်လည်း နေ့တဓူဝမျက်နှာချင်းဆိုင်နေရဦးမှာပင်။

ကိုယ့်ဘက်ကတော့ အမုန်းမရှိချင်ပါ။

'ပန်းရင့်ကို အကူအညီလိုရင် ပြောပါမမ။ အားမနာပါနဲ့။ ပန်းရင့်ကတော့ ကိုလေးက ဒီမှာ တစ်ပတ်ကျော်ပြီဆိုတော့ ဒီဆေးရုံနဲ့ နည်းနည်းတော့ ရင်းနှီးနေပါပြီ'

'ကျေးဇူးပဲနော်။ တို့ကလည်း အိမ်မှာက ကလေးငယ်ကတစ်ဖက်နဲ့ဆိုတော့လေ အလုပ်နည်းနည်းများတယ်'

မောင်က ကလေးသိပ်ချစ်တတ်ပါသည်။ ပန်းရင့်နဲ့အသွားတိုင်း ကလေးငယ်လေးတွေ တွေ့ရင် တဖွဖွ



ပြောတတ်သည်။

'မောင့်ကို အဲဒီလို ချစ်စရာကောင်းတဲ့ကလေးလေး မွေးပေးရမယ်နော် ပန်းရင့်'

မောင်ကပြောတော့ ပန်းရင့်သည် မောင့်လက်မောင်းကို ခပ်ချွဲချွဲမှီနွဲ့လျက်။

'မွေးတာပေါ့။ ဒါပေမယ့် ကလေးကချစ်စရာကောင်းမယ် မထင်ပါဘူး။ အာမ မခံရဲဘူးနော်'

'ဘာဖြစ်လို့လဲ'

'သူ့အဖေက ချစ်စရာမှ မကောင်းဘဲ'

မောင် မကျေမနပ်နှင့် မျက်နှာကြီး စူပုပ်သွားတော့ ပန်းရင့်ရယ်ခဲ့ရပါသည်။ မောင်က ကလေးလိုပဲ တကယ်ပြောတာ မဟုတ်ဘဲနဲ့ စိတ်ကောက်တတ်တယ်ဆိုပြီး ပန်းရင့်ကပြောတော့ မောင် တကယ်စိတ်ကောက်သွားပါတော့သည်။ မောင်သည် သူ့ရတ်ခွန်ဆိုသော သူ့နာမည်နဲ့ နည်းနည်းလေးမှ မဆိုင်သော ဗုဒ္ဓဟူးသားဖြစ်သည်။

ဒါပေမယ့် မောင်က တနင်္ဂနွေသား တစ်ယောက်လို စိတ်ကောက်တတ်လေသည်။ မောင်နဲ့ ပန်းရင့်၏ ချစ်သူသက်တမ်းမှာ ပန်းရင့်ထက် မောင်

www.burmeseclassic.com

www.burmeseclassic.com



စီတ်ကောက်တဲ့အကြိမ်ကသာ ပိုများခဲ့တာ။

အခုတော့ မလတ်ရဲ့ကလေး(မောင်ရဲ့တူလေး၊ ဒါမှမဟုတ် တူမလေး)ကို မောင်ချစ်မှာပါ။ ဘယ်သူ့ကိုများ ချစ်စရာကလေးလေး မွေးပေးပါလို့ရော မောင်ပြောနေပါသေးလဲကွယ်။

မောင့်အကြောင်း အတွေးထဲရောက်လာတိုင်း မျက်ရည်တို့ကလည်း အမြဲတမ်းအဖော်အဖြစ် လိုက်ပါလာမြဲ။ ဘယ်လို အားတင်းတင်း၊ ပန်းရင့်အရှုံးပေးရမြဲသာ။ ဘယ်တော့များမှ မောင့်အတွက် ကျရသောမျက်ရည်တို့ ပန်းရင့်နှင့် ဝေးမည်မသိ။

မောင့်ကို မေ့နိုင်မည့်ဆေး ပန်းရင့်အတွက် ကမ္ဘာပေါ်မှာ မရှိသေးဘူး ထင်ပါသည်။

❖ ❖ ❖

ဓာတ်လှေကားထဲသို့ အပြေးဝင်လိုက်မိပြီးမှ ပန်းရင့်ခြေလှမ်းတုံ့သွားရသည်။ ပန်းရင့်နှင်းဆီဟာ အဲဒီလောက် မျက်စိရှုန်းတဲ့သူ ဖြစ်နေခဲ့ပြီလား။ ဓာတ်လှေကားထဲမှာ ပန်းရင့်အရင် မောင်ရောက်နှင့်နေခဲ့တာ ပန်းရင့် မမြင်ခဲ့ပါ။ မောင်ရှိနေမှန်းသိခဲ့ရင်တော့



ပန်းရင့် ဝင်ခဲ့မိမှာမဟုတ်။

ဓာတ်လှေကားမောင်းသည့်လူက တခြားလူကို မစောင့်တော့ဘဲ တက်တာမို့ ပန်းရင့်၊ မောင်နှင့် ဓာတ်လှေကားမောင်းသူ စုစုပေါင်းသုံးဦးသာ ရှိပါသည်။ မောင်က ပန်းရင့်ကို မကြည့်၊ မျက်လွှာချကာ ခပ်တည်တည်။ နှစ်များစွာ ယဉ်ပါးရင်းနှီးလာခဲ့သော မောင့်ကိုယ်သင်းနံ့၊ မောင်သုံးနေကျ (Red for Men) ရေမွှေးအနံ့က ပန်းရင့်ရင်ထဲကို အသက်ရှူလိုက်တိုင်း ရောက်ရောက်လာသည်။

မောင်…။

ခိုလှုံခဲ့ဖူးတဲ့ရင်ခွင်ဟာ အခုတော့လည်းတစိမ်းပြင်ပြင်ပါလားကွယ်။ တို့နှစ်ယောက်ဟာ တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးကြတဲ့ တစ်တိုင်းပြည်စီက လာတဲ့ လူနှစ်ယောက်လိုပါပဲလား။ မောင့်ရင်ခွင်မှာ ပါးအပ်ပြီး မောင့်ရင်ခုန်သံတွေကို နားထောင်ခွင့်ကိုရော ရဦးမှာတဲ့လား… မောင်ရယ်။

ပြီးတော့… အမြဲတမ်း ယီးလေးခိုပြီးချော့ခဲ့ဖူးတဲ့မောင့်ရဲ့ လက်မောင်း။ ပန်းရင့်တစ်ခါတလေ စိတ်ကောက်တဲ့အခါ မောင့်လက်မောင်းကို မနာ

www.burmeseclassic.com

www.burmeseclassic.com



အောင် ဆိတ်တိတ်သေးရဲ့။ အဲဒီအချိန်တုန်းကတော့ မောင်က ခွင့်လွှတ်ချော့မော့ကာ ရယ်မော။

ဟင့်အင်း… မောင်ခွင့်မပြုလည်း တိတ်တဆိတ်ချစ်နေခွင့်လေးတော့ရကောင်းပါရဲ့ မောင်ရယ်။

ပန်းရင့်သည် ရင်တွေတလှပ်လှပ်တုန်လာကာ ဒူးတွေချည့်နဲ့ပြီး ယိုင်လဲမသွားအောင် မနည်း ကြိုးစားပြီး ထိန်းထားရလေသည်။ သတိတစ်ချက်လွှတ်သွားသည်နှင့် မောင့်ရင်ခွင်မှာ ငိုကြွေးမိမှာ အသေအချာ။ မောင်ရော ဘယ်လိုခံစားရပါသလဲကွယ်။ တကယ်တော့ တစိမ်းပြင်ပြင်ဖြစ်စေခဲ့သူဟာ မောင်ကိုယ်တိုင်ပဲ မဟုတ်လား။

သေစေ၊ ရှင်စေဆိုတဲ့ ဆုံးဖြတ်ချက်ကို ပန်းရင့်အတွက် ချမှတ်ပေးနိုင်သူဟာ ဒီကမ္ဘာပေါ်မှာ မောင်တစ်ယောက်တည်းပါ မောင်။

ဓာတ်လှေကားအတွင်းမှာ ခဏတာနေရသော အချိန်ကလေးသည် ပန်းရင့်အတွက်တော့ တစ်ကမ္ဘာလောက် ထင်ရပါသည်။

ဓာတ်လှေကားထဲကထွက်ပြီး လူနာခန်းတွေဘက် လျှောက်လာတော့လည်း ပန်းရင့်တို့နှစ်ယောက်



သည်ဦးတည်ချက်တူပြီး ရှေ့ဆင့်နောက်ဆင့်ပင်။ ဒါပေမယ့် ပန်းရင့်တို့၏ အခြေအနေတွေကတော့ မတူနိုင်တော့ပါ။

'တကယ်လို့များ ပန်းရင့်နဲ့မောင် ဝေးသွားခဲ့ကြရင်လေ… ပန်းရင့် ရူးသွားမလား မသိပါဘူး မောင်ရယ်။ တခြားဘယ်သူ့ကိုမှလည်း ချစ်တော့မှာ မဟုတ်ဘူး'

ပန်းရင့် မောင့်ကို တဖွဖွပြောခဲ့ဖူးသောစကား။ မောင်ကတော့ အဲဒီစကားကို ပြန်ကြားယောင်ပြီး ဟားတိုက်ရယ်မောနေလိမ့်မည် ထင်ပါသည်။ မောင်နဲ့ ခွဲခွာခဲ့ရတုန်းက ပန်းရင့် ရူးသွားမတတ်ဖြစ်ခဲ့ရတာ။ ဘ၀ကြီးကို ဘယ်လိုရှေ့ဆက်ပြီး လျှောက်လှမ်းရမယ်မှန်းမသိအောင် လမ်းပျောက်ခဲ့ရတာ။ အခုထိ ကိုယ့်ရင်ထဲမှာ ဘယ်သူ့မှ မရှိမှန်း ကိုယ်ကိုယ်တိုင်သာ အသိဆုံး။

ဘယ်သူမှ မသိလဲ…

ဘယ်သူမှ နားမလည်လဲ…

'ပန်းရင့်ဒီနေ့နောက်ကျလိုက်တာ။ ကိုယ်က မလာတော့ဘူးလားလို့'

www.burmeseclassic.com

www.burmeseclassic.com



ပန်းရင့်အခန်းထဲရောက်တော့ မောင်က သူ့ယောက်ဖအဘေးမှာ အရင်ရောက်နှင့်နေပြီ။ တကယ့်လုပ်သက်ရင့်ဆရာဝန်ကြီးတစ်ယောက်နှယ် မေးမြန်းလို့ နေပြန်သည်။ ပန်းရင့်သည် မောင်တို့ဘက်ကို ကျောခိုင်းရပ်လိုက်ရင်း…

'ကျောင်းက ဆရာမတစ်ယောက်ဆီကို ပရောဂျက်တစ်ခုအတွက်ဝင်နေရလို့ ကိုလေးရဲ့။ ဆရာမကလည်း လေနည်းနည်းရှည်နေတာနဲ့ ကြာသွားတာ'

'ဒီနေ့ ပါရဂူကြီး ရောင်း(Round) လှည့်တယ်လေ။ ကိုယ့်ကို တိုးတက်မှုအခြေအနေကောင်းတယ်တဲ့။ ဒီအခြေအနေအတိုင်းဆိုရင်တော့ မကြာခင် အရိုးဆက်သွားမှာပဲတဲ့'

'ကောင်းတာပေါ့။ ပန်းရင့်တို့ကလည်း အဲဒါကိုပဲ စိုးရိမ်နေတာပါ။ နေ့လယ်တုန်းကတောင် မေမေနဲ့ ဖုန်းဆက်သေးတယ်။ ဒီတစ်ပတ်အတွင်းတော့ ရန်ကုန်ကို လာနိုင်အောင် ကြိုးစားနေတယ်တဲ့။ ကိုလေးရဲ့ အခြေအနေကိုလည်း သိချင်လို့တဲ့။ ပြီးတော့ ကိုလေးလိုတာရှိရင်လဲ မှာတဲ့'

'မေမေ့ကိုလည်း မြန်မြန်လာစေချင်ပါတယ်။



ဒီကိစ္စဖြစ်ပြီးကတည်းက မေမေရော၊ ညီမလေးရော အိမ်ကလူတွေ ဘယ်သူမှကို ရောက်မလာနိုင်ကြတာ'

'သူတို့က ပန်းရင့်လက်ထဲကို ဝကွက်ပြီးအပ်ထားတာလေ ကိုလေးရဲ့။ ဒီအချိန်မှာ ပန်းရင့်က ကိုလေးရဲ့ အုပ်ထိန်းသူပဲ။ အုပ်ထိန်းသူကို မလေးမစားမလုပ်နဲ့နော်'

'ဟုတ်ကဲ့ ခင်ဗျ'

မောင့်မှာ နားတွေရှိပါတယ်ကွယ်။ ပြီးတော့ အဲဒီနားတွေဟာ အကြားအာရုံခံစားနိုင်စွမ်းလည်း ရှိလေရဲ့။ ဘယ်လိုမှ မခံစားရပါဘူးလို့တော့ ဥပေက္ခာစကားမျိုးကို မပြောပါနဲ့ မောင်။

ချစ်ခြင်း၊ မုန်းခြင်း ဒါမှမဟုတ် နာကြည်းခြင်းပေါ့။ တစ်ခုခုကိုတော့ မောင်ခံစားရမှာပါ။

မုန်းတီးခြင်းဆိုတာ ဖြစ်ခဲ့ရင်လည်း ပန်းရင့်လက်ခံပါတယ်မောင်။ အချစ်တွေအားလုံး ပြန်ယူသွားပြီးတဲ့နောက်မှာ အမုန်းကို မောင်ပြန်ပေးမယ်ဆိုရင်လည်း ပန်းရင့် ကျေနပ်စွာ လက်ခံမှာပါ။

'မနက်ဖြန်ကျရင်တော့ ပန်းရင့် မနေ့ပိုင်း မလာနိုင်ဘူး ကိုလေး။ ဆရာမနဲ့ချိန်းထားခဲ့လို့ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ တိုက်ကို ခဏသွားရဦးမယ်။ မမေလာလိမ့်မယ်နော်'

'အန်တီ့ကို အားနာပါတယ်။ ကိုယ်လူကြီးကို ဒုက္ခမပေးချင်ပါဘူး။ တစ်ယောက်ယောက်ကိုသာ လွှတ်လိုက်ပါ ပန်းရင့်ရယ်'

'မမေက မမေနနဲ့ ဖုန်းပြောသေးတယ်လေ။ မမေနက ဘာတွေ ပြောလိုက်လဲ မသိပါဘူး။ မမေက ကိုလေးကို လာကြည့်ဦးမယ်တဲ့'

မောင့်အစ်မလတ် ပြောစကားအရဆိုရင်တော့ မောင်ညတိုင်း သူ့ယောက်ဖကို လာစောင့်ပေးပုံပေါ်ပါသည်။ ကိုလေးနဲ့ရောသိကျွမ်းနေကြပြီလား။ မောင့်ယောက်ဖကတော့ ကိုလေးနဲ့မောင့်ကို မိတ်ဆက်ပေးမှာ အသေအချာ။ မောင်တစ်ယောက် ကိုလေးကို ကြည်ကြည်လင်လင်မှခေါ်ပြောနှုတ်ဆက်နိုင်ပါ့မလား။

ကိုလေးကို မုန်းတီး ရန်လိုနေမှာမျိုးကိုတော့ ပန်းရင့် မလိုလားပေ။ ပန်းရင့်ကို မောင့်လက်ထဲက လုခဲ့တာမှ မဟုတ်ခဲ့ဘဲ။ မောင် စွန့်ပစ်ခဲ့သော ပန်းတစ်ပွင့်ကိုသာ တယုတယနဲ့ ကောက်ယူခဲ့တာ။

ပန်းရင့်သည် မောင့်အတွက်လည်း စိတ်ပူ၊



ကိုလေးအတွက်လည်း စိတ်ပူနှင့် ကိုယ် ဘယ်သူ့ဘက်တော်သား ဖြစ်နေပြီမှန်းကို မသိတော့ပေ။ ဘေးလူတွေကတော့ ဘယ့်လိုမြင်ကြလေမည်မသိ။ပန်းရင့်မှာ အကျဉ်းထောင်တစ်ခုထဲမှာ တိုက်ပိတ်အကျဉ်းချခံထားရသလို တင်းကျပ်မွန်းပိတ်လွန်းလှပါသည်။

ကြာရင် ရူးသွပ်သွားတော့မလားတောင် ထင်ရသည်။ ရူးသွပ်သွားခဲ့ရင်လည်း အကောင်းသား။ မမေ့နိုင်စရာ အတိတ်ကိုရော၊ ရင်မဆိုင်ချင်သော ပစ္စုပ္ပန်ကိုရော အားလုံးကို ပန်းရင့် မေ့သွားလိမ့်မည်။

တစ်ခုတော့ စိုးရိမ်မိပါရဲ့။ ရူးသွားတဲ့အခါ မောင့်နာမည်ကိုသာ မနားတမ်း တောင့်တနေမိမှာကိုပါ။ ပြီးတော့ မောင်ခွင့်မပြုမှာကိုပေါ့။

❖ ❖ ❖

နဖူးပေါ်သို့ နူးညံ့သောအထိအတွေ့တစ်ခုကို သူ ခံစားလိုက်ရသည်။ နှုတ်ခမ်းတစ်ခု၏ အထိအတွေ့။ တစ်ကိုယ်လုံးရှိသွေးကြောများ ပြင်းပြင်းရှရှစီးဆင်းလည်ပတ်သွားကြပြီး နှလုံးသားဆီအရောက်အားလုံး အေးခဲသွားသလို ရုတ်တရက် သူ့အသက်

www.burmeseclassic.com

www.burmeseclassic.com



ရှုလို့မရတော့ပေ။ ရင်ခွင်တစ်ခုလုံး မွန်းကျပ်လာကာ သူသည် လေဟာနယ်ကြီးထဲမှာ တွယ်ရာမဲ့နေသူနှယ်။

အဝေးဆုံးကို လွှင့်သွားပြီး ဥက္ကာပျံအစိုင်အခဲကြီးတစ်ခုနှင့် အပြင်းထန်ဆုံး ဝင်ဆောင့်တော့မည့်ဆဲဆဲ သူ့ကို လက်တစ်စုံက လှမ်းဆွဲထားလိုက်ပါသည်။ လက်သည်းရှည်မရှိဘဲ ရှိုးရိုးလေးလှသော လက်ချောင်းသွယ်သွယ်လေးများ။ ဘယ်ဘက်လက်လက်သူကြွယ်မှ လက်စွပ်လေးတစ်ကွင်း။ ထိုလက်စွပ်လေး၏အလယ်တွင် မြှုပ်ထားသောစိန်ပွင့်ကလေးသည် ကြယ်ပွင့်လေးတစ်ပွင့်နှယ် တဖျတ်ဖျတ်လက်နေလေသည်။

ဟင့်အင်း… မကယ်တင်ပါနဲ့။

စကြဝဠာကြီးထဲမှာသာ အဆုံးမရှိလွင့်မြောသွားပါစေတော့။

သူက ဆွဲကိုင်ထားသောလက်တစ်စုံထံမှ ဖွတ်အတင်းရုန်းထွက်လိုက်ပါသည်။ လှပ်ခနဲ အသည်းအေးသွားရပြီး သူတစ်စုံတစ်ခုနှင့် ဝင်ဆောင့်သည်။

'ဒုန်း'



သံမံတလင်းကြမ်းပြင်နှင့် မိတ်ဆက်တော့မှ သူ အိပ်မက်ဆိုးမှ နိုးပါတော့သည်။ လူတစ်ကိုယ်လုံး ချွေးစေးတို့ဖြင့် စိုနစ်၍နေသည်။

ငါ ဘယ်ရောက်နေပါလိမ့်။

ကိုယ့်အသိအာရုံတွေကို ပြန်ခေါ်ပြီး စဉ်းစားရသည်။ နိုက်ဂျူတီကျတာတော့ မဟုတ်ပါ။ ဒါပေမယ့် ကိုယ်ဆေးရုံကို ရောက်နေတာတော့ အသေအချာ။ မလတ်၏ အမိန့်နှင့် ရွှေယောက်ဖကို လူနာညစောင့်လာလုပ်ပေးနေရတာ။ ဟိုဘက်သည်ဘက်မှာ တွေ့ရသော ခြင်ထောင်နှစ်လုံး။ ဒီဘက်ခြင်ထောင်ထဲမှာတော့ ရွှေယောက်ဖရှိပြီး ဟိုဘက်ခြင်ထောင်ထဲမှာတော့ သူ့ဆက်မတွေးဖြစ်တော့ပါ။

အိပ်မက်ထဲကထက် ဆိုးဝါးသော ခံစားမှုမျိုးကို သူခံစားနေရပါသည်။ ညက အေးစက်တိတ်ဆိတ်နေပေမယ့် သူ့ရင်ထဲမှာ အလွန်တရာ ပူလောင်နေရသည်။ ညနေက တွေ့ဆုံမှုကို ပြန်တွေးမိတော့ ယောက်ျားရင့်မကြီးတန်မဲ့နှင့် သူအံကြိတ်မိသည်။

အမြဲတမ်းငေးမောရင်း တစိမ့်စိမ့်ချစ်မက်မြတ်နိုးခဲ့ရသောမျက်နှာလေး။ နင်တို့နှစ်ယောက်ကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူတာများ မခွဲဘဲနေအောင် ကြိုးနဲ့တုတ်ထားသလဲ ဆိုပြီး သူငယ်ချင်းတွေ ပြောစမှတ်ပြုရအောင်အထိ မခွဲဘဲ တတွဲတွဲနေခဲ့ကြသော ချစ်သူနှစ်ဦး။ အခုတော့လည်း ကြားမှာစည်းခြားထားပြီဖြစ်သော မမြင်ရသည့်အကာအရံတွေ အထပ်ထပ်ပါ။ ကိုယ် ထားခဲ့ချိန်မှာ သူ ဘယ်လို နေပါလိမ့်ဟု တစ်ကြိမ်တစ်ခါမှ မတွေးမိခဲ့ပေမယ့် သူတစ်ပါးသူရင်ခွင်ကို ဝင်တော့မည်ဆိုတော့ ကိုယ်မခံချိမခံသာ ဖြစ်ရပြန်သည်။

သဝန်တိုတာလားဟု မေးလာခဲ့ရင်လည်း သူ ဖြေနိုင်မည်မဟုတ်။ ဘာဆိုင်တော့လို့လဲဟူသည့် ပြစ်တင်စကားကို မကြားရဲပြန်။

ဆက်အိပ်မနေနိုင်တော့တာမို့ နာရီကိုကြည့်တော့ ညနှစ်နာရီ။ လွန်ခဲ့သော သုံးနှစ်ကျော်က ချောင်းသာကမ်းခြေမှ ညနှစ်နာရီကို သတိရသွားရပြန်သည်။ ဆေးကျောင်းသားတစ်ယောက်၏ လူနာဖြစ်ခဲ့ရဖူးသော ချစ်သူ။

သက်ပြင်း အကြိမ်ကြိမ်ချကာ ခေါင်းရမ်းလိုက်မိပါသည်။

တစ်ယောက်တည်း ဘယ်လိုမှကြိတ်မှိတ်ပြီး



မခံစားနိုင်တော့ပါ။ နိုက်ဂျူတီကျသော အခန်းဘက်သို့ ဦးတည်လိုက်မိသည်။ ဆေးရုံတစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်ကာ ချောက်ချားစဖွယ်။ သာမန်လူတစ်ယောက်ဆိုရင် ကြောက်ရွံ့ကောင်း ကြောက်ရွံ့မှာ ဖြစ်ပေမယ့် ကိုယ်ကတော့ ဒီဆေးရုံမှာ ခြောက်နှစ်လုံးလုံး ကျင်လည်ခဲ့ရသူမို့ ကိုယ့်အိမ်ကိုယ့်ယာနှယ် ရင်းနှီးနေရသည်။

အခန်းတံခါးတော့ ကြာကြာမခေါက်ရပါ။ ဖွင့်လာပေးသည်။

'မင်း မအိပ်သေးဘူးလား တံခွန်'

'အေးကွာ။ အခု အိပ်မပျော်တော့လို့'

ဇွဲဟိန်းက ဒီညနိုက်ဂျူတီကျပါသည်။ ညဦးပိုင်းတုန်းကတောင် နှစ်ယောက်သား တာဝန်ကျအခန်းထဲမှာထိုင်ပြီး ကော်ဖီသောက်ရင်း တွေရာလေးပါး ပြောဖြစ်ကြသေးသည်။ (၁၁)နာရီကျော်မှ ကိုယ်စီအိပ်ရာဝင်ခဲ့ကြတာ။

'ငါထင်ပါတယ်။ တံခါးခေါက်သံကြားကတည်းက မင်းပဲဆိုတာ ဘာတွေဆွေးနေပြန်ပြီလဲ'

'ဒီလိုပါပဲကွာ'

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တင်ထားသော စီးကရက်ဘူးထဲမှ တစ်လိပ်ကို ထုတ်ယူမီးညှိဖြစ်သည်။ တစ်ဖွာရှိုက်မိပြီးမှ…

'မောင်က ဆရာဝန်ဖြစ်မယ့်သူ ဆေးလိပ်တို့၊ စီးကရက်တို့ရဲ့ အကျိုးအပြစ်ကို မောင်အသိဆုံးပဲ။ ဒါပေမယ့် ပန်းရင့်ကတော့ စီးကရက်အနံ့ကို ခံလို့ကို မရဘူး'

အဲဒီတုန်းကတည်းက သူစီးကရက်မသောက်ဖြစ်တော့တာပါ။ အခုတော့ သူစီးကရက်ပြန်သောက်ဖြစ်နေပါပြီ။ ပန်းရင့်မရှိတော့သည့် နောက်ပိုင်း သူ့ဘေးမှာ အဖော်အဖြစ်ရှိနေတာ စီးကရက်များသာ။

စီးကရက်တစ်လိပ်မကုန်ခင် ထိုးချေငြိမ်းသတ်လိုက်မိပြန်ပါသည်။

'ငါညနေက ပန်းရင့်နဲ့တွေ့သေးတယ် ဖွဲ့ဟိန်း'

'ဟုတ်လား။ နှုတ်ဆက်သေးလား'

'ဟင့်အင်း… မနှုတ်ဆက်ပါဘူး။ သူလည်း မနှုတ်ဆက်ဘူး။ ငါလည်း မနှုတ်ဆက်ဘူး။ သူ အဲဒီလူကို ပြုစုဂရုစိုက်နေတာကို ငါဘယ်လိုမှ မခံစားနိုင်ဘူး'



'ပန်းရင့်နှင်းဆီကရော…'

'သူ့ရင်ထဲမှာ ဘယ်လိုရှိမယ်ဆိုတာတော့ ငါမသိဘူး။ ဒါပေမယ့် ဒါတွေဟာ သူဟန်ဆောင်နေတာ မဟုတ်တာတော့ သေချာတယ်'

'မိဘချင်း တော်တော်ရင်းနှီးကြတယ်လို့တော့ ကြားတာပဲ။ ပန်းရင့်နှင်းဆီကတော့ ကိုအုပ်စိုး ဆေးရုံစရောက်လာကတည်းက တစ်နေ့မပျက် တာဝန်ကျေတယ်နော်။ ဒါပေမယ့် မင်းတစ်ခု သတိထားမိလား တံခွန်'

'ဘာလဲ။ သတိထားမိဖို့နေနေသာသာ၊ ငါသူ့ကို ကြည့်ကို မကြည့်နိုင်တော့တာ'

နှစ်ယောက်သား မျက်ဝန်းခြင်း ဆုံသွားမှာကို သူ အင်မတန်စိုးရွံ့နေခဲ့မိပါသည်။ တကယ်လည်း မဆုံမိအောင် သူကြိုးစားနေခဲ့သည်။

မျက်သားပြာလဲ့လဲ့တို့ကိုပိုင်ဆိုင်သော ရှန်းလက်သည့် မျက်ဝန်းတစ်စုံမှ စကားတို့ကို သူအဓိပ္ပာယ်မဖော်ချင်တော့ပါ။ လွမ်းဆွတ်တမ်းတခြင်းတွေရှိနေခဲ့ရင်လည်း သူဘာမှ မတတ်နိုင်တော့။ မှန်မပြောနိုင်သည့် မာနတွေ တွေ့ခဲ့မှာကိုလည်း သူစိုးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတော်တော်ကို နွမ်းနွမ်းလျလျဖြစ်နေတာ။ ငါတို့ ဟိုးအရင်ချောင်းသာမှာ တွေ့တုန်းကတို့၊ မင်းနဲ့ တွဲနေတုန်းက တို့နဲ့ယှဉ်ရင်ပေါ့ကွာ သူပြုံးနေတဲ့ အပြုံးဟာလည်း ဝတ်ကျေတမ်းကျေဆိုတာ ငါ့စိတ်ထဲမှာသိနေတယ်။ ပြီးတော့ သူမင်းကို သိပ်ချစ်တာပါကွာ။ မင်းကသာ မကောင်းခဲ့တာ'

အခုအချိန်မှာတော့ ဖွဲဟိန်းပြောသမျှကို သူခေါင်းငုံ့ခံရုံသာ ရှိပါတော့သည်။ ကိုယ်က အသာစီးနှင့် အနိုင်ရခဲ့သော သူရဲကောင်းတစ်ယောက်နှယ် ထင်မှတ်ဂုဏ်ယူခဲ့သမျှ တကယ်တမ်းပြန်တွေးကြည့်သောအခါ ကိုယ်က ကြိုးဆွဲရာ ကခဲ့သော ရုပ်သေးသူရဲကောင်းတစ်ယောက်သာ။ ကိုယ့်ကိုယ်ပိုင် နှလုံးသား ခံစားချက်ဆိုတာ မရှိခဲ့သော လေပူဖောင်းအရုပ်တစ်ခုလို လေ၏အစွမ်းနဲ့သာ ရပ်တည်ခဲ့သော အသုံးမကျသည့် အချစ်အတွက် မရှိသင့်သော လူတစ်ယောက်ဖြစ်နေမှန်း...

ကိုယ့်ကိုယ်ကို သတိပြုမိချိန်သည်...

❖ ❖ ❖



## မပေးဖို့တစ်ခုကိုသာ. . . (၂)

ပန်းရင့်အပေါ်ကို မောင့်ဂရုစိုက်မှုသည် မကြာခင်မှာပဲ တစ်ခရီးတည်းလာခဲ့ကြသော သူငယ်ချင်းများအားလုံး ရိပ်မိသိရှိသွားကြလေသည်။ ပန်းရင့်အစာအိမ်ပြန်အောင့်မှာစိုးတာကြောင့် ဂရုတစိုက်နဲ့ အချိန်မှန် အစား စားစေတာ၊ အအေးမိတဲ့ရောဂါတစ်ခုတိုးလာမှာစိုးတယ်ဆိုပြီး ပင်လယ်ရေထဲမှာ ကြာကြာမနေစေတာတို့သည် သာမန်ထက်ပိုသော ဂရုစိုက်မှုတွေမှန်း ပန်းရင့်ကိုယ်တိုင်လည်း သိပါသည်။

သူ့မျက်ဝန်းညိုတွေနောက်မှ စကားတွေကိုလည်း ပန်းရင့် နားလည်နေခဲ့ပြီ။ ချောင်းသာကမ်း

www.burmeseclassic.com

www.burmeseclassic.com



ခြေသည် ပန်းရင့်တို့အတွက် အရာရာမှ အမှတ်ရစရာ တွေချည်း ဖြစ်ခဲ့ရသည်။ ပန်းရင့်တို့နှစ်ယောက် လျှောက်ခဲ့ကြသော သဲသောင်ကမ်းစပ်တလျှောက်မှ ခြေရာများသည် လှိုင်းဒဏ်ကြောင့် ပျောက်ကွယ်သွားကြရပေမယ့် ပန်းရင့်တို့ရင်ထဲမှ ခြေရာများကတော့ ဘယ်တော့မှ ပျောက်ကွယ်သွားတော့မှာ မဟုတ်ပါ။

ပန်းရင့်တို့ ဘန်ဂလိုလေးရှေ့က ခုံတန်းပြာပြာလေးမှာထိုင်ပြီး သူနှင့် စကားတွေ အများကြီးပြောဖြစ်သေးသည်။

'ကိုယ့်ကို အိမ်ကလူတွေက အခုထိ ကလေးလေးတစ်ယောက်လို သဘောထားနေတုန်းပဲ ပန်းရင့်နှင်းဆီရဲ့။ ကိုယ့်မှာ အဖေ မရှိတော့ဘူး။ ဖေဖေဆုံးသွားတာ ကိုယ် မမွေးခင်ကတည်းကလေ။ ကိုယ့်ကို မေမေ လွယ်ထားရတဲ့အချိန်မှာ ဖေဖေဆုံးတာ။ မေမေက ဖေဖေ့ကို သိပ်ချစ်တယ်လေ။ ကိုယ့်ကို မွေးတော့ ကိုယ်ကလည်း ဖေဖေနဲ့သိပ်တူတာပဲတဲ့။ အဲဒါ ဖေဖေ့ကိုယ်ပွားလေးဆိုပြီး ငယ်ငယ်ကတည်းက အားလုံးက ဝိုင်းချစ်နေကြတာ'

အသက်နှစ်ဆယ်ကျော် လူကြီးတစ်ယောက်



လို စိတ်ချရပြီဖြစ်တဲ့အရွယ်ကိုတောင် ကလေးတစ်ယောက်လို မုန့်တွေတောင်ပုံရာပုံ ထည့်ပေးလိုက်တာက သက်သေ ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ပန်းရင့်တို့တောင် သူ့အိမ်က စေတနာတွေပိုလွှမ်းစွာ ထည့်ပေးလိုက်သော ထိုမုန့်တွေကို ဝိုင်းပြီးစားခဲ့ကြသေးတာပဲ။ အဲဒီလို ဂရုစိုက်မှုကိုတော့ သဘောကျပါသည်။ တကူးတက ပိုက်ဆံအကုန်ခံပြီး ဝယ်စားဖို့ မလိုတော့ဘူးပေါ့။ မုန့်ဖိုး အကုန်သက်သာတာပေါ့။

'ကိုယ့်အထက်မှာ အစ်မသုံးယောက်ရှိတယ်။ မကြီး၊ မလတ်နဲ့ မငယ်ပေါ့။ သူတို့ကလည်း ကိုယ့်ကို သိပ်ချစ်တယ်။ မေမေရယ်၊ မကြီးနဲ့ အငယ်ရယ်က ပြည်မှာလေ။ ကိုယ်တို့က ပြည်ဇာတိ။ မလတ်ကတော့ ကိုယ် DSIMရတော့ ကိုယ့်အတွက် အဆင်ပြေအောင်ဆိုပြီး သူ့အလုပ်ကို ရန်ကုန်ကိုပြောင်းလာပေးတယ်။ ဒီမှာ တိုက်ခန်းတစ်ခန်း ဝယ်ထားပြီးနေတယ်လေ။ ကိုယ် ကျောင်းကနေ စနေ၊ တနင်္ဂနွေ Out-pass (အပြင်ထွက်ခွင့်)ရရင် အဲဒီတိုက်ခန်းကို ပြန်ရတာပေါ့'

'အစ်မအလတ်က သူ့ရတဲ့ခွန်ကို အချစ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ပေါ့'

'အင်း… အဲဒီလိုပဲ ဆိုပါတော့။ မလတ်က ကိုယ်နဲ့ တော်တော်များများ တူတယ်လေ။ အဖေနဲ့လည်း တူတာပေါ့'

ဖတဆိုးသားဆိုတော့ ပန်းရင့် သနားသွားရပြန်ပါသည်။ ဖခင်တစ်ယောက်ဟာ မိခင်လို နွေးထွေးမှုမပေးပေမယ့် လုံခြုံမှုတော့ အပြည့်အဝပေးပါသည်။ မိသားစုတစ်ခုမှာ အရာရာကို ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးပြီး သားသမီးဇနီးကို လုံခြုံပျော်ရွှင်အောင် ဖန်တီးပေးနိုင်သူသည် ဖခင်သာဖြစ်သည်။ ပန်းရင့်ကတော့ ဖေဖေ့အသည်းကျော်ပါ။ ငယ်ငယ်လေးကတည်းက မောင်နှမသုံးယောက်ထဲမှာ ပန်းရင့်က ဖေဖေ့အသည်းစွဲ၊ ဖေဖေ့အချစ်ဆုံး။

ဖခင်တစ်ယောက်ရဲ့ မေတ္တာကို ခံစားဖူးသူသာ နားလည်ပါသည်။

'ကိုယ် ဒီချောင်းသာကိုလာဖို့ကိုလည်း မေမေတို့ဆီမှာ တော်တော်အစီရင်ခံရသေးတယ်လေ။ ခါတိုင်းဆိုရင် ကျောင်းပိတ်ရက် ခွင့်ရတိုင်း ပြည်ကို



ချက်ချင်းပြန်နေကျ။ အခု ချောင်းသာကအပြန်မှ ပြည်ကိုပြန်ရမယ်ဆိုတော့ ပြည်မှာနေရတဲ့ရက် လျော့သွားတယ်လေ။ အဲဒါကြောင့် မေမေက ခွင့်မပြုချင်ဘူး။ မလတ် ကူပြောပေးလို့ ဒီကိုလာရတာ'

'ကောင်းတာပေါ့… အားလုံးရဲ့အချစ်ကိုရတော့လေ။ ပျော်စရာကြီးနေမှာပဲ'

'မကောင်းပါဘူး ပန်းရင့်နှင်းဆီရယ်'

'ဘာဖြစ်လို့လဲ'

'တစ်ခုလိုနေလို့လေ၊ တစ်ခု လိုအပ်နေတယ်'

'တို့ နားလည်ပါတယ်။ ကိုယ်ချင်းလည်း စာတယ်'

ပန်းရင့်ကတော့ သူမရတာ၊ သူ့အတွက် လိုအပ်နေတာ ဖခင်မေတ္တာအထင်နှင့် ရေရေလည်လည်ကို ကိုယ်ချင်းစာပေးနေခဲ့ပါသည်။ အမှန်တော့ သူပြောသော လိုအပ်နေတယ်ဆိုတာက တခြား။ ပန်းရင့်က အထာမပေါက်ပေ။ ရေကစီးလာနေပြီး မြောင်းကလည်းမရှိပေ။ မြောင်းဖောက်ရကောင်းမှန်လည်း မသိ။

'ပန်းရင့်နှင်းဆီက တကယ်နားလည်တာလား'

www.burmeseclassic.com

www.burmeseclassic.com



'အင်းပေါ့'

သူ့မျက်နှာ ပြုံးရိပ်သန်းသွားပါသည်။ အဲဒီအထိ ပန်းရင့်သည် သူ ဘာကိုဆိုလိုမှန်း ဇဝေဇဝါ ဖြစ်နေတုန်း။

'ကိုယ့်မှာလိုနေတာ ၁၅၀၀ အချစ်လေ။ အစတုန်းကတော့ ကိုယ့်မှာ အချစ်တွေအားလုံး ပြည့်စုံနေပြီ ထင်ထားတာ။ အခုမှ ကိုယ့်အတွက် သိပ်ကိုလိုအပ်နေမှန်း ခံစားလာရတယ်'

ဒီတော့မှ ပန်းရင့် သိပါတော့သည်။ ကောင်းဘီကောင်းရက်နဲ့ နားလည်ပါတယ်တွေဘာတွေ ပြောထားပြီးမှ ကိုယ့်ကို သွယ်ဝိုက်တဲ့နည်းနဲ့ ရည်းစားစကားပြောနေမှန်း သိသည်။

သူ့မျက်ဝန်းညိုတွေကို ပန်းရင့် ရင်ဆိုင်မကြည့်ရဲတော့။ ဘာကိုမှ မသိသလို၊ တမင်ဟန်ဆောင်လိုက်ရဝေမယ့် အသက်ရှူနေသော ဝင်လေ၊ ထွက်လေတို့သည် မှားယွင်းကုန်သည်။ သူ သတိထားမိမှာစိုးတာကြောင့် ပင်လယ်ဆီကိုသာ အကြည့်ပို့ထားဖြစ်ခဲ့သည်။ ကမ်းစပ်ဆီသို့ တဝုန်းဝုန်းနှင့် ရိုက်ခတ်လာသော လှိုင်းတို့သည် ပန်းရင့်တို့နှစ်ယောက်ကို



ကျီစယ်နေကြသလိုလို။ လှိုင်းဆိုတာ ကမ်းစပ်ရှိရာကို မနားတမ်းအရောက်လာပြီးတဲ့အခါ ပြန်ပြီးထွက်သွားစမြဲတဲ့။ အဲဒီလိုပဲ ရင်ခွင်ဆီကို အချစ်တွေ တားမရဆီးမရ ရောက်လာကြပြီးမှ ဖမ်းဆုပ်မရဘဲ ပြန်ထွက်ပြေးသွားမှာ စိုးပါသည်။

ကမ်းစပ်လို အခိုင်အမာတည်ရှိ၊ ခံနိုင်ရည်ရှိမည့် နှလုံးသားမျိုးမဟုတ်မှန်းလည်း ကိုယ့်ကိုယ်ကို သိသည်။ ကိုယ့်နှလုံးသားက အင်မတန် ထိရှလွယ်သော နုနယ်လွန်းသည့် နှလုံးသား။

'ပန်းရင့်နှင်းဆီရော ဘယ်လိုမြင်လဲဟင်'

ပန်းရင့် ဘာမှပြန်မပြောနိုင်တော့ သူက ထပ်မေးခဲ့ပြန်သည်။

'တစ်ခါတလေကျတော့လည်း ၁၅၀၀ အချစ်ဟာ သိပ်ကို ပူလောင်လွန်းလှပါတယ် သူရတဲ့ခွန်။ မီးကိုပူတယ်ဆိုတာ မယုံဘဲ မီးနဲ့ ကစားကြည့်သူလိုပါပဲ။ မစမ်းသပ်တာ အကောင်းဆုံးပါ'

ပန်းရင့် အချစ်ကို စမ်းသပ်ကြည့်ဖို့ မဝံ့မရဲဖြစ်နေပါသည်။ ကိုယ့်ရင်ထဲမှာ တစ်စုံတစ်ခုရှောက်နေတာကိုတော့ သိသည်။ အဲဒါ အချစ်ဆိုတာမှန်း

www.burmeseclassic.com

www.burmeseclassic.com



လည်း သိသည်။ လက်ခံခေါင်းညိတ်လိုက်ဖို့လည်း သတ္တိမရှိသေးပြန်။ ပန်းရင့်သည် ညအမှောင် တရေးနိုးမှာ တစ်စုံတစ်ခုကို ကြောက်ရွံ့ပြီး မျက်စိကလည်း ဖွင့်မကြည့်ရဲ၊ တစ်ခုခုမှာ ကြောက်လန့်စဖွယ် မြင်ရရင်ဆိုပြီး မျက်စိမှိတ်ထားရင်းနဲ့ကို ရင်တလှပ်လှပ်ဖြစ်နေရသည့်နှယ်။

'အချစ်ဆိုတာ စမ်းသပ်မှုတစ်ခုမှ မဟုတ်တာ ပန်းရင့်နှင်းဆီ'

'စမ်းသပ်မှုမဟုတ်ဘူးဆိုရင်တောင် အချစ်က အားပြိုင်မှုတစ်ခုလည်း ဖြစ်နိုင်ဝါသေးတယ် သူရတံခွန်။ အားနည်းသူအတွက် အချစ်က မကောင်းပါဘူး'

သူနှင့်ပန်းရင့်၏ အချစ်ကို အငြင်းအခုံပြောဆိုမှုက အဆုံးမသတ်ခဲ့ပါ။ သုံးလေးရက်ကာလလေးသာရှိသော ခရီးတိုလေးတစ်ခုကရင်ခုန်မှုကို အချစ်စစ်စစ်တွေပါဟု လုံးဝရာနှုန်းပြည့်လက်မခံချင်သေး။

ကိုယ့်နှလုံးသား၏ခြေအစုံက သူ့ပိုင်နက်ထဲ ခြေချမိပြီး ဖြစ်နေတာတောင် ပန်းရင့်ကခြေတစ်လှမ်း မရွှေ့မိသေးပါဟု ဇွတ်အတင်းငြင်းချင်နေသေးတာ။



'အချိန်တွေ အများကြီးရှိပါသေးတယ် သူရတံခွန်၊ ဒီအကြောင်းကို တို့တွေ ရန်ကုန်ပြန်ရောက်မှ ဆက်ပြီးဆွေးနွေးကြတာပေါ့။ သူရတံခွန် ဆန္ဒရှိတယ်ဆိုရင်ပေါ့လေ'

'ဆန္ဒရှိပါတယ် ပန်းရင့်နှင်းဆီ၊ ဒါပေမယ့် ဒီဆွေးနွေးပွဲအတွက် ပန်းရင့်နှင်းဆီ ကိုယ့်ကို တစ်ခုတော့ ကြိုပြီးပေးထားစေချင်တယ်'

'ဘာများပါလိမ့်'

သူ့မျက်ဝန်းညိုများက ပန်းရင့်အတွေးစိတ်ကို ထွင်းပေါက်ကြည့်မြင်နိုင်သည် ထင်ပါရဲ့။

ပန်းရင့်တစ်သက်တာလုံး အဲဒီမျက်ဝန်းညိုပိုင်ရှင်၏ ရုပ်သေးရုပ်လေးသာ ဖြစ်ရတော့မည် ထင်ပါသည်။

'ယုံကြည်မှုလေ၊ ယုံကြည်မှုပေါ့။ အချစ်ကို စမ်းသပ်မှုတစ်ခုလို့ပဲ သတ်မှတ်မှတ်၊ အားပြိုင်မှုတစ်ခုလို့ပဲ သတ်မှတ်မှတ်၊ အဓိကကတော့ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိဖို့ပါပဲ။ အဲဒါကို ပန်းရင့်နှင်းဆီ လက်ခံလား'

သူ့စကားကို ပန်းရင့် ခေါင်းညိတ်ထောက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ထည့်နှင့် သူ့အတွက် ယုံကြည်မှုတွေကိုပါ ပေးအပ်ပြီးသား ဖြစ်နေခဲ့သည်။

❖ ❖ ❖

ချောင်းသာ၏ နောက်ဆုံးနှုတ်ဆက်သည့် မီးပုံပွဲညက ပန်းရင့်တို့အတွက် တစ်သက်မမေ့နိုင်စရာပါ။ ညချမ်းလေးက ထူးဆန်းစွာ တခြားရက်တွေကထက် ပိုအေးမြနေခဲ့သည်။ လမိုက်ညဖြစ်ပေမယ့် မီးပုံ၏အလင်းရောင်က ကောင်းစွာ အလင်းပေးထားနိုင်ခဲ့ပါသည်။

မီးပုံထဲတွင် တဖျောက်ဖျောက်နှင့် လောင်ကျွမ်းနေသော ထင်းစတွေကို အဓိပ္ပာယ်မဲ့ ငေးမောကြည့်နေရင်းမိရင်း ပန်းရင့်ရင်ထဲတွင်လည်း ပူလောင်နေသည်။

ခွဲရတော့မယ်တဲ့ကွယ်။

တိုတောင်းလှတဲ့ ကာလလေးအတွင်းမှာ ခိုင်မြဲနက်ရှိုင်းတဲ့ အရာတစ်ခု ရင်ထဲကို ရောက်လာခဲ့လိမ့်မယ်လို့လည်း တွေးမထင်ထားခဲ့မိပါဘူး။ သူလည်း ကိုယ့်လို ထပ်တူထပ်မျှဆိုတဲ့အတွက်ကြောင့် ကံ



ကြမ္မာကို ကျေးဇူးတော့တင်မိပါရဲ့။ ရှေ့ဆက်ပြီး ကျေးဇူးတင်နိုင်ဖို့သာ ဆုတောင်းရဦးမှာပါ။

သူနှင့်ပန်းရင့်သည် မီးပုံကြီးကို အလယ်မှာခြားထားသော မျက်နှာချင်းဆိုင်။ သူက လက်နှစ်ဖက်စလုံးကို ဟန်ပါပါ မေးအောက်မှာထောက်ကာ ပန်းရင့်ကိုသာ တစိမ့်စိမ့်ငေးနေသည်။ သူ့အကြည့်တို့ကို မသိချင်ယောင်ဆောင်ကာ ဟိုဟိုဒီဒီ လျှောက်ငေးနေမိပေမယ့် ပန်းရင့်လည်း သူ့လိုပင် တစိမ့်စိမ့်ငေးနေချင်သည်။ အနားမှာ ဘယ်သူမှ မရှိခဲ့ကြရင်ပေါ့လေ။

'ဒီခရီးစဉ်လေးဟာ အားလုံးအတွက် မမေ့နိုင်စရာ အမှတ်တရလေးတစ်ခုပါ။ ခရီးတိုတို၊ ရက်တိုတိုပေမယ့် အားလုံးသိပ်ကိုပျော်ခဲ့ကြတယ်။ အထူးသဖြင့် ထူးထူးပေါ့လေ'

ကိုဖြိုးစကားကြောင့် အားလုံး ရယ်လိုက်ကြကာ ထူးထူးနှင့် မျိုးဆီသို့ အကြည့်ရောက်ကြသည်။ ဒီခရီးမှာ မျိုး၏အဖြေကို ထူးထူးရသွားခဲ့ပါသည်။ ထူးထူး တကယ်ဇွဲကောင်းပါသည်။ ပန်းရင့်တို့ ပထမနှစ် စတက်ကြကတည်းက ထူးထူးခမျာ မျိုး

www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုက်ခဲ့ရတာ။ သုံးနှစ်လောက် စိတ်ရှည်ရှည်နှင့် မညည်းမညူ။ မျိုးသည်းညည်းကိုခံခဲ့တာ နည်းတဲ့မေတ္တာတော့ မဟုတ်။

သူဆိုရင်ကော။

ပန်းရင့် သူ့ကို လှမ်းကြည့်လိုက်တော့ ပန်းရင့်ရင်ထဲက မေးခွန်းကို သိနှင့်နေသည့်နှယ်။ သူ့မျက်ဝန်းညိုတွေက အဖြေစကားကို ဆိုပါသည်။

'အမှန်တော့ ကိုယ်က ဒီခရီးစဉ်မှာ ထူးထူးတို့စုံတွဲတစ်တွဲတင်မကဘဲ နောက်တစ်တွဲပါ အဆင်ပြေသွားစေချင်တာ။ ဒါပေမယ့် မင်းသားကပဲ မူနေသလား၊ မင်းသမီးကပဲ မူနေသလားတော့ မသိဘူး။ ဒါရိုက်တာကတော့ တော်တော်ကို အသည်းယားနေပါပြီ'

ခုနတုန်းက ထူးထူးတို့ကို ဝိုင်းကြည့်ကြသလို ကိုယ့်ဆီကိုလည်း အကြည့်တွေရောက်လာမှာ သေချာတာကြောင့် ပန်းရင့်က ခေါင်းကိုသာ ငုံ့ထားလိုက်မိသည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဇာတ်ပို့ဇာတ်ရံတွေကလည်း ကြိုးစားကြတာပါပဲ'



မျက်ချယ်က ဝင်ပြောတာကြောင့် ပန်းရင့်က မသိမသာနှင့် မျက်ချယ်လက်မောင်းကို လိမ်ဆွဲလိုက်သည်။ မျက်ချယ်က သတိမထားမိဘဲ နာသွားတော့မှ 'အမလေး… ဆိတ်တယ်' ဟု အကျယ်ကြီးအော်လိုက်ကြပြန်သည်။

'ဘာရယ်တာလဲ၊ မရယ်နဲ့တော့ မနေတတ်တော့ဘူး'

ပန်းရင့်အသံ ခပ်တိုးတိုးထွက်လာတော့မှ သူတို့ အရယ်ရပ်ကြသည်။

'Game (ကစားပွဲ) တစ်ခုလုပ်ဖို့လည်း စီစဉ်ထားပါသေးတယ်။ ပြီးတော့ သီချင်းဆိုကြမယ်။ တစ်ယောက်နဲ့တစ်ယောက် အမှတ်တရပစ္စည်းလေးတွေ လဲကြမယ်။ မဲနှိုက်ပြီးတော့ပေါ့'

'ဟင်… ပစ္စည်းလဲဖို့က ကြိုမှမပြောထားဘဲ။ ဘာမှလည်း ဝယ်မထားရဘူး။ လဲစရာပစ္စည်း မရှိဘူး'

'ဘာပစ္စည်းရယ်တော့ မဟုတ်ပါဘူး။ အမှတ်တရလေးပေါ့။ ကိုယ့်ကိုယ်ပေါ်မှာ အဆင်သင့်ပါလာတဲ့ ပစ္စည်းတစ်ခုခုဆို ရပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် အတော်ပဲ။ ငါ ဝမ်းသွားနေလို့ အဆင်ပြေအောင်ဆိုပြီး တစ်သျှူးစက္ကူတစ်လိပ် ပါလာတယ်။ ငါနဲ့ ဘယ်သူလဲမလဲ။ မျှော့တော့တော့နင် လဲမလား'

'ကိုရဲ အစုတ်ပလုပ်'

ကိုရဲသည်လည်း ပန်းရင့်ကို စဖို့နောက်ဖို့ဆို ဘယ်အချိန်ကတည်းက တွေးထားလေသည် မသိ။ ဘေးမှာ သူ့ရည်းစားတစ်ယောက်လုံး ရှိတာတောင်မှ ပန်းရင့်ကို အမျိုးမျိုး စနောက်မြဲ။

'အေးပါဟာ၊ နင်က ငါနဲ့ ဘယ်လဲချင်မလဲ မျှော့တော့တော့ရယ်၊ ငါ နားလည်ပါတယ် ဟဲ… ဟဲ…'

ပြောရင်းနဲ့ ကိုရဲကြည့်တာသည် သူ့ကိုသာ။

အားလုံးသည် ပန်းရင့်တို့နှစ်ယောက်ကို သိပ်ကို အဆင်ပြေစေချင်နေကြတာ။ သူ့အကြည့်တွေမှ တစ်ဆင့် ပန်းရင့်ကို ငြိတွယ်နေမှုန်းအားလုံး ဖတ်နိုင်ခဲ့ကြပြီး အကုန်လုံး သူ့အောင်သွယ်တွေ၊ သူ့ဘက်တော်သားတွေ ဖြစ်ကုန်ကြလေသည်။ သူ ဘယ်လောက် လူချစ်လူခင်ပေါတယ်ဆိုတာရဲ့ သက်



သေပင်။ သုံးလေးရက်လောက် ရင်းနှီးရတဲ့သူ့ကို သုံးလေးနှစ်လောက် ရင်းနှီးကြတဲ့ သူငယ်ချင်းတွေ စာရင်းထဲ အားလုံးက သွင်းခဲ့ကြတာဖြစ်သည်။

'ကိုယ်လဲချင်တဲ့သူနဲ့ လဲလို့မရဘူးနော်။ မဲနှိုက်ရမယ်။ မဲနှိုက်လို့ ကျတဲ့သူနှစ်ယောက်ဆီပဲ တစ်တွဲလိုက်လဲရမှာ။ မိန်းကလေးနှစ်ယောက်လည်း ဖြစ်ရင် ဖြစ်မှာပဲ။ ယောကျ်ားလေးနှစ်ယောက်လည်း ဖြစ်ရင်ဖြစ်မှာပဲ။ မိန်းကလေးနဲ့ ယောကျ်ားလေးလည်း ဖြစ်မှာပဲ။ game(ကစားပွဲ)ကို အရင်ကစားကြမယ်'

game (ကစားပွဲ)ကစားတာသည် လှုပ်လှုပ်ရှားရှား ပြေးလွှားရတာမျိုးမဟုတ်ဘဲ မိန်းကလေးတွေကတစ်ဖွဲ့၊ ယောကျ်ားလေးတွေက တစ်ဖွဲ့ ဉာဏ်စမ်းပဟေဠိသဘောမျိုး မေးခွန်းတွေဖြေရတာ ဖြစ်သည်။

ယောကျ်ားလေးဘက်က တစ်ယောက်နှင့် မိန်းကလေးဘက်က တစ်ယောက်ဆီ အပြန်အလှန် မေးခွန်းမေးကြပြီး မဖြေနိုင်သူကို ဖြေနိုင်သူက ခိုက်တာခိုင်းကြေးဖြစ်သည်။ မဲနှိုက်တော့ သူနှင့်မျိုးက

www.burmeseclassic.com

www.burmeseclassic.com



တစ်တွဲကျပါသည်။ သူက အသီးနာမည်တစ်ခုကို မေးပါသည်။ (စကားထာဝှက်သလိုမျိုးပါ)

သူ့အမေးကို မျိုးကဖြေနိုင်ပြီး မျိုးအမေးကိုတော့ သူ မဖြေနိုင်တော့ပေ။ မျိုးမေးတာကလည်း တကယ့်ကို ကြံကြံဖန်ဖန်။ မိန်းကလေးတစ်ယောက် အနားမှာ ပုံသဏ္ဍာန်နှစ်မျိုးနဲ့ အမြဲပါတဲ့ ပစ္စည်းတစ်ခုတဲ့။ သူ အမျိုးမျိုးစဉ်းစားကာ မရတဲ့အဆုံး (အချိန်လည်းစေ့တာမို့) အရှုံးပေးလိုက်ရပါသည်။ အဖြေသွက်လာတော့မှ 'နှုတ်ခမ်းနီ' ဆိုတာကြောင့် သူဒေါသည်းတယားယား ဖြစ်နေသည်။ ထိုအဖြေကို ပန်းရင့်က သိပြီးသား။ သူ့ကို အေးကနေ အမူအယာအမျိုးမျိုး လုပ်ပြပေမယ့် သူက နားမလည်။ ဘေးလူတွေ အရမ်းကြီး သိသာသွားမှာလည်းစိုးတာကြောင့်သိပ်လည်း အမူအယာမပြရဲနှင့်။ ပန်းရင့် သူ့ကို အားမလိုအားမရဖြစ်နေပုံကိုကြည့်ကာ မျက်ချယ်တို့က ရယ်မောမဆုံး။

မျိုး သူ့ကိုခိုင်းတာကလည်း ကပ်သီးကပ်သပ်။ ချစ်တဲ့သူကို နှုတ်ခမ်းနီဆိုးပေးပါတဲ့။ သူ့လက်ထဲကို နှုတ်ခမ်းနီတစ်တောင့် ထည့်ပေးပြီး အား



လုံးသည် သူနှင့်ပန်းရင့်ကိုသာ အာရုံစိုက်နေကြပြန်ပါသည်။ သူသာ ပန်းရင့်ဘက်ကို လှည့်လာရင် ပန်းရင့် ရှက်တာနဲ့တင် မူးမေ့သွားနိုင်သည်။ ရင်ခုန်သံသည် ကျယ်လောင်လွန်းလှစွာနှင့် ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားနေရလေသည်။ ကိုယ့်နှုတ်ခမ်းတို့သည်လည်း အေးစက်တုန်လှုပ်လာရသည်။

သူက ပန်းရင့်ဘက်ကို တစ်ချက်လှမ်းကြည့်သည်။

ပန်းရင့် လန့်နေတာကို နားလည်ပုံနှင့် သူ ဖွဲ့ဟိန်းကိုသာ နှုတ်ခမ်းနီ ဆိုးပေးခဲ့ပါသည်။ အားလုံး ဟင်ခနဲ တညီတညာ ထအော်ကြလေသည်။ ထိုအထဲမှာ ပန်းရင့်မပါပါ။

'ဖွဲ့ဟိန်းက သူရတဲ့ခွန်ကို အဖြေပေးပြီးပြီလား'

'ပေးပြီးတာ ကြာလှပြီ။ ကြာလှပြီ'

ပန်းရင့် လွတ်သွားတာကြောင့် အားလုံး မကျေမနပ်နိုင်ကြ။ မပွင့်လင်းကြသော ပန်းရင့်တို့နှစ်ယောက်ကို အားလုံးက ပွင့်ပွင့်လင်းလင်း ဖြစ်စေချင်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကံဆိုးလှစွာ ပန်းရင်နှင့်တွဲရသူသည် ကိုရဲ ဖြစ်နေခဲ့လေသည်။

'ပျော့တော့တော့ရယ်၊ စိတ်မကောင်းပါဘူး ကွယ်။ မဖြေနိုင်မယ့် မေးခွန်းလေးတွေကို မေးရဦး မယ်'

ကိုရဲ၏မေးခွန်းသည် ခြိမ်းခြောက်ထား သလောက်လည်း ခက်ခဲမနေပါ။ ဒါပေမယ့် ဘယ် လိုဖြေဖြေ မမှားနိုင်ဘဲ အမှန်ကတော့ ကိုရဲလက်ထဲ မှာသာရှိသည့် အဖြေမျိုးထွက်သည့် မေးခွန်းမျိုး။

'ဘယ်တော့မှ မပျောက်ပျက်သွားတဲ့အရာ' တဲ့။

ဘယ်တော့မှ မပျောက်ပျက်သွားတဲ့ အရာ တွေက လောကကြီးမှာ သိပ်ကိုများလွန်းလှပါသည်။ ပန်းရင့် ဖြေလိုက်တာကို ကိုရဲ ငြင်းချင်လည်းရရဲ့။ မှန်တယ်ဆိုလည်း ရရဲ့။

ဒါဟာ ကိုရဲ တမင်သက်သက် ပန်းရင့်ကို ချောက်ချချင်တာ ဖြစ်မည်။ ပန်းရင့် မဖြေနိုင်ခဲ့ရင် ပန်းရင့်ကို ကိုရဲခိုင်းမှာသည် သူ့ကို မျိုးခိုင်းတာထက် ပိုပြီးချောက်ချမှာ အသေအချာ။



'အချစ်'

တော်တော်ကြာကြာကြီး စဉ်းစားပြီးမှ ကိုရဲ ငြင်းမရမယ့်အဖြေမျိုးကို ပန်းရင့် ဖြေလိုက်ပါသည်။

'ဘယ်လို အကျိုးအကြောင်းနဲ့ ဘယ်တော့မှ မပျောက်ပျက်သွားတဲ့အရာကို အချစ်လို့ အဓိပ္ပာယ် ဖွင့်တာလဲ။ အဲဒါလေးကိုတော့ ရှင်းပြပေးပါဦး ပျော့တော့တော့ရယ်'

'ဟုတ်တယ်လေ။ ပုံသဏ္ဌာန် ပြောင်းရင် ပြောင်းသွားလိမ့်မယ်။ အခြေအနေပြောင်းရင် ပြောင်း သွားမယ်။ ဒါပေမယ့် အချစ်ကတော့ ရှိနေမှာပဲ။ ဘယ်သောအခါမှ ပျောက်ပျက်သွားမှာ မဟုတ်ဘူး'

ပန်းရင့်ကို သူ လှမ်းကြည့်နေတာကို ပန်းရင့် ခံစားနေရပါသည်။ ဟုတ်တယ်မဟုတ်လားကွယ်။ အချစ်ဆိုတာ ဘယ်အချိန်၊ ဘယ်နေရာမှာမဆို ပုံ သဏ္ဌာန်တစ်မျိုးစီနဲ့ ရှိနေမှာပဲ မဟုတ်လား။ လူတစ် ယောက်ကို တွယ်တာတဲ့အချစ်မျိုး၊ တိရိစ္ဆာန်လေး တစ်ကောင်ကို တွယ်တာတဲ့အချစ်မျိုး၊ ပစ္စည်းတစ်ခု ကို မက်မောရတဲ့ အချစ်မျိုး။

ဘယ်အချစ်ဖြစ်ဖြစ်၊ ပျော်ရွှင်မှုအတိုင်းအဆ

www.burmeseclassic.com



နှင့် မမျှသော ပူလောင်မှုကိုတော့ အဆုံးမှာပြန်ရစမြဲသာ။ အဲဒီပူလောင်မှုကို ပန်းရင့်ကြောက်ပါသည်။ အချစ်ကို ရင်ထဲ နည်းနည်းလေးထည့်မိရုံသာ ရှိသေးရဲ့။ ပူလောင်မှုက အတူပါလာခဲ့ပြီ။

အခုမနက် ချောင်းသာကပြန်တာနဲ့ ပန်းရင့်တို့နှစ်ယောက် ခွဲခွာကြရတော့မည်။ နောက်ပြန်တွေ့ကြဖို့ဆိုတာကတော့ ကိုယ် မပိုင်ဆိုင်နိုင်သော လက်တစ်ကမ်းပါ။

ကိုယ့်အလှည့်ပြီးတော့ သူများတွေ ပဟေဠိတစ်ခုပြီးတစ်ခု ဖွတ်နေကြတာသည် ကိုယ့်မျက်စိရှေ့မှာရှိနေပေမယ့် ပန်းရင့်စိတ်တို့က အဲဒီမှာမရှိတော့ပါ။ သူတို့တွေ ပျော်ရွှင်ရယ်မောနေကြတဲ့အထဲမှာလည်း ကိုယ် ပါဝင်မရယ်မောနိုင်တော့။

တဝုန်းဝုန်းရိုက်ခတ်နေသော ပင်လယ်မှ လှိုင်းသံတွေသည် နီးလာလိုက်၊ ဝေးသွားလိုက်။ မီးပုံထဲက မီးတောက်တွေထဲကိုလည်း ပန်းရင့်စိတ်ကူးနှင့် ခဏခဏ ခြေချမိနေပြန်လေသည်။ ဖြစ်နိုင်ရင်တော့ ဒီညလေးကို ကုန်ဆုံးမသွားရအောင် ဆွဲဆန့်ချင်နေမိတယ်။



မျက်ဝန်းညိုရှင်ရဲ့ ရှေ့မှောက်ကနေ ပျောက်ကွယ်မသွားအောင်ပေါ့။

❖ ❖ ❖

ညတုန်းက ဆူညံပျော်ရွှင်ခဲ့သော မီးပုံပွဲကျင်းပခဲ့ရာ နေရာသည် အခုတော့လည်း တိတ်ဆိတ်နေခဲ့ပြီ။ မီးငြိမ်းပြီးသော ထင်းစတို့သည်လည်း အခုတော့ သူတို့ တာဝန်ပြီးလို့ ငြိမ်းချမ်းနေကြသည်။ သူတို့သိပ်ကို ပူလောင်ပြင်းပြခဲ့ကြမှာပါ။ ဒါပေမယ့် ပန်းရင့်ရင်ထဲက မခွဲခွာလိုတဲ့ စွဲလမ်းမှုအပူကိုတော့ မီမှာမဟုတ်ပါ။

လက်ထဲတွင် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိသေးသော ကြယ်သီးလေးတစ်လုံးကို မမြင်ဖူးသော အရာဝတ္ထုတစ်ခုလို ကြည့်မိပြန်သည်။

သူ့ရဲ့အမှတ်တရလဲလှယ်ခဲ့တဲ့ ပစ္စည်းကလေး။ သူ ဝတ်ထားခဲ့သော ရှပ်အင်္ကျီအကွက်စိပ်လေးရဲ့ အပေါ်ဆုံး ကော်လံနားက ကြယ်သီးလေး။

ပန်းရင့်ကတော့ ကိုယ့်ဆံပင်ကို စည်းနှောင်ထားသည့် ခေါင်းစည်းကြိုးလေးကို အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် လဲခဲ့ပါသည်။

သူကရော...။

အမှတ်ရနေမှာတဲ့လား။

ပန်းရင့် မတွေးချင်ပါ။

သဲသောင်မွမွပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။ ပင်လယ်ဆီမှ တိုက်ခတ်လာသော လေအေးအေးတို့က ပန်းရင့်ကို ကလူကျီစယ်သွားကြပါသည်။ အနွေးထည်ဝတ်မထားတာကြောင့် ချမ်းစိမ့်စိမ့် ဖြစ်သွားရသည်။ မီးပုံပွဲပြီးလို့ အားလုံးကိုယ်စီ အိပ်ရာဝင်ကြတော့ ညတစ်နာရီခွဲနေခဲ့ပြီ။ ဖွတ်မှိတ်ပြီး အိပ်ကြည့်ပေမယ့် ပန်းရင့် ဘယ်လိုမှ အိပ်လို့မရပါ။ ဘယ်လူးညာလှိမ့်နှင့် မနက်(၅)နာရီခွဲကျော်လာပါသည်။

ခွဲခွာရတော့မည့် ကမ်းခြေကို လွမ်းသလိုလို၊ သူ့ကိုပဲ တမ်းတမ်းမက်မက် လွမ်းမိလာသလိုလို။ အိပ်ရာထဲမှာ အိပ်မပျော်ဘဲ လူးလှိမ့်မနေချင်တော့တာမို့ ကမ်းခြေဆီကို တစ်ယောက်တည်း ထွက်လာခဲ့မိခြင်းပါ။ နေ့လယ်စာစာပြီးမှ ပြန်မှာမို့ အားလုံး ညက မီးပုံပွဲအရှိန်နှင့် အိပ်လို့ကောင်းတုန်း။ အိပ်မပျော်နိုင်



သူဟာ ပန်းရင့်တစ်ယောက်တည်းသာ ရှိပါလိမ့်မည်။ ပန်းရင့်လို ဝေဒနာခံစားမှုမျိုးကိုလည်း သူတို့ ခံစားရမှာမှ မဟုတ်ဘဲနော်။

နံနက်အစောကြီးမို့ ပင်လယ်မှာ နှင်းတို့မှုန်မှိုင်းဝေသီနေတုန်းပင်။ ဒါပေမယ့် နေရောင်လာရင်တော့ နှင်းတွေ ပျောက်ရှသွားကြရမှာ။

ဟိုဝေးဝေးကမ်းခြေတစ်လျှောက်မှ တဖြည်းဖြည်း နီးလာသောအရိပ်တစ်ခု။ နှင်းမှုန်တွေကြားမှာ သိပ်တော့ မသဲကွဲလှပါ။ လူတစ်ယောက်ဆိုတာတော့ သိသာစေပါသည်။ အရပ်မြင့်မြင့်၊ ကိုယ်နေဟန်ထား ခပ်မတ်မတ်၊ ပြီးတော့ တရွေ့ရွေ့လှမ်းလာပုံသည်...

ပန်းရင့် ရုတ်တရက် မတ်တတ်ထရပ်လိုက်မိပါသည်။

ရင်ခုန်သံတို့ အဆမတန်မြန်လာရပြန်သည်။ သူရော ပန်းရင့်လိုပဲလား။ အိပ်မရစွာနဲ့ ခွဲခွာချိန်ကို နှမြောတသစွာ ရေတွက်နေမိတယ်ပေါ့။ ညတုန်းက မရှောင်လွှဲချင်လောက်အောင် အကြည့်ချင်းဆုံခဲ့ရသော မျက်ဝန်းညိုပိုင်ရှင်။

www.burmeseclassic.com

www.burmeseclassic.com



'ပန်းရင့်နှင်းဆီ… အစောကြီးပါလား။ တစ်ယောက်တည်းလား'

ရာသီဥတုက အေးစိမ့်နေပေမယ့် သူ့စကားသံတို့က ပန်းရင့်အတွက် နွေးထွေးလွန်းနေသည်။

'သူရတံခွန်ကရော'

'ကိုယ်လား၊ ကိုယ်က အိပ်လို့မပျော်လို့ ကမ်းခြေတစ်လျှောက် လမ်းထလျှောက်နေမိတာ။ ပန်းရင့်ကရော ကိုယ့်လိုပဲလား'

'ဆိုပါတော့။ အိပ်လို့မရတော့တာနဲ့ ပြီးတော့ ချောင်းသာကိုလည်း လွမ်းလို့ပါ'

နှစ်ယောက်သား ဘာစကားမှ မဆိုတော့မိတော့ဘဲ အတန်ကြာ တိတ်ဆိတ်နေမိကြပြန်လေသည်။ နံနက်စောစော ပင်လယ်လေက ပန်းရင့်တို့နှစ်ယောက်ကို ခဏခဏ ကလူကျီစယ်သွားသည်။ သူ့ထံမှ လွင့်ပျံလာသော ရနံ့သင်းသင်း။ ထိုရနံ့သည် ပန်းရင့်နှင့် ရင်းနှီးနေပြီဖြစ်သော (Red for men) ရေမွှေးနံ့။ ယောကျ်ားလေးတွေ ရေမွှေးဆွတ်တာ သိပ်မုန်းသော ပန်းရင့်ကို အခုတော့ (Red for men) က ယစ်ယစ်မူးမူး စွဲလမ်းစေနေပြန်ပါသည်။



'လေအရမ်းတိုက်တယ်။ ကိုယ့်ဂျာကင်ကို ဝတ်ထားလိုက်ပါလား ပန်းရင့်နှင်းဆီ အအေးမိနေဦးမယ်'

ပန်းရင့် မငြင်းရသေးခင် သူက သူ့ဂျာကင်ကို ပန်းရင့်ထံ လှမ်းပေးနေပြီ။ မီးပြာဖျော့ဖျော့ ဂျာကင်အကျီလေး။ မဝတ်ဘဲ ဒီအတိုင်းခြုံထားလိုက်တော့ ရင်ထဲနွေးထွေးသွားသလို ရှိသည်။ အဲဒါ ဂျာကင်လေးရဲ့အစွမ်းထက် ဂျာကင်ပိုင်ရှင်ရဲ့အစွမ်းကြောင့်ပါ။ ပန်းရင့် ယစ်မူးရသော ရနံ့လေးသည်လည်း ပန်းရင့်တစ်ကိုယ်လုံးကို လွှမ်းခြုံထားသလိုလို။

သူ့မျက်ဝန်းညိုတို့ကို ရင်ဆိုင်ကြည့်မိရင်း လူက ခိုက်ခိုက်တုန် ချမ်းသလိုဖြစ်လာရပြန်လေသည်။

တကယ့်ကို ဒုက္ခပါ။ ပန်းရင့် ကိုယ့်အခန်းကို ကိုယ် ပြန်မှဖြစ်ပါတော့မည်။

'အခန်းကို ပြန်တော့မယ်'

သူ့ကို တိုင်တည်သလိုလိုနှင့် ကိုယ့်ဘာသာ တီးတိုးဆိုရင်း ပန်းရင့်က ဘန်ဂလိုတွေဘက်ကို ခြေဦးတည်လိုက်ပါသည်။ သူရတံခွန်ရေ… ငါ့ ငိုမိတော့မယ် သိရဲ့လား။ မင်းနဲ့ခွဲခွာရမှာ တို့ကြောက်

www.burmeseclassic.com

www.burmeseclassic.com



နေမိတယ်။ ဖြစ်နိုင်မယ်ဆိုရင်ပေါ့။ ဒီချောင်းသာမှာ မင်းနဲ့ တစ်သက်လုံး တူတူနေသွားချင်တယ်။

ရူးတယ်လို့ပဲ ဆိုချင်ရင် ဆိုပါတော့ကွယ်။

'ပန်းရင့်နှင်းဆီ'

ပန်းရင့်၏ လက်ဖဝါးနုနုကို လှမ်းဆွဲထား လိုက်သော အထိအတွေ့။ ခြေလှမ်းတွေ ရုတ်ရာရက် ရပ်တန့်သွားရပါသည်။ သူ ဆွဲထားတာကို ရုန်း မထွက်နိုင်။ သူ့ကိုလည်း လှည့်မကြည့်နိုင်ဘဲ ပန်းရင့် ရှေ့တိုးမရ၊ နောက်ဆုတ်မရ ဖြစ်နေလေသည်။

'မီးပုံပွဲမှာပြောတဲ့ ဘယ်တော့မှ မပျောက်ပျက် နိုင်တဲ့ အရာ၊ အဲဒီအရာဟာ ကိုယ့်အတွက်များ မဖြစ် နိုင်ဘူးလား။ ကိုယ့်ကိုမပေးနိုင်ဘူးလားဟင် ပန်းရင့် နှင်းဆီ'

သူ ဆွဲကိုင်ထားသော လက်ဖဝါးမှတစ်ဆင့် အားအင်တို့ စီးမျောဝင်ရောက်လာကြသလား ထင် ပါသည်။ အသိစိတ်တစ်ခုက ပန်းရင့်ဦးနှောက်ထဲ တစ်ဆင့် အမြဲမပြတ် သတိပေးနေ၍သာ တော်ပါ သေးသည်။ မဟုတ်ရင်တော့ ခေါင်းညိတ်မိသွား မလားမပြောတတ်ပေ။



ပန်းရင့်က ကိုယ့်ကိုယ်ကို အနိုင်နိုင်အားတင်း ကာ သူ့လက်ထဲမှ ကိုယ့်လက်ဖဝါးကို ရုန်းထွက် လိုက်တော့ သူက အလိုက်တသိပင် ဖြေလျှော့ပေး ပါသည်။

'ဒီလောက် အချိန်အတိုင်းအတာလေးနဲ့ ဒီလို စကားမျိုး ကိုယ်မပြောသင့်ဘူးဆိုတာ သိပါတယ် ပန်းရင့်နှင်းဆီ။ ဒါပေမယ့် ဒီနေ့လယ်ဆိုရင် ကိုယ် တို့ ခွဲခွာကြရတော့မယ်။ ကိုယ် ဘယ်လိုမှ ရင်ထဲ မှာ ဖွတ်မိုတ်ပြီး သိမ်းမထားနိုင်တော့ဘူး။ ကိုယ် ဒီလိုလည်း တစ်ခါမှ မခံစားခဲ့ရဖူးပါဘူး။ တကယ် ပါ ပန်းရင့်နှင်းဆီ'

တကယ်ပါလို့ မပြောလည်းဘဲ တကယ်ပြော တယ်ဆိုတာ တို့ ရင်ထဲမှာ ယုံကြည်ပြီးသားပါကွယ်။ မင်းရဲ့မျက်ဝန်းတွေ၊ မင်းရဲ့နှုတ်ခမ်းတွေကနေ တို့ကို ယုံကြည်ပါလို့ အတန်တန်ပြောနေကြတယ်။ မင်းရဲ့ နှလုံးသားကလည်း တို့နှလုံးသားထဲကို တိတ်တ ဆိတ် ဆက်သွယ်နည်းစနစ်နဲ့ သတင်းပို့နေကြလေ ရဲ့။ မင်းရဲ့စကားကို ရာခိုင်နှုန်းအပြည့်ကို ယုံကြည် သင့်ပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ချင်တာတွေ ဖြစ်ခွင့်သာ ချက်ချင်းရရင်လေ ပန်းရင့်နှင်းဆီနဲ့ ညတုန်းကလို ညချမ်းလေးတစ်ခုကို အမြဲတမ်းရနေချင်တယ်။ မီးပုံရဲ့ အလင်းရောင်လေးနဲ့ မြင်နေရတဲ့ ပန်းရင့်နှင်းဆီရဲ့ မျက်နှာလေးကို တစ်သက်လုံးပဲ ထိုင်ငေးမောနေချင်တယ်'

ဟင့်အင်း… စိတ်အလိုလိုက်လို့ မရပါ။

ပန်းရင့်က ဘန်ဂလိုဘက်ကို ဦးတည်ထားသော ခြေလှမ်းများကို ကြိုးစားပြီး ရွှေ့လျားလိုက်သည်။

'ပန်းရင့်နှင်းဆီ'

သူ့ထံမှ ဒုတိယအကြိမ်မြောက် ပန်းရင့်၏အမည်နာမကို ခေါ်သံထွက်လာသည်။

'ကိုယ့်ကို တစ်ခုခု ပြန်ပြောပေးပါလား ပန်းရင့်နှင်းဆီ။ ပန်းရင့်နှင်းဆီရော ဘယ်လိုမှ မခံစားရဘူးလား။ မကြာခင် နာရီတွေမှာပဲ ကိုယ်တို့ ခွဲခွာရတော့မယ်'

'ဒါ့ တစ်သက်တာ ခွဲခွာမှုမျိုးမှ မဟုတ်ဘဲ'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုယ် ပန်းရင့်နှင်းဆီနဲ့ ခွဲခွာရမှာ ကြောက်နေမိတယ်'



'ဒီကမ္ဘာကြီးပေါ်ကနေတော့ ပန်းရင့် ပြောင်းသွားဖို့ အစီအစဉ် မရှိသေးပါဘူး။ ပန်းရင့် ရှိနေမှာပါ။ ပြီးတော့ အနာဂတ်ဟာ ကိုယ့်လက်ထဲမှာပဲ ရှိပါတယ် သူရတဲခွန်'

သူ သက်ပြင်းရှိုက်ကာ နွမ်းနွမ်းလျလျနှင့်-

'ကိုယ့်ရဲ့အနာဂတ်ကတော့ ပန်းရင့်နှင်းဆီရဲ့ လက်ထဲမှာပါ ပန်းရင့်နှင်းဆီ။ အဲဒါ သေချာပါတယ်'

ဘန်ဂလိုဘက်ဆီမှ လူတွေ လှုပ်ရှားမှုကို မြင်နေရပြီ။ အရှေ့ဆီမှ နေမင်းကြီးသည်လည်း လောကကြီးကို နွေးထွေးမှုတွေ၊ အလင်းရောင်တွေနဲ့ ဖြန့်ကျက်စပြုပြီ။ လှပသော အနာဂတ်တစ်ခုကို ပန်းရင့်တို့အတွက် ကံကြမ္မာက သယ်ဆောင်လာပေးပါမလား။

သူ့ရဲ့အနာဂတ်က ပန်းရင့်လက်ထဲမှာတဲ့။

ပန်းရင့်ရဲ့အနာဂတ်ကရော သူ့လက်ထဲမှာ မဟုတ်ဘူးလား။ ပန်းရင့်က သူ့ကိုဘာမှမပြောတော့ဘဲ ကြယ်သီးလေးကို ဆုပ်ကိုင်ထားသော လက်ဖဝါးကို သူ့ရှေ့မှာ တယုတယ ဖြန့်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြ။

ပြီးတော့ တဖြည်းဖြည်းနဲ့ ပြုံးရိပ်သန်းလာသော သူ့မျက်ဝန်းတွေ။

'ရန်ကုန်ရောက်ရင် ကိုယ် လာခဲ့မယ်နော် ပန်းရင့်နှင်းဆီ'

ပန်းရင့် ခေါင်းညိတ်လိုက်ပါသည်။

❖ ❖ ❖



၃။

ကားထဲဝင်ပြီးစက်နှိုးကာ ကားကို မောင်းထွက်ခါနီးမှ ပန်းရင့်သည် ဘေးတွင်ရပ်ထားသောကားဆီသို့ အကြည့်ရောက်သည်။ နက်ပြာရောင် ဆူပါဆလွန်းကားလေး။ ဟိုးနှစ်တွေကတည်းက ပန်းရင့်နှင့် ရင်းနှီးခဲ့ပြီးသား ထိုကားလေး။

ထိုကားလေး၏ ဟွန်းသံချိုချိုသည် ပန်းရင့်နှလုံးသားအတွက် နှိုးစက်သံတစ်ခု ဖြစ်ခဲ့ဖူးသည်။ ပန်းရင့်ဆီသို့ မောင် လာခဲ့တိုင်း ထိုကားလေးနှင့်ပင်။ အခုတော့ အရာရာသည် ရုံတင်ရက်စေ့သွားသည့် ရုပ်ရှင်ဇာတ်ကားတစ်ခုနှယ်။ လက်တွေ့ ဖမ်းဆုပ်မရခဲ့သော ပိုင်ဆိုင်ခွင့်လည်း မရခဲ့သော…။

ကားစက်နှိုးလိုက်သောအခါ မော်တာသံ ဂီး

www.burmeseclassic.com

www.burmeseclassic.com



ခနဲထွက်လာပြီး စက်နှိုးမလာ။ ပန်းရင့်က ကိုယ့်ကားကိုနှိုးပြီး ထွက်မသွားသေးဘဲ လှမ်းကြည့်နေမိသေးသည်။ မလဲတ်သည် မျက်ခုံးနှစ်ခု ထိစပ်လုမတတ် ရှုံ့ထားရင်း ကားကိုနှိုးကြည့်နေပြန်သည်။ မရပါ။ ပန်းရင့် ဒီအတိုင်းကြည့်မနေနိုင်တော့တာမို့ ကားကို စက်ပြန်သတ်ပြီး ကားပေါ်မှဆင်းလိုက်သည်။

'ပန်းရင့် ဘာကူညီပေးရမလဲ မမ'

မလတ်သည် ပန်းရင့်ကို သတိထားမိခဲ့ပုံမပေါ်။ ပန်းရင့် မေးလိုက်တော့မှ တအံ့တသြနှင့်-

'သြော်… ပန်းရင့်နှင်းဆီ'

'ကားနှိုးလို့မရဘူး ထင်တယ်။ ဆီကုန်တာဆိုရင် ပန်းရင့်မှာ ဆီအပိုပါပါတယ်'

'ဆီကုန်တာတော့ မဟုတ်ဘူး။ ဆီက မနက်ကမှ အပြည့်ဖြည့်လာခဲ့တာ။ ဒီကားက ဖောက်နေတာ ကြာပါပြီ။ နှိုးလို့မရရင်တော့ ဒီအတိုင်း ရပ်ထားခဲ့ရုံပဲ ရှိတော့တာပါပဲ'

'အိမ်ပြန်မှာပဲ မဟုတ်လား။ ပန်းရင့်နဲ့ လိုက်ခဲ့လိုက်ပါလားဟင်။ ပြီးမှ မကြွင်းနှစ်တစ်ယောက်ယောက်ကို လွှတ်ပြီး ယူခိုင်းလိုက်တာပေါ့'



ဂျာရဲ့။

မလတ်က ဖြူဖြူစင်စင် အရိုးခံမျက်နှာလေးနှင့် ပြောနေသော မိန်းကလေးကို အားနာစိတ်နှင့် ကြည့်လိုက်မိပါသည်။ သူမလေး၏ပုံစံသည် မလတ်တို့အပေါ် ဘာစိတ်အစွဲမှ ထားပုံမပေါ်ပါ။ မောင်လေးနှင့် သူမလေးကို ခါးခါးသီးသီး ဖြစ်ခဲ့သူတွေထဲမှာ မလတ်က ထိပ်ဆုံးကပါ။ သိပ်ချစ်ရသော မောင်လေးကို ဘယ်သူ့ကိုမှ ခွဲဝေချစ်ခွင့်မပေးနိုင်ခဲ့ဘဲ အတ္တတွေအပြည့်နဲ့ တားဆီးပိတ်ပင်ခဲ့တာ။

သူမလေးအပေါ် မောင်လေးထားရှိသော အချစ်တွေကို သူတို့နှစ်ယောက် ခွဲခွာကြပြီးနောက်ပိုင်းမှာမှ မလတ် ပိုပြီးသိခဲ့ရပါသည်။ ကိုယ်ဟာ သိပ်ကို လူဆိုးကြီးဖြစ်နေခဲ့ပြီလားဟု တွေးမိချိန်သည် မစောခဲ့တော့ပါ။

အခုတော့လည်း တိုက်တိုက်ဆိုင်ဆိုင် ဘယ်လိုမှ မရှောင်လွှဲနိုင်စွာ အတူတကွ လာဆုံနေကြရသည်။ ကိုယ့်ဘက်က ခါးခါးသီးသီးဖြစ်ခဲ့တာကို သူမလည်းသိမှာ အသေအချာ။ ပန်းရင့်နှင်းဆီဆိုတာ စသိလိုက်ရတော့ တစ်ခန်းတည်းမှာ ကြာရှည်တွေ့နေကြလို့ ဖြစ်ပါ့မလားရယ်လို့တောင် မလတ် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ထင့်နေခဲ့ရဖူးပါသည်။ အရင်တုန်းကတော့ ကိုယ်က ကိုယ့်မောင်လေးနဲ့ သဘောမတူခဲ့ဖူးတာ။ သဘောတူခဲ့ရင်လည်း ညီမလို သဘောထားဆက်ဆံရမှာ ဖြစ်သည်။ အခုတော့ ကိုယ့်ယောကျ်ားသူငယ်ချင်းရဲ့ အမျိုးသမီးအနေနဲ့မို့ မလတ်နှင့်သူမက ဝါတူနေပါသည်။

သို့ပေမယ့် သူမက မလတ်ကို ရိုရိုးကျိုးကျိုးပင် လူကြီးလို သဘောထားဆက်ဆံရှာပါသည်။

ထို့အတွက်ကြောင့် သူမ ဘာကိုမှ အာဃာတ မထားဘဲ ဆက်ဆံသလို မလတ်လည်း ပြန်ဆက်ဆံနိုင်ရပေမပေါ့။

'အားနာစရာကြီး၊ တို့ ကားပဲဌားသွားလိုက်တော့မယ်'

'မဟုတ်တာ၊ အားနာစရာ မလိုပါဘူး မမရယ်၊ ပန်းရင့်လည်း ဘယ်မှဝင်စရာ မရှိပါဘူး'

ငြင်းလိုက်ရင်လည်း ရိုင်းရာကျမည်စိုးသောကြောင့် မလတ်က ပန်းရင့်နဲ့ ကားကြုံလိုက်ဖို့ကို လက်ခံလိုက်ပါသည်။ တခွန်းသိရင်တော့ ဘာပြောဦးမယ် မသိ။ ပန်းရင့်က မလတ်ကားထဲမှ ချိုင့်တွေ၊



ခြင်းတွေကိုပါ သူ့ကားပေါ်ကို ကူသယ်ပေးနေတာမို့ မလတ် ပိုပြီးအားနာရလေသည်။

ရှေ့ခန်းတံခါးကို ဖွင့်ပေးထားတာမို့ မလတ်က ရှေ့ခန်းမှာပင် ဝင်ထိုင်လိုက်ပါသည်။ ကားရေမွှေးနံ့ သင်းသင်းက မလတ်ကို အံ့ဩသွားစေပြန်ပါသည်။ မလတ်တို့ကားမှာ သုံးနေကျ (    )တံဆိပ် ကားရေမွှေးနံ့သင်းသင်း။ ဒီရနံ့ကို မောင်လေးက ကြိုက်လွန်းလို့ ဟိုးအရင်ကတည်းက ဒီအမျိုးအစားတစ်ခုကိုသာ စွဲစွဲမြဲမြဲ ကားမှာသုံးခဲ့တာ။ ပန်းရင့်ရဲ့ကားမှာ ဘာကြောင့် ဒီရေမွှေးနံ့ ရနေသလဲဆိုတာရဲ့ အဓိပ္ပာယ်ကို မမေးဘဲနှင့် မလတ် သိပါသည်။

ပန်းရင့်ကို အကဲခတ်သလိုကြည့်တော့ ပန်းရင့်ကလည်း မလတ်စိတ်ထဲ ဘယ်လိုဖြစ်နေမယ်မှန်း သိနေပုံပင်။ မလတ် အနေမခက်အောင် ဘာမှမဖြစ်သလို မျက်နှာလေးကို ကြိုးစားဟန်ဆောင်ထားလေသည်။

မလတ်သည် ဘာစကားစပြောရမယ် မသိသေးတာမို့ ငြိမ်သက်နေမိဆဲ–

'ကားက ခါတိုင်းဆိုရင် ဘယ်မှာပြင်တာလဲ

www.burmeseclassic.com

www.burmeseclassic.com



မမ။ တစ်ခါတည်း ဝပ်ရှော့မှာ မကောင်းနစ်ကို ပြောပေးလိုက်ရအောင်လေ။ မဟုတ်ရင် အိမ်ရောက်မှ မမ တစ်ခေါက်ပြန်ထွက်နေရဦးမယ်'

'တို့လည်း သိပ်မသိဘူး။ ကားပျက်ရင် ကိုမျိုးသွားပြင်ရင်ပြင်၊ ဒါမှမဟုတ် မောင်မောင် သွားပြင်နေကျဆိုတော့လေ။ အခု ကိုမျိုးကလည်း လူနာဖြစ်နေတယ်ဆိုတော့ မောင်မောင်ပဲသိမှာ'

မလတ်သည် ပြောမိသွားပြီးမှ မောင်လေးအကြောင်း ပါသွားသဖြင့် ဘာဆက်ပြောရမှန်း မသိတော့။ ပန်းရင့်က ဘာမှမဖြစ်သလိုဟန်နှင့်–

'ဒါဆိုရင်လည်း မမ့်ရဲ့မောင်လေးကို ပြောရမှာပေါ့။ သူ့ဆီကိုရော ဝင်ပြောရဦးမှာပေါ့'

'ရပါတယ်၊ အိမ်ရောက်မှပဲ သူ့ဆီကို ဖုန်းဆက်လိုက်တော့မယ်'

'အားမနာပါနဲ့ မမရဲ့။ လမ်းသင့်နေတာပဲ။ ဒီဆေးရုံကြီးမှာပဲ မဟုတ်လား။ ပန်းရင့် ဝင်ပေးပါ့မယ်'

ဝင်သင့်၊ မဝင်သင့် မလတ် ချင့်ချိန်စဉ်းစားနေမိစဉ်မှာပဲ ကားက ဆေးရုံရှေ့ရောက်လာသည်။



ပန်းရင့်က မလတ်အဖြေကို စောင့်မနေတော့ဘဲ အလိုက်တသိပင် ဆေးရုံဝင်းထဲ ချိုးကွေ့ဝင်ပေးလိုက်ပါသည်။ ဒီအချိန်ဆို မောင် ဆေးရုံမှာပဲ ရှိနေဦးမှာ သေချာပါသည်။

'ခဏနော် ပန်းရင့်၊ တို့ သွားပြောလိုက်ဦးမယ်'

မလတ်က ခပ်သုတ်သုတ်ပင် ကားပေါ်က ဆင်းသွားသည်။ မလတ်နောက်ကျောကို လိုက်ကြည့်နေမိရင်း ပန်းရင့် ပင့်သက်ရှိုက်လိုက်မိသည်။ တကယ်ကို ပန်းရင့်ရင်ထဲမှာ ဘာအာဃာတမှ မရှိတော့ပါ။ မလတ်ကို စေတနာသန့်သန့်နှင့် ကူညီပေးနေခြင်းဆိုတာ သူလည်း နားလည်နိုင်ကောင်းပါရဲ့။

ဟိုအရင်တုန်းကတော့ လှိုင်ငယ်ပီပီ ကိုယ့်ကို ဘာအပြစ်၊ ဘာချို့ယွင်းချက်တွေ ရှိနေလို့များ ခါးခါးသီးသီးဖြစ်ရသလဲဆိုပြီး မခံချင်စိတ်လေး ရှိခဲ့ဖူးသည်။ အခုတော့ 'အုပ်စိုးထိုက်'၏ ဇနီးလောင်းဘဝတွင် 'သူ့ရတ်ခွန်'အတွက် မခံချင်စိတ်ဆိုတာ မရှိသင့်တော့ပေ။ ပန်းရင့် အရာရာကို နားလည်သည်းခံနေနိုင်ဖို့အတွက် ကိုလေးက အများကြီး ပါရမီဖြည့်

www.burmeseclassic.com



ပေးခဲ့ပါသည်။

မလတ် ကားဆီပြန်လျှောက်လာတော့ မောင်လည်း ပါလာသည်။ မောင်သည် အလွန်စိတ်ရှုပ်နေဟန်နှင့် မျက်ခုံးနှစ်ခုကို ထိစပ်သွားမတတ် ရှုံ့လျက်။ မလတ်က အရပ်ပုတာမို့ မောင်က ခါးကိုကိုင်းကာ ငုံ့စကားပြောရင်း သူတို့မောင်နှမနှစ်ယောက်လျှောက်လာသည်။ ကားနှင့် ခပ်လှမ်းလှမ်းကို ရောက်လာတော့ ပန်းရင့်သည် ယောင်ရမ်း၍ ကိုယ့်လည်ပင်းမှ ဆွဲကြိုးလေးကို စမ်းလိုက်မိသည်။

ပလက်တီနမ်ဆွဲကြိုး မျှင်မျှင်လေး။

ပြီးတော့ ထိုဆွဲကြိုးလေးမှာ ထည့်ဆွဲထားသော ကြယ်သီးလေး။

အဲဒါတွေကို မောင်တွေ့သွားလို့ မဖြစ်ပါ။

ညတုန်းက ပန်းရင့် ထိုဆွဲကြိုးလေးကို ပြန်ဆွဲထားမိခဲ့သည်။ မောင်တွေ့စေချင်လို့ မဟုတ်ပါ။ အတိတ်ကို တမ်းတမ်းမက်မက် လွမ်းဆွတ်မိ၍ ဖြစ်ပါသည်။

ပန်းရင့် ဒီနေ့ဝတ်လာသောအင်္ကျီသည် လည်ပင်းကျယ်ကျယ်မို့ ပလက်တီနမ်ဆွဲကြိုး လည်ကပ်ကလေးကို လုံခြုံအောင် ကာကွယ်မထားနိုင်။ အနားကို မောင်ရောက်လာရင် တွေ့သွားမှာစိုးတာကြောင့် ပန်းရင့်က ဆွဲကြိုးလေးကိုဖြုတ်ဖို့ ကြိုးစားလိုက်သည်။



သို့ပေမယ့် မောင်က ခပ်လှမ်းလှမ်းမှာပင် ရပ်၍ ကျန်ရစ်ခဲ့ပါသည်။ မလတ် ကားပေါ်ရောက်လာတော့ ပန်းရင့် ကားကိုမောင်းထွက်ခဲ့လိုက်သည်။ နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်မိတော့ မောင်က ထိုနေရာမှာ တော်တော်ကြာကြာ ရပ်နေတုန်း။

'တော်ပါသေးရဲ့၊ တစ်ခါတည်းဝင်လိုက်လို့။ သူကလည်း သူငယ်ချင်းတွေနဲ့ သွားစရာရှိလို့တဲ့။ မဝင်ရင် အားလုံးလွဲကုန်မှာ'

မလတ်စကားသံတို့က အားတုံ့အားနာ လေသံတွေပါနေမှန်း ပန်းရင့်သိသည်။ မလတ်က အားနာလေ ပန်းရင့်ကလည်း အနေရခက်လေ။ ပန်းရင့်သည် လက်ရှိအခြေအနေကိုသာ မလတ်စိတ်ထဲ ရောက်သွားစေဖို့သာ ရည်ရွယ်မိကာ-

'ကိုမျိုးသက်ရဲ့ဒဏ်ရာ တော်တော်သက်သာပြီလားဟင်၊ ပန်းရင့်လည်း နေ့တိုင်းသာရောက်ဖြစ်

www.burmeseclassic.com



တာ ကိုယ့်ဘက်မှာတင် ကိုလေးကို ပြုစုပေးနေရတာနဲ့ ကိုမျိုးသက်ကိုတောင် သတင်းမမေးဖြစ်ဘူး'

'သက်သာပါတယ်။ အရိုးဆိုတော့ ကြာတော့ကြာမှာလေ။ ဒါပေမယ့် လုံးဝစိတ်ချရတဲ့ အခြေအနေတော့ မဟုတ်ဘူး။ အော်ပရေးရှင်းထပ်လုပ်ရင် လုပ်ရမယ်တဲ့။ ကိုအုပ်စိုးထိုက်ကတော့ သက်သာတယ်မဟုတ်လား'

'ဟုတ်ကဲ့ သက်သာပါတယ် မမ'

'ပန်းရင့်နှင်းဆီလည်း ပင်ပန်းမှာနော်။ တို့လည်း ဒီရက်ပိုင်းမှာ တော်တော်ပင်ပန်းသွားတယ်။ ရုံးကတောင် လစာမဲ့ခွင့်တစ်လယူထားလိုက်ရတယ်။ ကလေးကိုလည်း မေမေတို့ပြည်မှာ ပို့ထားရတယ်။ ဒါနဲ့ ပန်းရင့်နှင်းဆီက အခု ကျောင်းတက်တုန်းပဲပေါ့'

'ဟုတ်ကဲ့ မမ၊ ပန်းရင့်က အမ်စီအက်စီ (ကွန်ပျူတာမဟာသိပ္ပံဘွဲ့) ဆက်တက်နေတာပါ'

'အလုပ်ရော လုပ်သေးတာလား။ ဘယ်မှာလုပ်လဲ'

'အိမ်ကအလုပ်ပါပဲ။ ပုံနှိပ်တိုက်ပါ။ ပန်းရင့်



ကျောင်းပြီးတော့ စိတ်မလေအောင်ဆိုပြီး အိမ်ကလုပ်ပေးထားတာ။ ပုံနှိပ်တိုက်က (၃၂)လမ်းမှာပဲ မမ။ ပုံနှိပ်တိုက်နဲ့ ပတ်သက်တဲ့ အကူအညီလိုရင်တော့ ပြောပါ'

စကားတပြောပြောနှင့် ပန်းရင့်မောင်းလာသော ကားလေးသည် မင်္ဂလာဒုံနယ်ထဲကထွက်လာပြီး စော်ဘွားကြီးကုန်း၊ အင်းစိန်ကိုပါကျော်လာသည်။ ရှစ်မိုင်မီးပွိုင့်ရောက်တော့မှ ပန်းရင့် အခက်တွေ့ပါတော့သည်။

ပန်းရင့်အိမ်ဘက်သွားရင် မီးပွိုင့်မှာ ညာဘက်ကွေ့ရမှာဖြစ်ပြီး မောင်တို့အိမ်သွားရင်တော့ ဘယ်ဘက်ကိုကွေ့ရမှာ။ ပန်းရင့် အကြိမ်ကြိမ်အခါခါ သွားခဲ့ဖူးသော မောင်ရှိရာ တိုက်ခန်းလေးဆီကို ပန်းရင့် မျက်လုံးမဖွင့်ဘဲ သွားရင်တောင် သွားနိုင်ပါသည်။ သို့ပေမယ့် မလတ်ကို ဒီအတိုင်း ဘာမှလမ်းမညွှန်ခိုင်းဘဲနဲ့လည်း ပန်းရင့် လိုက်မပို့ချင်ပြန်။ ဘယ်လိုလုပ်ရမယ်ဆိုတာ တွေဝေနေဆဲ မလတ်က–

'မီးပွိုင့်ကျရင် ညာဘက်ကိုပဲ ချိုးလိုက် ပန်းရင့်နှင်းဆီ၊ တို့အိမ်က အင်းလျားလိတ်နားက DI

www.burmeseclassic.com



ဝင်းထဲမှာလေ။ ကမ္ဘာအေးဘုရားလမ်းမှာပဲ
တော်ပါသေးရဲ့။

ပန်းရင့်အတွက် အကျပ်အတည်းမှ လွတ်သွားပါသည်။ ဒါပေမယ့် မောင်ကရော အခု ဘယ်မှာနေပါလိမ့်။ မလတ်နဲ့ပဲ လိုက်နေသလား။ အရင် တိုက်ခန်းမှာပဲ ပြန်နေသလား။

ပန်းရင့်ရော- မလတ်ပါ အတွေးကိုယ်စီနှင့် စကားမဆိုဖြစ်ကြပြန်။ မလတ်က သူတို့အိမ်နားရောက်ခါနီးမှသာ အိမ်ကို လမ်းညွှန်ပေးသည်။

'ကျေးဇူးတင်တယ်နော် ညီမလေး။ အိမ်ပေါ်တက်ပါဦးလား။ တစ်ခုခုစားသွားဦး'

'တော်ပြီ မမ၊ နောက်မှပဲ။ အခုတော့ ပန်းရင့်ပုံနှိပ်တိုက် ဆက်သွားရဦးမှာမို့ပါ'

ညီမလေးတဲ့။

မလတ်၏နှုတ်မှ အမှတ်မထင် ပန်းရင့် ကြားခဲ့ရပါသည်။

'တို့တွေအတွက် ညီမတစ်ယောက်လည်း မလိုချင်ဘူး။ မောင်တစ်ယောက်လည်း မပေးနိုင်ဘူး' တဲ့။ ဟိုးအရင်က ပန်းရင့်ကြားခဲ့ရဖူးသော စကား။



ပန်းရင့်တစ်ယောက်တည်း ရယ်မောနေမိပြန်ပါသည်။

❖ ❖ ❖

ည (၁၂)နာရီကျော်လောက်မှ အိမ်ရှေ့မှတံခါးကိုထုသံကြောင့် မလတ် လန့်နိုးလာရသည်။ တစ်နေ့လုံးပင်ပန်းတာမို့ အိမ်ရောက်တာနဲ့ အိမ်က ဝေယျာဝစ္စတွေလုပ်ပြီး ညစာပင်မစားတော့ဘဲ အိပ်ရာဝင်ခဲ့တာ ဖြစ်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေစဉ်မှာ တံခါးကို တဒုန်းဒုန်းနှင့် ထုနေသံကြောင့် အထိတ်တလန့်နှင့် လန့်နိုးခဲ့ရပါသည်။

ညကြီးသန်းခေါင်မှ…။

ဆေးရုံတွင်ရှိနေသော ကိုမျိုးကို တွေးမိသွားကာ ရင်ထဲတွင် အပူလုံးကြီး တက်လာလေသည်။ ကိုမျိုးများ တစ်ခုခုဖြစ်လို့များလား။ လူက ယောက်ယက်ခတ်သွားရကာ ဘာလုပ်ရမှန်းမသိတော့။ တံခါးကိုပဲ ချက်ချင်းထဖွင့်ရမလိုလို၊ မဖွင့်ရမလိုလိုနှင့် ချီတုံချတုံဖြစ်နေရသေးသည်။ မသမာတဲ့သူဆိုရင်လည်းဆိုပြီး လန့်လည်းလန့်သည်။ ဆေးရုံကများ

www.burmeseclassic.com

www.burmeseclassic.com



လားဆိုပြီးတော့လည်း စိုးရိမ်သေးသည်။

'ဘယ်သူလဲ'

မလတ်က မရဲတရဲနှင့် အသံကို ခပ်မာမာ လုပ်ပြီး အထဲမှ လှမ်းမေးလိုက်ပါသည်။

အတန်ကြာ တိတ်ဆိတ်နေသည်။ ပြီးမှ

'မလတ်... သားပါ။ တံခွန်'

တံခွန့်အသံမို့ မလတ်သည် စိုးရိမ်မှုအတွက် အထွတ်အထိပ်သို့ရောက်ကာ တံခါးကို ဝုန်းခနဲဖွင့်လိုက်ပါသည်။ တံခွန်ကကိုမျိုးကို ညတိုင်းစောင့်အိပ်ပေးနေတာ။

'ကိုမျိုး ဘာဖြစ်လို့လဲ။ ဘာဖြစ်တာလဲ'

မလတ် အမေးကို မဖြေသေးဘဲ တံခွန်က တံခါးဖွင့်လိုက်သည်နှင့် အိမ်ထဲကို ဝင်လာသည်။ မလတ်သည် စိတ်မရှည်တော့ဘဲ တံခွန့်လက်မောင်းကို လှမ်းဆွဲထားလိုက်ကာ-

'ဟဲ့... ဘာဖြစ်လာတာလဲလို့၊ ကိုမျိုး ဘာဖြစ်လို့လဲလို့ ပြောလေ'

'ဘာမှ မဖြစ်ပါဘူး မလတ်ရဲ့။ သားဘာသာ သားအိမ်မှာ ပြန်အိပ်ချင်လို့ ပြန်လာတာပါ။



ကိုမျိုးဘာမှ မဖြစ်ဘူး။ ဒီနေ့တော့ သားနားချင်လို့ ပြန်လာတာ'

ဒီတော့မှ မလတ်စိတ်သက်သာတော့သည်။ ဒါပေမယ့် အပြည့်အဝတော့ စိတ်မချသေးပါ။ ကိုယ့်မောင်အကြောင်းကို ကိုယ်အသိဆုံး။ တစ်ခုခုမဖြစ်ဘဲနဲ့တော့ အချိန်မတော်ကြီး ပြန်လာမှာ မဟုတ်ပေ။ ပြီးတော့ သူနေတဲ့ တိုက်ခန်းကို မပြန်ဘဲ မလတ်ဆီကို ရောက်လာတာ။

မလတ်တံခါးပြန်ပိတ်ပြီးတော့ သူက ဧည့်ခန်းက ဆက်တီတစ်လုံးမှာ ခြေပစ်လက်ပစ် ထိုင်နေလေသည်။ မလတ်က ဘေးမှာဝင်ထိုင်လိုက်ပါသည်။

'ကားကောင်းသွားပြီ။ ဘာမှမဖြစ်ဘူး။ဘက်ထရီခေါင်း ချောင်နေလို့'

'ဘာဖြစ်လာတာလဲ။ သူငယ်ချင်းတွေနဲ့ သွားစရာရှိတယ်ဆို သွားပြီးပြီလား'

'သွားပြီးပြီ'

အယ်လ်ကိုဟော အနံ့က မလတ်နှာခေါင်းထဲ ရောက်လာတာမို့-

www.burmeseclassic.com

www.burmeseclassic.com



'အရက်တွေ သောက်လာတယ်'

'နည်းနည်းပါးပါးပါ။ တကယ့်ကို နည်းနည်းလေးပဲ'

'နည်းနည်းလေးလည်း အရက်သောက်တာကို လုံးဝမကြိုက်ပါဘူး။ ဒီလောက်ပြောထားရက်သားနဲ့၊ ပြီးတော့ ဒီလိုအချိန်မှာ သောက်သေးတယ်။ ကိုယ့်အစ်မမှာဖြင့် စိတ်ပူနေရတဲ့အချိန်မှာ'

'နည်းနည်းပါဆိုမှ။ သူငယ်ချင်းတွေက ဝိုင်းတိုက်လိုက်ကြလို့ပါ'

'အခု ကိုမျိုးကို လူနာစောင့်နဲ့ပဲ ထားခဲ့တယ်ပေါ့။ ကိုယ့်အစ်ကိုကို မျက်နှာလွှဲခဲပစ်လုပ်ပြီး အရက်သောက်လာတယ်'

ငယ်ငယ်ကတည်းက မလတ်သည် မဦးတို့၊ မလေးတို့ထက် ပိုပြီး ပူညံပူညံနိုင်ပါသည်။ တံခွန့်ကိုလည်း အချစ်ဆုံး။ မမေနှင့်မလတ်က တစ်ဂိုဏ်းဖြစ်သည်။

'ကော်ဖီသောက်ချင်တယ်'

မလတ်က ထမင်းစားခန်းထဲဝင်ကာ ကော်ဖီထဖျော်ပေးပေမယ့် တံခွန်အရက်သောက်လာသည့်ကိစ္စကို တတွတ်တွတ်နှင့် ပြောမဆုံးတော့ပေ။ ဟိုးငယ်ငယ်လေးကတည်းက တံခွန့်ကို ဘယ်လိုပြုစုခဲ့ရတာတွေ၊ ဘယ်လိုဂရုစိုက်ခဲ့တာတွေ၊ ငယ်ကျိုးငယ်နာတွေပါဖော်ကာ မလတ် ပူညံပါပြီ။



အရက်သောက်လာတာက အပြစ်တစ်ခု။

ကိုမျိုးကို မစောင့်ဘဲ(မစောင့်တာကိုလည်း မလတ်ကို ဘာမှ မပြောဘဲ) လူနာစောင့်နဲ့ ထားခဲ့တာက အပြစ်တစ်ခု။

စုစုပေါင်း အပြစ်နှစ်ခုနှင့် မလတ် ပူညံတိုက်ပါတော့သည်။

'ကော်ဖီကို ခါးခါးဖျော်လာတယ်။ အမူးပြေသွားအောင် သောက်လိုက်ဦး'

'မမူးပါဘူးဆို'

သူက ကော်ဖီကို တစ်ငုံသောက်သည်။ မလတ်က သူ့ရှေ့က ဆက်တီမှာ ဝင်ထိုင်ရင်း မကျေနပ်တာတွေ ပြောလို့ မဆုံးသေး။

....

သူက ရုတ်တရက် လက်ထဲက ကော်ဖီခွက်ကို လွှတ်ချလိုက်ပါသည်။ ကော်ဖီက ပူပူတွေ။ သူ့

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ကို ကော်ဖီပူတွေ စင်ကုန်သည်။ ပန်းကန်ကွဲစတွေက ဟိုတစ်စ၊ သည်တစ်စ။ မလတ်မျက်လုံးပြူးသွားရကာ–

'မပူးဘူးလည်း ဆိုသေးတယ်။ ကော်ဖီခွက်ကိုတောင် မြဲမြဲမကိုင်နိုင်တော့ဘူး။ အပူလောင်တော့မှာပဲ'

ပြောပြောဆိုဆိုနှင့် မလတ်က ကြမ်းပြင်ပေါ်က ပန်းကန်ကွဲစတွေကို ကောက်ဖို့ဟန်ပြင်လိုက်ပါသည်။

'မလုပ်နဲ့'

အကျယ်ကြီးဟအော်လိုက်သော သူ့အသံကြောင့် မလတ်ဆတ်ခနဲ တုန်သွားရပြီး လက်တွန့်သွားရလေသည်။

ဘာဖြစ်တာလဲ။

မလတ်က သူ့မျက်နှာကို အထိတ်တလန့်ကြည့်လိုက်မိတော့ သူ့မျက်နှာသည် ကြမ်းပြင်ပေါ်က ပန်းကန်ကွဲစတွေလိုပင် နာကျင်ကြေကွဲလှစွာ။ ကိုယ့်မောင်လေးကို အဲဒီလောက် ကြေကွဲနေတဲ့ မျက်နှာမျိုးနဲ့ မလတ်တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ဖူးပါ။



'မလတ် ဘာမှ မလုပ်ပါနဲ့ အေးအေးဆေးဆေးထိုင်နေပါ။ သားသိမ်းလိုက်မယ်'

အလိုက်တသိပင် မလတ်ပြန်ထိုင်ပေးနေလိုက်ပါသည်။ သူ့မျက်နှာကိုကြည့်ရင်း ရင်ထဲမှာ နင့်နင့်နဲ့နဲ့ခံစားလာရသည်။ တစ်ခုခုကို နာကျင်ကြေကွဲလှစွာ ခံစားနေရတာ ထင်ပါရဲ့။ ညနေက ကိစ္စကြောင့်များလား။ ပန်းရင့်နှင်းဆီလိုက်ပို့တယ်လို့ ပြောလိုက်တာနဲ့ သိသိသာသာ မျက်နှာထား ပြောင်းသွားခဲ့တာ။

သူက ပန်းကန်ကွဲစတွေကို တစ်စစီ လိုက်ကောက်နေရင်း–

'ကော်ဖီခွက်ကို မြဲအောင်မကိုင်နိုင်တာ မဟုတ်ဘူး။ တမင်သက်သက် လွှတ်ချကြည့်တာ။ ဘာဖြစ်သွားမှာလဲလို့၊ ကွဲသွားတာပေါ့။ တစ်စစီကို ကွဲသွားတာ။ အဲဒါအမှန်တရားပဲပေါ့။ ကော်ဖီပူပူ ရှိတဲ့ခွက်ကို ခွဲတဲ့အတွက် အပူတော့ လောင်မှာပါပဲ။ ခွက်လည်းကွဲ၊ အပူလည်းလောင်။ ဟာ… ဟား…'

သူဆိုလိုသောအဓိပ္ပာယ်ကို မလတ် တဖြည်းဖြည်းနှင့် နားလည်လာရပါသည်။ အချိန်အကြာကြီး

www.burmeseclassic.com



ခံစားမျိုသိပ်ထားခဲ့ရတဲ့ ခံစားမှု၊ ကြေကွဲမှုတွေ။

မလတ်တို့သည်လည်း ကော်ဖီပူပူနှင့် ခွက်တစ်လုံးကို ခွဲခဲ့မိကြတာ။ မလတ်တို့ ခွဲခဲ့သောခွက်က ပိုပြီး အစိတ်စိတ်အမြွှာမြွှာကွဲခဲ့သလို ကော်ဖီကလည်း အပူဆုံးပါ။

'သားက အဲဒီလောက်ဆိုးနေလို့လားဟင်... မလတ်။ ဒီတစ်သက်တာမှာ မေမေ့စကား၊ မလတ်တို့ရဲ့စကားကို သားနားမထောင်ဘဲ ငြင်းပယ်ခဲ့တာ ဘယ်နှစ်ခါများရှိခဲ့ဖူးလို့လဲဟင်။ အမြဲတမ်း မလတ်တို့ရဲ့ အလိုကျပဲ နေခဲ့တယ်။ ဟိုးငယ်ငယ်လေးကနေ အခုအချိန်အထိပါပဲ'

'မောင်မောင်'

မလတ်က စကားဖြတ်ကာ ခေါ်လိုက်တာကိုလည်း သူနည်းနည်းမှ ဂရုမစိုက်။ မလတ်ကို ရှိတယ်လို့တောင် သဘောမထားတော့။ သူပြောချင်တာတွေကိုသာ နှုတ်မှဆက်တိုက် တတွတ်တွတ် ပြောလေသည်။

'သားက အဖေဆိုတာကို မွေးကတည်းက မြင်ဖူးခဲ့ရတာ မဟုတ်ဘူး။ ဒါပေမယ့် အားလုံးက



အဖေဆိုတာကို တမ်းတပြီး အားငယ်မနေအောင် ဝိုင်းပြီး ချစ်ခဲ့ကြတယ်။ ဖေးမခဲ့ကြတယ်။ ဘယ်လိုပဲ ဖေးမဖေးမ မလစ်ဟာအောင် ကြိုးစားပါစေ၊ သားအတွက် အဖေလစ်လပ်နေတာတော့ အမှန်ပါပဲ။ ဘယ်သူမှ အစားထိုးလို့ မရပါဘူး'

သူ့အသံသည် နာကျင်ကြေကွဲလှစွာ။

မလတ်သည် သူ့ကိုကြည့်ရင်း ဝမ်းပန်းတနည်းရှိုက်ငိုလိုက်မိသည်။ ဘယ်အချိန်ကတည်းက သူ့ရင်ထဲမှာ မျိုသိပ်ထားခဲ့သည်မသိ။ မလတ်တို့ကတော့ သူ့ခံစားချက်တွေကို လစ်လျူရှုထားခဲ့မိကြပါသည်။ လစ်လျူရှုသည်ဆိုတာထက် သတိမပြုမိခဲ့တာပါ။ မလတ်တို့၏ အချစ်တွေကို ကျေနပ်နေလိမ့်မည်။ မလတ်တို့၏ စည်းဘောင်ထဲတွင် အံဝင်ခွင်ကျ ဖြစ်နေလိမ့်မည်ဟုသာ ထင်ထားခဲ့မိပါသည်။

ပန်းရင့်နှင်းဆီနှင့် ကီစွတုန်းကလည်း ဒီမိန်းကလေးဟာ ကိုယ့်မိသားစုထဲ၊ ကိုယ့်နှလုံးသားထဲက တန်ဖိုးအထားဆုံးရတနာကို လုယူသွားနိုင်လောက်အောင် အစွမ်းရှိသူမှန်း ပူလောင်စွာသိပြီးတဲ့နောက်မှာ ခါးခါးသီးသီးကို တားဆီးခဲ့ကြတာ။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် အဖေဆိုတာကို သားသိပ်ပြီး ဝေတ်မွတ်တယ်ဆိုတာကို မလတ်တို့သိအောင် သား ဘယ်တုန်းကမှ မဖွင့်ဟခဲ့ပါဘူး။ သိရင်စိတ်ဆင်းရဲ မှာစိုးလို့ သားက အပျော်တွေကိုပဲ ပြန်ပေးချင်တာ ပါ။ ဝမ်းနည်းစရာတွေဆိုရင် ဘယ်တော့မှ မဝေမှ ချင်ပါဘူး။ အခုလည်း သားအရက်သောက်လာ တယ်။ သားရင်ထဲမှာ ပူလွန်းလို့ပါ။ အသက်ဆက် မရှင်ချင်တော့လောက်အောင် ခံစားရလွန်းလို့ သက် သာလို သက်သာငြား အရက်သောက်လာတာ'

'မောင်မောင် ခြေထောက်မှာ အပူလောင် သွားပြီလားမသိဘူး။ ဆေးအရင်ထည့်ရအောင်နော်'

'ဟင့်အင်း... ဘာမှ မဖြစ်ပါဘူး။ ရတယ်။ ဒီဒဏ်ရာလေးလောက်က ဘာမှမဟုတ်ပါဘူး။ ဒီ ထက်မက ကြီးတဲ့ဒဏ်ရာတွေ၊ ရှုးမတတ်ဒဏ်ရာ တွေ သားရင်ထဲမှာ အပြည့်ရှိနေတယ်။ အဲဒီဒဏ်ရာ တွေကိုထည့်ဖို့ ဆေးလည်းမရှိဘူး။ ဘယ်သူမှလည်း မကယ်နိုင်ဘူး'

မလတ်သည် ပြေရာပြေကြောင်း တစ်ခုခု ပြောလိုက်ဖို့ အင်အားမရှိတော့ပေ။ မောင်လေးတစ်



ယောက်လိုရော ကိုယ့်ရင်နဲ့လွယ်ပြီး မွေးထားရသော သားတစ်ယောက်လိုပါ ချစ်ရသော မောင်လေးပါ။ ကိုယ်ရန်ကုန်ကို ရောက်လာခဲ့ရခြင်းသည်လည်း ဒီ မောင်လေးအတွက်ပါပဲ။ အခု ကိုယ်အိမ်ထောင်ကျ ပြီး သားတစ်ယောက်ရနေသည့်တိုင် သူ့အတွက် အရာရာ ပူပန်ပေးနေမိတုန်း။ သူလည်းမကြာခင် ဆရာဝန်တစ်ယောက် ဖြစ်တော့မှာ။ သို့ပေမယ့် ကိုယ်တွေကတော့ သူ့ကို မူကြိုကျောင်းသားလေး တစ်ယောက်လိုသာ မြင်နေဆဲ။

'တစ်စုံတစ်ရာကို အပြီးတိုင် ဆုံးရှုံးရလိမ့် မယ်လို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့မိဖူးဘူး။ ကိုယ့် အသည်းကို ကိုယ်မာတယ်လို့ပဲ ထင်ထားခဲ့တာ။ အခုတော့...'

'မလတ်တို့ မှားသွားခဲ့တာလားဟင် မောင် မောင်။ မလတ်တို့ မှားခဲ့တယ်ဆိုရင်လည်း မောင် မောင့်ကို ချစ်လွန်းလို့ မှားတဲ့အမှား၊ စေတနာအမှား ပဲ ဖြစ်မှာပါကွယ်။ မောင်မောင်စိတ်ချမ်းသာအောင် အခု မလတ်ဘာပြန်လုပ်ပေးရမလဲ။ မောင်မောင် စိတ်ချမ်းသာမယ်ဆိုရင် ဘာပဲလုပ်ပေးရ၊ လုပ်ပေးရ

www.burmeseclassic.com

www.burmeseclassic.com



ပါကွယ်'

'ဟင့်အင်း… မမှားပါဘူး။ ဘယ်သူမှမမှားဘူး။ ချစ်လို့ဖြစ်တဲ့ကိစ္စတွေဟာ ဘယ်တော့မှ မမှားပါဘူး။ မလတ် ဘာမှ ပြန်လုပ်ပေးစရာလည်း မလိုပါဘူး။ သားစိတ်ချမ်းသာပါတယ်။ ဘာမှ မဖြစ်ဘူး'

'အခု ပန်းရင့်နှင်းဆီနဲ့ပတ်သက်ပြီး မောင်မောင် သိပ်ခံစားနေရမှန်း မလတ်သိပါတယ်။မလတ် ဘာများ လုပ်ပေးနိုင်မှာလဲ။ မောင်မောင့်အတွက် မလတ် ဘာလုပ်ပေးရမလဲ'

'ပန်းရင့်နှင်းဆီ ဟုတ်လား။ အဲဒီနာမည်ကို မပြောပါနဲ့။ သူ မရှိတော့ဘူး။ သေဆုံးသွားခဲ့ပြီ။ ဘာဖြစ်လို့ သေဆုံးသွားရတာလဲ သိလား။ သားကိုယ်တိုင် သူ့ကို သတ်လိုက်တာလေ။ အဲဒါကြောင့် သူ မရှိတော့ဘူး'

သူက ဘာမှ ဆက်မပြောတော့ဘဲ ပန်းကန်ကွဲစတွေအားလုံးယူကာ ထမင်းစားခန်းဘက် ဝင်သွားလေသည်။ မလတ်သည် လိုက်မသွားမိ။ ဝမ်းနည်းစွာ ငိုရှိုက်မိရင်း မေမေ၊ မဦးနှင့် မလေးကို သတိရလာရသည်။ အခုချက်ချင်း ပြည်ကို ပြန်ပြေး



သွားလိုက်ပြီး မေမေ့ ရင်ခွင်မှာ အားပါးတရ ငိုချင်ပါသည်။ မလတ်တို့တစ်တွေ၏ဆန္ဒသည် သူ့အတွက် မီးတောက်တစ်ခု ဖြစ်နေခဲ့တာကိုလည်း ပြောပြချင်သည်။

မလတ်ငိုရှိုက်နေမိရင်း ထမင်းစားခန်းဘက်မှ သူ ထွက်မလာတာ အတော်ကြာလာတော့ စိတ်ပူသွားရပြန်သည်။ အပြေးတစ်ဝက်နှင့် အထိတ်တလန့်သွားကြည့်ရပြန်လေသည်။ ပန်းကန်ကွဲစတွေနဲ့များ တစ်ခုခု ဖွတ်တရွတ်လုပ်ရင် ဒုက္ခဆိုပြီးတော့လည်း ပူပန်ရသေး၏။ ပူပန်သလို မဖြစ်ပေမယ့် ထမင်းစားထိုင်ခုံ သုံးလုံးကိုဆက်ပြီး ထိုအပေါ်မှာ ဖြစ်သလို အိပ်နေတာကို အတွေ့မှာတော့ မလတ် အသံထွက်အောင်ပင် ငိုရှိုက်မိပါတော့သည်။

❖ ❖ ❖

'မနက်ဖြန်ကျရင် ပန်းရင့်အလုပ်များတယ်။ ညနေကျမှ လာခဲ့မယ်။ ကိုလေး မျှော်နေမှာစိုးလို့ပါ' ဟု မနေ့က ပြန်ခါနီး ပန်းရင့်ပြောသွားခဲ့တာမို့ ခိုင်နေ့မနက်စောစောကတည်းက သူ ပန်းရင့်ကို မျှော်မနေ

www.burmeseclassic.com



မိပါ။ မျှော်မနေမိဘူးဆိုပေမယ့် ရင်ထဲမှာတော့ ဟာ တာတာကြီးဖြစ်နေပါသည်။

ဘာကြောင့်များ ဒီမိန်းကလေးကို အသည်းနှင့်အောင် ချစ်ရသလဲဆိုတာကိုလည်း အခုချိန်ထိ ကိုယ်ကိုယ်တိုင် အဖြေရှာမရသေးပါ။ ကလေးဘဝ အတူတူရှိခဲ့ကြစဉ်တုန်းကတော့ ကိုယ့်ညီမနှင့် ရွယ်တူမို့ ကိုယ့်ညီမလေးလိုပင် ချစ်စနိုးသဘောထားခဲ့မိပါသည်။ အရွယ်ရောက်လို့ ပြန်တွေ့ကြချိန်မှာတော့ ကိုယ်သည် ရည်းစားတွေ အများကြီးထားခဲ့ဖူးပြီးပြီ။ ဒီမိန်းကလေးကို ကိုယ့်ရည်းစားတွေလိုလည်းသဘောမထားဖြစ်ခဲ့။

သူမလေးအပေါ် ကိုယ်ထားရှိ သက်ဝင်မိသော မေတ္တာသည် ကိုယ်ကိုယ်တိုင်ပင် နားမလည်နိုင်အောင် နက်ရှိုင်းလှတာ။

မမေ့နိုင်စွာ သူမလေးနှင့် ပြန်တွေ့တုန်းက သူမလေးသည် အငိုမျက်နှာလေးနှင့် အလွန်ဝမ်းနည်းကြေကွဲစွာ ငိုကြွေးထားသော မျက်ခွံမို့မို့လေးနှင့် ဘယ်လိုဟန်ဆောင် ပြုံးပေမယ့် အပြုံးမပီပြင်လှသော နှုတ်ခမ်းလေးတို့က သူ့ရင်ထဲကို ချက်ချင်း



ထိုးဖောက်သွားခဲ့ပါသည်။ ဘာကြောင့် ဝမ်းနည်းလှစွာ ငိုထားရမှန်း သိလာရသည့်အချိန်မှာတော့ ပိုလို့ပင် ရင်ထဲနင့်ခဲ့ရပါသေးသည်။

ချစ်သူတစ်ယောက်ကို အရူးအမူး တွယ်တာချစ်မြတ်နိုးသော မိန်းကလေးကို သူတအံ့တဩလည်းဖြစ်ခဲ့ရသေးသည်။ ရည်းစားတွေသာ မြောက်မြားစွာထားဖြစ်ခဲ့တာ။ ကိုယ့်ကို အဲဒီလို သိပ်ချစ်သော မိန်းကလေးမျိုးနှင့် မဆုံခဲ့ဖူးပါ။ သိပ်ကံကောင်းသော သူမလေး၏ ချစ်သူကသာ သူမလေးလို မိန်းကလေးနှင့် ဆုံခဲ့ခြင်းထင်ပါရဲ့။

ကိုယ့်ကိုယ်ကိုလည်း ရယ်ချင်ပါသည်။ သူမလေး မသိပါဘဲ မတောင်းပါဘဲနှင့် သူမလေးအတွက် အချစ်တွေကို အပြည့်အသိပ်စေတနာတွေ ဒလဟော ပေးခဲ့မိသည်။ ဟိုတုန်းကတော့ အစ်ကိုတစ်ယောက်လို အချစ်မျိုးနှင့်သာ ဂရုစိုက်ပြီး ချစ်ခွင့်ရှိခဲ့သည်။ အခုချိန်မှသာ ပွင့်ပွင့်လင်းလင်း ချစ်ခွင့်ရခဲ့တာ။

ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ သူမလေး စိတ်ချမ်းသာနေဖို့ တစ်ခုကိုသာ အလိုရှိပါသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ ပန်းရင့်နှင်းဆီမလာဘူးလား။ ကိုအုပ်စိုးထိုက်တစ်ယောက်တည်း လွှမ်းနေပြီ ထင်တယ်'

တာဝန်ကျ အလုပ်သင်ဆရာဝန်လေးက နှုတ်ဆက်တာမို့ သူက အလိုက်သင့်ပြန်နှုတ်ဆက်လိုက်ပါသည်။ ထိုဆရာဝန်လေးသည် ဟိုရက်တွေကတည်းက သူ့ကို တရင်းတနှီး ဂရုတစိုက်ရှိလှသည်။ ပန်းရင့်နာမည်ကိုတော့ ဒီနေ့မှ ထုတ်ပြောခြင်းပါ။

သူရတံခွန်နှင့် ရင်းနှီးစွာ ဆက်ဆံနေကြတာလည်း တွေ့ပါသည်။ ပန်းရင်နဲ့ပါ ရင်းနှီးနေကြလိမ့်မယ်လို့တော့ မသိထားပါ။

'ဟိုတစ်နေ့ကတည်းက ပန်းရင့်နှင်းဆီနဲ့ တွေ့တော့ ပြောပါတယ်။ ကျွန်တော်လည်း ကိုအုပ်စိုးထိုက်ကို အေးအေးဆေးဆေး လာနှုတ်ဆက်ပြီး စကားပြောမယ် ပြောမယ်နဲ့ ဘယ်လိုမှ မအားတာနဲ့ ဒီနေ့မှပဲ နည်းနည်းအားတော့တယ်။ အဲဒါကြောင့် ကျွန်တော် ဇွဲဟိန်းပါ ကိုအုပ်စိုးထိုက်'

'တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ'

ဇွဲဟိန်းဆိုသော နာမည်ကို သူ ရင်းနှီးစွာ



ကြားဖူးခဲ့ပြီးသား။ ပန်းရင့်နှင့် အလွန်ရင်းနှီးသော သူရတံခွန် သူငယ်ချင်း။ ပန်းရင့်ဆီကို ခဏခဏ ဖုန်းဆက်ပေးဖူးခဲ့သည်။ ပန်းရင့်တို့အိမ်ကို သူ ရောက်နေခိုက်မှာတောင် ဇွဲဟိန်း ဖုန်းဆက်တာနှင့် တစ်ကြိမ်ကြုံဖူးသေးသည်။ ပန်းရင့်ကတော့ မှတ်မိတော့မှာ မဟုတ်။ သူကတော့ ပန်းရင့်နဲ့ ပတ်သက်တာမှန်သမျှ အရာရာ မေ့မရတာကြောင့်ဖြစ်ပါသည်။

'ရင်းရင်းနှီးနှီး ဇွဲဟိန်းလို့ပဲ ခေါ်နိုင်ပါတယ်။ ကိုအုပ်စိုးထိုက် ဒီဆေးရုံမှာ အကူအညီလိုရင်ပြောပါ။ ကျွန်တော် အမြဲလိုလို ရှိနေပါတယ်'

'ကျေးဇူးပါပဲ။ ကိုယ်လည်းအခုတော့ ဘာမှ မလိုအပ်သေးပါဘူး။ လိုတဲ့အခါ ပြောလိုက်ပါ့မယ်'

'ပန်းရင့်နှင်းဆီ ဒီနေ့ မလာဘူးလား'

'ညနေဘက်မှ လာဖြစ်လိမ့်မယ်။ ကျောင်းကိစ္စတွေရော၊ အလုပ်ကိစ္စတွေပါ ရှိနေလို့ပါ'

နှစ်ယောက်သား ရောက်တတ်ရာရာ ပြောနေဖြစ်ကြပါသည်။ ဇွဲဟိန်းက ပွင့်ပွင့်လင်းလင်းနှင့် ခင်မင်ဖွယ်ကောင်းသော လူငယ်တစ်ယောက်ပင်။ သူနှင့်ဆက်ဆံရေးမှာလည်း အတော်ပင် အလိုက်သိ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ခွဲဟိန်းနှင့် သူစကားပြောနေကြတုန်းမှာပင် မလတ်ရောက်လာပါသည်။ မလတ်လည်း ဒီနေ့ နောက်ကျပါသည်။ မျိုးသက်နဲ့ သူတောင် မနက် စောစောတုန်းက နောက်ဖြစ်ကြသေးသည်။ ဒီနေ့မှ ပါရမီပြည့်ဖက်တွေ မလာကြလို့ နှစ်ယောက်သား Break Fast (နံနက်စာ)ကို သိပ်စားမဝင်ကြဘူးဆိုပြီး တော့ပါ။ မျိုးသက်နှင့် သူသည် ကျောင်းတုန်းက အရမ်းကြီးတွဲလာတာ မဟုတ်ပေမယ့် ရင်းတော့ ရင်းနှီးပါသည်။ မျိုးသက်လက်ထပ်တော့ သူနယ်မှာ ရောက်နေခဲ့တာမို့ မရောက်ဖြစ်ခဲ့။ ဒါကြောင့်လည်း သူရတံခွန်နှင့်မျိုးသက်၊ ပတ်သက်နေခဲ့လိမ့်မည်လို့လည်း ထင်မထားမိခဲ့ပါ။

အခုတော့ သူဘယ်လိုမှ ရှောင်လွှဲလို့မဆက်ဆံလို့ မရတော့ပေ။ သူကတော့ ဘာမှ သိပ်ပြီး အထူးအထွေ မခံစားရပါ။ သူသနားတာက ပန်းရင့်ကို ဖြစ်သည်။ ရင်ထဲက မပါဘဲ ပန်းရင့်ဟန်ဆောင်နေရမှာကို သနားရတာ။

'ခွဲဟိန်းလည်း ရောက်နေတာကိုး'



မလတ်က ခွဲဟိန်းကိုလည်း နှုတ်ဆက်ပါသည်။

'ဟုတ်ကဲ့... မလတ်။ ဒီမနက် အလုပ်နည်းနည်းအားတာနဲ့'

တံခွန်နဲ့ပတ်သက်ပြီး မလတ်ကို ကိုယ့်အစ်မတစ်ဦးနှယ် ခွဲဟိန်းလည်းချစ်ကြောက်ရိုသေပါသည်။ ပန်းရင့်ကိစ္စတုန်းက ခွဲဟိန်းကိုပါ တိုင်ပင်ဖော်တိုင်ပင်ဖက်ဆိုပြီး အဆူခံခဲ့ရပါသေးသည်။

မလတ်မျက်နှာက ငိုထားသလို မပြုံးမရွှင်။ မျက်ခွံတို့က မို့အစ်ကာနေသည်။ အုပ်စိုးရော၊ ခွဲဟိန်းရော၊ မျိုးသက်ပါ မလတ်တစ်ခုခုဖြစ်လာမှန်း ရိပ်မိနေကြပါသည်။ အုပ်စိုးတို့က သူစိမ်းတွေမို့ ကိုယ်နှင့်ဘာမှ မဆိုင်တာကြောင့် မသိချင်ယောင်ဆောင်ပေးနေ ဖြစ်ကြပေမယ့် မျိုးသက်ကတော့ မမေးဘဲ မနေနိုင်ပုံနှင့်...

'လတ်နေကောင်းရဲ့လား။ တစ်မျိုးဖြစ်နေသလိုပဲ'

'ကောင်းပါတယ် ကိုမျိုးရဲ့။ ဘာမှမဖြစ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အိမ်မှာ တစ်ယောက်တည်းဖြစ်ရဲ့လား။ ပြည်နဲ့ရော ဖုန်းရသေးလား။ သားရော နေကောင်းတယ်တဲ့လား'

'ဖုန်းရပါတယ်။ သားက လိမ္မာပါတယ်တဲ့။ သူ့အဘွားက အနားက မခွာဘူးတဲ့လေ။ အိမ်မှာလည်း လတ်တစ်ယောက်တည်း ဖြစ်ပါတယ်။ ညတုန်းက မောင်မောင်ပြန်လာအိပ်တယ်လေ။ လတ်တောင် သူ့ကို ဆူလိုက်သေးတယ်။ ကိုမျိုးကို ထားခဲ့ရကောင်းလားဆိုပြီး'

'လူငယ်ပဲလတ်ရယ်။ အမြဲတမ်းဆေးရုံကို အိမ်လုပ်နေရတော့ တစ်ခါတလေလည်း ပျင်းမှာပေါ့'

မလတ်က သူ့ယောက်ျားနှင့် ပြောနေရင်း ဖွဲ့ဟိန်းဘက်ကိုလှည့်ကာ တစ်ခုခုကို သတိရသွားပုံနှင့်

'မနေ့ညတုန်းက သူငယ်ချင်းတွေ ဆုံကြတာ။ ဖွဲ့ဟိန်းရောပါလား။ မောင်မောင်ကတော့ မူးလာတာ စိတ်တောင်ညစ်တယ်။ နင်တို့တွေ ဘယ်လောက်များ တိုက်လွှတ်လိုက်သလဲ ဖွဲ့ဟိန်းရယ်'

'ကျွန်တော်တော့ပါတယ် မလတ်။ ဒါပေ



မယ့် သိပ်မသောက်ကြပါဘူး။ တံခွန်လည်း သိပ်မသောက်ပါဘူး။ အစောကြီး ပြန်ကြတာပဲ။ ကျွန်တော်ရော တခြားသူငယ်ချင်းတွေပါ ဂျူတီက မနက်စောစောဝင်ရမှာမို့လို့ သိပ်မသောက်ကြဘူး။ တံခွန်က အရှိန်းမို့လို့ ထင်ပါတယ်'

မလတ်ငိုထားရခြင်း၏ အဓိကတရားခံသည် သူရတံခွန်ဆိုတာ ထုတ်မပြောပါဘဲနှင့် အလိုလို သဘောပေါက်ရပါသည်။ ပန်းရင့်နှင့် တစ်ခုမဟုတ်တစ်ခု ပတ်သက်နေမှာလည်း အသေအချာ။ ပန်းရင့်တို့ ဓာတ်လမ်း၏ ဒါရိုက်တာများထဲတွင် မလတ်ပါခဲ့မှန်း အုပ်စိုး ပန်းရင့်ထံမှ ဟိုးအရင်ကတည်းက သိခဲ့ပြီးသားပါ။

အခု အားလုံးကိုယ်စီရင်ထဲမှာ ပြောပြ၍မရသော၊ ဖြေရှင်း၍မရသော အကျိတ်အခဲလေးတွေ ရှိနေကြပါသည်။

အုပ်စိုးရင်ထဲမှာတော့ အဆိုးဆုံးပင်။ ကိုယ်က ဘာကိုမှ လုံးဝသိမထားသူ တစ်ယောက်လို ဟန်ဆောင်နေရသည်။ သူရတံခွန်ဆိုတာ အခုမှ သိရသော၊ မခင်လတ်လတ်ဆိုတာကိုလည်း အခုမှ သိရ

www.burmeseclassic.com

www.burmeseclassic.com



သော၊ ဖွဲ့ဟိန်းကိုလည်း အခုမှ သိရသော၊ သူတို့တွေနှင့် ပန်းရင့်၏ ဇာတ်လမ်းတွေကိုလည်း ဘာဆိုဘာမှ သိမထားသော ပန်းရင့်၏ ခင်ပွန်းလောင်းတစ်ယောက်အနေနှင့် ဟန်ဆောင်နေရလေသည်။

'တံခွန် အရမ်းမူးလာလို့လား။ အခုရော…'

'အိမ်မှာအိပ်ပြီး ကျန်ခဲ့လေရဲ့။ တော်သေးတာပေါ့။ ဒီနေ့နိက်ဂျူတီမို့လို့ မဟုတ်ရင် မလွယ်ဘူး'

'မလတ်ကို ဂျိကျနေတာလား'

'သိတဲ့အတိုင်းပဲ ဖွဲ့ဟိန်းရေ။ မလတ်လည်း ဘာလုပ်ပေးရမှန်းကို မသိတော့ပါဘူး။ စိတ်ညစ်တာ အရမ်းပဲ။ မင်း သူငယ်ချင်းကို ဖေးမပေးလိုက်ပါဦး'

သူတို့နှစ်ယောက် စကားအသွားအလာကို နားထောင်ပြီး အုပ်စိုးတစ်ခုခုကို နားလည်လာရသလို ရှိသည်။

လုပ်ချင်ရာ လုပ်ခွင့်ရရင်တော့ (ဘာကိုမှ လုံးဝအားနာ ငဲ့ညှာဂရုမစိုက်ပါဘဲနှင့်) အုပ်စိုးတစ်ခု လုပ်ချင်ပါသည်။ ကိုယ့်လည်ပင်းမှာ ဆိုင်းဘုတ်



တစ်ခု ချိတ်ဆွဲထားချင်လို့ပါ။

'ပစ္စည်းခေတ္တအပ်နှံခြင်းသည်းခံပါ'တဲ့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မမေ့ဖို့တစ်ခုကိုသာ. . . (၃)

'ကိုယ်က သိပ်ချစ်တယ်လို့ ပြောခဲ့ပြီး အဖြေတောင်းထားခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ဆယ်ရက်လုံးလုံး လုံးဝ မဆက်သွယ်တာကတော့ အလုပ်မဟုတ်ပါဘူးဟာ။ နင် စဉ်းစားမနေနဲ့တော့ ပန်းရင့်။ ငါ သဘောမတူတော့ဘူး'

အဲဒီတုန်းက ချောင်းသာက ပြန်ရောက်ပြီးတာနဲ့ မောင့်ဆီက လုံးဝအဆက်အသွယ်မရတော့ဘဲ ဆယ်ရက်တိတိ မောင်ပျောက်နေခဲ့ပါသည်။ သဘောတူပြီး အောင်သွယ်လုပ်ခဲ့သော မျက်ချယ်တောင်မှ မောင့်ကို စိတ်ဆိုးခဲ့လေသည်။

ဟုတ်လည်းဟုတ်ပါရဲ့။ ချောင်းသာမှာတုန်းက သည်းသည်းလှုပ်ခဲ့တာသည် သူ မဟုတ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း။ ပန်းရင့်မှာသာ မောင်ပြောခဲ့သမျှတွေ အားလုံးပဲ မေ့ပစ်ရမလိုလို၊ သတင်းစာထဲကနေပြီးတော့ လူပျောက်ပဲ ကြော်ငြာရမလိုလိုဖြစ်ရလေသည်။ကိုယ့်ကို သိပ်ချစ်လှပါသည်ဟု ပြောထားသော လူတစ်ယောက်ရဲ့ နေရပ်လိပ်စာကိုတောင်မှ စေ့စေ့စပ်စပ် မေးမထားမိသော ကိုယ့်ကိုယ်ကိုလည်း ပန်းရင့် အသည်းယားပါသည်။ အဲဒီတုန်းက ဘာတွေများ တိမ်းမူးသာယာမိနေခဲ့တာပါလိမ့်။

မောင့်ကို ယုံကြည်မှုအားလုံး ပန်းရင့်ပေးထားခဲ့ပြီးသားပါ။ မောင်ဟာ ထိုယုံကြည်မှုတွေကိုတော့ အလွဲသုံးစားလုပ်လိမ့်မည်ဟုလည်း ပန်းရင့် မထင်။ တစ်စုံတစ်ရာ အခက်အခဲကြောင့်သာ မောင် မဆက်သွယ်ခဲ့တာ ထင်ပါရဲ့။

ပန်းရင့်အထင်မှန်နေခဲ့ပါသည်။ ဆယ်ရက်မြောက်ပြီး နောက်တစ်နေ့မှာ ပန်းရင့်ထံ မောင်ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ နံနက်စောစော (အချိန်အတိအကျတော့ မမှတ်မိတော့ပါ။ ရှစ်နာရီ မထိုးခင်ဆိုတာတော့ သိသည်)တွင် ပန်းရင့်ထံ မောင် ရောက်လာခဲ့ပါသည်။ ပန်းရင့်က မီးဖိုချောင်ထဲမှာ



ဖေဖေ့ရုံးထမင်းဘူးအတွက် ပြင်ဆင်ပေးနေချိန်။

'သမီးရေ… ပန်းရင့် သမီးရဲ့ သူငယ်ချင်းတဲ့။ အိမ်ရှေ့မှာ ရောက်နေတယ်။ သွားတွက်တွေ့လိုက်ပါဦး'

မေမေက မီးဖိုချောင်ထဲ ဝင်လာကာ ပြောသည်။

'စောစောစီးစီး ဘယ်သူများပါလိမ့်'

'ကောင်လေးတစ်ယောက်ပဲ။ သွား… သမီး သွား၊ မေမေ ထမင်းဘူးဆက်ထည့်ပေးလိုက်မယ်'

ကောင်လေးတစ်ယောက်တဲ့။ ပန်းရင့်ရဲ့ ကောင်လေးသူငယ်ချင်းတွေသည် ဘယ်သူမှ ဒီလိုအချိန် အိပ်ယာထတဲ့သူမရှိ။ ကိုးနာရီထတာတောင် ကျေးဇူးတင်ရမယ့် ပုဂ္ဂိုလ်တွေ။ တစ်ခုခုအရေးကြီးလို့များ စောစောစီးစီး ဖုန်းမဆက်လေနဲ့။ အိပ်ကောင်းတုန်း နှောင့်ယှက်တယ်ဆိုပြီး ပူညံပါတော့မည်။

ဧည့်ခန်းမှာ ထိုင်စောင့်နေသူသည်…

နှုတ်မှ တစ်ခုခုပြောလိုက်ဖို့တောင် ပန်းရင့် နှုတ်ဆွံ့အစ၍နေလေသည်။ ဧည့်ခန်းနှင့် ထမင်းစားခန်းကူးသောနေရာမှာ ကာထားသော လိုက်ကာစကို

www.burmeseclassic.com

www.burmeseclassic.com



အသာပင့်ဟရင်း ထိုနေရာမှာ ပင်ပန်းရင့်ရပ်နေခဲ့မိပါသည်။

ရောက်လာပါပြီ။ ဆိုက်ဆိုက်မြိုက်မြိုက်ကို မောင် ရောက်လာခဲ့ပြီ။

'ပန်းရင့်နှင်းဆီ'

ပန်းရင့်နာမည်ကို ခပ်တိုးတိုးခေါ်သော မောင့်အသံတွေ တုန်ရီနေလေသည်။ အိမ်ကိုတောင် မောင်က ရောက်အောင် လာခဲ့သတဲ့။ အိမ်ကလူကြီးတွေကို လန့်သည့်အရှိန်နှင့် မောင် စိုးရွံ့နေသည် ထင်ပါရဲ့။

မောင်က NY ဟု အမှတ်အသားပါသော လျှာထိုးဦးထုပ်အနက်လေးကို ဆောင်းထားခဲ့လေသည်။ အရင်ကထက်လည်း ပိုပြီး ဝလာပါသည်။ ချောင်းသာတုန်းက နေပူခံပြီး ညိုသွားသော အသားလည်း ပြန်ဖြူနေပါပြီ။ သူ့မှာတော့ စိုစိုပြည်ပြည် ဝလို့ဖြိုးလို့။ ပန်းရင့်မှာတော့ သူ့ကို လွမ်းတာရော၊ ဘယ်က ဘယ်လိုစပြီး ဆက်သွယ်ရမှန်း မသိတာရော နှစ်ခုပေါင်းကာ အရင်ကထက်တောင် ပိန်သွားပါသေးသည်။



ပန်းရင့်က ရှေ့ကို မလှမ်းသေးတာမို့ မောင်က ထိုင်နေရာက မတ်တပ်ထရပ်လိုက်ပါသည်။ ဆယ်ရက်တိတိ ပန်းရင့်လွမ်းခဲ့ရသော မောင့်မျက်ဝန်းညိုတွေ။

'ပျောက်နေလိုက်တာ'

မောင့် မျက်နှာမှာ အားနာပြုံးလေး စွက်သွားပါသည်။

'ဟုတ်တယ်။ ချောင်းသာက ပြန်ရောက်ချင်းပဲ မလတ်က ပြည်ကိုပြန်ဖို့ လက်မှတ်ဝယ်ထားပြီးပြီ။ အဲဒါနဲ့ ပြည်ကိုတန်းပြီး ပြန်ရတာ'

ပန်းရင့်သည် စကားကို ပုံမှန်အတိုင်း ပြန်ပြောနိုင်လာသည်။

'ပြည်မှာရော ဆက်သွယ်ရေးစခန်းမရှိဘူးလား။ စကြဝဠာလောက်ဝေးတာတော့ မဟုတ်ပါဘူးနော်'

'ကိုယ်ချောင်းသာက ပြန်ရောက်တာနဲ့ ပြည်ကိုတန်းသွားရတာ။ ဟိုရောက်တော့ ရောက်ရောက်ချင်း မနက်ဘဲ မေမေက သူဗေဒင်မေးထားတာ ကိုယ်ကံနိမ့်နေတယ်။ ပဌင်းတက်ရမယ်ဆိုတာနဲ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ပဥ္စင်းတက်လိုက်ရတယ်။ ဟိုမှာရှိတဲ့ ကိုးရက်လုံးပဲ။ ရန်ကုန်ကို ကိုယ်ဒီနေ့မနက်မှ ပြန်ရောက်တာ။ ရထားနဲ့ ပြန်လာတာလေ။ ရောက်ရောက်ချင်းလာမလို့ အရမ်းကြီးစောနေတာနဲ့ အခုမှ လာရတာ'

ဒီတော့မှ ဦးထုပ်အနက်လေး၏အောက်မှာ ဆံပင်မရှိမှန်း ပန်းရင့်သတိပြုမိပါတော့သည်။ပန်းရင့်တအံ့တသြဖြစ်သွားတော့ မောင်က ရှက်ပြုံးလေးပြုံးသည်။ ပန်းရင့်ကို လုံးဝ မဆက်သွယ်ခဲ့တာကို ပန်းရင့် ရင်ထဲမှာ ဘယ်လိုမှ သဘောမထားတော့ပါ။ မောင့်ကို ဘယ်လိုမှ စိတ်ဆိုးကြည့်လို့မရ။

မောင့်အပြုံးကို မြင်ရုံနဲ့တင် တင်းထားသမျှအားလုံး လျော့ကုန်ပါပြီ။

မောင်သည် ပန်းရင့်၏ ပျော်စေ၊ ငိုစေအားလုံး၏ ဖန်တီးရှင်ဖြစ်မှန်းမသိ။ ဖြစ်နေခဲ့ပြီ။

'ပန်းရင့်နှင်းဆီ၊ ကိုယ့်ကို စိတ်ဆိုးနေတာလား'

ပန်းရင့် ခေါင်းယမ်းသည်။

'ကိုယ် ဒီကမ္ဘာပေါ်ကနေ ပြောင်းရွှေ့သွားပြီလို့ရော မထင်ဘူးလား'



ပန်းရင့်ပြောခဲ့ဖူးသော စကား။

'ဟင့်အင်း'

ပန်းရင့် ပြုံးပြီးခေါင်းယမ်းပြန်သည်။

'တို့တစ်ခုပေးခဲ့တာ မမှတ်မိတော့ဘူးလား'

'မှတ်မိပါတယ်။အဲဒီယုံကြည်မှုတစ်ခုကြောင့်ပဲ ကိုယ်စိတ်ဖြောင့်ဖြောင့် ပဥ္စင်းဝတ်နိုင်ခဲ့တာ'

'ဒကာမလေး၊ ဒကာမလေးဆိုပြီး သတိရနေသေးလား။ ပန်းရင့် ငရဲမကြီးချင်ပါဘူးနော်'

မောင်ကအိမ်မှာ ခဏပဲ စကားပြောပြီး ပြန်သွားခဲ့ပါသည်။ ဖေဖေနဲ့ မေမေကို မိတ်ဆက်ပေးတော့ မောင့်ရိုးရိုးအေးအေးပုံစံကြောင့် မေမေကဘာမှ စစ်ဆေးမေးမြန်းခြင်း မရှိပါ။ ပန်းရင့်ရဲ့တခြား ယောကျ်ားလေးသူငယ်ချင်းတွေလည်း အိမ်မှာ ဝင်ထွက်ခင်မင်နေတာကြောင့် မောင့်ကိုလည်း ရိုးရိုးသူငယ်ချင်းလို့သာ ထင်ပုံရပါသည်။ အဲဒီတုန်းက ပန်းရင့်နှင့် မောင့်အခြေအနေသည် မရိုးမဆန်းအခြေအနေ။

ဖေဖေကတော့ မောင်တို့ကျောင်းအကြောင်းကို မေးမြန်းနေပါသေးသည်။ ဖေဖေမေးသမျှကို ရိုရို

www.burmeseclassic.com

www.burmeseclassic.com



ကျိုးကျိုး ဖြေနေသော မောင့်ပုံစံကိုကြည့်ကာ ပန်းရင့် တစ်ယောက်တည်း ကျိတ်ရယ်ခဲ့ရသေးသည်။

အဲဒီနေ့ညနေမှာ ပန်းရင့်နှင့်မောင် ကျောင်းနားက (Feel) Snack Barမှာ ဆုံခဲ့ကြပါသည်။ ကျောင်းနားက ဆရာများရိပ်သာမှာ ပန်းရင့်ကျူရှင် ရှိသည်။ မနက်တတည်းက ပန်းရင့် ဘယ်အချိန်၊ ဘယ်မှာရှိမယ်ဆိုတာ မောင်က မေးသွားပြီးသား။ ဒါကြောင့် မောင်က ဆရာများရိပ်သာအဝင်ပေါက်နားမှာ စောင့်နေခဲ့လေသည်။ ဆူပါဆလွန်းနက်ပြာ ရောင်လေးက မောင့်ရဲ့ကား ထင်ပါရဲ့။ ထိုကား နောက်ဖုံးပေါ်မှာ မောင်စတိုင်ကျကျ ထိုင်နေခဲ့သည်။

ပန်းရင့်က အိမ်က ကားကို ထိုဝင်ပေါက်နားမှာပဲ ရပ်ခိုင်းပြီး ဆင်းနေခဲ့လိုက်ပါသည်။ (ထိုစဉ်တုန်းက ပန်းရင့်အတွက် သီးသန့်ကားမရှိသေး။ ကားတစ်စီးလုံးကို ပန်းရင့်အချိန်ပြည့်သုံးခွင့်မရှိသေးပါ)

'ဘယ်သူ့ကို လာစောင့်နေတာလဲ'

ပန်းရင့်က ပြုံးစစနှင့် မေးသောအခါ

'ယုံကြည်မှုတွေ အပ်နှံထားတဲ့ ကလေးမတစ်ယောက်ကိုလေ၊ နာမည်က ဖျော့တော့တော့တဲ့'



'ကိုရဲ့အကျင့်တွေ ယူမလာပါနဲ့။ အဲဒီ ဖျော့တော့တော့ဆိုတာကြီးကို မုန်းလွန်းလို့'

'ပန်းရင့်နှင်းဆီ စူပုပ်ပုပ်မျက်နှာလေးဖြစ်သွားတာကို မြင်ချင်လို့ပါ။ ပိုလှသွားတယ်'

သူပြောမှ ပန်းရင့်မှာ မျက်နှာကို စူပုပ်ထားရမလို ပြုံးရမလို ဖြစ်သွားရပါသည်။

'ကိုယ်တို့ တစ်ခုခု သွားစားရင်းနဲ့ စကားအေးအေးဆေးဆေး ပြောရအောင်နော်'

'ကျူရှင်ရှိသေးတယ်'

'ကိုယ်က မနက်ဖြန် မနက်ကျရင် ကျောင်းကို ပြန်ဝင်ရတော့မှာ ပန်းရင့်နှင်းဆီရဲ့။ ကိုယ့်မှာ အချိန်မရှိတော့လို့ပါ'

ဘယ်ရှိပါ့မလဲ။ အိမ်ကိုဖြန်ပြီး ကိုးရက်တိတိ ယွင်းလည်းတက်ရသေးရဲ့။ အကုသိုလ်မယူချင်ပေမယ့် ပန်းရင့် ကပ်သီးကပ်သပ်တွေးမိပါသေးသည်။ နောက်တော့လည်း ကျူရှင်လစ်ကာ မောင်နဲ့ အတူ ပါလာရတာပါပဲ။

ပန်းရင့်အတွက် အမြဲမှတ်မှတ်ရရ ရှိနေခဲ့သော မောင့်ကားထဲမှ ကားရေမွှေးနံ့။ (ယခုထိ ထို

www.burmeseclassic.com



ကားရေရွေးကိုသာ ယန်းရင့်ကားထဲမှာ သုံးမြဲ) ကား Air-Con ဖွင့်ထားပေမယ့် ယန်းရင့်ချွေးပြန်နေခဲ့သည်။ ကျူရှင်နဲ့အနီးဆုံး Feel မှာ ထိုင်ဖြစ်ခဲ့ကြပါသည်။

'ဒီနေ့မနက် ယန်းရင့်နှင်းဆီအိမ်က ပြန်တာနဲ့ ကိုယ်တစ်နေ့ခင်းလုံး ကျောင်းမှာလိုတဲ့ပစ္စည်းပစ္စယတွေကို မလတ်နဲ့ လိုက်ဝယ်နေရတာ။ ခုနကမှ မလတ်ကို အိမ်ပြန်ပို့ပြီး ဖွဲ့ဟိန်းဆီခဏဆိုပြီး လစ်လာခဲ့တာ'

'ကောင်မလေးဆီဆိုရင် သွားခွင့်မပြုဘူးပေါ့ ဟုတ်လား'

'အဲဒီလိုတော့ မဟုတ်ပါဘူး။ ဒါပေမယ့် နှစ်ဖက်စလုံးက ခွင့်မပြုမှာစိုးလို့ပါ'

'နှစ်ဖက်စလုံး'

ရုတ်တရက်မောင်ဆိုလိုသော အဓိပ္ပာယ်ကို ယန်းရင့်နားမလည်လိုက်တာမို့ပြန်မေးလိုက်မိပါသည်။

မောင်က ရယ်တည်ကြီးနှင့်…

'တကယ်မဟုတ်သေးဘဲနဲ့ ကောင်မလေးလို့ ပြောလိုက်ရင် အဲဒီကောင်မလေးက ခွင့်မပြုမှာကိုပေါ့'



'အဲဒီကောင်မလေးက'

ပြောနေရင်းမှ ယန်းရင့်သဲ့သည်အဓိပ္ပာယ်ပေါက်သွားရရင်း စကားမဆက်တော့ဘဲ ကိုယ့်နှုတ်ခမ်းကိုကိုယ်ခပ်နာနာ ဖိကိုက်ထားလိုက်မိသည်။ ရှက်ပါရဲ့။ ကိုယ့်စကားနဲ့ကိုယ် ချည်ပြီးတုတ်ပြီးသား ဖြစ်နေရသည်။ ကိုယ်ကပဲ သူ့ခွင့်မတောင်းဘဲ ခေါ်ခွင့်ဖြုခဲ့သလိုလို။

'အဲဒီလို ရှက်နေတဲ့ မျက်နှာလေးကလည်းချစ်စရာကောင်းတာပဲ။ ကိုယ်ကတော့ အမြဲတမ်းပဲထိုင်ပြီး ငေးချင်တော့တယ်'

အဲဒီနေ့က ယန်းရင့်တို့ စကားတော်တော်များများ ပြောဖြစ်ခဲ့ကြပါသည်။ ယန်းရင့်တို့မိသားစုအကြောင်း၊ မောင်တို့မိသားစုအကြောင်း၊ ပြီးတော့ယန်းရင့်ဘဝအတွက် အနာဂတ်ရည်မှန်းချက်တွေ၊ ရှေ့ဆက်ပြီး လျှောက်လှမ်းချင်တဲ့ဆန္ဒတွေ။ ဆန္ဒတော်တော်များများ မောင်နှင့်ယန်းရင့်တိုက်ဆိုင်ကြပါသည်။

မောင့်ကို တွေ့စက စကားများများသိပ်မပြောတာမို့ စကားနည်းသူဟု ယန်းရင့်ထင်ထားခဲ့ပေမယ့် မောင်က ယန်းရင့်ထက် ပိုပြီးတော့တောင်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောနိုင်ခဲ့သေးသည်။ ပန်းရင့်မှာ လူတကာကို ဆရာလုပ်ပြီး အမြဲတမ်း ခေါင်းဆောင်ဦးဆောင် ပြောခဲ့သမျှ မောင်နဲ့ကျမှ နောက်လိုက်ခေါင်းညိတ်တစ်ယောက်ဖြစ်ခဲ့ရပါသည်။

အဲဒါ အချစ်ကြောင့်ပဲ ထင်ပါရဲ့နော်။

❖ ❖ ❖

မောင် တတိယနှစ်စတက်ပြီး နှစ်ဝက်လောက်မှာ ပန်းရင့်တို့နှစ်ယောက် ချစ်သူတွေဖြစ်ခဲ့ကြပါသည်။ တတိယနှစ်မို့ မောင်က ဆေးရုံစဆင်းနေရပြီ။ ဂျူတီကုတ်တဖားဖားနှင့် နားကျပ်ကိုင်နေရပါပြီ။

ဆရာဝန်လောင်း မောင့်အတွက် ပန်းရင့်က နားကျပ်တစ်ခုကို အမှတ်တရ ပေးထားခဲ့သည်။

'မောင်တယ်လောက် အလုပ်ရှုပ်ရှုပ်၊ ပန်းရင့်ကို အမြဲသတိရနေအောင်လို့ပေါ့။ လူနာတွေကို မောင်စမ်းသပ်တဲ့အခါ ပန်းရင့်ကလည်း တစ်ဖက်တစ်လမ်းက ပါရမီဖြည့်တာပေါ့နော်'

'ပန်းရင့်က သိပ်စိတ်ကူးယဉ်တာပဲ'



'ယဉ်တာပေါ့။ အဲဒီနားကျပ်လေးကို ပန်းရင့်တောင် မနာလိုတော့ပါဘူး။ မောင့် ပါးနားမှာ အမြဲနေရတယ်။ မောင့် ပခုံးမှာ ယီးလေးခိုပြီး အမြဲလိုက်ရတယ်။ ပန်းရင့်ကတော့ တစ်ပတ်တစ်ခါမှ မောင့်ကို တွေ့ခွင့်ရတယ်'

မောင့်ကို ပန်းရင့်တစ်သက်လုံးမှာ တစ်ခါမှ မဖြစ်ခဲ့ဖူးသော အချစ်မျိုးနှင့် ချစ်ခဲ့ရပါသည်။ပန်းရင့်၏ အနာဂတ်အားလုံးသည် မောင့်လက်ထဲမှာ။ ပန်းရင့်နှင်းဆီဆိုသော လှေငယ်ကလေး၏ ပဲ့ကိုင်ရှင်သည် မောင်တစ်ယောက်တည်းသာ။

ပန်းရင့်ကို ဆံပင်အရှည်ထားခိုင်းတာ၊ မောင်ကြိုက်တယ်ဆိုတဲ့ အရောင်တွေကိုသာ ဝတ်ဆင်စေတာ၊ ပန်းရင့်ရဲ့ တစ်နေ့တာအချိန်ဇယားတွေကို မောင်ကသာ ဆွဲပေးခဲ့တာ၊ နှုတ်ခမ်းနီအရောင်ရင့်ရင့်တွေကို ပန်းရင့်ဆိုးရင် မောင်က မကြိုက်ပေ။ မောင်ကြိုက်သော အရောင်သည် ရေမွှေးနှင်းဆီရောင် နှုတ်ခမ်းနီတစ်မျိုးတည်းသား။ အထူးသဖြင့် မောင်က ချောကလက်ရောင်ကို သိပ်မုန်းပါသည်။ ချောကလက်ရောင် အဝတ်အစား၊ ချောကလက်ရောင်

www.burmeseclassic.com

www.burmeseclassic.com



အသုံးအဆောင်၊ ချောကလက်ရောင် နှုတ်ခမ်းနီ၊ ပြီးတော့ ချောကလက်ကိုပါ မုန်းလေသည်။

'ဖေဖေက ချောကလက် သိပ်ကြိုက်တာတဲ့။ အဲဒါနဲ့ မောင့်ကိုလည်း ငယ်ငယ်ကတည်းက အမြဲတမ်း ချောကလက်ပဲ ကျွေးတယ်။ ကျောင်းသွားရင်လည်း မုန့်ဖိုးမပေးဘူး။ ချောကလက်တွေပဲ ပေးလိုက်တယ်။ မောင်လည်း အစကတော့ ကြိုက်ပါတယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ မုန်းလာရော။ မြင်ကို မမြင်ချင်တော့တာ'

ချောကလက်ကို မောင် ခါးခါးသီးသီးမုန်းတာ။ တစ်ကြိမ်မှာတော့ ပန်းရင့်ကိုယ်တွေ့ကြုံခဲ့ရပါသေးသည်။ မောင်နဲ့တွေ့တိုင်း ချောကလက်နဲ့ ပတ်သက်တာ ဘာတစ်ခုကိုမှ ပန်းရင့်မသုံးစွဲခဲ့ပါ။ တစ်ရက်မှာတော့ မောင်တို့အဆောင်ရှိရာ မဂ်လာဒုံဘက်ကို အလုပ်ကိစ္စတစ်ခုနှင့် ပန်းရင့်ရောက်ခဲ့သည်။ စာမေးပွဲတွေ ရှိနေတာမို့ မောင်နဲ့ မတွေ့ရတာလည်း နှစ်ပတ်ရှိနေခဲ့ပြီ။ အဲဒီနေ့က သောကြာနေ့ညနေမို့ ညှိတွေ့လည်း ရတာကြောင့် မောင့်အဆောင်ကို ပန်းရင့် ဝင်ခဲ့ပါသည်။



မောင့် သူငယ်ချင်းတစ်ယောက်နဲ့တွေ့တော့ မောင့်ကို ချက်ချင်းပင် သွားခေါ်ပေးပါသည်။ စာမေးပွဲအတွက် စာတွေအများကြီး ကျက်နေရလို့ မောင် ပိန်များသွားသလား။ နေမှကောင်းရဲ့လား။ ပြီးတော့ မောင့်ကို ပန်းရင့်လွမ်းလှပါပြီ။

ဒါပေမယ့် မောင့် အပြုအမူတွေသည် တကယ့်ကို ရက်စက်လွန်းပါရဲ့။ ပန်းရင့်ညှိတွေ့ဆောင်မှာ ထိုင်စောင့်နေတုန်း မောင်အပြေးရောက်လာသည်။ မောင့်မျက်နှာမှာ ဝမ်းသာနေသည့် အရိပ်အယောင်တွေက အထင်းသား။ သို့ပေမယ့် ပန်းရင့်မထင်မှတ်ထားတာကို မောင်လုပ်ခဲ့သည်။ ပန်းရင့်ကို တွေ့တာနဲ့ မမြင်ဖူး၊ မသိကျွမ်းခဲ့သော တစိမ်းပြင်ပြင်တစ်ယောက်လို မောင် လှည့်ထွက်သွားခဲ့ပါသည်။

ဘာစကားတစ်ခွန်းမှလည်း မဆိုပါ။ ပန်းရင့်မှာသာ မောင့်ကိုပဲ လှမ်းခေါ်ရမလိုလို။ ဘာလုပ်ရမှန်းကို မသိဘဲ ကျန်ရစ်လေသည်။

မောင် ဘာဖြစ်သွားတာလဲ။ ပန်းရင့်ကို ဘာများ မကျေနပ်တာတွေ ရှိခဲ့လို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ ညည့်တွေဆောင်မှ မခွာမိသေးပဲ မောင်များ ပြန်ထွက်လာဦးမလားလို့ ပန်းရင့်နာရီ ဝက်လောက် ထိုင်စောင့်နေမိသေးသည်။ မောင် ပြန် မထွက်လာတော့ပါ။

အားလုံး၏ ဘာဖြစ်တာလဲဆိုသည့် စူးစမ်း သောအကြည့်များကို အံတုရင်း ပန်းရင့်ပြန်ခဲ့ရသည်။ ချစ်သူတွေဘဝမှာ ပန်းရင့်ဘက်က မောင်မကျေနပ် စရာ ဘာတစ်ခုကိုမှ မကျူးလွန်ခဲ့ပါ။ မောင် ပန်း ရင့်ကို ချစ်သည်၊ ဂရုစိုက်သည်ဆိုတာထက် ပန်း ရင့် မောင့်ကို ချစ်ပါသည်။ ဂရုစိုက်ပါသည်။ ဒါ တောင်မှ မောင် ဘာကိုများ မကျေမနပ် ဖြစ်ရပါ သလဲ။

အဖြေရှာမရစွာနှင့် ပန်းရင့်ငိုခဲ့ရပါသည်။ မောင်က ပန်းရင့်ကို တစ်လတိတိ အဆက်အသွယ် ဖြတ်ထားခဲ့လေသည်။ ထိုရက်များသည် ပန်းရင့် အတွက် အရှင်လတ်လတ် ငရဲကျရခြင်းပင်။ မောင် ဘာကို မကျေနပ်မှန်းလည်း ပန်းရင့်မသိ။ ဘယ်လို ချော့ရမှန်းလည်း ပန်းရင့်မသိ။ တစ်လတိတိပြည့် သောနေ့မှာ မောင်က ဖုန်းဆက်ခဲ့သည်။



'ကိုယ်ဘာအပြစ်ကို ကျူးလွန်တယ်ဆိုတာ ကိုယ်သိပြီလား ပန်းရင့်'

မသိဘူးလို့ပြောရင် မောင်စိတ်ဆိုးမှာစိုးတာ ကြောင့် ပန်းရင့်ဘယ်လိုမှ မဖြေနိုင်ဘဲ ငြိမ်သက်၍ သာနေဖြစ်ပါသည်။

'အခုထိ မသိသေးဘူး မဟုတ်လား။ မောင် မကြိုက်တဲ့ကိစ္စတစ်ခုကို ပန်းရင့် ကျူးလွန်ခဲ့တယ် လေ'

အပြစ်ကတော့ နှုတ်ခမ်းနီ ချောကလက် ရောင်ဆိုးတဲ့ အပြစ်ပါတဲ့။

ကဲ… ဘယ်လောက်ရက်စက်တဲ့ မောင် လဲဆိုတာ နှုတ်ခမ်းကို မောင်မကြိုက်တဲ့အရောင် ဆိုးတဲ့ကိစ္စလေးနဲ့ ပန်းရင့်ကို တစ်လတိတိ နှိပ်စက် ထားခဲ့တာ။ ပန်းရင့်မှာတော့ တကယ့်ကို ရူးသွား မတတ်။ ထိုရက်တွေမှာ မျက်ရည်ကသာ ပန်းရင့် အတွက်အဖော်။ မောင်ကရော ဘာမှ မခံစားရဘူး တဲ့လား။ ပန်းရင့်က ထိုသို့ မေးသောအခါ…

'ခံစားရတာပေါ့။ ဒါပေမယ့် ပန်းရင့်ကို စိတ်ဆိုးနေတာနဲ့ လွမ်းတာကို ဖြေရတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မောင် သိပ်ရက်စက်တာပဲ'

မောင်က ဘာမှ ပြန်မပြောဘဲ ပြုံးရှုံသာ နေခဲ့ပါသည်။ အဲဒီကတည်းက ခန့်မှန်းရခက်လှသော မောင့်စိတ်သဘောထားကို ပန်းရင့်သိခဲ့ရသည်။ မောင့် အကြောင်းတွေ မျက်ချယ်ကို ပြောပြဖြစ်သော အခါ -

'အဲဒါ ဆိုက်ကိုတစ်မျိုးလို့ ငါတော့ထင်တာပဲ။ အားလုံးကဝိုင်းပြီး ဖူးဖူးမှုတ်အချစ်ခံရတဲ့သူတွေမှာဖြစ်တတ်တဲ့ ရောဂါမျိုးပေါ့။ ကိုယ်ပြောသမျှ အားလုံးဖြစ်ရမယ်ဆိုတဲ့ အတ္တရောပါသေးတယ်။ နင်တော့ တော်တော်သည်းခံရမယ်။ ငါတို့ဝိုင်းပြီးအောင်သွယ်ကောင်းမိတာ မှားပြီထင်ပါရဲ့'

'မမှားပါဘူးဟယ်။ ကျုပ်လည်း တဖြည်းဖြည်းနဲ့ မောင့်သည်းညည်းတွေကို သည်းခံလာနိုင်ပါပြီ။ နောက်လည်း တစ်သက်လုံးနေသွားရမယ့်သူတွေ မဟုတ်လား'

မောင့်အပေါ်ကို ပန်းရင့်ထားရှိခဲ့သော အချစ်တို့ကို အားလုံးက အံ့ဩခဲ့ကြရပါသည်။ မောင်ထားရာနေ၊ မောင်စေရာသွား ပန်းရင့်သည် လူတစ်



ယောက်သာ ဟုတ်မနေခဲ့ဘူးဆိုရင် မောင့်ဝိညာဉ်တစ်ခုသာ ဖြစ်ပါလိမ့်မည်။

မောင်နှင့် ပန်းရင့်၏ ချစ်သူဘဝသည်တစ်ခါတလေတော့ ပန်းရင့်စိတ်ညစ်ပြီး မျက်ရည်ကျရသလိုတစ်ခါတလေတော့လည်း အလွန်ကြည်နူးပျော်ရွှင်ဖွယ်။ မောင်အပြင်ထွက်ခွင့်ရသော စနေ၊ တနင်္ဂနွေများတွင် (ထိုရက်များသည် အလွန်ရှားပါးပါသည်။ မောင့်မလတ်ပြည်ကို ပြန်မှသာ) မောင့်တိုက်ခန်းမှာ ပန်းရင့်တို့နှစ်ယောက် အတူတူထမင်းချက်စားတတ်ကြသေးသည်။ ပန်းရင့်ဈေးသွားတဲ့အခါ မောင်က ဆွဲခြင်းလိုက်ဆွဲပေး၊ ပြီးတော့ ဘေးကနေ ကလေးတစ်ယောက်လို သူစားချင်တာတွေပူဆာ။

ပန်းရင့် ဟင်းချက်ရင် မောင်က ဘေးမှာဟိုလိုလို၊ ဒီလိုလိုနှင့် ဘာမှ ဟုတ်တိပတ်တိကူညီဖော်မရဘဲ နှောင့်ယှက်တတ်သေးသည်။ ပန်းရင့်က ဟင်းအိုးထဲကို ဆားထည့်တော့မယ်ဆိုရင် မောင်က ဆားပုလင်းကို ဖွက်ထားတာမျိုး။ ထမင်းအိုးမွှေခါနီးမှ ယောက်မကို သူ့ခါးကြားမှာ ဖွက်ပြီးထိုးထားတာမျိုးတို့ပါ။ ပန်းရင့်နှင့် အပြိုင်အဆိုင်ငြင်းခုံရင်း ရန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြ။ ပြီးတော့လည်း ပန်းရင့်ကပဲ အရှုံးပေးရစမြဲ။

'အခုလို မောင်နဲ့ ဒီတိုက်ခန်းမှာ နှစ်ယောက်တည်းနေရတော့ ပန်းရင့် မကြောက်ဘူးလား'

'အင်းဟင်း… ပန်းရင့်က ဘာကိုကြောက်ရမှာလဲ မောင်ရဲ့။ ပန်းရင့်အနားမှာမောင်တစ်ယောက်လုံးရှိနေတာပဲ ဥစ္စာ'

'မောင့်ကိုပေါ့။ မောင် ပန်းရင့်ကို တစ်ခုခု လုပ်လိုက်မှာကို မကြောက်ဘူးလား'

'ချောင်းသာမှာတုန်းက ပန်းရင့်မောင့်ကို ပေးခဲ့ဖူးတဲ့လက်ဆောင်တစ်ခုလေ။ မောင် မမှတ်မိတော့ဘူးလား။ ယုံကြည်မှုလေ။ မောင့်ကို ပန်းရင့် အပြည့်အဝ ယုံကြည်တယ်။ပန်းရင့်မကြောက်ပါဘူး'

ပန်းရင့်အပေါ် ထားရှိသော မောင့်သစ္စာတရားကလည်း ပန်းရင့်မောင့်ကို ပိုလေးစားတွယ်တာဖို့ ဖြစ်စေခဲ့ပါသည်။

ပန်းရင့်တို့နှစ်ယောက်ကြားမှာ တစ်ယောက်နဲ့တစ်ယောက် မယုံကြည်တာမရှိ။ နားမလည်တာမရှိ။ တစ်ယောက် ပျော်ရွှင်တိုင်း တစ်ယောက်က ဝေမျှသလို၊ တစ်ယောက်အားနည်းယိုင်နဲ့တိုင်း တစ်



ယောက်က ဖေးမပေးကြစမြဲ။ (တစ်ခါတစ်ခါ မောင် ပန်းရင့်ကို အနိုင်ယူ ဂျီကျတတ်တာကလွဲရင်ပေါ့လေ)

မှတ်မှတ်ရရ ပန်းရင့်တတိယနှစ်ဖြေအပြီး တနင်္ဂနွေတစ်ရက်မှာ ဖြစ်ပါသည်။ စာမေးပွဲတွင်းမို့ စာတွေကို နေ့မအိပ်၊ ညမအိပ်အသည်းအသန်ကျက်ထားရတာကြောင့် ပန်းရင့်အားနည်းနေခဲ့သည်။ အမှန်ဆိုရင်တော့ ပန်းရင့်အိမ်မှာပဲ နားနားနေနေ အိပ်နေခဲ့မှာပါ။ မောင်နဲ့ တွေ့ချင်တာ တစ်ခုထဲနှင့် ပန်းရင့် လာခဲ့ပါသည်။

မောင့်တိုက်ခန်းက သုံးထပ်မှာမို့ လှေကားမှာတင် ပန်းရင့် မူးနေခဲ့ပြီ။ မနည်းအားတင်းကာ မောင့်အခန်းသို့ရောက်အောင် အနိုင်နိုင်တက်လာခဲ့ရသည်။ မောင်က အခန်းတံခါးကို ဖွင့်ဖွင့်ချင်းပဲ ဆရာဝန်လောင်းပီသစွာ ပန်းရင့် နေမကောင်းလာတာကို သတိထားမိသွားပါသည်။

'ပန်းရင့် နေမကောင်းဘူးလား။ ဘယ်လိုဖြစ်လာတာလဲ'

'ခေါင်းအရမ်းမူးလာလို့ မောင်ရယ်၊ အိပ်ရေးပျက်တာတွေများလို့ ထင်ပါရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ခဏလောက်မှိန်းနေလိုက်ပါလား၊ ဆေးသောက်ပြီး နားလိုက်ရင် အမူးပြေသွားမှာပါ'

မောင့်တိုက်ခန်းကိုသာ ပန်းရင့် ရောက်နေကျပေမယ့် တစ်ကြိမ်တစ်ခါမှ မောင့်အိပ်ခန်း၊ မောင့်မလတ်အိပ်ခန်းထဲကို မဝင်ဖူးပါ။ တစ်မျိုးတစ်မည် အဓိပ္ပါယ်ဖြစ်စေမည့်၊ အကြောင်းအရာဖြစ်စေမည့် အရာအားလုံးကို ပန်းရင့်ရှောင်ပါ ရှောင်တတ်ကြပါသည်။

မောင်တို့တိုက်ခန်းသည် hall type မဟုတ်ဘဲ အိမ်တစ်လုံးအတိုင်း အခန်းဖွဲ့စည်းထားသော home type ဖြစ်ပါသည်။

'ရပါတယ်၊ ပန်းရင့် ခဏထိုင်နေလိုက်ရင် သက်သာသွားမှာပါ မောင်'

'ဘယ်ဟုတ်ပါ့မလဲ။ ထိုင်နေတော့ ပိုမူးတာပေါ့ ပန်းရင့်ရယ်။ အားမနာပါနဲ့၊ မလတ်အိပ်ရာမှာ ခဏအိပ်လိုက်နော်။ ပြီးတော့ အခန်းထဲက ဂျက်(ချက်)ချထားလိုက်၊ ပန်းရင့်နိုးလာရင် စားဖို့ အားရှိမယ့် အစားအစာတစ်ခုခု မောင် လုပ်ထားလိုက်မယ်။ ပန်းရင့် စိတ်ချလက်ချသာ အိပ်'



မောင်က ထိုသို့ပြောသောအခါ ပန်းရင့် ငြင်းလို့မကောင်းတော့ပေ။ အိမ်ကို အခုပြန်မယ်ဆိုရင်လည်း မောင့်သိက္ခာကို မယုံကြည်ရာကျဦးတော့မှာ။ မောင့်စိတ်က အကျအနကောက်လွယ်၊ ထိရှလွယ်တာကို ပန်းရင့် အသိဆုံး။

မောင်က ပန်းရင့်ကို မလတ်အခန်းထဲအထိ တယုတယတွဲပြီး လိုက်ပို့ပေးပါသည်။

'ဒီမှာနော်၊ အခန်းတံခါးကို အပြင်ကဖွင့်လို့ရတဲ့သော့။ ခုတင်ဘေးကစားပွဲပေါ်မှာ မောင် တင်ထားခဲ့တယ်။ အခန်းကို လော့ခ်လည်း ချပြီးသွားပြီ။ ပန်းရင့် စိတ်ချလက်ချသာအိပ်၊ စားဖို့ အဆင်သင့်ဖြစ်ရင် မောင် ပန်းရင့်ကို နှိုးလိုက်မယ်'

ပန်းရင့် အိပ်မပျော်ပါ။ မလတ်ခုတင်ဘေးစားပွဲပေါ်မှ ဓာတ်ပုံလေးတွေကသာ ပန်းရင့်ကို စိတ်ဝင်စားအောင် ဖမ်းစားထားလေသည်။ မောင်တို့မိသားစုရဲ့ ဓာတ်ပုံတွေ။ အထူးသဖြင့်တော့ မောင့်ဓာတ်ပုံတွေချည်းသာ။ အစ်မသုံးယောက်နဲ့ မောင့်ရဲ့ပုံ။ မောင့်မေမေနဲ့ မောင့်ရဲ့ပုံ။ ပြီးတော့ မောင်တစ်ယောက်တည်းပုံများစွာ။

www.burmeseclassic.com

www.burmeseclassic.com



မလတ်သည် မောင့်ကို တော်တော်ချစ်ပုံ ရပါသည်။ မောင်ပြောတာထက်တောင် ပိုပြီး ဂရုစိုက်၊ ပိုပြီးချစ်မယ့်ပုံ။ မောင် သိပ်ကိုကံကောင်းပါသည်။ အားလုံးက ဝိုင်းပြီး သည်းသည်းလှုပ်အချစ်ခံရတာ ချစ်သူရသည်အထိ။ ပန်းရင့်ကိုယ်တိုင်တောင် မောင့်မျက်နှာ တစ်ကမ္ဘာထင်ပြီး မောင့်ကို အရိပ်လိုကြည့် ချစ်နေရတာ။

ပန်းရင့် အိပ်မပျော်တာမို့ အခန်းအပြင်ဘက်မှာ မောင် လှုပ်ရှားနေသမျှကို တိတ်တဆိတ် နားစွင့်နေမိသည်။ မောင်က သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးညည်းရင်း တစ်ယောက်တည်း အလုပ်ရှုပ်နေပုံ ရပါသည်။ ပန်းရင့်အတွက် ပန်းရင့်နိုးလာရင်စားဖို့ တစ်ခုခုလုပ်နေမှာတော့ အသေအချာ။ မောင် ဘာတွေများ ချက်ပြုတ်ထားမှာပါလိမ့်။ ပန်းရင့် ရင်တော့အခုန်သား။

'.....'

ရုတ်တရက် မြည်လာခဲ့သော ဖုန်းသံ။

ပန်းရင့် အိပ်နေသော အိပ်ရာဘေးမှာလည်း ဖုန်းအဖြူလေးတစ်လုံး ရှိနေပါသည်။ အိမ်ရှေ့ည



ခန်းကဖုန်းကို မောင် ကိုင်လိုက်တော့မှ ဖုန်းမြည်သံ ရပ်သွားသည်။ ဘယ်ကဖုန်းပါလိမ့်။ ပန်းရင့်နဲ့တော့ မဆိုင်ပါ။ ပန်းရင့်သည် အိမ်ရှေ့မှ မောင့်အသံကို ဘာရယ်မဟုတ် ဆက်နားစွင့်နေမိပါသည်။

'ဟုတ်ကဲ့ မလတ်၊ ပြောပါ'

မလတ်တဲ့။

ပြည်ကိုပြန်သွားသော မောင့်မလတ်။ မောင့်ကို စိတ်မချလို့ လှမ်းပြီး အဆက်ဖမ်းတာ ထင်ပါရဲ့။

'ဟာ… မဟုတ်ပါဘူး၊ ဒီနေ့မှပြန်တာပါ။ out pass က ဒီအပတ်မှရတာ။ တကယ်ပါ မလတ်ရဲ့။ စာမေးပွဲတွေ အရမ်းနီးနေလို့ လုံးဝထွက်ခွင့်မရဘူး'

မောင် အပတ်တိုင်း စနေ၊ တနင်္ဂနွေ အပြင်ထွက်ခွင့်ရတာ ပန်းရင့် သိနေပါသည်။ စာမေးပွဲမနီးသေးတာလည်း ပန်းရင့် သိသည်။ မောင် ဘာလို့ လိမ်ညာနေရတာလဲ။ ဘာကိုကြောက်နေရလို့လဲ။

ပန်းရင့် ရင်ခုန်သံတွေ မြန်လာရပါသည်။

ပန်းရင့်နဲ့များ တစ်ခုခု ပတ်သက်နေသလား။

'သား တကယ်ပြောတာပါ မလတ်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



မယုံရင် ခွဲဟိန်းတို့ကို မေးကြည့်ပါလား။ အပြင်ထွက်ခွင့်တောင် မရတာ။ ဘယ်လိုလုပ်ပြီး အခန်းကို ပြန်ရမှာလဲ။ အဓိပ္ပာယ်ကိုမရှိတာ'

မောင်ဟာ အတိအလင်းကို လိမ်ညာနေတော့တာပါလား။

ဘယ်အတွက်ကြောင့် မောင် အဲဒီလောက်တောင် ခါးခါးသီးသီး ငြင်းဆန်နေရပါသလဲ။

'ခဏလေးကိုင်ထားဦး မလတ်။ မီးဖိုချောင်ထဲမှာ ရေနွေးအိုးဆူနေပြီ။ ခလုတ်သွားပိတ်လိုက်ဦးမယ်'

ရေနွေးအိုးဆူလိုက်ခြင်းက ယန်းရင့်အတွက် ကံကောင်းသွားပါသည်။ သူများမောင်နှမ၊ မိသားစုအကြောင်းအရာတွေကို စပ်စုချင်တာတော့ မဟုတ်ပါ။ သို့ပေမယ့် မောင် အကြောက်အကန် ငြင်းနေခြင်းသည် ဘာကြောင့်များလဲဆိုတာကိုတော့ ယန်းရင့်သိချင်လှပါသည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်လိပ်ပြာကို ကိုယ်လုံရင်ပြီးတာပဲဟု ခွတ်ဖြေသိမ့်ရင်း ယန်းရင့်က အိပ်ရာဘေးမှ ဖုန်းအဖြူလေးကို ကောက်ကိုင်လိုက်ပါသည်။



ကိုယ့်ဘက်က အသံမဝင်အောင် စကားပြောခွက်ကို လက်ဖြင့်ပိတ်ထားရင်း ယန်းရင့် ဆက်နားစွင့်နေဖြစ်ပါသည်။ ကိုယ့်သေမိန့်ကို စောင့်နေသော တရားခံတစ်ဦးလို ယန်းရင့် ခံစားနေရသည်။ သေရမယ်ဆိုတာ သိနေပေမယ့် ကြိုးပေးပဲခံရမလား၊ လျှပ်စစ်ထိုင်ခုံမှာပဲ ခလုတ်နှိပ်ပြီး စီရင်ခံရမှာလား၊ ဆေးထိုးပြီးတော့ပဲ စီရင်မှာလား။ ဘယ်လိုပဲဖြစ်ဖြစ် သေမိန့်ကတော့ ပြေးလွတ်မှာ မဟုတ်ပါ။

'ပြော··· ရပြီ'

ရေနွေးအိုးခလုတ် ပိတ်ပြီးသောအခါ မောင်က ဖုန်းကို ပြန်လာကိုင်ပါသည်။

'ဘာလဲ၊ လိမ်ဖို့ညာဖို့ သွားပြင်ဆင်တာလား'

'မဟုတ်ပါဘူး၊ တကယ် ရေနွေးအိုးဆူနေလို့ပါ။ မလတ် မယုံရင် လာကြည့်လို့ရပါတယ်'

'လာကြည့်လို့ရရင် အခုချက်ချင်း လာတာပေါ့။ အခုတလော မေမေ သိပ်နေမကောင်းတာနဲ့ ရုံးပိတ်ရက်တွေမှာ ပြည်ကိုပြန်ဖြစ်ပါတယ်။ နင်တစ်ယောက်တည်း လုပ်ချင်တာတွေ လုပ်နေတော့

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ဟုတ်တယ်မဟုတ်လား မောင်မောင်။ မလတ် အားလုံး သိပြီးပြီးနော်’

‘ဘာသိရမှာလဲ မလတ်ရယ်။ သားက ဘာတွေလုပ်လို့ မလတ်က ဘာတွေသိရမှာလဲ’

မောင်က သူ့ကိုယ်သူ ‘သား’ဟု နာမ်စားသုံးသောအခါ ပန်းရင့်နှုတ်ခမ်းလေး ပြုံးရုံမျှ ပြုံးသွားရလေသည်။ မောင့်ကို အားလုံးက ကလေးငယ်လေးတစ်ယောက်လိုပဲ သဘောထားမှန်း၊ မောင်ကလည်း အစ်မတွေနဲ့ဆိုရင် သူ့ကိုယ်သူ ကလေးပေါက်စလေးတစ်ယောက်လိုသာ သဘောထားသတ်မှတ်တုန်းဆိုတာကိုလည်း ထိုနာမ်စားက သက်သေပြနေသည်။ မောင့်ကိုတော့ ‘မောင်မောင်’ တဲ့။

‘ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆိုတာ၊ အဲဒီကောင်မလေးက တိုက်ခန်းကိုလိုက်လာတယ်ဆိုတာ၊ ပြီးတော့ အဲဒီကောင်မလေးရဲ့နာမည်ကိုပါ ပြောရဦးမလား မောင်မောင်’

‘မလတ်ပြောနေတာတွေကို သား တစ်ခုမှ နားမလည်ဘူး မလတ်’

‘ဘယ်လိုပြောမှနားလည်မှာလဲ မောင်မောင်၊



အခု အဲဒီကိစ္စတွေကို မေမေ့ကိုရော၊ မဦးတို့ကိုရော မလတ် မပြောရသေးဘူးနော်။ မလတ်တစ်ယောက်တည်း ဒီကိစ္စကို သိသေးတယ်။ အကျယ်အကျယ်မဖြစ်ခင်မှာ ဖြေရှင်းထားမှရမယ်နော် မောင်မောင်’

‘ဘာ အကျယ်အကျယ်ဖြစ်ရမှာလဲ။ ဘာမှမဖြစ်ဘူး။ ဘာမှလုပ်ထားတာလည်း မရှိဘူး။ ဘာကောင်မလေးမှလည်း မရှိဘူး။ မလတ်တို့ မသိဘဲ ဘာကိစ္စများ သား လုပ်ဖူးလို့လဲ’

မောင်ရယ်… ရက်စက်ပါပေ့။

ပန်းရင့်ဟာ မောင့်နှုတ်က ဖွင့်ဟဝန်ခံခြင်းကို မခံထိုက်တဲ့ ချစ်သူတစ်ယောက်လား။ အပျော်သက်သက် အဖော်တစ်ယောက်အနေနဲ့များ ပန်းရင့်ကို လက်တွဲခဲ့တာလား။ မောင့်အတွက် မရှိမဖြစ်လိုအပ်လှတဲ့ ချစ်သူဟာ ပန်းရင့်တစ်ယောက်တည်းလို့ မောင် ပြောခဲ့တာတွေသည်…။

မငိုပါဘဲနှင့် ပါးပြင်ပေါ်သို့ မျက်ရည်တို့က ပိုးပိုးပေါက်ပေါက် ကျလာသည်။ ခေါင်းမူးတာ၊ မမူးတာတွေသည် ဘယ်ဆီကို အဝေးဆုံးပြေးကြလေ

www.burmeseclassic.com

www.burmeseclassic.com



သည် မသိ။ ဖြစ်နိုင်ရင်တော့ ဒီအခန်းတံခါးကို မဖြတ်ကျော်ဘဲ မောင်နဲ့ မတွေ့ရဘဲ ပန်းရင့် ထွက်သွားချင်ပါသည်။ ဟိုး ကမ္ဘာကြီးအဆုံးထိလည်း ထွက်သွားလိုက်ချင်သည်။

အခုတော့ ကမ္ဘာကြီးအဆုံး မပြောနဲ့။ အခန်းထဲကတောင် ထွက်သွားခွင့်မရှိသေးဘဲ ကိုင်ထားမိသော ဖုန်းကို ချပစ်လိုက်ရန်လည်း မတတ်သာသေးဘဲ ပန်းရင့် နားစွင့်နေရလေသည်။

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ဘာ သက်သေအထောက်အထားမှ မရှိသေးတော့လည်း မင်းပြောသမျှကို လက်ခံရတော့မှာပေါ့ မောင်မောင်ရယ်။ ဒါပေမယ့် နောက်ဆုံးပြောမယ်နော်။ ဟုတ်နေခဲ့ရင်လည်း မဟုတ်အောင်လုပ်ထားပါ။ မဟုတ်သေးရင်လည်း ဆက်ပြီးဟုတ်မလာပါစေနဲ့'

မောင် ဘာမှပြန်မပြောနိုင်သေးခင် တစ်ဖက်မှ ဖုန်းကို ခွပ်ခနဲချသွားပါသည်။ မောင်က ဖုန်းကို တော်တော်နှင့် မချသေး။ ဒီအတိုင်း အကြာကြီးကိုင်ထားသေးလေသည်။ မောင် ဘာတွေစဉ်းစားနေတာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ချစ်သူကို ဝန်ခံရဲတဲ့



သတ္တိ မောင့်မှာ မရှိဘူးလား။ မောင့်အသက်အရွယ်ဟာ အိမ်ကမသိအောင် တိတ်တိတ်ကလေး ရည်းစားနိုးထားရမယ့်အရွယ်လည်း မဟုတ်တော့။ အရာရာကို သင့်၊ မသင့် ဝေဖန်ချင့်ချိန်စဉ်းစားနိုင်တဲ့ အရွယ်ဖြစ်နေခဲ့ပြီ။ ရည်းစားထားလို့ ဘဝနစ်မွန်းသွားနိုင်သည့် မြီးကောင်ပေါက် ဆယ်ကျော်သက်အရွယ်မိန်းကလေးတစ်ယောက်လည်း မဟုတ်ပါ။

ပန်းရင့် မောင့်မျက်နှာကို ဘယ်လိုအင်အားနှင့် ကြည့်ရမယ်၊ ပြုံးရမယ်ပင် မသိတော့ပါ။ ချက်ချင်း အသက်ရှုရပ်သွားလိုက်ချင်သည်။ ဘာကြောင့်များ မောင့်တိုက်ခန်းကို ပန်းရင့် လိုက်လာခဲ့မိပါလိမ့်။ တိုက်ခန်းကို ကောင်မလေးက လိုက်လာသတဲ့။ ဒီလိုအပြောခံရမယ်မှန်း ဟိုးအရင်ကတည်းက ပန်းရင့်ကြိုတင်စဉ်းစားထားသင့်ပါသည်။ ကာယကံရှင် နှစ်ယောက်စလုံး ကိုယ့်သိက္ခာ၊ ကိုယ့်အချစ်ကို တန်ဖိုးထားကြပေမယ့် ဘေးလူတွေကဘယ်လောက်တောင် အမြင်စောင်းနေခဲ့ကြပြီလဲ။

ဖုန်းချပြီးသွားတော့ အဝ်ကျသံပင် မကြားရတော့လောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သီချင်းတညည်းညည်းနှင့် အလုပ်ရှုပ်နေခဲ့တဲ့ မောင်။ အခုတော့ မောင့်အသက်ရှူသံကိုပင် ကြားနိုင်လောက်အောင် ငြိမ်သက်နေခဲ့ပြီ။

ပန်းရင့် ဘာမှမသိသလိုပုံစံနှင့် အခန်းအပြင်ကိုထွက်နိုင်အောင် တော်တော်ကြာကြာ ကြိုးစားရလေသည်။ ခါတိုင်းပြုံးနေကျ အပြုံးမျိုး မောင့်ကိုပြုံးပြနိုင်ဖို့၊ အိမ်အထိ ဟန်မပျက်ပြန်သွားနိုင်ဖို့၊ ဒီနေ့ကြားရတဲ့ကိစ္စတွေကို ပြန်စဉ်းစားနိုင်ဖို့ ပန်းရင့်အတွက် အလွန်ခက်ခဲနေပြန်ပါသည်။

'ပန်းရင့် နီးလာပြီလား၊ သက်သာသွားပြီလား'

တော်တော်ကြာပြီး ပန်းရင့် အခန်းထဲကထွက်လာတော့ မောင်က ဧည့်ခန်းမှာ တစ်ယောက်တည်း စိတ်ပျက်လက်ပျက် ထိုင်လို့။ ပန်းရင့်ကိုတွေ့တော့ ဘာမှမဖြစ်လေဟန်နှင့် အသက်မပါသော အပြုံးတစ်ခုကို ကြိုးစားပြီး ပြုံးပါသည်။

မောင် စိတ်မညစ်ပါနဲ့ကွယ်။ မောင်က ဖုံးကွယ်ထားချင်တဲ့ကိစ္စကို သိနိုင်ဖို့ ပန်းရင့် ဘယ်တော့မှ မကြိုးစားပါဘူး။ သိနေခဲ့တာတွေကိုလည်း ပြုံး



ပြုံးလေးနဲ့ပဲ မသိချင်ယောင်ဆောင်ပေးပါ့မယ်။

'သက်သာပါတယ်။ အိပ်ပျော်သွားလိုက်တာ ဘာမှကို မသိတော့ဘူး။ အခုမှနိုးသွားတာ။ မောင်ရော ဘာတွေလုပ်နေတာလဲ'

'မောင် ပန်းရင့်အတွက် ပူတင်းဖုတ်နေတာလေ။ ကျက်သွားတာ ကြာလှပြီ။ ပန်းရင့် အားရှိသွားအောင် စားလိုက်နော်'

'မောင်က ပူတင်းဖုတ်တတ်တယ်'

'အင်းပေါ့၊ အိမ်မှာဆိုရင် မောင့်တာဝန်က ပူတင်းဖုတ်ရတယ်။ မေမေနဲ့ မဦးက ရိုးရိုးကြက်ဥပူတင်းကို ကြိုက်တယ်။ မလတ်နဲ့မလေးက ငှက်ပျောသီးတို့ဘာတို့ အစုံထည့်တာ ကြိုက်တယ်။ ပန်းရင့်ကရော ဘယ်လိုပူတင်းမျိုးကို စားမှာလဲ'

'မောင်ကရော ဘာကြိုက်လဲ'

'မောင်က ရိုးရိုးကြက်ဥပူတင်း'

'ဒါဆို ပန်းရင့်လည်း မောင်နဲ့အတူတူပဲပေါ့'

မောင့်လက်ရာ ပူတင်းသည် တကယ်ကို အရသာရှိပါသည်။ သို့ပေမယ့် ပန်းရင့် အရသာခံနိုင်ပါ။ ရင်ထဲမှာ ခါးသက်သက်အရာတစ်ခု မျိုချ

www.burmeseclassic.com

www.burmeseclassic.com



ထားရသလို ခါးသီးနာကျင်၍နေသည်။

'မောင်က တစ်သက်လုံး ပန်းရင့်ကို ဒီလို ဂရုစိုက်ရင် သိပ်ကောင်းမှာပဲနော်'

မောင် ပန်းရင့်ကိုခွဲလက်စ ပူတင်းဖွန်းသည် လမ်းတစ်ဝက်မှာတင် ရပ်တန့်သွားပါသည်။ မောင့် မျက်ဝန်းထဲတွင် အမျိုးအမည်ခွဲခြားရခက်သော အရိပ် အယောင်တွေ ဖြတ်သွားသည်။ ပျော်ရွှင်ခြင်းတွေ မဟုတ်တာတော့ အလွန်ကို သေချာသည်။ မောင် လည်း နာကျင်ကြေကွဲနေခဲ့တယ်ပေါ့။

ဒါဆိုရင် တစ်သက်လုံး ပန်းရင့်ကို ပိုင်ဆိုင် ဖို့ မောင် မကြိုးစားတော့ဘူးပေါ့။ ပန်းရင့်က မောင့် ကို မခွဲနိုင်တော့ဘူးလို့ပြောရင် မောင် ဘာလုပ်မှာ ပါလိမ့်။ ဒါပေမယ့် မောင် စိတ်ညစ်မှာကိုတော့ ပန်းရင့် လုံးဝမလိုလားပါ။

'ဂရုစိုက်မှာပေါ့'

မောင့်အသံသည် မပွင့်တပွင့်။

ပန်းရင့် မသိချင်ယောင်ဆောင်နေလိုက်ပါ သည်။

နှစ်ယောက်သား ပြောစရာ စကားရှာမရဘဲ



တိတ်ဆိတ်နေမိကြပါသည်။ ချောင်းသာကမ်းခြေ၏ မီးပုံပွဲညတစ်ညကို ပန်းရင့် တမ်းတမ်းမက်မက် လွမ်းဆွတ်လာမိပြန်သည်။ တကယ်လို့များ ချောင်း သာခရီးကို ပန်းရင့်မလိုက်ခဲ့ရင်... မောင်နဲ့မဆုံခဲ့ ရင်... ပြီးတော့ မောင့်ကို မချစ်မိခဲ့ရင်...။

ကြမ်းကျွံရင် နုတ်လို့ရပေမယ့် စကားကျွံရင် တော့ နုတ်လို့မရပါတဲ့။ လူကြီးသူမတွေ ပြောဆို ဆုံးမလေ့ရှိသော စကားတစ်ခုပါ။ နှလုံးသားကျွံရင် ကောလို့ ပန်းရင့်က မေးချင်ပါသေးသည်။ နှလုံးသား ကျွံခဲ့ရင်တော့ လူစင်စစ်ကနေ ကျောက်ရုပ်ဖြစ်သွား မည် ထင်ပါသည်။ အသည်းနှလုံးမရှိတော့တဲ့ ကျောက်ရုပ်ပေါ့။ မောင်ရေ ပန်းရင့် ကျောက်ရုပ် တော့ မဖြစ်ချင်ပါဘူးကွယ်။

မောင့်အချစ်တွေနဲ့ အသက်ရှင်နေတဲ့ ချစ်သူ တစ်ယောက်သာ ဖြစ်ချင်ပါရဲ့။

'ဟုတ်နေခဲ့ရင်လည်း မဟုတ်အောင် လုပ် ထားပါ။ မဟုတ်သေးရင်လည်း ဆက်ပြီး ဟုတ် လာပါစေနဲ့' တဲ့။ ဒါဆိုရင် မဟုတ်အောင် မောင် လုပ်တော့မှာလား။

www.burmeseclassic.com

www.burmeseclassic.com



အခုမှ ပန်းရင့် တကယ့်ကို သေမိန့်ကျတာ ဖြစ်သည်။

❖ ❖ ❖

၄

၄။

ပန်းရင့် မနက်အစောကြီးကတည်းက မနား တမ်း လှုပ်ရှားနေရတာမို့ အတော်ပင်ပန်းလှပါပြီ။ ကိုလေးမေမေ မေမေနု ရောက်လာတာမို့ မေမေနု သွားလိုသည့်နေရာမှန်သမျှကို ပန်းရင့် ဒိုင်ခံပို့ပေး ရလေသည်။ ကိုလေး မြန်မြန်နေကောင်းအောင် ဘုရားစုံမှာလိုက်ပြီး ယတြာချေသတဲ့။ မနက်ရှစ်နာရီ မထိုးခင်မှာ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင် ဘုရား သုံးဆူမှာ ကိုလေးအတွက် ငှက်သက်စေ့လွှတ်၊ ငါး သက်စေ့လွှတ်၊ ပန်း၊ ဆီမီး၊ ရေချမ်းသက်စေ့လှူရ မယ်ဆိုတာကြောင့် ပန်းရင့်နှင့် မေမေနုသည် အပြေး အလွှား အချိန်မီအောင် လုပ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညတုန်းက အတွေးတွေများကာ ပန်းရင့်တော်တော်နှင့် အိပ်မပျော်ပါ။ မနက်မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သည်။ အိပ်မောကျရုံ ရှိသေးရဲ့။ နိုးစက်နာရီက သူ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေခဲ့ပြီ။ ထို့ကြောင့် ပန်းရင့်လည်း အိပ်ရာက မထမဖြစ် ထရပါတော့သည်။

ရွှေတိဂုံဘုရားကိုရောက်တော့ ဟိုအရင်မောင်နှင့်အတူ ရောက်ခဲ့တာတွေသည် ပန်းရင့်နှလုံးသားထဲကို မှန်တိုင်းတစ်ခုလို မွှေနှောက်ပြန်သည်။ မောင့်ဖိနပ်ကို ပန်းရင့်က တယုတယကိုင်ပေးခဲ့တာ။ မောင်ကလည်း ပန်းရင့်နေပူမှာကိုစိုးပြီး ထီးမိုးပေးခဲ့တာ။ မွေးနံ့ထောင့်တွေမှာ ရေသက်ဓော့ ပူဇော်သပ္ပာယ်တော့လည်း မောင့်အတွက် ပန်းရင့်က ပူဇော်ပေးပြီး ပန်းရင့်အတွက် မောင်က ပူဇော်ပေးခဲ့ပါသည်။

အခုတော့လည်း ပန်းရင့်က ဟိုတုန်းကနှင့်ခြားနားလွန်းသော ရည်ရွယ်ချက်တစ်ခုနှင့် ရောက်ခဲ့ရပြန်တာ။ အဲဒီတုန်းကတော့ ဒီလိုရောက်လိမ့်မယ်ဆိုတာ ယောင်လို့မှပင် မတွေးမိခဲ့။ ကံကြမ္မာဆိုတာ



ကြိုတင်ဇာတ်တိုက်မထားဘဲ ချက်ချင်းထပြီး ကပေးရတဲ့ ပွဲစင်တစ်ခုလိုပင်။ ဒါပေမယ့် အရာရာကို ခံနိုင်ရည်ရှိအောင်လည်း ပန်းရင့်က ကြိုးစားထားခဲ့ပြီးဖြစ်ပါသည်။

ဆေးရုံရှေ့ ကားရပ်သည့်နေရာမှာ ကားကိုရပ်တော့ ထုံးစံအတိုင်း ဆူပါစလွန်းနက်ပြာကလေးက ရောက်နှင့်နေခဲ့ပြီ။ ကားလည်း ပြန်ကောင်းသွားပြီ ထင်ပါရဲ့။ မလတ်က သူ့အမျိုးသားကို တော်တော်ကို ဂရုစိုက်သည်။

'ကမ္ဘာအေးနဲ့ မင်္ဂလာဒုံ တော်တော်ဝေးတာသမီး နေ့တိုင်း ဒီခရီးကိုလာနေရတော့ ပင်ပန်းမှာပဲ။ မမေနုတို့တော့ သမီးကို အလုပ်ရှုပ်ရာကျနေပြီထင်တယ်။ သမီးမှာ ကျောင်းတစ်ဖက် အလုပ်တစ်ဖက်နဲ့ အခု ဆေးရုံကိုပါ လာနေရတယ်ဆိုတော့ အားနာလှပါပြီ'

'သမီးကို ဘာမှအားနာစရာ မလိုပါဘူး မမေနုရယ်။ သမီးက မမေနုရဲ့သမီးပဲ။ မဟုတ်ဘူးလား'

ဓာတ်လှေကားထဲမှအထွက်တွင် ဦးဟိန်းနှင့်

www.burmeseclassic.com



ဆုံပါသည်။

'ပန်းရင့်နှင်းဆီ ဒီနေ့ စောနေပါလား'

'ဟုတ်တယ်။ ကိုလေးရဲ့မေမေ ရောက်လာလို့လေ၊ မေမေနဲ့ ဒါသမီးရဲ့သူငယ်ချင်းပါ၊ ယောက်မဆာဂျင်ဆင်းနေတာ၊ ဇွဲဟိန်းတဲ့။ ဇွဲဟိန်း… ကိုလေးရဲ့မေမေလေ'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် အန်တီ။ ကျွန်တော်နဲ့ ကိုအုပ်စိုးထိုက်နဲ့လည်း ရင်းနှီးပါတယ်'

'ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်။ အန်တီကလည်း ဟိုးအဝေးမှာဆိုတော့ ကိုယ့်သားကို ကိုယ်လာပြီး မပြုစုရဘူး။ သမီးလေးတို့ရှိနေလို့သာ တော်သေးတာ'

ဇွဲဟိန်းသည် ပန်းရင့်ကို တစ်ခုခု ပြောချင်ပုံရပါရဲ့။ သို့ပေမယ့် မေမေနရှိနေတာကြောင့် ဘာစကားမှ မဆိုဖြစ်တော့ပါ။ အလုပ်ကိစ္စရှိသေးလို့ ဆိုကာ ဇွဲဟိန်းက နှုတ်ဆက်သွားပြီး ပန်းရင့်တို့လည်း လူနာခန်းတွေဘက် ဆက်လျှောက်လာခဲ့ကြပါသည်။



'သမီးတို့ မင်္ဂလာပွဲကိစ္စလည်း ဒီကိစ္စဖြစ်သွားတာနဲ့ နှောင့်နှေးသွားရပြီပေါ့ကွယ်။ မေမေနကဖြင့် အားလုံးနီးပါး စီစဉ်ထားပြီးပြီ။ သမီးလည်း သတို့သမီး မလုပ်ရသေးဘဲ စပွာယ်ရှယ်နာ့စ် လုပ်နေရတာပေါ့'

မင်္ဂလာပွဲ နှောင့်နှေးသွားတာသည် ပန်းရင့်အတွက်တော့ သိပ် ထိခိုက်ခံစားရတာမျိုးကြီးတော့ မဟုတ်ပေ။ ပန်းရင့်အတွက် နက်နက်ရှိုင်းရှိုင်းထိခိုက်ခံစားရတာသည် မောင်နှင့် ဘယ်လိုမှ မချော်လင့်ဘဲ ပြန်ဆုံခဲ့ရခြင်းသာ။ မောင့်ကိုချစ်သော အချစ်တို့ကို ရင်ထဲတွင် အလုံခြုံဆုံး သိမ်းဆည်းထားနိုင်ခဲ့ပြီလို့ ထင်မှတ်ထားသမျှ မောင်နဲ့ပြန်တွေ့မှပင် အချစ်တွေ သိမ်းထားလို့မရနိုင်လောက်အောင် ရင်ထဲတွင် များပြားပြည့်ကျပ်နေခဲ့မှန်း ကိုယ့်ကိုယ်ကို သတိပြုမိခဲ့ရလေသည်။

လက်ရှိအခြေအနေကိုသာ ရင်ထဲတွင်အတန်တန် သတိပေးလျက် ကိုလေးတစ်ယောက်တည်းသာ ပန်းရင့် ရင်ထဲမှာ နေရာအပြည့်ထားဖို့ ပန်းရင့် ကြိုးပမ်းနေဆဲ။ သို့ပေမယ့် ကိုလေးနှင့်မောင်သည်

www.burmeseclassic.com

www.burmeseclassic.com



ပန်းရင့်ရင်ထဲတွင် အနေအထားတစ်မျိုးစီနှင့် ကိုယ်စီ နေရာယူထားကြပါရဲ့။ မောင်ကတော့ နေရာအပြည့် ကျယ်ပြန့်လှစွာ။ ကိုလေးကတော့ သိုသိုသိပ်သိပ်။ တကယ် ပန်းရင့်ဘဝကို ပိုင်ဆိုင်မည့်သူကိုသာ ပန်း ရင့်က ရင်ထဲမှာ အပြည့်ထားချင်ပါသည်။

အခုတော့ ခွင့်လွှတ်ပါ ကိုလေးရယ်။ တဖြည်းဖြည်းနဲ့တော့ ကိုလေးကို ရင်ထဲမှာ နေရာ အပြည့်ထားနိုင်ဖို့ ပန်းရင့် ကြိုးစားဆဲပါ။ ပန်းရင့် သည် ယခုလက်ရှိ ပစ္စုပ္ပန်၏ ပန်းရင့်နှင်းဆီသာ ဖြစ်ရမည်။ အတိတ်၏ ပန်းရင့်နှင်းဆီ မဖြစ်စေရ။

'မေမေနဲ့ ရောက်မယ်ဆိုတာ ကိုလေး မသိ သေးဘူးနော်။ သမီးတို့ ကိုလေးကို အံ့ဩသွားအောင် လုပ်ရအောင် မေမေနဲ့'

ပန်းရင့်အကြံကို မေမေနှ လက်ခံပါသည်။

မေမေနှက ချက်ချင်း ပန်းရင့်နှင့်အတူ ကိုလေးအခန်းထဲ လိုက်မဝင်သေးဘဲ အခန်းပြင်တွင် ကျန်ရစ်လေသည်။

'ပန်းရင့် ဒီနေ့ တယ်စောပါလား။ ဘာတွေ များ ဝီရိယကောင်းလာတာလဲ'



ကိုလေးက လှမ်းမေးသောအခါ အခန်းတံ ရောက်နေပြီဖြစ်သော မလေတ်ကပါ လှမ်းကြည့်ပြီး ပန်းရင့်ကို အပြုံးနှင့် နှုတ်ဆက်ပါသည်။ ပန်းရင့် မလတ်ကို ပြန်ပြုံးပြလိုက်ရင်း တစ်ဆက်တည်း ကိုလေးကို-

'ပန်းရင့် အရေးတကြီး ခရီးထွက်စရာရှိလို့ ကိုလေး။ အဲဒါ နောက်ရက်တွေကျရင် ပန်းရင့် လာ နိုင်တော့မှာ မဟုတ်ဘူး'

ကိုလေး မပြုံးနိုင်တော့ပါ။ မနက်စောစော ၏ လတ်လတ်ဆတ်ဆတ် အပြုံးလေး နွမ်းသွားပါ သည်။ ကိုလေး ပန်းရင့်ကို သိပ်ချစ်တာ ပန်းရင့် အသိဆုံးပါ။ လူတစ်ယောက်အတွက် မရှိမဖြစ် (essential) သည် ပန်းရင့် ဖြစ်နေခဲ့ပြီလား။ ပန်းရင့် အတွက် မရှိမဖြစ်လည်း ရှိခဲ့ဖူးပါသည်။ သူ မရှိရင် အသက်ဆက်ပြီး မရှင်ချင်တော့လောက်အောင် ဖြစ် ခဲ့ဖူးသည်။ အခု ကိုလေးကိုလည်း အဲဒီလို မဖြစ် စေချင်ပါ။

'အလုပ်ကိစ္စလား၊ ဘယ်လောက်တောင် ကြာမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ ခန့်မှန်းလို့ မရသေးဘူး ကိုလေးရဲ့။ ကြာတော့ကြာမယ် ထင်တယ်။ ပန်းရင့်သွားနေတဲ့အခိုက်မှာ ကိုလေး အဆင်ပြေအောင် ပန်းရင့်စီစဉ်ထားခဲ့ပေးပါတယ်'

'ကိုယ့်အတွက် ဘာမှအမလိုပါဘူး ပန်းရင့်ရယ်။ ပန်းရင့် ကိုယ့်အနားမှာရှိရင် ကိုယ်အားရှိတာသက်သက်ပါပဲ။ တခြားပြုစုဖို့ အကူအညီက စိုးဝင်းရှိနေသားပဲ။ အဆင်ပြေပါတယ်။ ဘယ်သူ့ကိုမှ အကူအညီတောင်းစရာ မလိုပါဘူး'

'အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ ကိုလေးရဲ့။ ကိုလေးကို သူစိမ်းတစ်ယောက်ယောက်နဲ့ ထားခဲ့ဖို့တော့ စိတ်မချပါဘူး'

မေမေနုကိုတွေ့တော့ ကိုလေး အံ့အားသင့်ပြီး ဝမ်းသာနေပါသည်။ သို့ပေမယ့် ပန်းရင့် ခရီးသွားမည့်ကိစ္စကို တကယ်ထင်နေတာကြောင့်ကိုလေးမှာ ပြည့်ပြည့်ဝဝ မပျော်နိုင်ရှာပေ။ ပန်းရင့် မောင့်အပေါ် ထားခဲ့ဖူးသော အချစ်မျိုး ပန်းရင့်အပေါ်မှာကိုလေး ထားနေပြီဆိုတာ သိလာလေလေ ပန်းရင့်ရင်ထဲ နင့်လာလေလေ။ အဲဒီလို အချစ်မျိုးက သိပ်



ကို ခံစားရခက်ပါတယ် ကိုလေးရယ်။

ကိုယ့်မျှော်လင့်ချက်တွေအားလုံးကို လူတစ်ယောက်အပေါ်မှာပဲ ပုံထားခဲ့ဖူးတယ်။ မျှော်လင့်တဲ့အတိုင်း ဖြစ်မလာတဲ့အခါ ခံစားရတဲ့သူဟာ မျှော်လင့်မိသူတစ်ယောက်တည်းသာ။

'ပန်းရင့်က ဘယ်ကိုသွားရမှာလဲ'

'ဘယ်ကိုမှ မသွားရပါဘူး သားရဲ့။ သားကို တမင်သက်သက် စနေတာပါ'

မေမေနုကပြောတော့ ကိုလေးက 'ဟုတ်လား' ဟု အဓိပ္ပာယ်ပါသော မျက်လုံးအကြည့်တွေနှင့် ပန်းရင့်ကို လှမ်းကြည့်မေးလေသည်။ ပန်းရင့်က မပွင့်တပွင့် ပြုံးပြုံးပြရင်း ခေါင်းညိတ်ပြလိုက်ပါသည်။

'ကိုလေးက တကယ်ယုံသွားတယ်ပေါ့။ မျက်နှာကြီးကို ညိုသွားတာပဲ'

'ညည်းလေးက သူများမျက်နှာညိုတာကိုလည်း သိပ်ဝမ်းသာနေတယ်ပေါ့'

'မဟုတ်ပါဘူး။ ကိုလေးက ယုံနေတာ[illegible]တစ်ခုခုကို လေးလေးနက်နက် တွေးတော

www.burmeseclassic.com

www.burmeseclassic.com



သလို ကိုလေး ငြိမ်သက်သွားခဲ့ပါသည်။ မေမေနု သည်လည်း ပန်းရင့်တို့နှစ်ယောက်ကြားက စကား အဓိပ္ပာယ်ကို ဘာမှ မစပ်စုမပြောဘဲ ငြိမ်သက်နေ ပေးလေသည်။

ကိုလေးက ပင့်သက်ရှိုက်လိုက်ရင်း-

'ယုံတာပေါ့၊ ကိုယ်က ပန်းရင့်ကို သိပ်ချစ် တယ်လေ။ ချစ်ပြီဆိုရင် ယုံတာပဲ။ အချစ်ရဲ့နောက် မှာ အပြည့်အ၀ ယုံကြည်ခြင်းဆိုတာ အမြဲပါလာလေ့ ရှိတယ်'

ကိုလေး၏စကားက ပန်းရင့်အတွက် တကယ့်ကို ငိုချင်ရက်လက်တို့ ဖြစ်သွားစေပါသည်။

မယုံပါနဲ့ ကိုလေးရယ်။ အဲဒီအချစ်ရဲ့နောက် က ယုံကြည်ခြင်းတွေဟာ ကိုယ့်သေတွင်းကို ကိုယ် တူးမိသလိုပါပဲ။ ယုံကြည်မှုတွေ များလာလေလေ အဲဒီယုံကြည်မှုတွေ အလွယ်တကူနဲ့ ပျက်စီးပျောက် ဆုံးလာနိုင်လေလေပါ။ အချစ်ကြောင့် ခံစားရတာ ထက် ယုံကြည်မှုကြောင့်လည်း ခံစားရလေရဲ့။

ကိုလေးကို ပန်းရင့် ဘာမှမပြောနိုင်တော့ပါ။

အဲဒီနေ့က ကိုလေးဆီမှာရှိနေသည့် တစ်



လျှောက်လုံး ပန်းရင့်ရင်ထဲ နင့်၍နေသည်။ ပန်းရင့် ကိုလေးကို မျှတပါရဲ့လား။ အခုချိန်ထိ လည်ပင်းမှာ တမြတ်တနိုး ဆွဲထားဆဲဖြစ်သော ကြယ်သီးလေး တစ်လုံးဟာ ကိုလေးအတွက် မတရားရာများ ကျနေ ခဲ့ပြီလား။ ကိုယ့်ရင်ထဲက အချစ်တွေသည် အခုချိန် အထိ ကိုလေးအတွက် သီးသန့်မဟုတ်ခဲ့ဘူးဆိုတာ ကိုလေး သိနေခဲ့ရင်·····။

ခွင့်လွှတ်ပါ ကိုလေးရယ်။

ကိုလေးရဲ့ ယုံကြည်မှုတွေဟာ ပန်းရင့်နဲ့ အပြည့်အ၀ မထိုက်တန်လှဘူး ထင်ပါရဲ့။

❖ ❖ ❖

ဘာလိုလိုနှင့် ကိုလေး ဆေးရုံတက်ရတာ တစ်လနီးပါး ရှိလာခဲ့ပါပြီ။ မေမေနုကတော့ တစ် ပတ်လောက်သာ ကိုလေးဆီကို လာနိုင်ပါသည်။ မေမေနုမှာ ကိစ္စတွေ၊ တာဝန်တွေ တပုံတပင်နှင့်မို့ ရန်ကုန်မှာ ကြာကြာမနေနိုင်ပါ။ မေမေနုရှိနေသည့် ရက်များမှာလည်း မေမေနုနှင့်အတူ ပန်းရင့် ကိုလေး ဆီ ရောက်တာပင်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုးငယ်ငယ်လေးကတည်းက ကိုယ့်အမေရင်းချာနှယ် ချစ်လာ၊ ရင်းနှီးလာခဲ့တာမို့ ပန်းရင့်နှင့် မေမေနု၏ဆက်ဆံရေးသည် ချွေးမနှင့်ယောက္ခမ ဆက်ဆံရေးထက်၊ သားအမိနှစ်ယောက် ဆက်ဆံရေးနှင့်သာ ပိုတူနေလေသည်။ မေမေနုကို အားလုံးက ကိုလေးရဲ့မေမေလို့ မထင်ဘဲ ပန်းရင့်ရဲ့မေမေလို့သာ ထင်ကြသည်။ ယောက္ခမလောင်းဆိုတာ သိသူတွေကတောင် အံ့ဩစကားဆိုကြစမြဲ။ မျက်ချယ်တောင် ပန်းရင့်အိမ်ကို မေမေနုရောက်နေစဉ်ရက်တွေမှာ ရောက်လာခဲ့ပါသေးသည်။ ကိုလေးနှင့်သာ ခင်ပေမယ့် မေမေနုနဲ့တော့ မျက်ချယ် တစ်ခါမှ မဆုံဖူးပေ။ မျက်ချယ် ခဏရောက်လာစဉ်မှာပဲ မေမေနုနှင့် စကားပြောရင်း အတော်ရင်းနှီးသွားခဲ့ပါသည်။

ကိုလေးရော၊ မေမေနုတင် မကသေးပါ။ ကိုလေးတို့ တစ်မိသားစုလုံးသည် အင်မတန်မှ ချစ်ခင်တတ်ပြီး စိတ်သဘောထား နူးညံ့ကြပါသည်။ ချမ်းသာလို့၊ ဆင်းရဲလို့ဆိုပြီးတော့ ဘယ်သူ့ကိုမှ ခွဲခြားဆက်ဆံတဲ့စိတ်မျိုး မရှိပေ။ အားလုံးကို တန်းတူဆက်ဆံမြဲ။ ကိုယ့်စိတ်ခံစားမှု၊ ကိုယ့်ဆန္ဒထက် သူ



တစ်ပါးခံစားမှု၊ သူတစ်ပါးဆန္ဒကို ဦးစားပေးလေ့လည်း ရှိပါသည်။ အဲဒီလိုစိတ်သဘောထားလေးတွေကြောင့်သာ ကိုလေးကို ပန်းရင့် ပိုပြီးတွယ်တာခဲ့ရတာလည်း ဖြစ်သည်။

'မေမေနုက သိပ်သဘောကောင်းတာပဲနော်။ ရှင် သိပ်ပြီးကံကောင်းတယ် သိလား ပန်းရင့်။ တံခွန်နဲ့လွဲရတာ ရှင့်အတွက် ကံကောင်းတယ်လို့ပဲ မှတ်ထားလိုက်တော့။ တံခွန့်အမေဆိုရင် ရှင့်ကို ဒီလောက်ချစ်မှာ မဟုတ်ဘူး'

'အမေချစ်ဖို့မှ မလိုဘဲ ပန်းရင့်ရယ်။ ကာယကံရှင်ချစ်သူနှစ်ယောက်ပဲ လိုအပ်ပါတယ်။ အခုကိစ္စမှာ သူကိုယ်တိုင် ကျူပ်ဘက်မှာ မရှိခဲ့တာပါ'

'အခု သူ့မလတ်နဲ့ ရှင် ရင်းနှီးနေပြီလား'

'ဆိုပါတော့၊ ဒါပေမယ့် မလတ်ကလည်း ကျူပ်ကို အားနာနေပုံရတယ်။ ကိုလေး ဘာမှသိမထားဘူးလို့ ထင်ထားလို့လည်း တော်ပါသေးတယ်။ မဟုတ်ရင်တော့ ကျူပ် ပိုပြီးအနေခက်နေရမှာ'

'တံခွန်နဲ့ ပတ်သက်ပြီးရော စကားပြောလေးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း'

'ရှင်မို့လို့ ဒီလောက်ရင်းရင်းနှီးနှီး ဘာမှမဖြစ်သလို နေတတ်တာပါ ပန်းရင့်ရယ်။ ကျုပ်ဆိုရင်တော့ ဆက်ဆံနိုင်မှာ မဟုတ်ဘူး'

'ပြီးခဲ့တာတွေလည်း ပြီးသွားပါပြီ မျက်ချယ်ရယ်။ အဟောင်းတွေကို အသစ်မဖြစ်ချင်တော့ပါဘူး'

မျက်ချယ်က ပန်းရင့်မျက်ဝန်းတွေထဲကို တရားခံစစ်သလို မလွှတ်တမ်း စူးစူးစိုက်စိုက် ကြည့်ကာ-

'ရှင် ကျုပ်ကို ကတိတစ်ခုပေးစမ်း ပန်းရင့်'

'ဘာကတိလဲ၊ ကျုပ်ကို တရားခံကြည့်သလို မကြည့်စမ်းပါနဲ့'

'တံခွန်နဲ့ လုံးဝကို ပြန်မပတ်သက်ပါဘူးဆိုတဲ့ ကတိပေါ့'

'ရှင် ကျုပ်ကို မယုံဘူးလား မျက်ချယ်။ ဒါဟာ ကတိမရှိလည်း ပြောစရာကိုမလိုတဲ့ ကိစ္စမျိုးပါ။ ကတိဆိုတာကြီးနဲ့ ချည်နှောင်မထားလည်း တခြားချည်နှောင်ထားတဲ့ အရာတွေ အများကြီးရှိပါ



တယ်။ ဥပမာ သံယောဇဉ်ပေါ့'

'ချည်နှောင်ထားတဲ့အရာအားလုံးကို ဖြတ်တောက်ပစ်နိုင်တဲ့ သိပ်ကိုထက်တဲ့ ဓားတစ်ချောင်းရှိတယ်ဆိုတာကိုလည်း ရှင် မမေ့နဲ့ဦး ပန်းရင့်'

'ဘာ ဓားလဲ'

မျက်ချယ်က ပညာရှိကြီးတစ်ယောက် ပုံစံနှင့်-

'အချစ်ပေါ့ ပန်းရင့်ရယ်၊ အချစ်ဆိုတဲ့ ဓားတစ်လက်ပေါ့။ လူတစ်ယောက်ဆီမှာ အချစ်ဆိုတဲ့ ဓားတစ်လက်ရှိသွားရင် တခြား ဘာကိုမှ ဂရုမစိုက်တော့ဘူး။ ဘာနဲ့မှ ချည်နှောင်ထားလို့ မရတော့ဘူး။ ကျုပ်က ရှင့်ကိုစိုးရိမ်တာ ရှင့်ဆီကို အဲဒီဓား ရောက်လာမှာကိုပဲ'

ပန်းရင့် မျက်ချယ်ကို ဘာမှပြန်မပြောနိုင်တော့ပါ။

မျက်ချယ်ပြောသော ဓားတစ်လက်ကို ဟိုးအရင်ကတည်းက ပန်းရင့် ပိုင်ဆိုင်ခဲ့ဖူးပြီးသားပါ။ အရာအားလုံးကို ရင်ဆိုင်ဖို့လည်း ပန်းရင့် ကြိုးစားခဲ့ဖူးပါသည်။ ထိုဓားသည် ပန်းရင့်နှလုံးသားကို သွေး

www.burmeseclassic.com

www.burmeseclassic.com



ရှုံးသွေးတမ်းဖြစ်အောင် တစ်ဆုံးထိုးခဲ့သေးရဲ့။ ပန်းရင့်မှာတော့ ရင်ထဲမှာ တစ်ဆုံးနစ်ဝင်နေခဲ့သော ထိုဓားကို နှုတ်ယူနိုင်ခြင်းလည်း မစွမ်းခဲ့ပါ။

'မေမေနုတို့ ကိုလေးတို့ရဲ့ သဘောထားကို ကျုပ်ပိုပြီး နားလည်လာလို့ပါ ပန်းရင့်ရယ်။ ရှင့်အပေါ် သူတို့လောက် ကောင်းနိုင်တဲ့သူ ရှိနိုင်မှာ မဟုတ်တော့ဘူး။ ရှင့်ဆုံးဖြတ်ချက်တွေ မှားယွင်းသွားမှာစိုးလို့ပါ။ ရှင် စိတ်ဆိုးသွားလား ပန်းရင့်'

'စိတ်တော့မဆိုးပါဘူး။ ဒါပေမယ့် စိတ်မကောင်းဘူး။ ကျုပ်ကို သိပ်နားလည်ပါတယ်ဆိုတဲ့ ကျုပ်ရဲ့ အချစ်ဆုံးသူငယ်ချင်း ရှင်တောင် ကျုပ်ကို နားမလည်ဘူး'

'ဟယ်… အဲဒီလို မဟုတ်ပါဘူး ပန်းရင့်ရယ်။ ရှင် တစ်မျိုးမထင်ပါနဲ့။ ရှင့်ကို နားမလည်တာ မဟုတ်ပါဘူး။ နားလည်လွန်းလို့ပါ။ ဒီကိစ္စမှာလည်း ရှင် ဘယ်လောက်ခံစားခဲ့ရတယ်ဆိုတာ ကျုပ်အသိဆုံးဝါပဲ။ ကျုပ်တာဝန်လည်း မကင်းခဲ့ဘူးလေ။ ကျုပ်က တံခွန့်အတွက် အောင်သွယ်ကောင်းကြီး လုပ်ခဲ့သေးတာ။ ရှင်တို့ ဒီလိုဖြစ်ကြတာ ကျုပ်လည်း



မပျော်ခဲ့ပါဘူး ပန်းရင့်ရယ်'

ပြောရင်းနှင့် မျက်ချယ် မျက်ရည်ဝဲလာပါသည်။ ပန်းရင့်လည်း မျက်ရည်ဝဲလာတာကြောင့် မငိုမိအောင် ကြိုးစားထိန်းချုပ်ထားရလေသည်။ မျက်ချယ် ပန်းရင့်ကို သိပ်ချစ်တာ ပန်းရင့် သိပါသည်။ အခု ဘာအတွက်ကြောင့် ပန်းရင့်ကို မျက်ချယ်ပြောနေရသလဲဆိုတာကို ပန်းရင့် သိသည်။

ဘေးလူတွေတောင် သတိပေးစကားဆိုရသည်အထိ ပန်းရင့်သည် အတိတ်ကို ပစ္စုပ္ပန်အထိ သယ်ဆောင် ဇာတ်လမ်းဆက်ချင်သူ ဖြစ်နေခဲ့ပြီလား။ ကိုလေးအပေါ် သစ္စာမဲ့ရာကျနေခဲ့ပြီလား။

ပန်းရင့် ကိုယ့်ရင်ထဲက စကားတွေကိုတောင် နားမလည်နိုင်တော့ပါ။

'ရှင့်မျက်လုံးတွေကို ကြည့်တာနဲ့ ရှင့်ရင်ထဲက ဘယ်လိုခံစားနေရမယ်ဆိုတာ ကျုပ်နားလည်တယ်။ နားလည်လို့လည်း ကျုပ်က ရှင့်ကို သတိပေးနေရတာပါ။ ရှင် နောက်ထပ် တစ်ခုခု မှားယွင်းဆုံးဖြတ်မိမှာမျိုးကို ကျုပ် မတိုက်တွန်းချင်တော့ဘူး။ ပျော်စရာတွေဖြစ်လာမှာ မဟုတ်ဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



'မောင်နဲ့ ပတ်သက်လို့ပေါ့ ဟုတ်လား'

မျက်ချယ် မသက်မသာနှင့် ခေါင်းညိတ်ခဲ့ပါသည်။

တစ်ခုခုကိုများ မျက်ချယ် သိနေခဲ့လို့လား။

'ရှင် ဘာတွေသိထားလို့လဲ မျက်ချယ်'

'ဟင့်အင်း… ဘာမှ မသိပါဘူး။ ဒါပေမယ့် ဘယ်ကိစ္စမဆို ဖြစ်မလာခင် ကြိုတင်တားဆီးထားတာ အကောင်းဆုံးပဲမဟုတ်လား။ ရှင် နားလည်မှာပါ ပန်းရင့်ရယ်'

မောင်ကများ ပန်းရင့်ကို ပြန်ပြီးတောင်းပန်လာခဲ့ရင်။

အဲဒီ အခိုက်အတန့်မှာ မျက်ချယ်က ရည်ရွယ်ပြီး ပြောလေသလား။ တကယ်လို့ဆိုတာ ရှိလာခဲ့ရင် ပန်းရင့် ဘယ်လိုများ တုံ့ပြန်ရမှာပါလိမ့်။ ဟိုအရင် ခွဲခဲ့ရတုန်းက ပန်းရင့်အတွက် ခွဲခွာဖို့ဆိုသည့် အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်ခဲ့ဘဲ ရုတ်တရက်ကြီး ခွဲခွာစေခဲ့တာ။ 'မချစ်ရ' ဆိုသည့် အမိန့်တစ်ခုလည်း မရှိခဲ့ပါ။

မချစ်ရဆိုတဲ့ အမိန့်တစ်ခု ရှိခဲ့ရင်လဲ။



ဟင့်အင်း…။

ထိုအမိန့်ကို ပန်းရင့် နာခံလိမ့်မည်မဟုတ်ပါ။

ခွဲခွာခြင်းနဲ့ ချစ်ခြင်းဟာ အတူတူပေါင်းစပ်လွှင့်ပစ်လို့ရတဲ့အရာတွေမှ မဟုတ်ခဲ့ဘဲ။

❖ ❖ ❖

ပန်းရင့်နှင့် ဖွဲ့ဟိန်းသည် ရှောင်လွှဲမရစွာ ဓာတ်လှေကားထဲတွင် ဆုံရပြန်လေသည်။

'ကိုအုပ်စိုးထိုက်တောင် ရှေ့နှစ်ပတ်လောက်ဆိုရင် ချိုင်းထောက်နဲ့ လမ်းစမ်လျှောက်လို့ ရမယ်တဲ့။ ဟိုတစ်နေ့က ပါရဂူကြီး round တော့ ပြောသွားသေးတယ်'

'ဟုတ်လား၊ ဒါဆို ကောင်းတာပေါ့။ တို့လည်း ကိုလေးကို သနားလှပါပြီ။ အဲဒါကြောင့် အလုပ် ဘယ်လောက်များများ နေ့တိုင်း ကိုလေးဆီကို မရောက်မဖြစ်လာရတာ'

'ကိုမျိုးသက်ကတော့ ဆေးရုံမှာ တော်တော်ကြာကြာ နေရဦးမှာ'

ဖွဲ့ဟိန်း ဘာကိုရည်ရွယ်ပြောလိုက်မှန်း ပန်း

www.burmeseclassic.com

www.burmeseclassic.com



ရင့် သိပါသည်။ မောင်နှင့်ပန်းရင့်လည်း အခုရက်ပိုင်းတွေမှာ လုံးဝမဆုံဖြစ်ကြတော့ပါ။ တမင်သက်သက်ဖြစ်စေ၊ မတော်တဆဖြစ်စေ ဘယ်လိုမှမဆုံနိုင်အောင် နှစ်ယောက်စလုံး ကြိုးစားနေခဲ့ကြ၍ပါ။ မောင့်မျက်ဝန်းညိုများနှင့် ဆုံမိတိုင်း မောင့်ရင်ခွင်မှာ အားပါးတရ ငိုကြွေးဖွင့်ဟချင်စိတ်တို့က ပန်းရင့်ကို နှိပ်စက်လှပါသည်။

'ဩော်… ဟုတ်လား'

ပန်းရင့်၏ ထို 'ဩော်… ဟုတ်လား' သည် ဘယ်လိုမှ အသက်မပါတာကို ဇွဲဟိန်းလည်း ရိပ်မိမှာ အသေအချာပါ။ သို့ပေမယ့် ဇွဲဟိန်းသည် တမင်သက်သက် မသိယောင်ဆောင်လျက်။

'တခွန့်နဲ့ရော တွေ့သေးလား'

'ဟင့်အင်း'

'ကျွန်တော်နဲ့တော့ နိုက်ဂျူတီကျတဲ့ ညတိုင်းတွေ့ဖြစ်တယ်။ သူက ကိုမျိုးသက်ကို ညတိုင်း လာစောင့်ပေးတယ်လေ'

'ဟုတ်ကဲ့ သိပါတယ်'

ဇွဲဟိန်းကို ဘာမှ ဆက်မပြောပါနဲ့တော့လို့



လည်း ပန်းရင့် မပြောချင်ပါ။ ဇွဲဟိန်းပြောသမျှ မောင့်အကြောင်းတွေကို ပန်းရင့် မမောတမ်း၊ မဆုံးတမ်း နားထောင်ချင်ပါရဲ့။ ဒါပေမယ့် ပန်းရင့်၏လက်ရှိအခြေအနေသည် မောင့်အကြောင်းကို 'ပြောပါဦး၊ ပြောပါဦး' ဆိုပြီ မေးလို့ကောင်းသည် အခြေအနေမျိုးလည်း မဟုတ်။

လူ့ပတ်ဝန်းကျင်၏ စည်းဘောင်တွေ၊ လူ့ကျင့်ဝတ်တွေက တစ်ခါတစ်ရံတော့လည်း သိပ်ကို ကျဉ်းကျပ်လွန်းပါသည်။ ပန်းရင့်တို့လို မိန်းကလေးအတွက်တော့ ပိုလို့တောင် တင်းကျပ်ပါသေးသည်။ မသိသလို ဟန်ဆောင်ရ၊ မချစ်သလို ဟန်ဆောင်ရ။

'ပန်းရင့်နှင်းဆီတို့ ဘယ်တော့လောက် လက်ထပ်ဖြစ်ကြမှာလဲ။ အဲဒီကျရင် ဖိတ်ဦးနော်'

'ဇွဲဟိန်းက ဖိတ်စေချင်တယ်ဆိုရင် တို့ ဖိတ်မှာပါ။ ကိုလေး ကောင်းကောင်းမွန်မွန် ပြန်လျှောက်နိုင်ပြီဆိုရင်တော့ လက်ထပ်ဖြစ်ကြမယ် ထင်ပါတယ်'

'နိုယ်ကို ရောက်မနေဘူးဆိုရင်တော့ လာဖြစ်အောင် လာခဲ့ပါ့မယ် ပန်းရင့်နှင်းဆီ။ အဲ့ပဲပြော

www.burmeseclassic.com



ပြော ကျွန်တော်တို့ ခရီးတစ်ခုကို ပျော်ရွှင်စွာ တစ်ခု တစ်စည်းတည်း သွားခဲ့ဖူးတယ်မဟုတ်လား။ တခြား အကြောင်းအရာ မပါလည်း ကျွန်တော်တို့က သူငယ် ချင်းတွေပါပဲနော်'

'ဟုတ်ပါတယ်။ သူငယ်ချင်းတွေပါပဲ ဖွဲ့ ဟိန်း'

မောင်။

မောင့်ကိုတော့ သူငယ်ချင်းတစ်ယောက်လို သဘောထားမျိုး ပန်းရင့် ဘယ်တုန်းကမှ သဘော မထားခဲ့ဖူးပါ။ အခုထိလည်းသူငယ်ချင်းတစ်ယောက် လို၊ မိတ်ဆွေတစ်ယောက်လို ဘယ်လိုမှ သဘော ထားလို့မရ။ မောင့်ကို ဘာကြောင့် ရှောင်တိမ်းနေ ရတယ်ဆိုတာ မောင် နားလည်မှာပါ မောင်။ မုန်း တယ်ဆိုတာရဲ့ ဆန့်ကျင်ဖက်ပြင်းပြင်းတစ်ခုကြောင့် ပါ။

'ကိုလေးကို ဂရုစိုက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ် ဖွဲ့ဟိန်း။ တို့မှာလည်း ကျောင်း နဲ့အလုပ်နဲ့ ဆေးရုံနဲ့ လူက ဖိစီးမှုတွေ အရမ်းများပြီး ဖွဲ့ဟိန်းနဲ့တွေ့ရင်တောင် အေးအေးဆေးဆေး စကား



မပြောဖြစ်ပါဘူး။ တို့ဘက်က စိမ်းသက်သက်ကြီး ဖြစ်သွားတယ်ဆိုရင်လည်း တို့ တောင်းပန်တယ်နော် ဖွဲ့ဟိန်း'

'ဟာ... ရပါတယ်။ မစိမ်းသွားပါဘူး။ အခြေအနေတွေအားလုံးကို နားလည်ပြီးသားပါ ပန်း ရင့်နှင်းဆီ။ ကျွန်တော်ကတောင် ပန်းရင့်နှင်းဆီကို ရော ကိုအုပ်စိုးထိုက်ကိုပါ အားနာပြီး မျက်နှာပူနေ တာပါ။ ဘာပဲပြောပြော ကျွန်တော်က တံခွန်ရဲ့ အချစ်ဆုံးသူငယ်ချင်း မဟုတ်လား။ ဒါပေမယ့် တော် ပါသေးတယ်။ ပန်းရင့်နှင်းဆီကလည်း သဘောထား ကြီးပြီး ကိုအုပ်စိုးထိုက်ကလည်း ဘာမှ သိမထား လို့'

နှစ်ယောက်သား စကားတပြောပြောနှင့် ကော်ရစ်တာတစ်လျှောက် လျှောက်လာရင်း ကိုလေး အခန်းနှင့် နီးလာလေသည်။ အခန်းကိုရောက်ဖို့ သုံး ခန်းလောက်အလိုမှာတော့ ပန်းရင့်က ဆက်မလျှောက် သေးဘဲ ရပ်လိုက်ပါသည်။ ဖွဲ့ဟိန်းနဲ့လည်း ပန်းရင့် အေးအေးဆေးဆေး စကားပြောချင်ပါသည်။ တမင် တကာ တကူးတကကြီး ကင်တင်းသွားထိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြောကြရမည့်လူတွေလည်း မဟုတ်တာမို့ အခုလို ကြုံမှသာ ပြောဖြစ်မှာပါ။

'အဲဒီလိုထင်လို့လား။ ကိုလေးက ဘာမှသိမထားဘူးလို့ ဖွဲ့ဟိန်း ထင်ထားတာလား'

'အင်းလေ၊ မဟုတ်ဘူးလား'

'ဟင့်အင်း၊ ကိုလေးက အားလုံးသိထားပြီးသား ဖွဲ့ဟိန်းရဲ့။ ဟိုးအရင်ကတည်းက ကိုလေးသိထားနှင့်ပြီးသားလေ။ ပြဿနာတွေ ဘာမှ မဖြစ်ခင်ကတည်းက တို့နှစ်ယောက်အကြောင်းတွေ ကိုလေးသိပါတယ်။ ကိုလေးနဲ့ လက်ထပ်ဖို့ကိစ္စကိုလည်း ဘယ်သူကမှ အတင်းအကျပ်စီစဉ်တာ မဟုတ်ပါဘူး။ တို့ကိုယ်တိုင် သဘောတူလက်ခံခဲ့တာပါ'

ဖွဲ့ဟိန်းက ပန်းရင့်စကားကို တအံ့တသြ နားထောင်နေမိခဲ့သည်။ ကိုအုပ်စိုးထိုက် ဒီလောက်သဘောထားကြီးနိုင်လိမ့်မယ်လို့ ဖွဲ့ဟိန်းထင်မထားခဲ့မိပါ။ ဘာအကြောင်းမှ သိမထားတာကြောင့်သာ ဒီလို အေးအေးဆေးဆေး နေနိုင်တယ်လို့ ထင်ခဲ့ပါသည်။ တံခွန်တောင်မှ ဘာပြောပြော ကိုအုပ်စိုးထိုက်ကို အခုထိ ပုံမှန်မဆက်ဆံနိုင်သေး။



'မလတ်နဲ့ရော၊ တံခွန်နဲ့ရော ကိုလေးအမြဲတမ်းတွေ့နေရတယ်။ တို့လည်း အဲဒီလိုပဲ။ မလတ်တို့ကို တို့က စိမ်းစိမ်းကားကားကြီး ဆက်ဆံရင်လည်း တို့က အညှိုးအတေးရှိနေသူလို ဖြစ်ရဦးမယ်။ ရင်းရင်းနှီးနှီးကြီးဆိုရင်လည်း ကိုလေးအပေါ် တို့အားနာနေရဦးမယ်။ အဲဒါကြောင့် တံခွန်နဲ့ဆိုရင် တို့တတ်နိုင်သမျှ မတွေ့အောင်ရှောင်တယ်။ တို့သုံးယောက်စလုံးအတွက် ပျော်စရာဖြစ်လာမှာ မဟုတ်ဘူးလေ'

'ဒါဆိုရင်တော့ ကျွန်တော်လည်း ကိုအုပ်စိုးထိုက်ကို အားနာစရာတွေ လုပ်မိထားပြီထင်တယ်'

'ဘာဖြစ်လို့လဲ'

တံခွန် အရက်မူးလာသော ညအကြောင်းကို မလတ်နှင့် ပြန်ပြောဖြစ်ကြသည့်အကြောင်းကို ဖွဲ့ဟိန်း ပြန်ပြောပြဖြစ်ပါသည်။ ဖွဲ့ဟိန်းစကားကို နားထောင်ရင်း ဘာမှမဖြစ်သလို ဟန်ဆောင်ထားပေမယ့် ပန်းရင့် ရင်ထဲ မကောင်းလှပါ။

ဘာဖြစ်လို့များ…

ပန်းရင့်တို့ အဝေးဆုံးဝေးခဲ့ကြရပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



အခု အချိန်မှာမှ မောင်… နောင်တတွေ တစ်ပုံတစ်ပင်ကို ထွေးပိုက်ထားခဲ့ပြီး…

'တံခွန့်မိသားစုရဲ့ သဘောထားကိုတော့ ကျွန်တော်လည်း တကယ်ကို နားမလည်တော့ပါဘူး။ တံခွန့်အတွက် တံခွန့်စိတ်ချမ်းသာဖို့ဆိုရင် သူတို့ တခြားဘာကိုမှ မကြည့်တတ်ကြတော့ဘူးထင်တယ်။ အရင်တုန်းကလည်း ဘယ်လို စိတ်ကူးတွေနဲ့ လုပ်ခဲ့ကြမှန်းမသိဘူး။ အခုလည်း သူတို့ တံခွန့်ဆန္ဒကို လိုက်လျောဖို့ အဆင်သင့်ဖြစ်နေကြပြန်ပြီ။ တံခွန် စိတ်ဆင်းရဲနေတာကိုလည်း မကြည့်ရက်ကြပြန်ဘူး'

'လောကကြီးမှာ တံခွန်တစ်ယောက်တည်း စိတ်ဆင်းရဲတတ်တာ မဟုတ်ပါဘူးဖွဲ့ဟိန်းရယ်'

မျက်ချယ်ပြောခဲ့ဖူးသော စကားတစ်ခွန်းကို ပန်းရင့်သတိရသွားမိပါသေးသည်။ တော်တော်တော့ ကြာပါပြီ။ မောင် ပန်းရင့်ကို ခွဲခွာသွားခါစ ပန်းရင့် အလူးအလိမ့်ခံစားနေရတုန်းက မျက်ချယ်ပြောခဲ့တာ ဖြစ်သည်။

'အဲဒီလောက် ခံစားမနေပါနဲ့ ပန်းရင့်ရယ်။ ရှင့်အချစ်နဲ့ တံခွန်နဲ့ မတန်ပါဘူး။ သူက ကိုယ့်စိတ်



ချမ်းသာမှုကို ကိုယ်ရှာနေတဲ့သူ။ အခုလည်း သူ ရှင့်ကို ချစ်တဲ့အချစ်ထက် သူ့အိမ်က သူ့ကို ငြိုငြင်မှာကို သူမခံစားနိုင်ဘူး။ အဲဒါကြောင့် သူ ရှင့်ကို ရက်စက်သွားတာ။ အမှန်တော့ သူ့အိမ်က အချစ်နဲ့ သူ့အချစ်နဲ့ပြိုင်တဲ့အထဲမှာ ရှင်ကစားစာခံဖြစ်ရတာပဲ'

အခုလည်း မျက်ချယ်ပြောခဲ့သည့်အတိုင်းပါပဲ။ ဒီတစ်ခါတော့ တစ်ခုခုဆိုရင်ပန်းရင့်တစ်ယောက်တည်းခံစားရမှာ မဟုတ်တော့။ မောင့်အကြောင်း စဉ်းစားမိတိုင်း ကိုလေးကို အမြဲတမ်းပန်းရင့် သတိရနေမိခဲ့ပြီ။

'ကျွန်တော့် သူငယ်ချင်းဘက်က လွန်ခဲ့တာဆိုတာလည်း ကျွန်တော်အသိဆုံးပါပဲ။ ပန်းရင့်နှင်းဆီဘာပဲဖြစ်ဖြစ် ပန်းရင့်နှင်းဆီကို ထပ်ပြီးမထိခိုက်စေချင်တော့ပါဘူး။ အခု ကိုအုပ်စိုးထိုက် သဘောထားကြီးလွန်းတာကို တွေ့ရတော့လည်း ပိုပြီးအားနာမိတယ်'

'ရပါတယ်။ ပြီးခဲ့တာတွေအားလုံး ပြီးခဲ့ပြီးပြီပဲ ဖွဲ့ဟိန်းရယ်။ တို့လည်း ကိုလေးကို ဆေးရုံက မြန်မြန်ဆင်းစေချင်လှပြီ။ လူပင်ပန်းတာထက် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းကျဉ်းကျပ်လွန်းလို့လေ'

'ဆင်းရတော့မှာပါ။ ကိုအုပ်စိုးထိုက်က တော်တော်အခြေအနေကောင်းလာပါပြီ'

'ဖွဲ့ဟိန်းကို တို့အကူအညီတစ်ခုတောင်းစရာ ရှိသေးတယ်။ တို့ကို ကူညီပေးနိုင်မလားတော့ မသိဘူး'

'ဘာများပါလိမ့်'

မျက်ချယ်ပြောဖူးသော စားတစ်လက်၊ ပန်းရင့်၏ ချည်နှောင်ထားမှုတွေကို ဖြတ်တောက်မပစ်နိုင်ဖို့ ပန်းရင့်ကြိုတင်ဆီးတားထားရလိမ့်မည်။

'သိပ်ထွေထွေထူးထူးတော့ မဟုတ်ပါဘူး ဖွဲ့ဟိန်း။ ကိုလေးကို မိဘတွေရဲ့ စီစဉ်မှုသက်သက်ကြောင့် မဟုတ်ဘဲ ပန်းရင့်ကိုယ်တိုင် ကြည်ကြည်ဖြူဖြူနဲ့ လက်ခံခဲ့တယ်ဆိုတာကို တံခွန်သိအောင် ဖွဲ့ဟိန်း တစ်နည်းနည်းနဲ့ ပြောပြပေးပါနော်'

ပန်းရင့် ဘာအဓိပ္ပာယ်ကို ဆိုလိုမှန်း ဖွဲ့ဟိန်း နားလည်ပါသည်။ တံခွန့်သူငယ်ချင်း အရင်းခေါက်ခေါက်ပီပီ၊ တံခွန်ဘာတွေဖြစ်နေသလဲ။ ဘယ်လို အကြောင်းအရာတွေ ဖြစ်လာနိုင်သလဲဆိုတာ ကြို



တင် တွေးထားမိပြီးသားပင်။ တွေးတောထားခဲ့သလို ဖြစ်သွားခဲ့ရင် ဘယ်သူ့အတွက်မှ ကောင်းမှာမဟုတ်။ ဖွဲ့ဟိန်းက တရင်းတနှီးနှင့် ပြုံးလျက်-

'စိတ်ချပါ ပန်းရင့်နှင်းဆီ။ ကျွန်တော်ပြောပေးပါ့မယ်'

ထိုကဲ့သို့ ပြောခဲ့ချင်းသည် မောင့်ကို ရပ်တန့်သွားစေဖို့ ရည်ရွယ်ခဲ့ပေမယ့် ရည်ရွယ်ချက်သည် တလွဲဖြစ်ခဲ့ရပြန်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မမေ့ဖို့တစ်ခုကိုသာ(၄)

ပန်းရင့်တို့ငယ်ငယ် ဖေဖေနယ်မှာ တာဝန်ကျစဉ်တုန်းက ကိုလေးတို့မိသားစုနှင့် ခြံချင်းကပ်လျက်နေခဲ့ဖူးပါသည်။ ကိုလေးတို့က မောင်နှမနှစ်ယောက်တည်း။ ကိုလေးထက် ငါးနှစ်တိတိငယ်သော ညီမလေးရွှေရည်ထိုက်သည် ပန်းရင့်နဲ့တော့ ရွယ်တူပါ။ အစ်ကိုရင်းချာမရှိသူပီပီ ပန်းရင့်သည် ကိုလေးကို ကိုယ့်အစ်ကိုရင်းချာသဖွယ် ဆိုးနွဲ့ချစ်ခင်ခဲ့ပါသည်။ ကိုလေးကလည်း ပန်းရင့်ကို ရွှေရည်လိုပင် သဘောထားကာ ညီမလေးတစ်ယောက်လို့ချစ်ခဲ့တာ။

အဲဒီတုန်းက ပန်းရင့်တို့က ခြောက်တန်း၊ ကိုလေးက ဆယ်တန်းအောင်ပြီးခါစပါ။ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



တခြားမြို့ကို ပြောင်းရွှေ့ရတော့ ပန်းရင့်တို့ ဝေးသွားခဲ့ကြပါသည်။ ကိုလေးတို့ ဖေဖေကလည်း အစိုးရဝန်ထမ်းမို့ နယ်အနှံ့ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေရတာမို့ ပန်းရင့်တို့ ပြန်မဆုံဖြစ်ကြတော့ပေ။ ရွှေရည်နဲ့တော့ စာအဆက်အသွယ် တခါတစ်ရံ ရှိခဲ့ပါသည်။ ကိုလေးစက်မှုတက္ကသိုလ် တက်ခွင့်ရခဲ့တာလည်း သိခဲ့ရသည်။

ဖေဖေရန်ကုန်ကိုပြန်ပြောင်းလာရပြီး ရန်ကုန်မှာ အခြေချချိန်မှာ တစ်ခါတစ်ရံတော့ ပန်းရင့်တို့အိမ်သို့ ကိုလေးရောက်လာတတ်ပါသည်။ ငယ်ငယ်တုန်းကလို တရင်းတနှီးမရှိတော့ဘဲ ပန်းရင့် ကိုလေးကို ရှိန်းတိန်းတိန်းဖြစ်နေရပါသေးသည်။ နောက်ပိုင်းမှာတော့ ကျောင်းပြီးသည့်နောက် ကိုလေးတပ်ထဲဝင်သွားတာ။ Navy ကိုယူတာ။ သင်္ဘောအင်ဂျင်နီယာဖြစ်သွားတာတွေလည်း မေမေတို့အပြောနှင့် ပန်းရင့်သိနေခဲ့ရသည်။ ကိုလေးနှင့်တော့ သေသေချာချာမဆုံဖြစ်တော့ပေ။

မှတ်မှတ်ရရ ကိုလေးနှင့်ပန်းရင့် အသေအချာပြန်ဆုံရတာ မောင့်အခန်းဆီက ပန်းရင့်ဝမ်းနည်း



ကျရှုံးစွာ ပြန်ခဲ့သောနေ့မှာ ဖြစ်သည်။ ကိုယ့်ချစ်သူရဲ့ ဝန်မခံရဲမှု၊ သတ္တိမရှိမှုတွေကို နာကျင်လှစွာ ကိုယ့်ဘက်မှာ သူမရှိမှန်း သေချာသိရပြီး သွေးပျက်စွာနှင့် ပန်းရင့်အိမ်သို့ ပြန်ခဲ့ပါသည်။ ငိုချင်တာတွေ မောင့်ရှေ့မှာ ထိန်းချုပ်ထားခဲ့ရသမျှသည် အိမ်အပြန်လမ်းမှာမှ သည်းလွန်းသောမိုး ဖြစ်ခဲ့လေသည်။

အိမ်ရောက်တော့ ဖေဖေတို့၊ မေမေတို့ကလည်း မရှိဘဲ ဧည့်ခန်းမှာ ဧည့်သည်တစ်ယောက်က ရောက်နှင့်နေခဲ့ပါသည်။

ကိုလေးဖြစ်ပါသည်။

မတွေ့ချင်ဘူး။ ဧည့်မခံနိုင်ဘူးဆိုပြီး နှင်ထုတ်လို့ကောင်းသည့်လူမျိုးမဟုတ်တာမို့ ပန်းရင့်ကိုယ့်ကိုယ်ကို အနိုင်နိုင်အားတင်းကာ ကိုလေးနှင့် အလ္လာပ သလ္လာပစကားဆိုရသေးသည်။ ပန်းရင့်တစ်ခုခုခံစားနေရမှန်း သိပုံနှင့် ကိုလေးကလည်း စာနာစွာ ပန်းရင့်စိတ်ပြောင်းသွားအောင် စကားပြောပေးခဲ့ပါသည်။ အစပိုင်းမှာတော့ မလွှဲသာလို့သာ ကိုလေးကို စကားပြော ဧည့်ခံပေးနေပေမယ့် ပန်းရင့်နောက်ပိုင်းမှာတော့ တမင်စိတ်ပြောင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးပြောနေသော စကားအကြောင်းအရာတွေထဲ မြောပါသွားခဲ့ပါသည်။

အဲဒီအတွက် ကိုလေးကို ပန်းရင့်ကျေးဇူး တင်ပါသည်။

နောက်ပိုင်းရက်တွေမှာတော့ ကိုလေးက နေ့တိုင်းနီးပါး အိမ်ကိုရောက်လာတတ်လေသည်။ ပန်းရင့်နဲ့ မောင့်အကြောင်းတွေ၊ ပန်းရင့်တို့နှစ်ယောက်ကြားက ပြဿနာတွေ၊ ပန်းရင့်ရဲ့ခံစားချက်တွေအားလုံးရဲ့ ရင်ဖွင့်ဖြေသိမ့်ပေးနိုင်ရာသည် ကိုလေးတစ်ယောက်တည်းသာ ဖြစ်ခဲ့သည်။

'ညီမလေးက သူ့ကို သိပ်ချစ်တာပဲနော်။ ဒီလောက်ချစ်တတ်တဲ့ မိန်းကလေးမျိုးကို ကိုယ် ဒီအရွယ်အထိ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ တကယ်'

မောင့်အတွက် ပန်းရင့်ခံစားရ၊ ငိုကြွေးရသမျှကို ဖေးမပေးရင်း ကိုလေးက ခပ်ဆွေးဆွေး မျက်ဝန်းတွေနှင့် အဝေးကိုကြည့်ကာ ထိုသို့တီးတိုး ဆိုတတ်သေးသည်။

မထင်ခဲ့ပါ။ အဲဒီတုန်းကတော့ ကိုလေးရဲ့ ရင်ထဲမှာ ပန်းရင့်နှင်းဆီဆိုသော အချစ်ရူးမလေး



တစ်ယောက် ရှိနေလိမ့်မည်ဟု ပန်းရင့်ထင်မထားမိခဲ့။

'ကိုယ်သာ သူ့နေရာမှာဆိုရင် ညီမလေးကို စိတ်ချမ်းသာအောင်ထားမှာပဲ။ ညီမလေး ဒီလောက် သူ့ကိုချစ်တာကို သူကောင်းကောင်း နားလည်ပေးဖို့ ကောင်းတယ်'

'ကိုလေးသာ မောင့်နေရာမှာဆိုရင် ဘယ်လို ဆုံးဖြတ်မှာလဲဟင်'

ပန်းရင့်က ထိုသို့မေးသောအခါ ကိုလေး အတန်ကြာငြိမ်သက်သွားခဲ့ပါသည်။ ပြီးမှ…

'အခု သူကရော ဘယ်လို ဆုံးဖြတ်လို့လဲ'

'ဟင့်အင်း… ပန်းရင့် ကြိုမတွေးထားရဲပါဘူး'

'ဒါဆိုရင် သူဆုံးဖြတ်ပြီးမှ ကိုယ်ဖြေပါ့မယ်'

ကိုလေး၏ အဖြေကို ပန်းရင့် မကျေမနပ်ဖြစ်ခဲ့ရသေးသည်။ ဒါပေမယ့် အဲဒီတုန်းက ကိုလေး၏ ထိုအဖြေသည် အသင့်တော်ဆုံးဆိုတာ နောက်များမှာမှ ပန်းရင့်နားလည်ခဲ့ရသည်။

'ဘယ်ကိစ္စမဆို အကျိုးနဲ့အပြစ်ဆိုတာရှိ

www.burmeseclassic.com

www.burmeseclassic.com



တယ် ညီမလေးရဲ့။ ညီမလေးလည်းသိမှာပါ။ တစ်ပြိုင်နက်တည်း အရာနှစ်ခုကို ရွေးချယ်လို့မရဘူးဆိုတာလေ။ တစ်ခုကို ရွေးချယ်ရင် တစ်ခုကို စွန့်လွှတ်ရတာပဲ။ လူဆိုတာ ကိုယ်ဘယ်အရာကို ရွေးချယ်ချင်တယ်၊ ရွေးချယ်သင့်တယ်၊ မရွေးချယ်ချင်ဘူး၊ မရွေးချယ်သင့်ဘူးဆိုတာ ကောင်းကောင်းသိရမယ်'

'ပန်းရင့်ကတော့ သိတယ်။ ဘယ်အရာနဲ့ပဲ ယှဉ်ပြီး ရွေးခိုင်းခိုင်း၊ ပန်းရင့်က မောင့်ကိုပဲ ရွေးမှာပဲ'

'ရွေးပါဗျာ။ ရွေးပါ။ ညီမလေးစိတ်ချမ်းသာရင် ပြီးတာပါပဲ'

တကယ်တမ်း ရွေးခွင့်မရခဲ့သူသည် ပန်းရင့်တစ်ဦးတည်းသာ။ မောင်လည်း ရွေးချယ်ခွင့်တွေရခဲ့သည်။ ကိုလေးလည်း ရွေးချယ်ခွင့်တွေ ရခဲ့သည်။ ပန်းရင့်အတွက်သာ ရွေးချယ်ခွင့်မဲ့ခဲ့တာ။

အချစ်ဆိုတာ ရွေးချယ်ခွင့်အပြည့်အဝရှိသော ပြိုင်ပွဲတစ်ခုဖြစ်ခဲ့ရင်တော့ ပန်းရင့်သည် ပြိုင်ပွဲဝင်တစ်ဦးမှဟုတ်ခဲ့တာ သေချာပါရဲ့။ ပြိုင်ပွဲမှာကိုယ်ပါ



ဆင်နွှဲရတယ်လို့ ကိုယ့်ကိုယ်ကို ထင်ထားခဲ့မိပြီးမှ ကိုယ်ဟာ ထမင်းသိုး၊ ဟင်းသိုးဖြစ်နေခဲ့တာ။ ရယ်စရာတော့ အကောင်းသားပင်။

မောင်.... ပန်းရင့်ဘက်မှာ မားမားမတ်မတ်ရှိမနေခဲ့ဘူးဆိုတာ သိနေရက်နှင့်ပင်။ ပန်းရင့်က ရွေးချယ်ခွင့်ကို ခံယူချင်နေမိတုန်း။ မောင့်အချစ်တွေ ပန်းရင့်အတွက် အပြည့်အဝရပ်တည်လိမ့်မယ်လို့ ယုံကြည်ထားမိတုန်း မောင့်ဆီက ဘယ်တော့မှ ပြန်တောင်းမည်မဟုတ်သော ယုံကြည်မှုလက်ဆောင်တစ်ခုကြောင့်ပါ။

'ကိုလေး...ပန်းရင့်နှင်းဆီဆိုတဲ့ မိန်းကလေးဟာ သားရှင်တွေအတွက် မကြည်ဖြူနိုင်စရာ စာရင်းထဲ ပါနေလို့လားဟင်'

မောင့် မလတ်၏ စကားတွေကို ပြန်ကြားယောင်ကာ ပန်းရင့် ကိုလေးကိုမေးမိသည့်အချိန်တိုင်း

'ပန်းရင့် ဝတ္ထုဖတ်လား'

'ဟင်... ဘာဖြစ်လို့လဲကိုလေး မဖတ်ဘူး။ တစ်ခါမှကို မဖတ်ကြည့်ဖူးဘူး'

'ဘာဖြစ်လို့ မဖတ်တာလဲ။ ဝတ္ထုကိုမကြိုက်

www.burmeseclassic.com

www.burmeseclassic.com



လို့လား။ ဝတ္ထုက မကောင်းလို့လား’

‘ဟင့်အင်း… ဘာဖြစ်လို့မှ မဟုတ်ဘူး။ မကြိုက်လို့လည်း မဟုတ်ဘူး။ မကောင်းလို့လည်း မဟုတ်ဘူး။ ငယ်ငယ်လေးကတည်းက မဖတ်ဖူးတော့ ကြီးလာတော့လည်း မဖတ်ဖြစ်တော့တာပါ’

‘ဒီလိုပေါ့ ညီမလေးရဲ့။ ပန်းရင့်နှင်းဆီကို မကောင်းဘူးလို့လည်း မဟုတ်ပါဘူး။ မကြိုက်ဘူးလို့လည်း မဟုတ်ဘူး။ မကြည့်ဖြူဘူးဆိုတာဟာ သူတို့သားရဲ့ ချစ်သူတစ်ယောက်ကိုပါပဲ’

ကိုလေးက ပန်းရင့်စိတာ ၁် ချမ်းသာအေ အလွန်ပြောတတ်ပါရဲ့။ မောင့်အတွက် ခံစားနေရချိန် များတွင် ပန်းရင့်ဘေးမှာ ကိုလေးရှိနေခဲ့လို့သာ။ မဟုတ်ရင်တော့ ပန်းရင့်တစ်ယောက်တည်း လုပ်ချင် ရာတွေ လျှောက်လုပ်ပြီး အမှားတွေဆင့်ကာဆင့်ကာ ဖြစ်လာမှ အသေအချာ။

ဒါပေမယ့် ကိုလေးမှာလည်း အလုပ်တာဝန် နဲ့မို့ ပန်းရင့်အနားမှာ အမြဲတမ်းရှိမနေနိုင်ခဲ့ပါ။

❖ ❖ ❖



မောင့်အိမ်က လူကြီးတွေရဲ့ သဘောထားကို ပန်းရင့်သိခဲ့ပြီးသည့်နောက်ပိုင်းမှာ နောက်ဆုတ်သင့် ပြီဟု ကိုယ့်ကိုယ်ကို အတန်တန် သတိပေးနေသည့် ကြားမှ ပန်းရင့်နောက်မဆုတ်ဖြစ်ခဲ့ပါ။

မောင်ကကော ပန်းရင့်ဘာကိုမှ သိမထားခဲ့ ဘူးလို့ ထင်နေဆဲ။

မောင်ကျောင်းပြီးသွားလို့ ဆရာဝန်ဖြစ်တဲ့ အခါ လက်ထပ်ကြဖို့ ပန်းရင့်တို့နှစ်ယောက်၏ ရှေ့ ရေးကို စိတ်ကူးဖြစ်ကြစမြဲ။ ဒါတွေဟာ မောင် ညာ ပြောနေတာလား၊ ပန်းရင့်စိတ်ချမ်းသာအောင် ပြောနေ တာလားတွေးမိသောအခါ ရူးမိုက်လှသော ပန်းရင့်၏ နှလုံးသားတို့က မောင့်စကားတို့ကို အကြွင်းမဲ့ ယုံ ကြည်နေမိပြန်လေသည်။

ဘာတွေဘယ်လိုပဲ စီးတားထားပါစေ၊ ပန်း ရင့်သည် မောင့်အသံကြားရင် မောင့်အပြုံးကိုမြင် ရရင်၊ မောင့်မျက်ဝန်းညိုတွေထဲမှာ နစ်မြောနေရရင် အရာရာကို မေ့သွားရစမြဲ။

မောင်ဟာ ပန်းရင့်အတွက် ဝိုင်ချိုတစ်ခွက် ဖြစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ထိုပိုင်ချိုတစ်ခွက်ကို ပန်းရင့်နှလုံးသားထဲက ရက်ရက်စက်စက် ခွဲထုတ်ရက်သူသည်လည်း မောင်ကိုယ်တိုင်ပင် ဖြစ်နေခဲ့သည်။ ပန်းရင့်မှာတော့ ယစ်မူးလှစွာ ပိုင်ချိုတွေကို ဖြတ်မရစွာ။

'မောင် တကယ်လို့များ ပန်းရင့်ကို ခွဲသွားခဲ့ရင် ပန်းရင့် ဘယ်လိုဖြစ်သွားမှာလဲဟင်'

မောင်က သွေးတိုးစမ်းသလို မေးတတ်သေးသည်။

'မောင်က ခွဲခွာဖို့ပြင်ဆင်နေပြီလား။ ပန်းရင့်ကတော့ မောင့်ကို ဘယ်တော့မှ ခွဲခွာဖို့ မစဉ်းစားရဲဘူး'

'မောင်လည်းအတူတူပါပဲ။ ပန်းရင့်ကို ဘယ်တော့မှ မခွဲဘူး'

ပန်းရင့်အရာရာကို သိနေပြီးသားဆိုတာ မောင့်ကို မပြောရက်ခဲ့ပါ။ ကိုယ်တိုင်လည်း လက်မခံရဲ။

မောင်က ပန်းရင့်တို့ အချစ်အိမ်ကလေးဆီက ထွက်ခွာဖို့ တိတ်တဆိတ် ပြင်ဆင်နေပြီဆိုရင်



လည်း ပန်းရင့်မသိချင်ယောင်ဆောင်နေပေးမှာပါ မောင်။ မောင် ခြေသံလုံလုံနဲ့ ထွက်ခွာသွားတဲ့အခါ ပန်းရင့်ကလည်း ကိုယ့်နှလုံးသားကိုနင်းပြီး မောင်ထွက်သွားတာကို မကြားလိုက်သလို နေခဲ့မှာပါ။ မောင့်ကို မသွားပါနဲ့ မတားချင်ပေမယ့်လည်း မောင့်စိတ်ကြိုက် ရွေးချယ်မှုကိုသာ ပန်းရင့် ကျေကျေနပ်နပ် ခံယူပါ့မယ်။

ကမ်းစပ်လေးလိုပေါ့ မောင်ရယ်။ ကြည်ကြည်ငြိမ်ငြိမ်နဲ့ပဲ မောင်ထွက်ခွာသွားခဲ့ခြင်းကို လက်ခံပါတယ်။

အချစ်ရဲ့နောက်မှာ အမြဲပါတဲ့ ယုံကြည်မှုဆိုတာ အမှားအမှန်ကို မဝေခွဲနိုင်ဘဲ မျက်စိမှိတ်ပြီး ယုံကြည်တဲ့ ယုံကြည်မှုဆိုတာကိုလည်း ပန်းရင့်သိခဲ့ရပါရဲ့။ အဲဒီယုံကြည်မှုဟာ အသည်းနှလုံးကို တစ်စစီဖွဲ့ခြွေ တိုက်စားနိုင်တဲ့ ဂုဏ်သတ္တိတွေရဲ့ ရှေ့တော်ပြေးပါပဲမောင်။

လူတစ်ယောက်ကို ချစ်တာဟာ တစ်သက်လုံးအတွက် ဒူးထောက်အရှုံးပေးခြင်းပါ မောင်။ ချစ်သူယုံကြည်မှုဟာလည်း အရှုံးပေးသူ စစ်သုံ့ပန်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတူ ပါလာမြဲဖြစ်တဲ့ နယ်မြေတစ်ခုလိုပါပဲ။

ပန်းရင့်နှင့် မောင့်အတွက် နောက်ဆုံးနေ့များ သည် တကယ့်ကို လွမ်းဆွတ်နာကျင်ဖွယ်။ ညဖက် တစ်ရေးနိုးတိုင်း မနက်မိုးလင်းရင်များ ရောက်လာ မယ့်နေ့သစ်သည် မောင်ခွဲခွာသွားမည့်နေ့တစ်နေ့ ဖြစ် နေမလားဟု စိုးရွံ့ရမြဲ။ မောင်ကတော့ ဘာမှ မဖြစ် သလို နေနိုင်ခဲ့ပါသည်။ မောင် ဘာတွေကိုများ တွေး တောနေလိမ့်မလဲ။ ပန်းရင့်အတွက် ပန်းရင့်ရဲ့အချစ် အတွက် မောင်ဘယ်လောက်များ စဉ်းစားပေးမှာလဲ ဟု ပန်းရင့်မျှော်လင့်ခဲ့မိသေးရဲ့။

အခုအချိန်ထိတော့ မောင်…ပန်းရင့်အတွက် ဘယ်လောက်ထည့်တွက်ပေးခဲ့မှန်း ပန်းရင့် မသိခဲ့ပါ။

မသိခဲ့တာထက် သိဖို့မကြိုးစားခဲ့တာ ဖြစ်ပါ သည်။

မသိရဲ့သောအကြောင်းအရာတွေကို သိခဲ့ရ မှာ စိုးပါသည်။ မောင်နှင့်တွေ့တိုင်း မောင့်စကား များကို နားထောင်ကာ ဘယ်အချိန်မှာ မောင်လမ်းခွဲ စကား ဆိုလိမ့်မလဲဆိုပြီး ပန်းရင့်စောင့်ခဲ့ရသည်။

မောင့်ကို တစ်ခုတော့ ကျေးဇူးတင်ပါသည်။



ပန်းရင့် မကြားရဲ့သောစကားတို့ကို မောင် မပြောခဲ့တဲ့အတွက်ပါ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

သူထွက်သွားတုန်းက
အသည်းနှလုံးထဲမှာ
ထိတ်တိတ်ကလေး ကျိတ်ငို
ချစ်သူ့ခြေသံကို
မကြားသလိုနဲ့
အိပ်ချင်ယောင်ဆောင်နေခဲ့လိုက်တယ်...။

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူရယ်
မင်းမပေးနိုင်တဲ့အတွက်
ကိုယ်ဘာတစ်ခုကိုမှ
မတောင်းခဲ့ပါဘူး။
ဒါပေမယ့်
ကိုယ့်ကို မေ့မသွားဖို့တစ်ခုကိုတော့
မင်း သတိရပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



၅။

နှစ်လလောက် ကိုယ်ရင်းနှီးခဲ့ရသော နေရာလေးတစ်ခုမို့ ပန်းရင့်ရင်ထဲ လွမ်းသလိုလိုတော့ ရှိသားပင်။ သို့ပေမယ့် ဆေးရုံဆိုသော နေရာသည် လူကောင်းတွေအတွက်တော့ ပျော်ရွှင်ဖွယ်ရာကစားကွင်းတစ်ခု မဟုတ်ပါ။ ဆရာဝန်၊ ဆရာမများကလွဲလို့ ဆေးရုံကို ရောက်လာခဲ့ကြသူအားလုံးသည် ဘယ်လိုမှ မလွှဲမရှောင်သာလို့ လာရသူတွေချည်း။

ထိုလူတွေထဲမှာ ပန်းရင့်ထိပ်ဆုံးက ပါပါသည်။

လူနာတစ်ယောက် မဟုတ်ခဲ့ပေမယ့် လူနာတစ်ယောက်ထက် အဆပေါင်းများစွာ ခံစားရခက်သော ဝေဒနာများနှင့် ပန်းရင့်နေ့စဉ်ဆေးရုံကို လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ အတီတ်နဲ့ ပစ္စုပ္ပန်ကြားမှာ ကိုးလို့ကန့်လန့်နှင့် အင်မတန်မှ အနေရခက်ခဲ့သည်။

အခုတော့ ပန်းရင့်အတွက် ထိုဒုက္ခတွေက လွတ်ခဲ့ပါပြီ။

ဆေးရုံက ဆင်းရမည့်ရက်ကို ကြိုသိထားတာမို့ အဲဒီနေ့မရောက်ခင်ကတည်းက ပစ္စည်းပစ္စယတွေကို နည်းနည်းစီ အိမ်ကိုပြန်သယ်ထားပြီးသားပါ။ ကိုလေးကောင်းကောင်း လမ်းပြန်မလျှောက်နိုင်သေးတာမို့ ပန်းရင့်တို့အိမ်မှာပင် လောလောဆယ်နေဖို့ စီစဉ်ပေးထားပါသည်။ ထိုမနက်မှာ ဆေးရုံမှာ ခင်မင်နေကြပြီဖြစ်သော ဆရာဝန်တွေ၊ သူနာပြုတွေနှင့် တစ်ဆေးရုံလုံးက လူနာတွေကို နံနက်စာ တာဝန်ယူချင်သည်ဆိုသော ကိုလေး၏ ဆန္ဒကို ပန်းရင့်က အကောင်အထည်ဖော် ပေးခဲ့ပါသည်။ ခင်မင်နေပြီဖြစ်သော လူနာတချို့၊ လူနာရှင်တချို့ကိုလည်း ကိုလေးက စိုးဝင်း၏ အကူအညီနှင့် လိုက်နှုတ်ဆက်ပါသည်။

ပန်းရင့်ကတော့ လူနာခန်းထဲမှာ သိမ်းဆည်းစရာ ကျန်နေသေးသော ပစ္စည်းတွေ သိမ်းဆည်းရင်း



ကျန်ရစ်ပါသည်။ အခန်းဝင်ပေါက်ကို ကျောခိုင်းရင်း အလုပ်ရှုပ်နေတာခဲ့တာကြောင့် အခန်းဆီကို ရှူးဖိနပ်သံ တစ်ဒေါက်ဒေါက် လှမ်းလာ ရပ်တန့်တာသိပေမယ့် လှည့်မကြည့်ဖြစ်ခဲ့ပါ။ တာဝန်ကျတစ်ယောက်ယောက်ပဲ ထင်ပါရဲ့။ အသက်ကို ပုံမှန်ရှူရင်း အခန်းအတွင်းက လေထုထဲမှာ ရနံ့တစ်မျိုးစိုးမိုးလွှမ်းခြုံလာတာကို သတိထားလိုက်မိချိန်မှာ ရင်ထဲတလှပ်လှပ်ဖြစ်လာရလေသည်။

မဖြစ်နိုင်ပါ။ ခါတိုင်းဒီအချိန်တွေမှာ သူရောက်လာလေ့မရှိပါ။ လှည့်ကြည့်ချင်ပေမယ့် လှည့်မကြည့်ရဲပြန်။ အပြစ်ကျူးလွန်ထားသူတစ်ယောက်လို နောက်ကျောမလုံချင်းကိုလည်း ခံစားနေရလေသည်။ ဒါပေမယ့် မကြာခင်မှာပဲ ဒီလိုမွန်းကျပ်ခြင်းတွေကနေ လွှတ်မြောက်နိုင်တော့မှာပါ။

'မောင်မောင်… ဝင်ခဲ့လေ။ ဘာဖြစ်လာတာလဲ'

ဘေးခုတင်မှ ကိုမျိုးသက်၏ အသံက ပန်းရင့်အတွေးကို အတည်ပြုပေးသလိုပင်။ တကယ်ကို သူရောက်လာခဲ့တာပါလား။ မလတ်ကို ကားကြုံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးတုန်းက ခပ်လှမ်းလှမ်းမှာ လှမ်းတွေ့ရုံက လွဲပြီး အဲဒီနောက်ပိုင်း မတွေ့ကြတော့ပါ။ မတွေ့ကြအောင်လည်း နှစ်ယောက်စလုံးကြိုးစားနေခဲ့ကြ၍ ဖြစ်ပါသည်။

အခုတော့…

မတွေ့မဖြစ် တွေ့ကြရတော့မည်။

ပန်းရင့် ဘယ်လိုမှ ရှောင်လွှဲလို့ ရနိုင်တော့မှာ မဟုတ်ပါ။ ပန်းရင့်က ကျောခိုင်းထားရာမှ ပြန်ပြီး မျက်နှာမူလိုက်ပါသည်။

မျက်ဝန်းညိုတစ်စုံ။

ထိုမျက်ဝန်းညိုတစ်စုံသည် ပန်းရင့်ကိုစကားများစွာပြော၍နေသည်။ မောင်ရယ်… ပိန်သွားလိုက်တာ။ ပန်းရင့်တို့ မတွေ့ကြသော တစ်လနီးပါးမှာ မောင်သိပ်ကို ပြောင်းလဲသွားလိုက်တာကွယ်။ မောင့်နှုတ်ခမ်းတို့သည် စီးကရက်ဒဏ်ကြောင့် အရင်လောက် ပန်းနုရောင်မသမ်းနိုင်တောပေ။ ခါတိုင်းလို အပြုံးမျိုးလည်း မောင့်နှုတ်ခမ်းမှာ ရှိမနေ။

ပန်းရင့်သည် ဒူးတွေမခိုင်ချင်တော့တာမို့ ခုတင်ကို မှီထားလိုက်ရသည်။ မောင် တစ်ခုခု ပြော



လိုက်မှာလား။ ပန်းရင့်နှုတ်ခမ်းတို့ကတော့ စကားတစ်ခုခုကို ဆိုလိုက်ဖို့ အင်အားမရှိသေး။ မောင့်ကို ဒီတစ်ခါ တွေ့ရခြင်းဟာ နောက်ဆုံးပဲ ထင်ပါရဲ့။ ဒီဆေးရုံကို မလာရတော့တဲ့နောက်၊ ဟိုအရင် ခွဲခွာခဲ့ရတုန်းကလိုပဲ မောင်နဲ့ ပန်းရင့်တွေ့ကြတော့မှာ မဟုတ်။ မကြာခင်ကာလတွေမှာ ပန်းရင့်ဟာ ကိုလေးရဲ့ ဇနီးဖြစ်တော့မည်။

ပြန်တွေ့ဖြစ်ကြရင်လည်း နှလုံးသားထဲမှာပါ 'မောင်'လို့ တီးတိုးခေါ်ခွင့်ရှိတော့မှာ မဟုတ်ပါ။

'ကိုယ်… လက်ဖွဲ့လာပေးတာပါ'

ထိုစကားသည် မောင်ပြောလိုက်တာမှ ဟုတ်ပါလေစ။ မောင့်အသံသည် မယုံနိုင်လောက်အောင် ကြေမွကွဲအက်၍ နေသည်။ ပန်းရင့်ကို ဦးတည်ပြောနေတာမို့ ကိုမျိုးသက်သည်လည်း တအံ့တသြနှင့်တိတ်ဆိတ်၍နေသည်။ပန်းရင့်တို့နှစ်ယောက်၏ ဇာတ်လမ်းကို ကိုမျိုးသက် ဘာမှသိထားပုံမရပါ။

ပန်းရင့်သည် မောင့်ကို ဘာပြန်ပြောရမယ်ဆိုတာမသိ။ ရင်ထဲတွင် တစ်စုံတစ်ရာက ဆို့ဆို့နင့်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ဖြစ်လာကာ မူးသလိုလို၊ အန်ချင်သလိုလိုဖြစ်လာရသည်။ အသည်းနှလုံးတစ်စုံကများ ရင်ထဲကနေခုန်ထွက်ဖို့ ကြိုးစားနေသလားမသိ။ ပန်းရင့်မျက်လုံးထဲတွင် မောင့်အခုပုံစံကို မမြင်တော့ပေ။ ချောင်းသာကမ်းခြေ၏ မီးပုံပွဲတစ်ခုကို ချက်ချင်းပြန်ရောက်သွားကြသလိုလို။ မောင့်မျက်ဝန်းတွေသည် အဲဒီတုန်းက မျက်ဝန်းတွေအတိုင်း တစ်ထေရာတည်း တူညီနေပြန်သည်။

မီးပုံထားသော ထင်းစတစ်စနှင့် ပန်းရင့်ရင်ဝကို ဆောင့်ထိုးလိုက်ခံထားသလို ရင်မှာပူလောင်နာကျင်၍ နေသည်။

တကယ်ဆိုရင် ဘယ်လိုမှ မဖြစ်သင့်တော့ပါဘူးကွယ်။ မျက်ချယ်ပြောဖူးတဲ့ ဓားတစ်လက်ကို ပန်းရင့်အသုံးမပြုပါရစေနဲ့။ ချည်နှောင်ထားတဲ့ ကြိုးတွေကိုလည်း မဖြတ်တောက်ပါရစေနဲ့။

'မင်္ဂလာပွဲကျရင် ကိုယ့်ကိုဖိတ်လည်း ကိုယ်လာဖြစ်မှာ မဟုတ်ဘူး။ ဒါပေမယ့် ကိုယ်က မင်္ဂလာလက်ဆောင်တစ်ခုတော့ ပေးချင်လို့ပါ'

မောင် လှမ်းပေးနေတာသည် ဘာတွေလဲ။



ပန်းရင့်လှမ်းမယူမိသေးပါ။ မျက်လုံးထဲတွင် မျက်ရည်တို့ ပြည့်လျှံလာကာ အရာအားလုံးဝေဝါးကာနေသည်။

ပန်းရင့်… မောင့်ဆီက အလိုရှိခဲ့တာတွေဟာ မင်္ဂလာလက်ဖွဲ့တစ်ခု မဟုတ်ခဲ့ပါဘူး မောင်။ ဟိုးအရင်ကတည်းက ပန်းရင့်ဘာကို အလိုရှိတယ်ဆိုတာကိုသိရက်နဲ့ မောင် မပေးခဲ့တာပါ။ ပန်းရင့်ကလည်း အဲဒီအရာကလွဲရင် တခြားဘာကိုမှ မောင့်ဆီက မတောင်းချင်ခဲ့ပါဘူး။ ဘာမှလည်း မလိုချင်ခဲ့ပါဘူး။ ဘာမှလည်း မလိုချင်ခဲ့ပါဘူးကွယ်။

'ဟင့်အင်း'

ပန်းရင့်က ကြိုးစားအားတင်းပြီး ခေါင်းရမ်းလိုက်ပါသည်။

'ကိုယ့်ကိုရော၊ မလတ်ကိုပါ အကောင်းဆုံးသဘောထားပေးခဲ့တဲ့အတွက် ကိုယ်ကျေးဇူးတင်ပါတယ်။ ကိုယ့်ဘက်က အမှားတွေကို တစ်ခွန်းမှ အပြစ်မဆိုခဲ့တဲ့အတွက်… ကိုယ်… ကိုယ်'

ပန်းရင့် ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ပါ။ အင့်ခနဲ အသံထွက်အောင် ရှိုက်လိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မပြောပါနဲ့တော့လို့လည်း မတားဆီးနိုင်။ မောင့်ရှေ့က ထွက်သွားဖို့လည်း အင်အားမရှိ။ ရင်ထဲတွင်အရာ အားလုံး ဒွိဟဖြစ်၍နေသည်။ လွန်ခဲ့သော သုံးနှစ် ကျော်ကာလကိုသာ ပြန်ရောက်ခွင့်ရခဲ့ရင် ချောင်းသာ ကမ်းခြေမှာပဲ မောင်နှင့်အတူ ပန်းရင့်ကျန်ရစ်ခဲ့ချင် ပါသည်။ အခု အခြေအနေကို စိတ်ကြိုက်စီမံခွင့်ရရင် တော့ မောင့်ကို ဟန်မပျက်ရင်ဆိုင်ပြီး မောင့်စကား တွေကို ပြုံးပြုံးလေး နားထောင်နေလိုက်မည်။

ဒါပေမယ့် ပန်းရင့်အသည်းက အဲဒီလောက် မမာခဲ့ပါ။

'ကိုယ့်ရင်ထဲမှာ ပန်းရင့်ကို ပြောစရာစကား တွေ အများကြီး၊ အများကြီးရှိနေခဲ့တယ်။ ဒါပေမယ့် ဒီတစ်သက်တာမှာ ပြောခွင့်ရှိတော့မှာ မဟုတ်ဘူး။ အဲဒါကိုယ့်အတွက်ရဲ့ ပြစ်ဒဏ်ကို ကိုယ်ခံရတာပဲလေ။ ကိုယ် ကျေနပ်ပါတယ်။ သိပ်ကို ကျေနပ်ပါတယ်'

မောင်သည် ပြောရင်းနှင့် ခေါင်းရမ်းလိုက် ကာ…

'ဆောရီး… ကိုယ်ပြောဖို့ မရည်ရွယ်ပါဘူး။ ကိုယ် ပန်းရင့်ကို နှောင့်ယှက်လိုတဲ့ဆန္ဒ လုံးဝမရှိ



ပါဘူး'

ပြီးတော့ တစ်ခန်းလုံးအပ်ကျသံပင် ကြားရ လောက်အောင် တိတ်ဆိတ်ငြိမ်သက် သွားပြန်လေ သည်။

'ပန်းရင့်က… ပန်းရင့်ကသာ မောင့်ကို ကျေးဇူးတင်ရမှာပါ။ ပန်းရင့်မကြားရဲတဲ့စကားကို မောင်မပြောပေးခဲ့တဲ့အတွက်'

ဘယ်အချိန်မှာပြောပြော မောင်ဆိုသော နာမ် စားကို တခြားနာမ်စားတစ်ခုနဲ့ အစားထိုးသုံးစွဲဖို့ ပန်းရင့်အတွက် မတတ်နိုင်ခဲ့ပါ။ ထိုစကားကိုပြော ပြီး နောက်ထပ်ဘာစကားကိုမှ ပန်းရင့်မဆိုနိုင်တော့။ မောင့်ကိုထပ်ပြီး ရင်မဆိုင်ရဲတော့တာမို့ ပန်းရင့်က ပြန်ပြီး ကျောခိုင်းထားလိုက်ပါသည်။ ပါးပြင်ပေါ်ကို အသွယ်သွယ်စီးကျလာသော မျက်ရည်တို့ကို သုတ် လိုက်ဖို့ မကြိုးစားမိ။

လက်ရှိဘဝမှသာ လွတ်မြောက်ခွင့်ရချင်ပါ တော့သည်။ နှယ်ပင်၊ မြက်ပင်လေးတစ်ပင်၏ ဘဝ ကိုတောင် အခုလက်ရှိဘဝနဲ့ လဲလှယ်ချင်ပါရဲ့။ အသည်းနှလုံးမရှိတဲ့ဘဝ၊ အချစ်မရှိသောဘဝ၊ စည်း

www.burmeseclassic.com

www.burmeseclassic.com



ဘောင်တွေ ပတ်ဝန်းကျင်တွေမရှိတဲ့ ဘဝမှာသာ ပန်းရင့်နေချင်ပါသည်။

ဟန်ဆောင်ပြီးတော့လည်း မပြုံးချင်တော့ပါ။

တစ်ခါတလေမှာတော့ အချစ်ဆိုသော ဓား တစ်လက်နှင့် တစ်သက်လုံး အသက်ရှင်ခွင့်မရ အောင် ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်ချင်သည်။ သေသွားပြီးတဲ့နောက်မှာ လေပြည်လေးတစ်ခုနှယ် ဘာကိုမှ တွယ်တာစရာရှိတော့မှာ မဟုတ်။ အသည်း နှလုံးလည်းရှိတော့မှာမဟုတ်။ အားလုံးငြိမ်းချမ်းသွား ပါလိမ့်မည်။

လူတစ်ယောက်ကို သိပ်ချစ်ရင် ယုံကြည်မှု တစ်ခုကပါ လက်ဆောင်အဖြစ် အမြဲတမ်းပါလာ တတ်သတဲ့။ အခုလည်း ထိုလက်ဆောင်ကို ကိုလေး ထံမှ ပန်းရင့်လက်ခံရရှိထားပါသည်။

ပန်းရင့်လည်း အရင်က ထိုလက်ဆောင်ကို မောင့်အတွက် တမြတ်တနိုးပေးခဲ့ဖူးပါသည်။

မောင်… တန်ဖိုးထားခဲ့ပါသလား။ ထိုလက် ဆောင်အတွက် တစ်စုံတစ်ခုကို ပန်းရင့်ပြန်ရခဲ့ပါရဲ့ လား။ ပန်းရင့် ပြန်ရခဲ့တာတွေသည် ယုံကြည်မှုနှင့်



နည်းနည်းလေးမှ ဆက်စပ်မရသော အရာများသာ။

ကိုလေး၏ လက်ဆောင်အတွက် မောင့်လို တုံ့ပြန်မှုမျိုးကိုတော့ ပန်းရင့်မပေးချင်ပါ။ အကောင်း ဆုံးလက်ဆောင်တစ်ခုကိုသာပန်းရင့်ပေးချင်ပါသည်။ မကြာခင်မှာဘဲ မောင်နဲ့ပတ်သက်သမျှ ပတ်သက် စရာမလိုတော့လောက်အောင် ဝေးကွာသွားတော့ မည်။ ဒီတစ်ခါတော့ တကယ်ကို ပီပီပြင်ပြင် ဝေး ကွာခြင်းပါပဲ။

တဖြည်းဖြည်းနဲ့တော့…

အရာအားလုံးကို ပန်းရင့်တည်ငြိမ်ရင့်ကျက် သွားလိမ့်မယ်လို့လည်း မျှော်လင့်ထားမိပါရဲ့။

❖ ❖ ❖

ဂျူတီချိန်မပြီးခင်အထိ ဝါ့ဒ်ထဲမှာရှိသမျှ အလုပ်တွေကို ဇယ်ဆက်သလိုလုပ်နေမိသည်။တောက် လျှောက် လှုပ်ရှားနေပေမယ့် ကိုယ့်စိတ်က တခြား ကို ရောက်နေမှန်းလည်း ကိုယ့်ကိုယ်ကို သိပါသည်။ ငြိမ်သက်နေမိရင် ပိုပြီး စိတ်နဲ့ကိုယ်နဲ့ မကပ်မှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



လူနာတွေ၏ နှလုံးခုန်နှုန်းကို နားကျပ်နှင့် စမ်းသပ်နားထောင်တိုင်း ကိုယ့်ရင်ထဲတွင် နာကျင်ဆို့နင့်လာရစမြဲ။ ဒီနားကျပ်ကို မနာလိုပါဟု မှုန်နှံ့နှံ့ ဆိုခဲ့ဖူးသောချစ်သူ။ ချစ်သူကိုယ်တိုင် လက်ဆောင်ပေးထားခဲ့ဖူးသော ထိုနားကျပ်လေးသည် ကိုယ့်ကို နာကြည်းမှုကင်းစွာနှင့် ကိုယ့်အနားမှာ အမြဲရှိနေပေးခဲ့သည်။ တကယ်ဆိုရင် ကိုယ့်တွေဝေမှု၊ သတ္တိနည်းမှုတွေကို ကိုယ်ကိုယ်တိုင်ပင် ခွင့်မလွှတ်ချင်ပါ။ သို့ပေမယ့် ချစ်သူက ကိုယ့်ကို ခွင့်လွှတ်ခဲ့လေသည်။

ထိုခွင့်လွှတ်မှုကြောင့် သူ့ပိုပြီး ကြေကွဲခဲ့ရပါသည်။

သူဟာ သတ္တိမဲ့ခဲ့တဲ့ ချစ်သူဘက်က မားမား မတ်မတ်မရပ်တည်ရဲခဲ့တဲ့ ခပ်ညံ့ညံ့လူတစ်ယောက်။ ခွင့်လွှတ်မှုတွေနှင့် သူ မထိုက်တန်လှပါ။

'ဒေါက်တာ နေမကောင်းဘူးလား။ ကြည့်ရတာ မလန်းဆန်းဘူး'

လုပ်ဖော်ကိုင်ဖက် သူနာပြုတစ်ယောက်က သူ့ အခြေအနေကို ရိပ်မိစွာ မေးခဲ့ပါသေးသည်။

'နေကောင်းပါတယ်။ ကိုယ်အခုတလော



နည်းနည်းအတွေးများနေလို့ပါ'

'ကျွန်မ ဒေါက်တာ့ကို သတိထားမိတာကြာပြီ။ မေးသင့်မမေးသင့် ချင့်ချိန်နေလို့ မပြောဖြစ်တာပါ။ အခုရက်ပိုင်းမှာ ဒေါက်တာလုံးဝ Active(တက်တက်ကြွကြွ)မဖြစ်ဘူး။ ကျွန်မစိတ်ထင် Body Weight (ကိုယ်အလေးချိန်)တောင် တော်တော်ကျသွားမယ် ထင်တယ်'

'ဟုတ်လား။ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုတောင် သတိမထားမိတော့ပါဘူး။ ဒီရက်ပိုင်းမှာ ဒီပရက်ရှင်ဝင်နေတာတော့ ဟုတ်တယ်။ Personal (ကိုယ်ရေးကိုယ်တာ)ကိစ္စလေးတွေပါ'

ဘာမှမဖြစ်သလို ပြောလိုက်ရပေမယ့် ကိုယ့်အခြေအနေသည် သေးလူတွေတောင် ရိပ်မိရလောက်အောင် ဆိုးဝါးနေခဲ့ပြီလား။ ခါတိုင်း အလုပ်တာဝန်တွေကို လေးလေးစားစား တက်တက်ကြွကြွထမ်းဆောင်နေကျ တံခွန်သည် အခုတော့ ပုံမှန်လှုပ်ရှားနေဖို့ အတော်ကို ကြိုးစားနေခဲ့ရပြီ။ ကိုယ် သူမလေးထားခဲ့တုန်းကတော့ သူမလေး ဘယ်လိုခံစားခဲ့ရမှာပါလိမ့်ဆိုပြီး တစ်ကြိမ်တစ်ခါမှ မတွေးပေးဖူးခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်ကိစ္စကို အိမ်က သိသွားတုန်းက၊ သူမစိတ်ဆင်းရဲမှာထက်၊ ခံစားရမှာထက် ကိုယ့်ဘက်ကိုသာ ကိုယ်တွေးကာ ဆုံးဖြတ်ခဲ့တာ။

တစ်သက်လုံးမေမေနှင့် အစ်မများ၏ ဖူးဖူးမှုတ်သည်းသည်းလှုပ်ချစ်တာကို ခံခဲ့ရသော သူသည် မေမေတို့ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ပါဆိုသည့် အပြစ်ကြီးတစ်ခုကို အတိအလင်း ကျူးလွန်မိခဲ့ပြီးသည့်နောက်မှာ သူ့အတွက် အချစ်တွေများ လျော့သွားမလားဟူသော အတွေးစိတ်ကြီးကသာ သူ့ရင်ထဲမှာ အစဉ်ကိန်းအောင်း စိုးရွံ့နေခဲ့ပါသည်။ ရည်းစားခိုးထားမိခြင်းသည် သူ့အတွက်တော့ လူကြီးတွေမသိအောင် မုန့်ခိုးစားမိသော ကလေးငယ်တစ်ဦးနှင့် ဘာမှမခြား။ အသက်(၂၅)နှစ် မပြည့်မချင်း ရည်းစားမထားရဆိုသည့်တားမြစ်ချက်ကို သူက အတိအလင်းပင် ကျူးလွန်ခဲ့သည်။ တကယ်လို့ အသက်(၂၅)နှစ်ပြည့်မှ ရည်းစားထားမယ်ဆိုရင်တောင် သူ့ရွေးချယ်ချက်အတွက် ချမှတ်ထားသော ကန့်သတ်ချက်များသည် မနည်းလှပါ။

ပန်းရင့်နှင့်ကိစ္စကို မလတ်သိသွားခဲ့ပြီး



အတင်းအကျပ် တားဆီးခဲ့ပါသည်။ သူကလည်း မလတ်ကို မဟုတ်ဘူးဆိုပြီး ဘူးခံကာ လုံးဝခါးခါးသီးသီးငြင်းခဲ့သည်။ မလတ်မယုံဘူးဆိုတာသိပေမယ့် ဘာမှ မဖြစ်လောက်ဘူးအထင်နှင့် သူ ရှေ့ဆက်တိုးခဲ့ပါသည်။

ချစ်လှစွာသော မိန်းကလေးကို ရင်ခွင်ထဲမှ ခွဲခွာလိုက်ဖို့၊ လမ်းခွဲကြဖို့ သူ လွယ်လွယ်နှင့်တော့ မဆုံးဖြတ်နိုင်ခဲ့ပါ။ ကိုယ့်ရင်ခွင်ထဲတွင် သူမကို တွေးပိုက်ထားမိသည့်အချိန်တိုင်း ဘယ်လိုအင်အားတွေမွေးလျက် သူမကို ခွဲခွာရမယ်ဆိုတာ မတွေးရဲအောင်ပင်။ 'မောင်'ဆိုသော ခေါ်သံတိုးတိုးကို ကြားမိရတိုင်း တင်းထားမိခဲ့သော ခံယူချက်တွေ ပြိုလဲယိုင်နဲ့ သွားကြစမြဲ။

မလတ်က သူတစ်ယောက်တည်း အင်အားနှင့် တားဆီး၍မရသောအခါ မေမေနှင့် မဦးတို့ကိုပါ နောက်ဆုံးစစ်ကူ ခေါ်ခဲ့လေသည်။ မဦးနှင့်မလေးသည် တကယ့်ကို ဘုမသိ၊ ဘမသိပါ။ ပန်းရင့်နှင်းဆီဆိုတာ ဖြူသလား၊ မည်းသလားပင် မသိဘဲဆိုတားဆီးရေးကဏ္ဍကြီးတွင်ပါခဲ့ရလေသည်။မလတ်က

www.burmeseclassic.com

www.burmeseclassic.com



တော့ သူတို့ထက် နည်းနည်းပိုသာပါရဲ့။ ပန်းရင့်၏ ဓာတ်ပုံကို သူ သူငယ်ချင်းတစ်ယောက်ထံမှ တွေ့ဖူးပါသည်။

သူ့ကြောင့် မေမေမျက်ရည်ကျရတာ။ ပြည်ကနေ ဘယ်ကိုမှ သွားလေ့သွားထမရှိသော မေမေ ရန်ကုန်အထိ လိုက်လာခဲ့ရတာ။ ပြီးတော့ မေမေပြောခဲ့သော စကားတစ်ခွန်းသည် အခုချိန်ထိ သူ့နားထဲမှာ ပြန်ကြားယောင်နေမိတုန်း။

'မေမေက သားရဲ့ ဖေဖေဆုံးသွားခဲ့ပြီးတော့ ဘယ်လိုမှ အသက်ဆက်ပြီး မရှင်ချင်တော့ဘူး။ ဒါပေမယ့် သားအတွက် မေမေ ဆက်အသက်ရှင်ခဲ့ရတယ်။ မေမေ့ရဲ့ အနာဂတ်၊ မေမေ့ရဲ့ မျှော်လင့်ချက်အားလုံး သားအပေါ်မှာ ပုံထားခဲ့တယ်။ သားကြောင့် သားကို မွေးဖို့အတွက် မေမေအသက်ရှင်ခဲ့တာပါကွယ်။ မေမေ့ရဲ့ မျှော်လင့်ချက်တွေအားလုံး ချက်ချင်းပြိုလဲသွားဖို့တတ်နိုင်တာ သားတစ်ယောက်ပဲရှိပါတယ်။ အားလုံး သားအပေါ်မှာ မူတည်နေပါတယ်။ သားကြိုက်သလိုဆုံးဖြတ်ပါ။ မေမေစိတ်မဆိုးပါဘူး'

မေမေက စိတ်မဆိုးဘူး ပြောပေမယ့် သူ



ဘယ်လိုများ မေမေ့မျှော်လင့်ချက်တွေကို ယိုင်လဲစေနိုင်မှာတဲ့လဲ။

သူ့အတွက် အသက်ရှင်ခဲ့သူ မေမေ့အတွက် သူက အသည်းနှလုံးကို ပြန်စတေးပေးဆပ်ရခြင်းသည် ထိုက်တန်သည်မှာ သူ ယုံကြည်ထားခဲ့သည်။ ပန်းရင့်အတွက် သူ တရားရဲ့လား။ မတရားဘူးလား ဆိုတာ သူထည့်မစဉ်းစားခဲ့ဖြစ်ပါ။ ကိုယ်ထားခဲ့တော့လည်း တိတ်တဆိတ် ချန်နေခဲ့ပေးလေသောချစ်သူ။

ချစ်သူကို ရဲရဲဝံ့ဝံ့စွန့်လွှတ်နိုင်ခဲ့သော မဟာသူရဲကောင်းကြီးတစ်ယောက်အဖြစ် သူကျေနပ်နိုင်ခဲ့ပါသည်။ စွန့်လွှတ်ခဲ့ခြင်းဆိုတာ မေ့ပျောက်သွားခြင်းနဲ့ အဓိပ္ပာယ်တူအုပ်စုများဟု သူထင်မှတ်ထားခဲ့သမျှ အားလုံးမှားယွင်းခဲ့လေသည်။ ပတ်သက်မှုတစ်ခုကို ဖျောက်ဖျက်ပစ်လို့ ရခဲ့ပေမယ့် အချစ်ဆိုတာကိုတော့ ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့ မရနိုင်မှန်း သူသိခဲ့သော အချိန်သည် သူ့အတွက် များစွာနောက်ကျနေခဲ့ပြီ။

ပန်းရင့်နှင်းဆီဆိုသော ပန်းကလေးတစ်ပွင့်သည် ကိုယ့်ရင်ခွင်ပန်းခြံထဲမှာထက် ပိုလှသော ပန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ပွင့်အဖြစ် သူများရင်ခွင်မှာ ကိုယ်တွေ့ရသော အခါ ထိုပန်းကလေး၏ မွေးစက်ရာ အစစ်အမှန်သည် ကိုယ့်ရင်ခွင်သာဖြစ်သင့်ကြောင်းကိုလည်း ကိုယ်သိနေရပြီး အရာအားလုံး၏ အဓိကတရားခံသည် ကိုယ်သာဖြစ်ကြောင်းကို ကိုယ်တိုင်နားလည်လှစွာ ပြန်ပြုပြင်လို့ မရတာကို နောင်တဟု ခေါ်သည်ဆိုရင်တော့ တံခွန်သည် နောင်တပင်လယ်ကြီးထဲမှာ တက်မပါ၊ ရွက်မပါနှင့် လမ်းပျောက်နေသော လှေကလေးတစ်စင်းသဖွယ်။

ပဲ့ကိုင်ရှင်မဲ့စွာ…။

မှောင်မိုက်ကြီးထဲမှာ အလင်းရောင်မဲ့စွာ…။

သူ့ရတံခွန်တစ်ယောက်တည်း လမ်းပျောက်နေလေသည်။

❖ ❖ ❖

'ပန်းရင့်တို့ လက်ထပ်ကြရအောင်ကိုလေး'

ညစာ စားအပြီး အိမ်ရှေ့ဝရန်တာမှာထိုင်ကာ ရောက်တတ်ရာရာ စကားစမြည်ပြောနေကြဆဲ ပန်းရင့်က ဆိုင်းမဆင့်ဗုံမပါ ပြောလိုက်ပါသည်။



ကိုလေးဆေးရုံက ဆင်းလာပြီးရက်တွေမှာ ထိုကိစ္စကို ပန်းရင့် အသေအချာ စဉ်းစားနေခဲ့ဖြစ်သည်။ ချည်နှောင်မှုတွေကို ဖြတ်တောက်ပစ်မည့် ဓားတစ်လက်ကို ပန်းရင့်အလွန်ကြောက်ပါသည်။

အထူးသဖြင့် ထိုဓားသည် ကိုလေး၏ အသည်းနှလုံးကို တစ်ဆုံးထိုးမည့်ဓားဖြစ်နေမှာကိုပါ။

အဲဒီအတွက် ပန်းရင့် ခိုလှုံဖို့ အလုံခြုံဆုံးနေရာသည် ကိုလေး၏ ရင်ခွင်မှလွဲ၍ တခြားမဖြစ်နိုင်ပါ။

'ဘာတွေများ စိတ်ကူးပေါက်လာတာလဲ ပန်းရင့်ရဲ့။ ပြောပါဦး'

ကိုလေးက ပန်းရင့်ကို ကလေးငယ်တစ်ယောက်လို ချစ်စနိုးပြုံးကြည့်ကာ မေးပါသည်။ ကိုလေး၏ အပြုံးသည် အမြဲတမ်း နွေးထွေးမှုကိုပေးပါသည်။ အစ်ကိုတစ်ယောက်လို ဖခင်တစ်ယောက်လို အားကိုးမှီခိုချင်စရာ၊ လုံခြုံမှုအပြည့်အဝပေးပြီး ကိုယ့်ဘက်က အမြဲမားမားမတ်မတ်ရပ်တည်ပေးခဲ့သော ကိုလေး။

'ဟင့်အင်း… ဘာစိတ်ကူးမှ မပေါက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ပန်းရင့်ကိုလေးကို တစ်ယောက်တည်း ပြန်မလွှတ်ချင်တော့ပါဘူး။ ကိုလေး အရင်ကလို ပြန်လျှောက်နိုင်တဲ့အခါ တပ်ကိုပြန်ရတော့မှာလေ။ ပန်းရင့် တစ်ခါတည်း လက်ထပ်ပြီး လိုက်ခဲ့တော့မယ်'

ဒီတစ်ခါတော့ ကိုလေးမျက်နှာ လေးလေးနက်နက် ဖြစ်သွားပါသည်။ ပန်းရင့်မျက်နှာပေါ်က အဖြေကို ရှာမှာစိုးတာမို့ ပန်းရင့်သည် ကိုလေးကို ရင်ဆိုင်မကြည့်ဘဲ ဟိုးကောင်းကင်ပေါ်က ကြယ်တွေကို မော့ကြည့်ရင်း အမိပွာယ်မဲ့ ရေတွက်နေမိသည်။ အဖွေးတွေထဲက ကြိုးစားပြီး မေ့ပျောက်ထားသည့်ကြားထဲမှ ချောင်းသာကမ်းခြေ၏ ညတစ်ညကို သတိရသွားမိပြန်သည်။

ခက်ပဲ့ခက်ရချည်ရဲ့။

ဒါနဲ့များ ကိုလေးရဲ့ ရင်ခွင်ထဲ အပြီးတိုင် ခိုဝင်ဖို့ ကြိုးစားနေသေးသည်။

'ပန်းရင့်က ကိုယ့်ကို မခွဲနိုင်ဘူးပေါ့ ဟုတ်လား'

ပန်းရင့်သည် ကိုလေးကို ခွဲနိုင်သလား၊ မခွဲနိုင်ဘူးလားဆိုတာ တစ်ကြိမ်တစ်ခါမှ မစဉ်းစားခဲ့ဖူး



ပါ။ ဥပမာပေးရရင်တော့ ရေသောက်မိသလိုပေါ့။ တွေ့ကရာ ရေအိုးစင်က ရေတစ်ခွက်ကို သောက်မိပြီးရင် လည်ချောင်းယားလာရင်ပဲ ရေမသန့်တာလား၊ ဗိုက်အောက်ရင့်ပဲ အဲဒီရေကြောင့် ကူးစက်ရောဂါတစ်ခုခုများ ဖြစ်ပြီလားဆိုပြီး အတွေးအမျိုးမျိုးနှင့် စိတ်မသန့်ဖြစ်နေရမြဲ။ ရေသန့်ဘူးတစ်ဘူး ဝယ်သောက်လိုက်ရင်တော့ ရေနဲ့ပတ်သက်တဲ့ရောဂါတွေ ဘာမှ မဖြစ်တော့ ဘာအန္တရာယ်မှ မရှိတော့တဲ့အတိုင်း စိတ်အေးရပါသည်။ အခုလည်းထိုအတိုင်းပင်။ ကိုလေးပန်းရင့်ကို ဘယ်တော့မှ ခွဲမသွားဘူးဟု စိတ်ထဲသေချာနေတာကြောင့် ခွဲသွားခဲ့ရင်ဆိုတာကို ပန်းရင့် မစဉ်းစားမိခဲ့တာပါ။

ကိုလေး၏ မေးခွန်းကို ပန်းရင့် မဖြေနိုင်ခဲ့ပါ။

'လာမယ့်ဘေးဆိုတာ ပြေးတွေ့လိုက်တာ အကောင်းဆုံးပါပဲ ပန်းရင့်ရယ်။ ပုန်းရှောင်ရာ ရှာတယ်ဆိုတာ မကောင်းပါဘူး။ အတွေးနဲ့ ရင်မဆိုင်ရဲဘူးထင်ပေမယ့် တချို့ကိစ္စတွေမှာ တကယ်ရင်ဆိုင်တဲ့အခါ တွေးထားသလောက် မဆိုးဝါးတာတွေ

www.burmeseclassic.com



လည်းရှိပါတယ်'

'ကိုလေးကို ပုန်းရှောင်ရာလို့ ပန်းရင့် မသတ်မှတ်ပါဘူး ကိုလေး။ ရှောင်ပုန်းနေဖို့လည်း ပန်းရင့်ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးဘူး။ အရင်ကတည်းက အားလုံးကို ရင်ဆိုင်ခဲ့ပြီးသားပါပဲ။ အဲဒီတုန်းကတည်းက ပန်းရင့်တစ်ယောက်တည်း ရင်ဆိုင်ခဲ့တာပါကိုလေး'

'ပန်းရင့်ဆုံးဖြတ်တဲ့အခါ ကိုယ့်အတွက် ချည်နှောင်ခံထားရတာမျိုး မဖြစ်စေချင်ဘူး။ အဲဒါကြောင့်ပါ'

ပန်းရင့်က ကိုလေးလက်မောင်းကို အားမလို့အားမရ ကိုင်လှုပ်လိုက်မိသည်။ ကိုလေးဘာဖြစ်လို့ အဲဒီလောက် သဘောကောင်းနေရတာလဲ။ ကိုယ့်အတွက် နည်းနည်းလေးမှ ထည့်မစဉ်းစားဘူးလား။ ပန်းရင့် ပျော်ရွှင်ဖို့၊ စိတ်ချမ်းသာဖို့ တစ်ခုတည်းကိုသာ ကိုလေး အဓိကထားနေတာလား။ ပြီးတော့ ပန်းရင့် ပျော်ရွှင်လိမ့်မယ်ဆိုတာကရော။

'ကိုလေး အဲဒီလို မပြောပါနဲ့။ အချည်နှောင်ခံရတယ်လို့လည်း ပန်းရင့်ဘယ်တုန်းကမှ မထင်ခဲ့



ပါဘူး။ တကယ်လို့ ဒါဟာ ချည်နှောင်မှုတစ်ခုဆိုရင်တောင် အဲဒီချည်နှောင်မှုကို တစ်သက်လုံးပဲ ချည်နှောင်ထားစေချင်ပါတယ်။ ပန်းရင့်က အမြဲတမ်း ချည်နှောင်ခံချင်တာပါ'

'ကိုယ်က ဟိုးအရင်ကတည်းက ပန်းရင့်မျက်ဝန်းထဲက စကားတွေကို နားလည်နိုင်ခဲ့တာပါ။ ပန်းရင့်ပျော်တဲ့အခါ၊ ပန်းရင့်ငိုတဲ့အခါ၊ အရာအားလုံးကို မပြောလည်း ကိုယ်သိနေခဲ့တယ်။ အခုချိန်ထိပေါ့'

ကိုလေးက စကား မဆက်သေးဘဲ ပန်းရင့်ကို ကြည့်သည်။

ဒီတစ်ကြိမ်လည်း ပန်းရင့်မျက်ဝန်းထဲက စကားတွေကို ကိုလေးနားလည်သွားခဲ့ပြီလား။ အမေဆုရင် ငါ့ဆီပြေးခဲ့ ဆိုတဲ့ အရွယ်မျိုးမဟုတ်တော့ပေမယ့် ဘာကို ဆုံးဖြတ်ရမယ်ဆိုတာ မသိတော့တိုင်း ကိုလေးနဲ့ ချက်ချင်းလက်ထပ်ဖို့သာ စဉ်းစားမိတာသည် အဲဒီ အဓိပ္ပာယ်အတိုင်းပါပဲ။

'ကိုယ့်ကို အားမနာပါနဲ့ ပန်းရင့်။ ကိုယ်ကသာ ပန်းရင့်ကို အားနာရမှာပါ။ ကိုယ်ဆေးရုံတက်

www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ ကာလတွေမှာ ကိုယ့်အတွက်နဲ့ ပန်းရင့်ဝေဒနာအပေါင်းတွေ အသစ်ပြန်ဖြစ်ခဲ့ရတယ်။ ပန်းရင့်ကို ခံစားရအောင် ဝေဒနာပေးခဲ့သူတွေနဲ့ ပန်းရင့်အမြဲမျက်နှာချင်းဆိုင်ခဲ့ရတယ်။ ဘာမှ မဖြစ်သလို ဟန်ဆောင် ပြုံးရယ်ဆက်ဆံခဲ့ရတယ်'

'ဟင့်အင်း… ပန်းရင့်အတွက် အခက်အခဲကြီး မဖြစ်ခဲ့ပါဘူး ကိုလေး။ ပန်းရင့်တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ခဲ့ပါတယ်'

ဟန်ဆောင်ထားသမျှ ကွာကျခဲ့ရသောနေ့သည် ကိုလေးဆေးရုံမှ ဆင်းရသော နေ့တစ်နေ့တွင်သာ။ ပန်းရင့်နှင့် ထပ်တူထပ်မျှ မောင် ခံစားနေခဲ့ရလိမ့်မယ်လို့ ပန်းရင့် တွေးမထားမိခဲ့ပါ။ မောင်ဟာအောင်နိုင်သူကြီးတစ်ယောက်အဖြစ်နဲ့ ပန်းရင့်ကိုကျော်ခိုင်းသွားခဲ့တာပဲ။ ခွဲခွာခြင်းရဲ့ အခြားတစ်ဖက်မှာ မောင်တစ်ယောက် ကျေနပ်စွာ ဟားတိုက်ရယ်မောနေလိမ့်မည်။ အဲဒီလိုသာ ပန်းရင့်ထင်ထားခဲ့ပါသည်။

'ကဲပါ ညီမလေးရယ်။ ကိုယ်တို့စကားတွေလည်း ဦးတည်ချက်လွဲကုန်ပါပြီ။ ကိုယ်ကတော့



လက်မထပ်ချင်သေးဘူး။ ကိုယ့်အတွက် ညီမလေးစိတ်မပူပါနဲ့။ ကိုယ့်အတွက်လည်း ထည့်မတွက်ပေးပါနဲ့'

'ပန်းရင့်က လက်ထပ်မယ်ဆိုရင်ကော'

'ကိုယ်ပြောပြီးပြီပဲ။ ကိုယ့်ကို ညီမလေးရင်ထဲမှာ ဘယ်လိုမှ သဘောမထားထားနဲ့။ ကိုယ်ဟာ ညီမလေးကို မချည်နှောင်ချင်ဘူး။ ညီမလေးက ရွှေငါးလေးတစ်ကောင်ဆိုရင်တောင် ကိုယ်ကပင်လယ်တစ်ခုထက် သမုဒ္ဒရာတစ်စင်းပဲ ဖြစ်ချင်တာပါ'

မငိုပါဘဲနှင့် ပါးပြင်ပေါ်ကို မျက်ရည်ပေါက်တွေ အလုအယက်စီးဆင်းလာကြပြန်လေသည်။ ငိုရပြန်ပါပြီ။ ဘာအတွက်ကြောင့် ပန်းရင့်ငိုရပါသလဲ။ ယောကျ်ားနှစ်ယောက်အတွက် ပန်းရင့် ခဏခဏငိုရပါသည်။ ရင်ထဲမှာ ကိုယ်စီနေရာယူထားကြသူနှစ်ယောက်အတွက် ငိုရသည်။

ကိုယ့်ကို သူတို့နှစ်ယောက်တည်းက တစ်ယောက်ယောက် စွန့်လွှတ်ရမှာကို စိုးရိမ်လို့ ငိုရတာလား။ ဒါမှမဟုတ် ကိုယ်ကပဲ သူတို့နှစ်ယောက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



က တစ်ယောက်ယောက်ကို စွန့်လွှတ်ရမှာ စိုးရိမ်နေခဲ့တာလား။ ကိုယ့်မျက်ရည်များ၏ သမိုင်းကိုတောင် ပန်းရင့် မသိတော့ပါ။

ကိုလေးက ပန်းရင့်ပခုံးလေးကို ခပ်ဖွဖွ ထွေးဖက်ကာ နှစ်သိမ့်တော့ ပန်းရင့် ကိုလေးရင်ခွင်ထဲ တိုးဝင်ရင်း ငိုကြွေးမိလေသည်။ တင်းကျပ်စွာ ဖက်တွယ်ထားသော ရင်ခွင်။ ပန်းရင့်အတွက် ဘယ်ရင်ခွင်သည် အလုံခြုံဆုံးပါလိမ့်။ တစ်သက်တာ မေးစက်ခွင့်အတွက် ဘယ်ရင်ခွင်မှာများ၊ ဘာကြောင့်များ ကိုယ်ဟာ ဒွိဟတွေ တပွေ့တပိုက်ဖြစ်နေရတာပါလိမ့်။ ငါးရံ့နှစ်ကောင်ဖမ်းတယ်လို့ ခပ်ကြမ်းကြမ်း အမည်တပ်ကြရင်လည်း ပန်းရင့် ငြင်းဖို့ ခက်ခဲလှပါသည်။

ပန်းရင့်သည် ကိုလေးရင်ခွင်တွင် မျက်နှာအပ်ထားရင်း–

'ပန်းရင့် ကိုလေးကိုချစ်တယ် သိလား။ ကိုလေးကို ပန်းရင့်ချစ်တယ်'

ပန်းရင့်၏ စကားသံသည် ငိုရှိုက်ရင်းမို့ ဗလုံးဗထွေး။



'ကိုယ်သိပါတယ် ကလေးမရယ်။ ကိုယ်နားလည်ပါတယ်။ ဟိုးအရင်တုန်းက ကိုယ်ပြောဖူးခဲ့တဲ့ ဥပမာတစ်ခုတောင် ရှိပါသေးတယ်။ ဝတ္ထုမဖတ်တာနဲ့ ဝတ္ထုမကြိုက်ဘူး။ ဝတ္ထုမကောင်းဘူး မဟုတ်ဘူး ဆိုတာလေ။ ဆုံးဖြတ်ချက်တစ်ခုဖြစ်လာခဲ့ရင်တောင် ပန်းရင့် ကိုယ့်ကို မချစ်လို့မဟုတ်ဘူးဆိုတာ ကိုယ် ယုံကြည်ပြီးသားပါ'

'ဟင့်အင်း… အဲဒီလို မဟုတ်ပါဘူး ကိုလေးရဲ့။ ပန်းရင့်က…'

ပန်းရင့် စကားဆက်ပြောခွင့်မရအောင် ကိုလေးက ပန်းရင့်ကို ပိုပြီးတင်းကျပ်စွာ ထွေးပိုက်ထားလိုက်ပါသည်။

'ကလေးမ ဆက်ပြောမယ့်စကားတွေကို ကိုယ်ကောင်းကောင်း နားလည်တယ်။ ဒါပေမယ့် ကိုယ်ကလေးမကို လက်မထပ်ဘူး။ ကိုယ့်ကို လက်ထပ်ရမယ့်လူတစ်ယောက်အဖြစ် ကလေးမရဲ့ ဦးနှောက်ထဲက လုံးဝထုတ်ထားလိုက်ပါ။ အဲဒီအချိန်ကျရင် ကလေးမ အခုလို ငိုရတော့မှာ မဟုတ်ဘူး။ ကိုယ်ကောင်းကောင်း အာမခံတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တုန်းကတော့ ကိုလေးဆိုလိုသော အဓိပ္ပာယ်ကို ပန်းရင့် ရှင်းရှင်းလင်းလင်း နားမလည် ခဲ့ပါ။

❖ ❖ ❖

အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

သတို့သား၏ ညီမငယ်က ဂရုတစိုက်နှင့် နေရာချပေးသောဝိုင်းတွင် ဝင်ထိုင်ပြီးတော့မှ ထိုဝိုင်းတွင် ရောက်နှင့်နေခဲ့ကြသူများကို သတိထားမိသွားခဲ့ရပါသည်။ ထိုင်လိုက်ပြီးတော့မှ ပြန်ထပြီး တခြားဝိုင်းကို ပြန်ပြောင်းလို့လည်း ဘယ်လိုမှ မကောင်းတော့ပေ။

မခုံချင်တာ မဟုတ်ပေမယ့် ပုံမှန်အတိုင်းရင်ဆိုင်နိုင်ဖို့ မလွယ်ကူသေးတာကြောင့်ရယ်ပါ။ သို့ပေမယ့် ပန်းရင့်က ကိုယ်ဝင်ထိုင်လိုက်သောနေရာနှင့် နှစ်နေရာခြားမှာ ထိုင်နေသူနှစ်ဦးကို ဝတ္တရားအရ ပြုံးပြနှုတ်ဆက်လိုက်ပါသည်။ တစ်ယောက်က လိုက်လိုက်လှဲလှဲ ပြန်ပြုံးကာ နှုတ်ဆက်ပြီး နောက်တစ်ယောက်ထံမှတော့ အသိအမှတ်ပြုသည့် အကြည့်တစ်စုံကိုသာ လက်ခံရရှိခဲ့လေသည်။ မုန်းတီးရေလို့ မပြုံး

www.burmeseclassic.com

www.burmeseclassic.com



နိုင်တာ မဟုတ်မှန်းလည်း ပန်းရင့်နားလည်ပါရဲ့။ ပန်းရင့်ကိုယ်တိုင်လည်း အဲဒီလိုပဲ ခံစားနေရပါသည်။

'တစ်ယောက်တည်းလား'

ဖွဲ့ဟိန်းက တိတ်ဆိတ်မှုကိုစတင်ပြီး အသက်သွင်းလိုက်ပါသည်။

'ဟုတ်တယ်။ မျက်ချယ်က သူ့အစီအစဉ်နဲ့ သူလာမယ်ဆိုလို့ တို့တစ်ယောက်တည်းပဲ လာခဲ့လိုက်တာ။ ဖွဲ့ဟိန်းတို့လာဖြစ်မယ်လို့တောင် မထင်ဘူး'

'ထူးထူးရော မျိုးပါ တကူးတကလာဖိတ်တာလေ။ ချောင်းသာခရီးက စုတွဲရဲ့ ပထမဆုံးမျိုးဦးပေါက် မင်္ဂလာပွဲကို တက်ဖြစ်အောင် တက်ပါဆိုလို့ ကျွန်တော်ဆိုရင် ဂျူတီကိုတောင် တခြားသူငယ်ချင်းတစ်ယောက်ကို အကူအညီတောင်းပြီးလည်း လာခဲ့ရတာ'

'ဪ … ဟုတ်လား'

သူကတော့ ပန်းရင့်နှင့် ဖွဲ့ဟိန်းပြောနေသမျှကို ဘာမှ ဝင်မပြောဘဲ တိတ်ဆိတ်စွာ ထိုင်နေမိပါသည်။

ယခုထက်တိုင် မောင်ဆိုသော အခေါ်အဝေါ်



လေးတစ်ခုကို မြတ်မြတ်နိုးနိုးခေါ်ဝေါ်နေခဲ့ဖြစ်သော တစိမ်းဆန်ဆန် အခေါ်အဝေါ်တစ်ခုကို ကြားရလိမ့်မလား စိုးရွံ့မိခဲ့ပေမယ့် ပန်းရင့်က မခေါ်ခဲ့ပါ။ သူပေးသော မင်္ဂလာလက်ဆောင်ကိုလည်း ဓာတ်ခွဲတစ်ကောင်နှယ် သဘောထားကာ ပန်းရင့်လက်မခံခဲ့။ တကယ်တော့ ထိုလက်ဆောင်သည် သူ ရင်ကွဲခံပြီး ပြန်ပေးဖို့ ကြံစည်ခဲ့သော နားကျပ်နှင့် ခေါင်းစည်းကြိုးတစ်ခု ဖြစ်ပါသည်။

ပန်းရင့်က လက်မခံခဲ့တာမို့ သူ့ခုတင်ဘေးက စားပွဲပေါ်မှာ အခုချိန်ထိ ထိုမင်္ဂလာလက်ဆောင် ထုတ်ရှိနေပါသေးသည်။

နာမည်နှင့် လိုက်ဖက်လှစွာ ပန်းရောင်ဝတ်စုံနှင့် အလှကြီးလှနေခဲ့သောချစ်သူ။ နှုတ်ခမ်းနှစ်လွှာမှာတော့ သူ အင်မတန်မှ ရှုးသွပ်စုံမက်လှသော ရေမွှေးနှင်းဆီရောင် နှုတ်ခမ်းဆိုးဆေးကို ဆိုးထားခဲ့လေသည်။ ထိုနှုတ်ခမ်းလေးကို ချောကလက်ရောင် နှုတ်ခမ်းဆိုးဆေး မဆိုးရဟုလည်း သူတင်းတင်းကျပ်ကျပ် အမိန့်ထုတ်ခဲ့ဖူးပါသည်။

ဒီမင်္ဂလာဆောင်သည် ကိုယ်တို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အတွက် အရာရာ သတိရတမ်းတစရာတွေချည်းသာ ဖြစ်စေမည်မှန်း သူသိပါသည်။ သူကတော့ ထို တမ်းတစရာ ပျော်ရွှင်မှုအငွေ့အသက်လေးတွေကို နည်းနည်းလေးရလိုရငြား ခံစားကြည့်ချင်သည်။ ကိုရဲ ရောက်လာရင်တော့ စိုစိုပြေပြေဖြစ်သွားမှာ အသေ အချာ။ ချစ်သူ အင်မတန်မှ မုန်းတီးလှသော 'ပျော့ တော့တော့' ဆိုသည့်အမည်ခေါ်ပြီး ချစ်သူကိုစနောက် လိမ့်ဦးမည်။ အဲဒီအချိန်မှာ မကျေမနပ်ဖြစ်သွားမည့် ချစ်သူ၏မျက်နှာလေးကို ငေးချင်ပါသေးသည်။

'အဲဒီတုန်းက ချောင်းသာက တော်တော် ပျော်ဖို့ ကောင်းတယ်နော်။ နောက်ထပ်ရောက်ပေ မယ့် အဲဒီတုန်းကလောက် ပျော်ဖို့ မကောင်းတော့ သလိုပဲ'

ဖွဲ့ဟိန်းကတော့ ချောင်းသာကို နောက်တစ် ကြိမ်ထပ်ရောက်ဖြစ်ပါသေးသည်။ သူကတော့ တမင်ကို မသွားခဲ့တာပါ။ ပန်းရှင်မပါဘဲနှင့် ချောင်း သာကမ်းခြေကို ဘယ်တော့မှ ပြန်မသွားတော့ဟု ဆုံးဖြတ်ထားခဲ့တာ။ အဲဒီတစ်ခေါက် ချောင်းသာက အပြန်မှာကတည်းက ဖြစ်သည်။ ရင်ထဲမှာတစ်ကိုယ် တည်း ဆုံးဖြတ်ထားခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်ပြီး ပန်းရင့်ကိုတောင် သူမပြောခဲ့ဖူးပါ။

'တို့လည်း အဲဒီတစ်ခေါက်ပဲ ရောက်ဖြစ်ပါ တယ် ဖွဲ့ဟိန်း။ နောက် မရောက်ဖြစ်တော့ဘူး'

ပန်းရင့်မျက်နှာလေး သိသိသာသာ ညှိုးငယ် သွားပါသည်။

ဖွဲ့ဟိန်းသည် ပြောမိပြီးမှ ဝေဒနာကို ဆွပေး သလို ဖြစ်သွားရတာကြောင့် အားနာသွားကာ ပြန်ပြီး နှုတ်ဆိတ်နေလိုက်မိပါသည်။

ဝိုင်းတွင် ထိုင်နေကြသူများထဲတွင် သူတို့ သုံးယောက်သာ အသိအကျွမ်းဖြစ်ပြီး ကျန်တဲ့လူတွေ က တစိမ်းတွေသာ။ သူ့လူနှင့်သူသာ အသီးသီးတီး တိုးစကားဆိုနေကြတာမို့ ဖွဲ့ဟိန်းကလည်း နှုတ်ဆိတ် သွားသောအခါ ပန်းရင့်လည်း တစ်ယောက်တည်း အေးအေးဆေးဆေးသာ ထိုင်နေဖြစ်ပါတော့သည်။

ပန်းရင့်နှင့် ကိုလေး၏ လက်ထပ်မည့်ကိစ္စ တို ကိုလေးက သူ့ဆန္ဒနှင့်သူ ရက်အကန့်အသတ် မရှိ ရွှေ့ဆိုင်းထားလိုက်ပါပြီ။ ပန်းရင်စိတ်မညစ်စေ ဖို့တစ်ခုကိုသာ ကိုလေးဦးတည်ပေးမှန်းပန်းရင့်သိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရာရာကို ပန်းရင့်ပြတ်ပြတ်သားသား ရင်ဆိုင်နိုင်ဖို့၊ ဆုံးဖြတ်နိုင်ဖို့ ပန်းရင့်ကို ချည်နှောင်ထားသော ကြိုးတစ်ချောင်းကို ကိုလေး ဖြည်လျှော့ပေးခဲ့ခြင်းပါပဲ။

'အိမ်က ကားက ခဏဆိုပြီး မောင်လေးအပြင်ထွက်သွားတာ ချက်ချင်းပြန်မလာလို့ပဲ၊ ကျုပ်မှာ မင်္ဂလာဆောင်လာဖို့ အားလုံးပြင်ဆင်ပြီးမှ Taxiနဲ့ပဲ လာရတော့မလိုလို၊ သူငယ်ချင်းတစ်ယောက်ယောက်ကိုပဲ လှမ်းအကူအညီတောင်းရတော့မလိုလိုနဲ့ ပျာယာခတ်သွားတာပဲ။ ပွဲထုတ်တာမှ မီမှမီပါတော့မလားလို့ တော်ပါသေးတယ်။ မောင်လေးကအမီပြန်ရောက်လာလို့'

ပျာယီးပျာယာနှင့် မျက်ချယ်ရောက်လာပါသည်။ ပန်းရင့်ဘေးမှာ သုံးနေရာလောက် လွတ်နေသေးတာမို့ အဆင်ပြေသွားရ၏။ ဟိုဝိုင်း ဒီဝိုင်းကူးနေစရာ မလိုတော့ပေ။ မျက်ချယ်က သူပြောချင်တာတွေ ပြောပြီးမှ သူ့ကို ပန်းရင့်ခါတိုင်းလို ပြန်ပြီးအားပါးတရ မပြောတာ ဘာကြောင့် ဘာလိမ့်ဆိုပြီး စူးစမ်းမိလေတော့သည်။



ပန်းရိုင့်နှင့်တံခွန် ဝေးကွာသွားကြပြီးကတည်းက မျက်ချယ် တံခွန်ကိုပြန်တွေ့ရတာ ဒါပထမဆုံးအကြိမ်ဖြစ်ပါသည်။ ဇွဲဟိန်းနှင့်တော့ မျက်ချယ်မကြာခဏဆုံပါရဲ့။ သို့ပေမယ့် တံခွန့်ကို မကြည်လင်သောအရှိန်နှင့်မို့ တံခွန့်သူငယ်ချင်း အရင်းခေါက်ခေါက် ဇွဲဟိန်းကို မျက်ချယ်ရင်းရင်းနှီးနှီး ဟက်ဟက်ပက်ပက် မဆက်ဆံဖြစ်တော့ပါ။ တံခွန့်ကိုများ တွေ့ခဲ့ရင်တော့ မသိကျွမ်းခဲ့သလိုကို မျက်နှာလွှဲပစ်မိမှာအသေအချာ။ ဒီတစ်ခါပြန်တွေ့ကြခြင်းသည် မသိချင်ယောင်ဆောင်လို့လည်း မရတော့ပေ။

'သူရတံခွန်နဲ့ ဇွဲဟိန်းပါလား။ ထူးထူးဆန်းဆန်းနော်။ မတွေ့ဖြစ်ကြတာတောင် တော်တော်ကြီးကြာနေကြပြီ။ ဘယ်လိုလဲ ဘာတွေများပြောင်းလဲနေကြပြီလဲ။ သူရတံခွန်ရောဇနီးမရနေပြီလား။အိမ်ကပေးစားတဲ့ မိန်းမလေ'

ကျောင်းမဆင်းရသေးတာမို့ အိမ်ထောင်ပြုလို့မရသေးတာကို သိသိကြီးနှင့်ပင်။ မျက်ချယ်က စကားနာထိုးလိုက်ပါသေးသည်။ မပြောနဲ့ဆိုပြီး မျက်ရိပ်မျက်ကဲပြကာ ဟန့်လိုက်ပေမယ့် မမီတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရင့်ဘက်မှ မခံမရပ်နိုင်ဖြစ်နေတာ ဟိုး အစောကြီးကတည်းကပါ။ ကျွန်မ အခုမှ ပြောခွင့်ကြုံရတာဖြစ်ပါသည်။ ကိုယ့်အချစ်ဆုံး သူငယ်ချင်းကို ဝေဒနာများစွာ ပေးခဲ့သူကိုကျွန်မကတော့ ကြည်ကြည်ဖြူဖြူကြီး ခွင့်လွှတ်ပုံးပြမနေနိုင်။ပန်းရင့် ဘယ်လောက်ခံစားခဲ့ရတယ်။ ပုံမှန်ပြန်ရပ်တည်နိုင်ဖို့ ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ ကျွန်မ အသိဆုံးပါ။

ပန်းရင့်ဘဝထဲမှ တံခွန်တိတ်တဆိတ် ထွက်ခွာ သွားခါစတုန်းက ပန်းရင့်သေလုမတတ် ခံစားခဲ့ရတာ။ အစားမမှန်၊ အအိပ်မမှန်နှင့် စိတ်ကျရောဂါဝေဒနာသည် တစ်ယောက်နှယ်။ တိုက်ဖွိုက်သဘောမျိုးပါဖြစ်ပြီး ဆေးရုံမှာ ရက်ကြာကြာတက်ခဲ့ရသေးသည်။ တံခွန်မပါခဲ့ဘဲ ဘဝကို ပြန်ရှင်သန်လျှောက်လှမ်းနိုင်အောင် အားလုံးက ဝိုင်းပြီး ဖေးမပေးခဲ့ကြရပါသည်။ ဝိုင်းဖေးမခဲ့ကြသောလူတွေထဲမှာ ပန်းရင့်အတွက် အခိုင်မာဆုံးရပ်တည် ဖေးမခဲ့သူသည် ကိုလေး၊ အုပ်စိုးထိုက်ဖြစ်လေသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် ကိုလေး၏ ပန်းရင့်အပေါ် ထားရှိသော အချစ်



ကို ဘယ်သူမှ မမီနိုင်တာ သေချာပါသည်။

'ကျွန်မလည်း မတွေ့တာကြာလို့ သိပ်ချောလာပါတယ်။ ဘယ်တော့ စားရမှာလဲ'

'ပန်းရင့်ကို စောင့်နေတာ။ ပန်းရင့်ပွဲပြီးရင် တို့ပွဲလုပ်မယ်လေ'

တံခွန်ရော ပန်းရင့်ပါ ကျွန်မ်နှာမကောင်းလှတာ ကျွန်မရိပ်စားမိပါသည်။ ကျွန်မကြောက်သည့်အားတစ်လက်၊ ပန်းရင့်လက်ထဲကို ရောက်မလာစေချင်ပါမှ ပန်းရင့်သည် ထိုအားသွားပေါ်မှ ပျားရည်တစ်စက်ကို မက်မောနေပြီ ထင်ပါရဲ့။

'ပန်းရင့်က ဘယ်တော့လဲ'

ထိုမေးခွန်းကို မေးခဲ့သူသည် ဘယ်သူမှ မျှော်လင့်မထားသော တံခွန်ဖြစ်နေခဲ့လေသည်။ ပန်းရင့်တစ်ယောက်မှလွဲ၍ ကျန်နှစ်ယောက်၏ တအံ့တဩအကြည့်က တံခွန့်ထံ့ ရောက်လာခဲ့သည်။

'ဒီလိုပါပဲ'

ပန်းရင့်၏အဖြေသည် မရေမရာ။ ကိုအုပ်မကြာခင် လက်ထပ်တော့မယ့်ကိစ္စကို မရေမရာကြီး ဖြေလိုက်တာကိုတော့ ကျွန်မ ဘဝင်မကျပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်များမှပဲ ပန်းရင့်ကို ဆုံးမရပါဦးမည်။

သတို့သမီး၊ သတို့သားကို ပွဲထုတ်လာပြီမို့ အားလုံး၏အာရုံက သတို့သမီး၊ သတို့သားဆီကိုသာ ပြန်ရောက်သွားကြပြန်ပါသည်။ သတို့သား ထူးထူးသည် အပျော်ကြီးပျော်နေပြီး ပြုံးနေသော နှုတ်ခမ်း နှစ်လွှာသည် စေ့မရ။ ထူးထူးတစ်ယောက် ချောင်းသာသွားတုန်းက မျိုးအချစ်ကိုရဖို့ အသည်းအသန် ကြိုးစားခဲ့ရတာကိုလည်း မှတ်မိပါသေးသည်။ အခုတော့ ထူးထူးနှင့်မျိုး အချစ်ဆုံတောင်းပြည့်ခဲ့ကြပါပြီ။

ချစ်သူတို့ရဲ့ နောက်ဆုံးပန်းတိုင်ဟာ ဘာများပါလိမ့်။ လက်ထပ်ခြင်းဆိုရင်တော့ ထူးထူးတို့သည် ပန်းတိုင်ရောက်သည်အထိ ခလုတ်မထိ ဆူးမငြိ လျှောက်လှမ်းနိုင်ခဲ့ကြသော ချစ်သူတွေဖြစ်ပါလိမ့်မည်။ ပန်းရင့်တို့ကတော့ ပန်းတိုင်မရောက်ခင် လမ်းတစ်ဝက်မှာသာ အလှမ်းခက်ခဲ့ကြရတာ။ သူများ ပျော်ရွှင်နေတာကိုကြည့်ရင်း ကိုယ်ပါ ပျော်ရွှင်မှုတွေ ကူးစက်လာသလို ခံစားရပါသည်။ ဘယ်တော့များမှ ထိုပျော်ရွှင်မှုတွေကို ကိုယ်တိုင်ကြုံရမည်မသိပါ။

အားလုံး သုံးဆောင်နိုင်ကြပါပြီဆိုသော



လာမှာ သိပ်ကို စိုးရိမ်သည်။ မျက်ချယ်၏ ပန်းရင့်မှားတယ်ဟု မှတ်ချက်တွေပါမည့်အကြည့်တွေကိုလည်း ပန်းရင့်ကြောက်ပါသည်။

'ပြန်တော့မယ်'

သူတို့ကို ပြောသလိုလို၊ တစ်ကိုယ်တည်း ရေရွတ်သလိုလိုနှင့် ပန်းရင့် မတ်တပ်ထရပ်လိုက်တော့ အားလုံးအလိုက်တသိနှင့် ဘာမှမပြော။ မောင်ရှိရာကိုလည်း မကြည့်မိအောင် ပန်းရင့် ကြိုးစားပါသည်။ သတို့သမီး၊ သတို့သားကိုတောင် မနှုတ်ဆက်တော့ဘဲ ပန်းရင့်ပြန်လာခဲ့လိုက်ပါသည်။

ရင်ထဲတွင် တကယ့်ကို ဟာတာတာ။

မျက်ဝန်းအိမ်ထဲတွင် အိုင်ထွန်းလာသော မျက်ရည်တို့ ပါးပြင်ပေါ်ရောက်မလာခင် ခပ်ကြမ်းကြမ်း ဖိသုတ်ပစ်လိုက်မိပါသည်။

ကိုယ့်နံဘေးမှာလည်း တစ်စုံတစ်ယောက် လိုနေပါရဲ့ကွယ်။

အဲဒီ လိုနေသူဟာ···

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



တည်းလာပါ့မလားမသိတော့ သမီးနဲ့တူတယ်ပဲ ထင်နေတာ။ သေသေချာချာပြန်ကြည့်မှ ဟုတ်နေလို့ လာနှုတ်ဆက်တာ'

အန်တီမြင့်၏ 'ဒီလိုအချိန်မှာ' ဆိုသော အသုံးအနှုန်းကြောင့် ပန်းရင့်ထံသို့ သုံးယောက်စလုံးထံမှ စူးစမ်းသောအကြည့်တွေ စုပြုံပြီးရောက်လာပါသည်။ ဒီကိစ္စကို တတ်နိုင်သမျှ ကိုယ့်မိသားစုမှလွဲပြီး ဘယ်သူ့ကိုမှ မသိစေချင်ခဲ့တာပါ။ ကိုလေး ဆုံးဖြတ်ပေးခဲ့တာ ပန်းရင့်အတွက်ဆိုတာ နှစ်ဖက်မိဘတွေကလည်း နားလည်ပေးပါသည်။ ပန်းရင့်ဆန္ဒရှိတဲ့အချိန်အထိ လက်ထပ်ပွဲကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းပေးခဲ့ကြပြီး ပန်းရင့်လုံးဝ ငြင်းဆန်ခဲ့ရင်လည်း ဖျက်သိမ်းပေးမှာပင်။

ပန်းရင့်နှင့်ကိုလေးကြားက အဖုအထစ်လေးတစ်ခု မပြေလည်မချင်းပါ။

'အန်တီကဖြင့် နှစ်ရတို့ကိုက်ဖြူသန့်လေးတွေရတာနဲ့ သမီးတို့ Marriage Ring (လက်ထပ်လက်စွပ်)အတွက် ရွေးထားသေးတယ်။ သမီးအမျိုးသားနဲ့တွေ့တော့တောင် အန်တီပြောလိုက်ပါသေးတယ်။



သူက ဝယ်သူရှိရင် ရောင်းလိုက်ပါတော့တဲ့။ လက်ထပ်ဖို့က အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ပြီတဲ့'

အန်တီမြင့်ကို ဆက်မပြောပါနဲ့ဆိုပြီး တားမြစ်လိုက်ဖို့ ပန်းရင့်မှာ အင်အားမရှိခဲ့ပါ။ လူက ဒီနေရာကသာ ချက်ချင်းအငွေ့ဖြစ်ပြီး ပျောက်သွားချင်ပါသည်။ ကိုယ့်ကို ကြည့်နေကြမည့် တအံ့တသြ မျက်ဝန်းတွေ အထူးသဖြင့်တော့ မောင့်မျက်ဝန်းတွေ။

ပြီးတော့ 'ဘာဖြစ်ကြတာလဲ' ဟု မေးလာကြဦးမည့် မေးခွန်းများ။ -

'သူ တမင်သက်သက် ပြောသွားတယ်လို့ အန်တီထင်နေတာ။ သမီးနဲ့များ အခန့်အသင့်စိတ်ကောက်နေကြသလားလို့ပေါ့။ ဟိုရက်က သမီးမေမေနဲ့တွေ့မှပဲ တကယ်ဆိုတာ သိတော့တယ်။ အန်တီ တကယ် စိတ်မကောင်းပါဘူး သမီးရယ်။ စေ့စပ်ကြတုန်းကလည်း အန်တီပဲ Engage Ring (စေ့စပ်လက်စွပ်) ကို တာဝန်ယူခဲ့တာဆိုတော့လေ။ အခု ဘယ်လိုဖြစ်ကြရသလဲကွယ်'

ပန်းရင့်ငိုချင်လာပါပြီ။

အန်တီမြင့်ကို ပန်းရင့်တစ်ခုခုပြောမှ ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ မဟုတ်ရင်တော့ ဒီထက်ပိုပြီးစကားကြောရှည်နေဦးလိမ့်မည်။ ပန်းရင့်သည် ပုံမှန်လေသံအတိုင်းဖြစ်အောင် အနိုင်နိုင်အားတင်းလျက်…

'ဂရုတစိုက် မေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အန်တီမြင့်။ အဲဒီကိစ္စကိုတော့ ပန်းရင့်အခုဘာမှ ပြောချင်စိတ်မရှိလို့ပါ။ အန်တီမြင့်ကိုတော့ အားနာပါတယ်'

'ရပါတယ်ကွယ်။ ကိစ္စမရှိပါဘူး။ အန်တီကလည်း သမီးကို ကိုယ့်သမီး အရင်းလေးတစ်ယောက်လို သဘောထားလို့ပါ။ အကူအညီလိုရင်လည်း ပြောပေါ့ကွယ်။ အန်တီတတ်နိုင်သမျှ ကူညီမှာပါ။ အန်တီ့မှာ ယကြာစွမ်းတဲ့ ဘုန်းကြီးရှိတယ် သမီးရဲ့'

စိတ်ညစ်ရသည့်ကြားထဲ ပန်းရင့် ရယ်ချင်သွားရပါသည်။

ပန်းရင့်တို့ဝိုင်းက အန်တီမြင့် ပြန်ထွက်သွားတော့ တစ်ဝိုင်းလုံး တိတ်ဆိတ်ငြိမ်သက်ကာ ကျန်ရစ်လေသည်။ ဘယ်သူ့ကိုမှ ပန်းရင့်မော့မကြည့်ရဲ။ တစ်ယောက်ယောက်ထံမှ မေးခွန်းတစ်ခုခု ထွက်



အခမ်းအနားမှူး၏စကားသံဆုံးတော့ အားလုံးလှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြပါသည်။ ဟိုတယ်မှာမို့ ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်မျိုးစုံနှင့် ရေခဲမုန့်ကျွေးတာပါပဲ။ ပန်းရင့်ကတော့ လက်ဖက်ရည်တစ်ခွက်သာ သောက်ဖြစ်ပါသည်။ သူငယ်ချင်းတွေ ပြန်ဆုံကြတာမို့ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ရ၊ ပြောင်းလဲသွားကြတဲ့အကြောင်းတွေ ဖလှယ်ဖြစ်ကြ၊ လိပ်စာတွေပေးကြနှင့် ချက်ချင်းကြီး ထမပြန်ဖြစ်ကြသေးပါ။ ထိုအခိုက်တွင် မထင်မှတ်သူတစ်ဦးက ပန်းရင့်ကိုတွေ့သွားပြီး တကူးတက လာနှုတ်ဆက်ခဲ့လေသည်။

မေမေ့မိတ်ဆွေ စိန်ပွဲစား အန်တီမြင့် ဖြစ်ပါသည်။ အန်တီမြင့်သည် သဘောကောင်းပြီး အလွန်ခင်မင်ဖွယ်ကောင်းသော်လည်း ဟုတ်တာရောမဟုတ်တာရော စကားကို မနားတမ်း အားမနာတမ်းပြောတတ်တာကြောင့် ပန်းရင့် အန်တီမြင့်ကို တတ်နိုင်သမျှ ရှောင်စမြဲ။ ဒီတစ်ခါတော့ရှောင်လို့မရတော့ပါ။

'သမီး ပန်းရင့်နှင်းဆီ၊ ခုနက ဝင်လာတည်းက သမီးကို အန်တီလှမ်းတွေ့တယ်။ ဒါပေမယ့် ဒီလိုအချိန်မှာ ဒီလိုပွဲမျိုးကို သမီးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

ပန်းရင့်ထံသို့ တစ်ခုသော ညနေခင်းတွင် သတင်းနှစ်ခုက ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့ပါသည်။ ပထမသတင်းကိုတော့ မျက်ချယ်ယူလာခဲ့တာဖြစ်သည်။

ကိုလေးသည် ပန်းရင့်နှင့် လက်ထပ်ဖို့ကိစ္စ ရွှေဆိုင်းပြီးနောက်ပိုင်း မေမေတို့ကို ခွင့်ပန်ကာ သူ့သူငယ်ချင်းတွေနှင့်အတူ သွားနေပါသည်။ ကိုလေး တာဝန်ကျရာ မော်လမြိုင်ကို မပြန်ရသေးပါ(ကိုလေးက တာဝန်နှင့် ရန်ကုန်လာရင်း ရန်ကုန်မှာ Accident (ထိခိုက်မှု)တစ်ခုဖြစ်ခဲ့တာပါ။ အဲဒီကတည်းက ရန်ကုန်မှာ သောင်တင်နေခဲ့တာ) ကိုလေး သွားနေသောနေရာမှာ ဖုန်းရှိပေမယ့် ကိုလေးက ပန်းရင့်ကို မဆက်သွယ်ခဲ့သလို ပန်းရင့်ကလည်း မဆက်သွယ်ခဲ့ပါ။ ကိုလေး မော်လမြိုင်ကို ပြန်တော့မယ်ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



သတင်းကို မျက်ချယ်က သယ်ယူလာခဲ့တာ ဖြစ်သည်။

မျက်ချယ်နှင့်ကိုလေး အဆက်အသွယ်ရှိလား၊ မရှိလားဆိုတာကိုလည်း ပန်းရင့်ကောင်းကောင်းမသိ။ မေးရင်လည်း မျက်ချယ်က အငေါ်တူးပြီး ဖြေမှာပင်။ အဲဒါကြောင့် ပန်းရင့်မမေးဖြစ်တော့ပါ။ တစ်ခုတော့ မျက်ချယ်ပြောင်းလဲသွားပါရဲ့။ ပန်းရင့်တို့သုံးယောက်၏ကိစ္စကို ဆိုးသည်ကောင်းသည် ဘာမှမဝေဖန်တော့ဘဲ ဖြစ်သည်။ မတတ်နိုင်တော့လို့ဘဲ လက်လျှော့သွားတာလားတော့ မသိ။

မော်လမြိုင်ကိုထွက်သော Express (အမြန်ယာဉ်) နဲ့ ကိုလေး မနက်ဖြန်မှာ ပြန်မည်တဲ့။

ပန်းရင့် အတူလိုက်ခဲ့ချင်တယ်ဆိုတာကို ကိုလေး ငြင်းဆန်ခဲ့ဖူးပါသည်။ ပန်းရင့်အတွက် ငြင်းဆန်ခဲ့မှန်း အခုတော့ ပန်းရင့်ကောင်းကောင်းကြီး နားလည်ခဲ့ပါပြီ။ တကယ်ဆို ကိုလေးဟာ နတ်ပြည်ကို သွားရရင်တောင် သူတစ်ယောက်တည်း မသွားဘဲ ပန်းရင့်ကို ထပ်ချပ်မခွာခေါ်မည့်သူ။ ပန်းရင့်



ဘေးမှာ အမြဲတမ်းရှိနေချင်သည့်သူ။

ပန်းရင့်ငိုရတဲ့အခါ ရင်ခွင်မှာ ဖွက်ထားရင်း မျက်ရည်စဲစေမည့်သူပါ။

နောက်… ဒုတိယသတင်းကိုတော့ ကိုဖြိုးက ဖုန်းဆက်ခဲ့ခြင်းပါ။

‘ငါတို့ မနက်ဖြန် ချောင်းသာသွားကြမယ် ပန်းရင့်။ ထူးထူးတို့ ဟန်းနီးမွန်းနဲ့အတူတူလေ။ လွန်ခဲ့တဲ့သုံးနှစ်က ပါခဲ့တဲ့သူတွေချည်းပဲ ပါတယ်။ နင်နဲ့ မျက်ချယ်ပါရင်တော့ လုံးဝ အရင်အတိုင်းပေါ့ဟာ။ နင့်အတွက် ပျော်စရာတွေချည်းဖြစ်လာလိမ့်မယ်လို့ ငါမျှော်လင့်ထားပါတယ်။ အရင်တစ်ခေါက် နင်တို့ ထိုင်ခဲ့တဲ့နေရာကို ငါချန်ထားတယ်။ နင် ငါ့ကို ဒီည အကြောင်းပြန်နော်’

ဘယ်သူတွေ ပါကြမည်ဆိုတာ မပြောဘဲလည်း ပန်းရင့်သိပါသည်။

ကိုယ်စီမိတ်ဆက်ကြတဲ့အခါ ‘သူရတံခွန်’ ဆိုတဲ့ အမည်နာမတစ်ခုကို ပန်းရင့်ကြားရဦးမှာ တကယ်လို့များ ညဦးနက်သန်းခေါင်ကျမှ ပန်းရင့် နေမကောင်းဖြစ်ခဲ့ရင် ဆရာဝန်လောင်းလေး အပြေး

www.burmeseclassic.com

www.burmeseclassic.com



အလွှားရောက်လာဦးမှာ။ (အခုတော့ ယောက်စ် ဆထုံ ဂျင်လေးပေါ့လေ)

ကိုဖြိုးပြောသလို ပန်းရင့်အတွက် ပျော်စရာတွေချည်းသာ ဖြစ်လာခဲ့မှာလား။

ပျော်စရာတွေ ဖြစ်လာမှာ သေချာပေမယ့် ပျော်၊ မပျော်တော့ မသေချာလှပါ။ အဲဒါ ပန်းရင့်အတွက် အမှန်တရားတစ်ခုပဲ ဖြစ်ပါသည်။

မီးပုံပွဲညမှာ မေးခွန်းမေးပြီး ပဟေဠိဖွက်ကြတဲ့အခါ…

မီးပုံရဲ့ အလင်းရောင်မှာ မျက်ဝန်းညို တစ်စုံနဲ့ တမ်းတမ်းတတ အကြည့်ချင်းဆုံရတဲ့အခါ…

အိပ်မပျော်လို့ သဲသောင်ပြင်မှာ နှင်းမကွဲခင် လမ်းထ လျှောက်ဖြစ်တဲ့အခါ…

'အန့်တီမြင့် သမီးပန်းရင့်နှင်းဆီပါ။ ဟုတ်ကဲ့၊ ဟိုတစ်နေ့က အန့်တီပြောတဲ့ Marriage Ring (လက်ထပ်လက်စွပ်)အတွက် ရွေးထားတဲ့ နှစ်ရတီ ကိုက်ဖြူသန့်ဆိုတာလေ။ လက်စွပ်လုပ်ထားပေးပါနော်။ အန့်တီမြင့် အမြန်ဆုံးနော် အန့်တီ။ ဟုတ်ကဲ့။ ဒါပေမယ့် လက်စွပ်ပိုင်ရှင်ကိုတော့ အန့်တီနောက်တော့ သိရမှာပေါ့နော်။ ကျေးဇူးပဲနော် အန့်တီမြင့်'

အန့်တီမြင့်ထံသို့ ဖုန်းဆက်အပြီးမှာ ပန်းရင့် ခဏ တိတ်ဆိတ်နေမိသေးသည်။

ပြီးတော့မှ နောက်ထပ်ဖုန်းတစ်ခုကို ခေါ်ခဲ့ပါသည်။

အဲဒီညက ပန်းရင့် မအိပ်ဘဲ ကြယ်တွေကိုသာ ရေတွက်နေခဲ့မိပြန်လေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

မမေ့ဖို့တစ်ခုကိုသာ သတိရပေးပါရန်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

ကားထွက်ခါနီးမှ ခရီးဆောင်အိတ်တစ်လုံးနှင့် ပန်းရှင့်ရောက်သွားခဲ့သောအခါ အံ့သြနေခဲ့လေသည်။

ပန်းရှင့် ရောက်လာလိမ့်မယ်ဆိုတာ မမျှော်လင့်ရဲသော ဆုတစ်ခုသာ ဖြစ်ခဲ့ပါသတဲ့။ မမျှော်လင့်တော့ဘဲ မျှော်လင့်ချက်မဲ့စွာ ကားထွက်ချိန်ကိုသာ စောင့်ဆိုင်းနေခဲ့တာဖြစ်သည်။ မိုးပေါ်က ပန်းတစ်ပွင့် ကြွေကျလာသလို ပန်းရှင့်က ရောက်သွားခဲ့တာ။

'ဒီတစ်ခါတော့ ကလေးမ စိတ်ချမ်းသာသလို နေပါဆိုတဲ့စကား မပြောနဲ့နော်။ ဘာဖြစ်လို့လည်းဆိုတော့ ကလေးမက အနားမှာမခွဲခွာဘဲ လိုက်ရမှ စိတ်ချမ်းသာမှာ သိရဲ့လား'

ပန်းရှင့်က ပြောသောအခါ ကိုလေးက ရယ်နေခဲ့ပါသည်။ ပန်းရှင့်ကပါ လိုက်ရယ်မောမိတော့

www.burmeseclassic.com

www.burmeseclassic.com



လည်မှာ တယုတယဆွဲထားသော ကြယ်သီးလေးက ပန်းရင့်ရယ်မောသံကို ကြားနေခဲ့ရလေသည်။

မြနန္ဒာ
1:15 AM
16th; May; 2001

BURMESE CLASSIC .com

www.burmeseclassic.com